# မသန်စွမ်းသူများ၏
# အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ
# နှစ်ပတ်လည်အစီရင်ခံစာ

# National Committee on
# the Rights of Persons with Disabilities
# Annual Report

၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ၊ ၁၄ ရက်မှ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်ထိ

From 14th September 2017 to 31st December 2019

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဥယျောဇဉ် | ၄ |
| ၂။ | အမှာစာ | ၆ |
| ၃။ | နိုင်ငံတော်အကြီးအကဲများနှင့် မသန်စွမ်းအစုအဖွဲ့များမှ တာဝန်ရှိသူများ တွေ့ဆုံသည့်မှတ်တမ်းဓာတ်ပုံများ | ၈ |
| ၄။ | အမှတ်တံဆိတ် (LOGO) ၏ အဓိပ္ပာယ်နှင့် ရှင်းလင်းချက် | ၁၀ |
| ၅။ | မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ (၁/၂၀၁၇) အစည်းအဝေး | ၁၁ |
| ၆။ | မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ (၁/၂၀၁၈) အစည်းအဝေး | ၁၃ |
| ၇။ | မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ (၂/၂၀၁၈) အစည်းအဝေး | ၁၅ |
| ၈။ | မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ (၁/၂၀၁၉) အစည်းအဝေး | ၁၇ |
| ၉။ | မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ (၂/၂၀၁၉) အစည်းအဝေး | ၁၉ |
| ၁၀။ | မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာလုပ်ငန်းကော်မတီ (၁/၂၀၁၈) အစည်းအဝေး | ၂၁ |
| ၁၁။ | မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာလုပ်ငန်းကော်မတီ (၂/၂၀၁၈) အစည်းအဝေး | ၂၂ |
| ၁၂။ | မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာလုပ်ငန်းကော်မတီ (၁/၂၀၁၉) အစည်းအဝေး | ၂၃ |
| ၁၃။ | မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာလုပ်ငန်းကော်မတီ (၂/၂၀၁၉) အစည်းအဝေး | ၂၄ |
| ၁၄။ | မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ | ၂၅ |
| ၁၅။ | မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ | ၂၈ |
| ၁၆။ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၂၉ |
| ၁၇။ | နိုင်ငံခြားရေးဝန်ကြီးဌာန မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၃၀ |
| ၁၈။ | ပြည်ထဲရေးဝန်ကြီးဌာန မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၃၃ |
| ၁၉။ | ကာကွယ်ရေးဝန်ကြီးဌာန မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၃၅ |
| ၂၀။ | ပြန်ကြားရေးဝန်ကြီးဌာန မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၃၇ |
| ၂၁။ | သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၅၆ |
| ၂၂။ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၅၇ |
| ၂၃။ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၅၉ |
| ၂၄။ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၆၀ |
| ၂၅။ | ပညာရေးဝန်ကြီးဌာန မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၆၄ |
| ၂၆။ | ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၇၅ |
| ၂၇။ | ဆောက်လုပ်ရေးဝန်ကြီးဌာန မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၇၇ |
| ၂၈။ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၇၉ |
| ၂၉။ | ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာဆောင်ရွက်ပေးခဲ့မှုများ | ၉၃ |
| ၃၀။ | တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၉၆ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၁။ | မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၉၇ |
| ၃၂။ | ကချင်ပြည်နယ် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၁၀၀ |
| ၃၃။ | ကယားပြည်နယ် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၁၀၄ |
| ၃၄။ | ကရင်ပြည်နယ် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၁၀၆ |
| ၃၅။ | ချင်းပြည်နယ် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၁၁၀ |
| ၃၆။ | စစ်ကိုင်းတိုင်းဒေသကြီး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၁၁၃ |
| ၃၇။ | တနင်္သာရီတိုင်းဒေသကြီး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာဆောင်ရွက်ပေးခဲ့မှုများ | ၁၁၉ |
| ၃၈။ | ပဲခူးတိုင်းဒေသကြီး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၁၂၂ |
| ၃၉။ | မကွေးတိုင်းဒေသကြီး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၁၂၇ |
| ၄၀။ | မန္တလေးတိုင်းဒေသကြီး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၁၂၉ |
| ၄၁။ | မွန်ပြည်နယ် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၁၃၉ |
| ၄၂။ | ရခိုင်ပြည်နယ် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၁၄၀ |
| ၄၃။ | ရန်ကုန်တိုင်းဒေသကြီး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၁၄၁ |
| ၄၄။ | ရှမ်းပြည်နယ် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၁၄၄ |
| ၄၅။ | ဧရာဝတီတိုင်းဒေသကြီး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၁၄၆ |
| ၄၆။ | ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၁၄၈ |
| ၄၇။ | မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၁၅၁ |
| ၄၈။ | ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ) မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၁၅၇ |
| ၄၉။ | မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၁၆၅ |
| ၅၀။ | AAR JAPAN မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၁၆၈ |
| ၅၁။ | ဒေင်မသန်စွမ်းသက်ငယ်များ ပြုစုရာရိပ်မြုံ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၁၇၂ |
| ၅၂။ | မြန်မာနိုင်ငံ နားမကြားသူများဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၁၇၈ |
| ၅၃။ | မြန်မာနိုင်ငံ အော်တစ်ဇင်အသင်း မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၁၈၂ |
| ၅၄။ | Voluntary Service Overseas မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၁၈၄ |
| ၅၅။ | ABILIS FOUNDATION မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၁၈၇ |
| ၅၆။ | The Leprosy Mission Myanmar မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၁၈၈ |
| ၅၇။ | ပေါင်းစည်းလူမှုဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၁၉၄ |
| ၅၈။ | UNICEF Myanmar မသန်စွမ်းသူများ ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ | ၂၀၀ |
| ၅၉။ | မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ နှစ်ပတ်လည်အစီရင်ခံစာ ရေးသားရေးအဖွဲ့၏ အစီရင်ခံစာ | ၂၀၃ |



# ဥယျာဇဉ်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် မသန်စွမ်းသူများ လူ့အသိုက်အဝန်းအတွင်း အပြည့်အဝ ပါဝင်ဆောင်ရွက်ခွင့်၊ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို အများနည်းတူရရှိခံစား ပိုင်ခွင့်သေချာစေရေးအပြင် မသန်စွမ်းသူများ ကြုံတွေ့ခံစားနေရသော မညီမျှမှုတို့ကို လျှော့ချနိုင်ရေးအတွက် ရည်ရွယ်ပြီး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (United Nations Convention on the Rights of Persons with Disabilities – UNCRPD) ကို ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ (၇) ရက်နေ့တွင် အတည်ပြုလက်မှတ်ရေးထိုးခဲ့ပါသည်။ ထို့နောက် ကွန်ဗင်းရှင်းနှင့်အညီ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ(၂၀၁၅)ကိုလည်းကောင်း၊ မသန်စွမ်းသူများ၏အခွင့်အရေး နည်းဥပဒေများ(၂၀၁၇)ကို လည်းကောင်း ဆက်လက်ပြဋ္ဌာန်းနိုင်ခဲ့ပြီး မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ (၂၀၁၆-၂၀၂၅) ကိုလည်း အတည်ပြုချမှတ်ခဲ့ပါသည်။

အဆိုပါ ဥပဒေ၊ နည်းဥပဒေများနှင့် မဟာဗျူဟာတို့တွင် ပြဋ္ဌာန်းထားသော အခွင့်အရေးများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ (၁၄)ရက်နေ့တွင် ဖွဲ့စည်းနိုင်ခဲ့ပြီး မသန်စွမ်းသူများ၏ အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ရေရှည်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် မူဝါဒအစီအစဉ်များ၊ စီမံကိန်းများ၊ လုပ်ငန်းစဉ်များကို ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းအမျိုးသား ကော်မတီကို အထောက်အကူပြုစေရေးအတွက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်း ကော်မတီနှင့် နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ကော်မတီများကို ဥပဒေနှင့်အညီ အဆင့်ဆင့် ဖွဲ့စည်းခဲ့ပါသည်။


မသန်စွမ်းသူနိုင်ငံသားများအားလုံး ပြည်သူ့ဘဝနယ်ပယ်အသီးသီးတွင် ပါဝင်ဆောင်ရွက်နိုင်ခြင်းသည် လူသားတိုင်း၏ မွေးရာပါလူ့အခွင့်အရေးကို ဖော်ဆောင်နိုင်ခြင်းသာမက စစ်မှန်သော ဒီမိုကရေစီ လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လူ့အဖွဲ့အစည်းအတွင်းရှိ မညီမျှမှုများကို လျှော့ချနိုင်ခြင်းလည်း ဖြစ်ပါသည်။ ထိုသို့ မညီမျှမှုများကို လျှော့ချနိုင်ရေးအတွက် ရုပ်ပိုင်းဆိုင်ရာနှင့် နည်းပညာပိုင်းဆိုင်ရာ ပတ်ဝန်းကျင်များတွင် အခြားသောနိုင်ငံသားများနည်းတူ လက်လှမ်းမီရရှိနိုင်ရေးသည် အလွန်အရေးကြီး ပါသည်။ အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်ခုဖြစ်သည်နှင့်အညီ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ အာဆီယံ အထောက်အကူပြု ဘက်စုံစီမံချက် ၂၀၂၅ ပါ လုပ်ဆောင်ရမည့် အချက်အလက်များကို အခြေခံ၍ မသန်စွမ်း သူများ၏ အခွင့်အရေးများကို အများနည်းတူ ရရှိခံစားနိုင်ရေးအား ဟန့်တားနေသည့် အတားအဆီးများကို ဖယ်ရှားပြီး အတွေ့အကြုံများ၊ သင်ခန်းစာများမှတစ်ဆင့် အနာဂတ်တွင် အားလုံးပါဝင်သည့် လူ့အဖွဲ့အစည်း တစ်ရပ် ဖြစ်ပေါ်လာစေရေးအတွက် ကျွန်ုပ်တို့အားလုံး အတူတကွ လက်တွဲဆောင်ရွက်သွားရန် လိုအပ်ပါသည်။

မသန်စွမ်းသူများ၏ အခွင့်အရေးများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်  ဌာနတစ်ခု၊ အဖွဲ့ အစည်းတစ်ခုတည်းနှင့် သက်ဆိုင်ခြင်းမဟုတ်သည့်အတွက် ကဏ္ဍအလိုက်၊ နယ်ပယ်အလိုက် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများက အသီးသီးတာဝန်ယူဆောင်ရွက်လျက် ရှိကြပါသည်။

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၌ သက်ဆိုင်ရာဝန်ကြီးဌာနများ ပါဝင်ဖွဲ့စည်းထားသည့်အတွက် မသန်စွမ်းအကျုံးဝင်စီမံကိန်းများ ရေးဆွဲဆောင်ရွက်ရန်သည် ခက်ခဲသော စိန်ခေါ်မှုတစ်ရပ်မဟုတ်ဟု ယူဆပါသည်။

မသန်စွမ်းသူများ၏ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး အစရှိသဖြင့် ကဏ္ဍ အလိုက် သက်ဆိုင်ရာဝန်ကြီးဌာနများက မိမိတို့၏စီမံကိန်းများတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများကို အကျုံးဝင်ပါဝင်စေရန် ထည့်သွင်းစဉ်းစား၍ အကောင်အထည်ဖော်ဆောင်ရွက်ရန် အလွန်အရေးကြီးသကဲ့သို့ ဒီမိုကရေစီစံနှုန်းများဖြစ်သည့် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုများကို သေချာစေရေးအတွက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ လုပ်ဆောင်ချက်များကို အများပြည်သူသို့ တင်ပြရန်မှာလည်း အရေးကြီးသော လုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပါသည်။

ဤမသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာကို ရေးသားပြုစုခဲ့ကြသော အစီရင်ခံစာရေးသားရေးအဖွဲ့နှင့်  ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသော သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များအားလုံး၏ ကြိုးပမ်းဆောင်ရွက်မှုများကို အသိအမှတ်ပြုအပ်ပါသည်။



**ဦးဟင်နရီဗန်ထီးယူ**
**ဒုတိယသမ္မတ**
**ဥက္ကဋ္ဌ**
**မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာအမျိုးသားကော်မတီ**



## အမှာစာ

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံအတွင်းရှိ မသန်စွမ်းသူနိုင်ငံသားများ၏ မွေးရာပါလူ့အခွင့်အရေးကို အများနည်းတူ အပြည့်အဝရရှိခံစားနိုင်ရန် အဓိက တာဝန်ယူ ဆောင်ရွက်နေပြီး မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ(၂၀၁၅)နှင့် နည်းဥပဒေများ(၂၀၁၇)ပါ ပြဋ္ဌာန်းချက်များကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

မသန်စွမ်းသူများ၏အခွင့်အရေး၊ ပြန်လည်ထူထောင်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးများကို ရေရှည်ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မည့် မူဝါဒ၊ မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များချမှတ်နိုင်ရေးနှင့် ထိထိရောက်ရောက် အကောင် အထည်ဖော် ဆောင်ရွက်နိုင်ရန်အပြင် အမျိုးသားကော်မတီနှင့် လုပ်ငန်းကော်မတီများအား အထောက်အကူဖြစ် စေရန် ပညာရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ အလုပ်အကိုင်ရေးရာဆပ်ကော်မတီ၊ သုတေသန ဆပ်ကော်မတီ၊ စောင့်ကြည့်အကဲဖြတ်ဆပ်ကော်မတီ၊ မသန်စွမ်းအမျိုးသမီးနှင့် ကလေးသူငယ်များရေးရာ ဆပ်ကော်မတီ၊ နည်းပညာနှင့် လက်လှမ်းမီရရှိနိုင်ရေးဆပ်ကော်မတီ၊ သဘာဝဘေးနှင့် အခြားအရေးပေါ် အခြေအနေ ဆိုင်ရာ ဆပ်ကော်မတီ၊ တရားမျှတမှုရရှိပိုင်ခွင့်ဆိုင်ရာဆပ်ကော်တီ အစရှိသဖြင့် ဆပ်ကော်မတီ(၉) ခုကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

မသန်စွမ်းသူများအတွက် အခြေခံအကျဆုံးလုပ်ငန်းစဉ်ဖြစ်သော မသန်စွမ်းမှု အဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်ကိုလည်း မသန်စွမ်းမှုအမျိုးအစားနှင့် အဆင့်အလိုက် ပြန်လည် ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်နှင့် မှန်ကန်ထိရောက်သော ထောက်ပံ့ မှုများ ပေးအပ်နိုင်ရန်ရည်ရွယ်ပြီး စတင်ဆောင်ရွက်လျက်ရှိပါသည်။


မသန်စွမ်းမှုအမျိုးအစားအလိုက် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ကဏ္ဍအလိုက် ကနဦးရှေ့ပြေးစီမံချက်များလည်း အကောင်အထည်ဖော်လျက်ရှိပါသည်။

မသန်စွမ်းသူများအား ကနဦးငွေကြေးထောက်ပံ့မှုအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ကစတင်ပြီး မသန်စွမ်းတစ်ဦးလျှင် ကျပ်သုံးသောင်းနှုန်းဖြင့် မသန်စွမ်းသူ စုစုပေါင်း (၁၄၈၄၈၇)ဦးကို ငွေကျပ် သန်းပေါင်း (၅၃၆၃.၃၈)သန်း ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအပြင် အင်ချွန်းမဟာဗျူဟာ၊ ASEAN Enabling Masterplan (2025) များနှင့်အညီ မသန်စွမ်းသူများအတွက် ခိုင်မာသော လုပ်ငန်းစဉ်ကို ရေရှည်ဆောင်ရွက်သွားနိုင်ရန် မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာများကို အားလုံးအကျုံးဝင် အကောင်အထည်ဖော်ဆောင်ရွက်မည့် အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၀-၂၀၂၅) National Strategic Plan on Mainstreaming the Rights of Persons with Disabilities (2020–2025) ကိုလည်း မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(၂၀၁၈-၂၀၃၀) Myanmar Sustainable Development Plan (2018–2030)နှင့်အညီ မူကြမ်းရေးဆွဲလျက်ရှိပြီး ၎င်းမဟာဗျူဟာစီမံကိန်းတွင် ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ သဘာဝဘေးနှင့် အခြားအရေးပေါ်အခြေအနေနှင့် အလွယ်တကူလက်လှမ်းမီရရှိရေးများကို ဦးစားပေးနယ်ပယ်များအဖြစ် ထည့်သွင်းထားပြီး ပြည်သူ့ဆက်ဆံရေးကို နယ်ပယ်အားလုံးအတွက် ဆက်နွှယ်မှုရှိသော လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ထည့်သွင်းထားရှိပါသည်။

မသန်စွမ်းသူများ၏အခွင့်အရေးများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီနှင့် မသန်စွမ်းသူများကိုယ်တိုင် ပါဝင်ဖွဲ့စည်းထားသော မသန်စွမ်းအဖွဲ့အစည်းတို့ပူးပေါင်းဆောင်ရွက်မှသာ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည် ဖြစ်ပြီး မသန်စွမ်းများ အားလုံးကလည်း သိရှိနားလည်သဘောပေါက် ပူးပေါင်းပါဝင်မှသာ မသန်စွမ်းလူ့အခွင့်အရေးကို အောင်မြင်စွာဖော်ဆောင်ပေးနိုင်မည် ဖြစ်ပါသည်။ မသန်စွမ်းသူများ၏ အခွင့်အရေးများအတွက် ဆောင်ရွက်ကြသူများအားလုံးကို ကျေးဇူးတင်ဂုဏ်ပြုအပ်ပါသည်။

ဤမသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ နှစ်ပတ်လည် အစီရင်ခံစာသည် မသန်စွမ်းလူ့အခွင့်အရေးကို မြန်မာနိုင်ငံက အလေးထားဆောင်ရွက်မှု မှတ်တိုင်တစ်ခုအဖြစ် ကျန်ရှိမည် ဖြစ်ကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။



**ဒေါက်တာဝင်းမြတ်အေး**

**ဒုတိယဥက္ကဋ္ဌ (၁)**

**မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာအမျိုးသားကော်မတီ**

## နိုင်ငံတော်အကြီးအကဲများနှင့် မသန်စွမ်းအစုအဖွဲ့များမှ တာဝန်ရှိသူများ တွေ့ဆုံသည့်မှတ်တမ်းဓာတ်ပုံများ



( ၁၁.၇.၂၀၁၈ ) ရက်နေ့၌ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစုပင်လုံ တတိယအစည်းအဝေးတွင်
နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊
ဒုတိယသမ္မတ (၁) ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ (၂) ဦးဟင်နရီဗန်ထီးယူနှင့်
ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) ဥက္ကဋ္ဌ ဦးမြတ်သူဝင်းတို့
ရင်းနှီးစွာတွေ့ဆုံနှုတ်ဆက်စကား ပြောစဉ်။



(၁၃.၂.၂၀၂၀) ရက်နေ့၌ တောင်ကြီးမြို့ မြို့တော်ခန်းမတွင် ပြုလုပ်သည့်
ဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၅)နှစ်မြောက်မွေးနေ့ပွဲအခမ်းအနားတွင်
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား (မခမမ)အထွေထွေအတွင်းရေးမှူးမှ နှုတ်ဆက်စဉ်။




(၁၂.၁၂.၂၀၁၈) ရက်နေ့၊ နေပြည်တော် MICC II ၌ ကျင်းပခဲ့သည့်
အနာကြီးရောဂါညီလာခံတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးတို့အား
မြန်မာနိုင်ငံအနာကြီးရောဂါခံစားရသူများအသင်း ဥက္ကဋ္ဌ ဦးစိုးဝင်းမှ နှုတ်ဆက်စဉ်။

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ နှစ်ပတ်လည်အစီရင်ခံစာ
National Committee on the Rights of Persons with Disabilities Annual Report

## အမှတ်တံဆိပ် (Logo) ၏ အဓိပ္ပာယ်နှင့် ရှင်းလင်းချက်

| | | |
|---|---|---|
| ၁။ **လက်ဖဝါးပုံ (၄) ခုသင်္ကေတ** | – | လက်ဖဝါးပုံ(၄)ခု၏ သင်္ကေတမှာ– မသန်စွမ်း(၄)မျိုးအား ကိုယ်စားပြုလက်တွဲပြီး ၎င်းတို့ အခွင့်အရေး အတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သည့် သင်္ကေတဖြစ်ပါသည်။ |
| ၂။ **လက်ဖဝါးပုံ (ပြာနု) သင်္ကေတ** | – | လက်ဖဝါးပုံ (ပြာနု)၏ သင်္ကေတမှာ လူ့အခွင့်အရေး (Human Right)ကို ကိုယ်စားပြုပါသည်။ |
| ၃။ **လက်ဖဝါးပုံ (ဝါ၊ စိမ်း၊ နီ) သင်္ကေတ** | – | လက်ဖဝါးပုံ (ဝါ၊ စိမ်း၊ နီ) ၏ သင်္ကေတမှာ– နိုင်ငံတော်အလံအရောင်ဖြစ်သဖြင့် နိုင်ငံတော်အား ကိုယ်စားပြုပါသည်။ |
| ၄။ **အလယ်အဝိုင်းသင်္ကေတ** | – | အလယ်အဝိုင်းသင်္ကေတမှာ– နိုင်ငံတော်အစိုးရအား ကိုယ်စားပြုပါသည်။ |
| ၅။ **အဖြူရောင်ကွက်လပ်သင်္ကေတ (Space)** | – | အဖြူရောင်ကွက်လပ်သင်္ကေတ (Space)မှာ– အလယ်အဝိုင်းနှင့် လက်များ၏ကြားရှိအဖြူရောင်ကွက်လပ် (Space) များသည် မသန်စွမ်း သူများကိုယ်တိုင် အခွင့်အရေးရဖို့ နေရာလပ်အဖြစ် လုပ်ပိုင်ခွင့် (Empowerment) ပေးထားသည်ကို သရုပ်ဖော်ပြခြင်းဖြစ်ပါသည်။ |

# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ
# (၁/၂၀၁၇) အစည်းအဝေး



၂၈-၁၂-၂၀၁၇ ရက်နေ့တွင် ကျင်းပသော မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ (၁/၂၀၁၇) အစည်းအဝေးတွင် အမျိုးသားကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမှာစကား ပြောကြားစဉ်။





မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ (၁/၂၀၁၇) အစည်းအဝေးသို့ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးများ၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်မှ တာဝန်ရှိသူများ၊ မသန်စွမ်းသူများ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ဆက်စပ်အဖွဲ့အစည်းများမှ တာဝန်ရှိသူများတက်ရောက်ကြစဉ်။

# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ (၁ /၂၀၁၇) အစည်းအဝေးတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပြောကြားသည့် အမှာစကား ကောက်နုတ်ချက်

- မသန်စွမ်းသူများသည် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို အခြားနိုင်ငံသားများကဲ့သို့ တန်းတူညီမျှ ရရှိခံစားနိုင်ရေးအတွက် အခက်အခဲနှင့် စိန်ခေါ်မှုများ ဆက်လက်ကြုံတွေ့နေရဆဲ ဖြစ်ပါကြောင်း။ မသန်စွမ်းသူများအတွက် အဆင်ပြေသင့်လျော်သည့် ပတ်ဝန်းကျင် (Reasonable Accommo-dation) ဖန်တီးမှုဆိုင်ရာ အခြေခံအဆောက်အအုံများ ပြင်ဆင်မွမ်းမံခြင်း၊ အသစ်တည်ဆောက်ခြင်း၊ စာသင်ခုံများကို ပြင်ဆင်ပြုပြင်ခြင်း၊ မသန်စွမ်းမှု အမျိုးအစားအလိုက် လိုအပ်သော သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးခြင်းစသည့် ရုပ်ဝတ္ထုဆိုင်ရာများ ဖြည့်ဆည်းပေးမှုအားနည်းခြင်း၊ မျက်မမြင်လက်စမ်းစာနှင့် လက်သင်္ကေတပြဘာသာစကားတို့ တတ်မြောက်သည့် ဆရာ ဆရာမများနှင့် မသန်စွမ်းသူ ဆရာ/ဆရာမများစသည့် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာများ ဖြည့်ဆည်းပေးမှုများမရှိခြင်းနှင့် မသန်စွမ်းသူအပေါ် နားလည်သဘောပေါက်မှု အမြင်သဘောထားဆိုင်ရာ အတားအဆီးများကို ယနေ့တိုင် မြင်တွေ့ ကြားသိနေရဆဲ ဖြစ်ပါကြောင်း။
- မသန်စွမ်းသူများ ဂုဏ်သိက္ခာရှိစွာ ရပ်တည်ရေးနှင့် အမှီအခိုကင်းစွာ နေထိုင်နိုင်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးမှုသည် လွန်စွာအရေးကြီးပါကြောင်း၊ မသန်စွမ်းသူများ၏ စွမ်းဆောင်ရည်နှင့် စွမ်းဆောင်နိုင်မှုတို့ကို အသိအမှတ်ပြုရန်လိုအပ်ပြီး လုပ်ငန်းအလိုက် လိုအပ်ချက်အရ စွမ်းဆောင်ရည်မြှင့်တင်ခြင်း သင်တန်းအစီအစဉ်များကို ပြုလုပ်ဆောင်ရွက်ပေးရန်လည်း လိုအပ်ပါကြောင်း၊ မသန်စွမ်းသူများ၏ အခြားသော အခွင့်အရေးများဖြစ်သည့် နိုင်ငံရေးနှင့် ပြည်သူ့ရေးရာနယ်ပယ်များတွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ သတင်းအချက်အလက်ရယူနိုင်ခွင့်၊ လူ့အဖွဲ့အစည်းအတွင်း အမှီအခိုကင်းစွာ ရပ်တည်နိုင်မှု အစရှိသည့် လူ့အခွင့်အရေးများအပါအဝင် မသန်စွမ်းသူများအတွက် ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တန်းတူညီမျှရေးတို့ကို ဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း။
- မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေအရ သတ်မှတ်ပြဋ္ဌာန်းထားသော မသန်စွမ်းသူများ၏ အခွင့်အရေးများကို မသန်စွမ်းသူများ အပြည့်အဝခံစားရရှိနိုင်ရေးအတွက် အမျိုးသားကော်မတီ၏ အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊ အမျိုးသားကော်မတီသည် မသန်စွမ်းသူများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရေး၊ မသန်စွမ်းသူများ၏ ဘဝတိုးတက်လာစေရေး၊ ဥပဒေပါပြဋ္ဌာန်းချက်များကို အကောင် အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အဆင့် မူဝါဒနှင့် လမ်းညွှန်ချက်များချမှတ်ဆောင်ရွက်နေပါကြောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများကို အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် ဌာနတစ်ခု၊ အဖွဲ့အစည်းတစ်ခုတည်းသာ သက်ဆိုင်ကြောင်း မယူဆစေလိုဘဲ အခြားကဏ္ဍအလိုက် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများကလည်း တာဝန်ယူဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။
- မသန်စွမ်းမှုသည် လူ့အဖွဲ့အစည်း၏ဖွံ့ဖြိုးတိုးတက်မှုကိုထိခိုက်စေသည့်အကြောင်းအရာတစ်ခုမဟုတ်ဘဲ မသန်စွမ်းမှုဆိုင်ရာ အရေးကိစ္စတို့ကို လျစ်လျူရှုထားခြင်းနှင့် မသန်စွမ်းသူများကို ချန်လှပ်ထားခြင်းသာလျှင် လူ့အဖွဲ့အစည်း၏ ရေရှည်တည်တံ့မှုရှိသော ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်ကို လျှောက်လှမ်းရာတွင် ထိခိုက်နှောင့်နှေး ကြန့်ကြာစေနိုင်သည့်အတွက် မသန် စွမ်းသူများအားလုံး တန်းတူအခွင့်အရေးရရှိစေရန် မသန်စွမ်းသူများ၏ အခွင့်အရေးများကို အားလုံးပူးပေါင်းမြှင့်တင် ဆောင်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်း။

# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ (၁/၂၀၁၈) အစည်းအဝေး




၁၀-၇-၂၀၁၈ ရက်နေ့တွင် ကျင်းပသော မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ (၁/၂၀၁၈) အစည်းအဝေးတွင် အမျိုးသားကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမှာစကား ပြောကြားစဉ်။




မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ (၁/၂၀၁၈) အစည်းအဝေးသို့ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးများ၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်မှ တာဝန်ရှိသူများ၊ မသန်စွမ်းသူများ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ဆက်စပ်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ မှတ်တမ်းဓာတ်ပုံရိုက်ကူးစဉ်။

## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ( ၁/၂၀၁၈) အစည်းအဝေးတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပြောကြားသည့် အမှာစကား ကောက်နုတ်ချက်

- ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းထုတ်ပြန်ခဲ့သည့် မသန်စွမ်းမှုဆိုင်ရာ ကမ္ဘာ့အစီရင်ခံစာ(၂၀၁၁)အရ ကမ္ဘာ့လူဦးရေသန်း ၁၀၀၀ ကျော်သည် မသန်စွမ်းမှု တစ်မျိုးမျိုးခံစားနေကြရပါကြောင်း၊ မသန်စွမ်းသူများသည် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ အလုပ်အကိုင်စသည့် အခွင့်အလမ်းများကို အများနည်းတူ အလွယ်တကူ လက်လှမ်းမီ ရရှိခံစားမှု နည်းပါးခြင်းအပြင် ဆင်းရဲနွမ်းပါးမှုနှုန်း မြင့်မားခြင်း၊ အလုပ်လက်မဲ့နှုန်း မြင့်မားခြင်း၊ ဝင်ငွေမလုံလောက်ခြင်းတို့ကိုလည်း ကြုံတွေ့နေကြရပါကြောင်း။

- မသန်စွမ်းသူတိုင်း လူ့အခွင့်အရေးနှင့် အခြေခံ လွတ်လပ်ခွင့်အားလုံး ညီမျှစွာအပြည့်အဝ ရရှိရေးတို့ကို ကာကွယ်စောင့်ရှောက်ရန်၊ တိုးမြှင့်လုပ်ဆောင်နိုင်ရန်၊ မသန်စွမ်းသူများ၏ မွေးရာပါဂုဏ်သိက္ခာအား ပိုမိုလေးစားမှုရှိစေရန် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို ၂၀၀၆ ခုနှစ်တွင် ချမှတ်ခဲ့ပါကြောင်း။

- နိုင်ငံလူဦးရေ၏ ၂ ဒသမ ၃ သန်းကျော်သော မသန်စွမ်းသူများ၏ လူ့အခွင့်အရေးများနှင့် အခြေခံ လွတ် လပ်ခွင့်များကို အသိအမှတ်ပြုဆောင်ရွက်သည့်အနေဖြင့် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် မသန်စွမ်း သူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းတွင် အဖွဲ့ဝင်နိုင်ငံအဖြစ် အတည်ပြု လက်မှတ်ရေးထိုးခဲ့ပြီး မသန်စွမ်းသူများ၏ အခွင့်အရေးများကို အခြေပြုသည့် တရားမျှတမှု၊ ကောင်းကျိုးစီးပွားနှင့် လူ့အဖွဲ့အစည်းအတွင်း လူတန်းစေ့ပါဝင်ဆောင်ရွက်နိုင်မှုတို့ကို ပြည့်မီစွာရရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

- မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မသန်စွမ်းမှုအလိုက် လုပ်ငန်းအစီအစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် အမြင်အာရုံ မသန်စွမ်းသူများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေရရှိမှု ရေရှည်တည်တံ့စေရန်အတွက် မျက်မမြင် အကြောပြင် အနှိပ်စနစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊အကြားအာရုံမသန်စွမ်းသူများအတွက် သတင်းအချက်အလက်များ လက်လှမ်းမီရရှိနိုင်ရေး စီမံကိန်း၊ ကိုယ်အင်္ဂါ မသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ စီမံကိန်း၊ ဉာဏ်ရည် မသန်စွမ်းသူများနှင့် စပ်လျဉ်းပြီး အော်တစ်ဇင်ကလေးနှင့် ပုဂ္ဂိုလ်များ၊ ဒေါင်းဆင်ဒရုန်းကလေးနှင့် ပုဂ္ဂိုလ်များ အတွက် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများကို နိုင်ငံတကာအဖွဲ့အစည်းများ၊ မသန်စွမ်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေသည်ကို တွေ့ရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း။

- ယနေ့ ကမ္ဘာ့နိုင်ငံအများစုသည် စိန်ခေါ်မှုအများအပြားနှင့် ရင်ဆိုင်ကြုံတွေ့နေရပြီး ယင်းစိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်ရာတွင် ပူးတွဲဆောင်ရွက်ခြင်း၊ ပူးပေါင်းကူညီခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မသန်စွမ်းသူများကို မိမိတို့နှင့် တန်းတူ လူသားမျိုးနွယ်ဝင်ဖြစ်သည်ကို အသိအမှတ်ပြုပြီး ၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့၏ ဆောင်ပုဒ်ဖြစ်သည့် "စဉ်ဆက်မပြတ် ဖွံ့ဖြိုးဖို့ ခံနိုင်စွမ်းသော လူ့ဘောင်သို့ အားလုံးပါဝင်ပြောင်းလဲစို့" ဟု ဆိုသည့်အတိုင်း လက်တွဲဆောင်ရွက် သွားကြရန် အလွန်အရေးကြီးကြောင်း တိုက်တွန်းပြောကြားလိုပါကြောင်း။

# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ( ၂/၂၀၁၈) အစည်းအဝေး



၅-၁၂-၂၀၁၈ ရက်နေ့တွင် ကျင်းပသော မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ (၂/၂၀၁၈) အစည်းအဝေးတွင် အမျိုးသားကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမှာစကား ပြောကြားစဉ်။




မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ (၂/၂၀၁၈) အစည်းအဝေးသို့ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးများ၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်မှ တာဝန်ရှိသူများ၊ မသန်စွမ်းသူများ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ဆက်စပ်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြစဉ်။

## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ (၂/၂၀၁၈) အစည်းအဝေးတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပြောကြားသည့် အမှာစကား ကောက်နုတ်ချက်

- မသန်စွမ်းသူတိုင်း လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်အားလုံး ညီမျှစွာ အပြည့်အဝရရှိရေးတို့ကို ကာကွယ်စောင့်ရှောက်ရန်၊ တိုးမြှင့်လုပ်ဆောင်နိုင်ရန်၊ မသန်စွမ်းသူများ၏ မွေးရာပါဂုဏ်သိက္ခာအား ပိုမိုလေးစားမှုရှိစေရန် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက မသန်စွမ်းသူများ၏ အခွင့်အရေးများ ဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို ၂၀၀၆ ခုနှစ်တွင် ချမှတ်ခဲ့ပါကြောင်း။
- ထို့ပြင် မသန်စွမ်းသူများ၏ ပညာ ရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်၊ ဥပဒေ ရေးရာ၊ မသန်စွမ်းမှုအသိပညာ၊ ရပ်ရွာအတွင်း ပါဝင်ဆောင်ရွက်ခွင့် စသည်တို့နှင့် ပတ်သက်သည့် လုပ်ငန်းအစီအစဉ်များကိုလည်း နိုင်ငံတော်အစိုးရ၏ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ထည့်သွင်းအကောင်အထည်ဖော်ဆောင်ရွက် ပေးသွားမည် ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအတွက် ကိုယ်ချင်းစာနာမှုနှင့် ကူညီရိုင်းပင်းမှုတို့က မွေးရာပါ အလေ့အကျင့်ကောင်းများ ဖြစ်သည်ဟု ဆိုနိုင်ပါကြောင်း။
- ယနေ့ ကမ္ဘာ့နိုင်ငံအများစုသည် စိန်ခေါ်မှုအများအပြားနှင့် ရင်ဆိုင်ကြုံတွေ့နေရပြီး ယင်းစိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်ရာတွင် ပူးတွဲဆောင်ရွက်ခြင်း၊ ပူးပေါင်းကူညီခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မသန်စွမ်းသူများကို မိမိတို့နှင့်တန်းတူ လူသားမျိုးနွယ်ဝင်ဖြစ်သည်ကို အသိအမှတ်ပြုပြီး ၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့၏ ဆောင်ပုဒ် ဖြစ်သည့် **"စဉ်ဆက်မပြတ်ဖွံ့ဖြိုးဖို့ ခံနိုင်စွမ်းသော လူ့ဘောင်သို့ အားလုံးပါဝင် ပြောင်းလဲစို့"**ဟု ဆိုသည့်အတိုင်း လက်တွဲဆောင်ရွက်သွားကြရန် အလွန်အရေးကြီးကြောင်း။
- မသန်စွမ်းမှုအကျုံးဝင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရည်မှန်းချက်များ အောင်မြင်ရန်၊ အားလုံးဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ပေးကြရန်၊ သဘာဝဘေးလျော့ပါးရေးနှင့် အရေးပေါ်တုံ့ပြန်မှုများ ဆောင်ရွက်ရာတွင် မသန်စွမ်းသူများကို ချန်လှပ်မထားဘဲ ပူးပေါင်းပါဝင်စေခြင်း၊ ၎င်းတို့၏ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားခြင်းများ ဆောင်ရွက်ပေးကြရန်၊ အတားအဆီးကင်းသောလုပ်ငန်း၊ အလုပ်နေရာ၊ ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးပြီး ခေတ်မီနည်းပညာများ လက်လှမ်းမီ အသုံးပြုနိုင်အောင် ကူညီဆောင်ရွက်ပေးကြရန်၊ နေ့စဉ်နှင့်အမျှ အံ့မခန်းတိုးတက်နေသည့် အတတ်ပညာနှင့် ခေတ်မီ နည်းပညာများကို မသန်စွမ်းသူများ လက်တွေ့အသုံးချနိုင်အောင် ဆောင်ရွက်ပေးခြင်းဖြင့် မသန်စွမ်းသူ များအတွက် သင့်လျော်သည့် ပတ်ဝန်းကျင်နှင့် အဆောက်အဦများဖြစ်လာအောင် ဆောင်ရွက်ပေးခြင်း အားဖြင့် မသန်စွမ်းသူများ၏ ဘဝစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရရှိအောင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း။

# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ (၁/၂၀၁၉) အစည်းအဝေး




၁၁-၆-၂၀၁၉ ရက်နေ့တွင် ကျင်းပသော မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ (၁/၂၀၁၉) အစည်းအဝေးတွင် အမျိုးသားကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမှာစကား ပြောကြားစဉ်။



**မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ (၁/၂၀၁၉) အစည်းအဝေးသို့ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးများ၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်မှ တာဝန်ရှိသူများ၊ မသန်စွမ်းသူများ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ဆက်စပ်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြစဉ်။**

## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ (၁/၂၀၁၉) အစည်းအဝေးတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပြောကြားသည့် အမှာစကား ကောက်နုတ်ချက်

- မသန်စွမ်းသူများအနေဖြင့် မသန်စွမ်းမဟုတ်သူ အခြားနိုင်ငံသားများနည်းတူ တန်းတူညီမျှ အခွင့်အရေးရရှိစေရေး ရည်ရွယ်ပြီး မသန်စွမ်းသူများ၏ အရေးကိစ္စတို့ကို ကမ္ဘာတစ်ဝန်း မြှင့်တင်ဆောင်ရွက်လျက်ရှိကြပါကြောင်း၊ သို့သော်လည်း နိုင်ငံတကာနှင့် မြန်မာနိုင်ငံတွင် ပြုလုပ်ခဲ့သည့် သုတေသနဆန်းစစ်ချက်များအရ မသန်စွမ်းသူများသည် မညီမျှမှုအခြေအနေတို့ကို ဆက်လက်ကြုံတွေ့နေဆဲဖြစ်သည်ဟု သိရှိရပါကြောင်း၊ အထူးသဖြင့် မသန်စွမ်းသူများသည် ပညာသင်ကြားမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်မှု အားနည်းခြင်းတို့ကြောင့် ဆင်းရဲနွမ်းပါးမှုဒဏ်ကို ခံစားရနိုင်ခြေပိုများသည်ကို တွေ့ရှိရပါကြောင်း။
- မသန်စွမ်းမှု အဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်တစ်ရပ် ပေါ်ထွက်လာရေးသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါကြောင်း၊ မသန်စွမ်းမှုအဆင့် သတ်မှတ်ပြီး မသန်စွမ်းမှတ်ပုံတင် ထုတ်ပေးခြင်းအားဖြင့် မသန်စွမ်းသူများအနေဖြင့်လူမှုရေး ပြောင်းလဲမှု၊ လူမှုရေးပေါင်းစည်းမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အပြုသဘောဆောင်သည့် အမြင်များ မြို့ပြနှင့်ကျေးလက်ဒေသများတွင်ပါ သိရှိနားလည်စေရေးအတွက် အထောက်အကူပြုစေမည် ဖြစ်ပါကြောင်း။
- မသန်စွမ်းသူများအတွက် မှတ်ပုံတင်ထုတ်ပေးရာတွင် မသန်စွမ်းမှုအဆင့်ကို (၃)ဆင့် ခွဲခြားသတ်မှတ်သွားမည်ဖြစ်ပြီး ပထမအဆင့် ခွဲခြားသတ်မှတ်နိုင်ရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန နှင့် Unicef (မြန်မာ)တို့ ပူးပေါင်း ရေးဆွဲထားသည့် မူကြမ်းကို အတည်ပြုဖို့လိုပါကြောင်း၊ ဒုတိယအဆင့်နှင့် တတိယအဆင့်တို့အတွက် ခွဲခြားသတ်မှတ်မှုပုံစံကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အမြန်ဆုံး သတ်မှတ်သွားရန် လိုအပ်ပါကြောင်း၊ အဆင့်(၃) ဆင့်လုံးကို သတ်မှတ်ပြီးပါက ကနဦးစီမံကိန်းအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် စမ်းသပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။
- အချို့သော သတင်းအချက်အလက်များအရ ၂၀၁၇ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း မသန်စွမ်းသူများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ၂၅ မှု ဖြစ်ပွားခဲ့သည်ဟု သိရှိရပါကြောင်း၊ ထို့ကြောင့် ဥပဒေပါ ရည်ရွယ်ချက်နှင့်အညီ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဥပဒေဆိုင်ရာ အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရန် လိုမည်ဖြစ်ပါကြောင်း၊ မသန်စွမ်းသူများအတွက် အတားအဆီးကင်းသော လူ့အဖွဲ့အစည်းတစ်ရပ် ဖန်တီးဆောင်ရွက်ပေးခြင်းသည် မသန်စွမ်းသူများ၏ဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ပြည့်မီစေခြင်းပင် ဖြစ်ပါကြောင်း ပြောကြားသည်။

## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ
## ( ၂/၂၀၁၉) အစည်းအဝေး



၄-၁၂-၂၀၁၉ ရက်နေ့တွင် ကျင်းပသော မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ
(၂/၂၀၁၉) အစည်းအဝေးတွင် အမျိုးသားကော်မတီ ဥက္ကဋ္ဌ
ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမှာစကား ပြောကြားစဉ်။




မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ (၂/၂၀၁၉)
အစည်းအဝေးသို့ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီမှ တာဝန်ရှိသူများ၊
တိုင်းဒေသကြီးနှင့်ပြည်နယ် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးများ၊ မြန်မာနိုင်ငံအမျိုးသား
လူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်မှ တာဝန်ရှိသူများ၊
မသန်စွမ်းသူများ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ဆက်စပ်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ
မှတ်တမ်းဓာတ်ပုံရိုက်ကူးစဉ်။

## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ (၂/၂၀၁၉) အစည်းအဝေးတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပြောကြားသည့် အမှာစကား ကောက်နုတ်ချက်

- နိုင်ငံတော်အစိုးရအနေဖြင့် မသန်စွမ်းမှုအလိုက် ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုမြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်၏ ရက် ၁၀၀ လုပ်ငန်းစီမံချက်အရ ကလေးသူငယ်၊ အမျိုးသမီး၊ မသန်စွမ်းသူ များဆိုင်ရာ ကွန်ဗင်းရှင်းများကို အမြင်အာရုံချို့ယွင်းမသန်စွမ်းသူများ လက်လှမ်းမီသိရှိနိုင်ရေးအတွက် မျက်မမြင်စာဖြင့် ပုံနှိပ်ထုတ်ဝေခြင်း၊ အမြင်အာရုံချို့ယွင်းမသန်စွမ်းသူများ၏ အားသာချက်ဖြစ်သည့် မျက်မမြင်အနှိပ်စနစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။
- အကြားအာရုံ ချို့ယွင်းသူများအတွက်လည်း သတင်းအချက်အလက်များ လက်လှမ်းမီ ရရှိနိုင်ခွင့် သေချာစေရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီး အကျိုးရလဒ်အဖြစ် အမျိုးသမီးနှင့် မသန်စွမ်းသူများဆိုင်ရာ ကွန်ဗင်းရှင်းနှင့် ဥပဒေတို့ကို လက်သင်္ကေတပြ ဘာသာစကားတတ်ကျွမ်းသည့် စကားပြန်များ မွေးထုတ်ပေးရေးအပြင် လက်သင်္ကေတပြဘာသာစကား ကူညီပံ့ပိုးမှုသင်တန်းများကိုလည်း စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချခြင်းများ ဆောင်ရွက်ပေးလျက်ရှိနေသည်ကို တွေ့မြင်ကြရမည် ဖြစ်ပါကြောင်း။
- ကိုယ်လက်အင်္ဂါချို့ယွင်း မသန်စွမ်းသူများအတွက် အလုပ်အကိုင်ဖန်တီးပေးရေးကို ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းပညာရပ်များကို သင်ယူတတ်မြောက်နိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မသန်စွမ်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်ရေး ပိုမိုမြှင့်တင် ဆောင်ရွက်ရန်နှင့် မြန်မာနိုင်ငံရှိအလုပ်ရှင်များအတွက် မသန်စွမ်းသူများအား အလုပ်ခန့်ထားခြင်းဆိုင်ရာ လက်စွဲစာအုပ် ကိုပြုစုပြီးဖြစ်၍ မသန်စွမ်းမှုဆိုင်ရာ ဝေါဟာရအသုံးအနှုန်းများ လက်စွဲစာအုပ်မိတ်ဆက်ပွဲများကို ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။
- သာတူညီမျှ ခွဲဝေခံစားနိုင်ရန်လိုအပ်ကြောင်း၊ မသန်စွမ်းသူများ၏ ဘဝဖွံ့ဖြိုးတိုးတက်မှုနှင့် အရည်အသွေးမြင့်မားရေးတို့ကို ဆောင်ရွက်ရာ၌ ပြည်သူလူထုကို အခြေပြုသည့် ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်ဆောင်ရွက်ကြရာတွင် မသန်စွမ်းသူများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံး ပါဝင်ဆောင်ရွက်ပြီး ဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးစီးပွားကို သာတူညီမျှ ခွဲဝေခံစားနိုင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မှသာလျှင် လူသားတိုင်း ပေါင်းစည်းပါဝင်နိုင်သော ဘက်စုံဖွံ့ဖြိုးတိုးတက်မှုရှိသည့် လူ့အဖွဲ့အစည်းတစ်ရပ်ကို မြင်တွေ့နိုင်မည် ဖြစ်ပါကြောင်း။
- မသန်စွမ်းသူများအနေဖြင့်လည်း သဘာဝဘေးစီမံခန့်ခွဲမှု လုပ်ငန်းများအပါအဝင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်များတွင် ရရှိထားသည့် အသိပညာ၊ အတတ်ပညာနှင့် နည်းပညာများကို အသုံးချ၍ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း။

# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာလုပ်ငန်းကော်မတီ (၁/၂၀၁၈) အစည်းအဝေး



မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာလုပ်ငန်းကော်မတီ (၁/၂၀၁၈) ညှိနှိုင်းအစည်းအဝေးကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ၅-၆-၂၀၁၈ နံနက် ၉ နာရီတွင် ကျင်းပပြုလုပ်ခဲ့ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

အစည်းအဝေးသို့ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ လူမှုရေးဝန်ကြီးဌာန ဝန်ကြီးများ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်မှ အထွေထွေအတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ မသန်စွမ်းအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ မသန်စွမ်းဆက်စပ် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် တက်ရောက်လာကြသူများက လုပ်ငန်းကော်မတီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ကော်မတီများ ဖွဲ့စည်းအတည်ပြုနိုင်ရေး၊ မသန်စွမ်းရန်ပုံငွေတစ်ရပ် ထူထောင်ရေး၊ မသန်စွမ်းသူများအား အချိုးကျ အလုပ်ခန့်ထားရရှိရေး၊ နိုင်ငံတော်အနေဖြင့် မသန်စွမ်းသူများအတွက် ကဏ္ဍအသီးသီးတွင် လိုအပ်ချက်များ ဖြည့်ဆည်းရန် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးက လက်ရှိဥပဒေ၊ နည်းဥပဒေများအတိုင်း ဆောင်ရွက်ပေးနိုင်ရေး စသည်တို့ကို ဆွေးနွေးခဲ့ကြပါသည်။

# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာလုပ်ငန်းကော်မတီ ( ၂/၂၀၁၈) အစည်းအဝေး



မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာလုပ်ငန်းကော်မတီ (၂/၂၀၁၈) ညှိနှိုင်းအစည်းအဝေးကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ၂-၁၁-၂၀၁၈ ရက်နေ့ နံနက် ၉ နာရီတွင် ကျင်းပပြုလုပ်ခဲ့ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

အစည်းအဝေးသို့ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ လူမှုရေးဝန်ကြီး ဌာနဝန်ကြီးများ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်မှ အထွေထွေအတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ မသန်စွမ်းအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ မသန်စွမ်းဆက်စပ်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် ပြန်လည်ထူထောင်ရေး ဦးစီးဌာနနှင့်လူမှုဝန်ထမ်း ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်တို့က လက်ရှိဆောင်ရွက်နေသော လုပ်ငန်းဆောင်ရွက်ချက်များအားလည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က မသန်စွမ်းမှု အဆင့်သတ်မှတ်ခြင်းနှင့်မှတ်ပုံတင်ခြင်း လုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးပြောကြားပြီး သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများနှင့် လုပ်ငန်းကော်မတီဝင်၊ အဖွဲ့အစည်းအသီးသီးမှ တက်ရောက်လာကြသူများက ဆွေးနွေးပြောကြားခဲ့ပါသည်။

# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာလုပ်ငန်းကော်မတီ (၁/၂၀၁၉) အစည်းအဝေး



မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာလုပ်ငန်းကော်မတီ၏ (၁/၂၀၁၉) ညှိနှိုင်းအစည်းအဝေးကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ၂၉-၄-၂၀၁၉ ရက်နေ့ နံနက် ၉ နာရီတွင် ကျင်းပပြုလုပ်ခဲ့ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

အစည်းအဝေးသို့ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ လူမှုရေးဝန်ကြီးဌာနဝန်ကြီးများ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်မှ အထွေထွေအတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ မသန်စွမ်းအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ မသန်စွမ်းဆက်စပ် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ (၂/၂၀၁၈) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုများနှင့် လက်ရှိဆောင်ရွက်ချက်များအား ရှင်းလင်းတင်ပြခဲ့ပါသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီဝင်၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ၎င်းတို့၏ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ အသီးသီးဆွေးနွေးပြောကြားခဲ့ကြပါသည်။

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် လုပ်ငန်းကော်မတီများ၏ အကောင်အထည်ဖော်ရာတွင် ထိရောက်မှုရှိရန် လိုအပ်ကြောင်း၊ လက်တွေ့တွင် မသန်စွမ်းများအတွက် မည်မျှ မည်ကဲ့သို့ပြောင်းလဲအောင် ဆောင်ရွက်နိုင်သည်ကို ထင်ရှားစွာပြသနိုင်ရန်လိုအပ်သဖြင့် အားလုံးပူးပေါင်းကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားခဲ့ပါသည်။

# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာလုပ်ငန်းကော်မတီ
# ( ၂/၂၀၁၉) အစည်းအဝေး




မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာလုပ်ငန်းကော်မတီ ( ၂/၂၀၁၉) ညှိနှိုင်းအစည်းအဝေးကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ၂၅-၁၀-၂၀၁၉ ရက်နေ့ နံနက် ၉ နာရီတွင် ကျင်းပပြုလုပ်ခဲ့ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

အစည်းအဝေးသို့ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ လူမှုရေးဝန်ကြီးဌာန ဝန်ကြီးများ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြား ရေးမှူးချုပ်များ၊ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်မှ အထွေထွေအတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ မသန်စွမ်းအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ မသန်စွမ်းဆက်စပ် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းက မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ(၁/၂၀၁၉) အစည်းအဝေးဆုံးဖြတ်ချက်ဆောင်ရွက်ပြီးစီးမှုများနှင့် ရှေ့လုပ်ငန်းစဉ်များအား Power Point ဖြင့် ရှင်းလင်းဆွေးနွေးပြီးနောက် အစည်းအဝေးတက်ရောက်လာသူများမှ ဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်မှ အထွေထွေအတွင်းရေးမှူးက ကျေးဇူးတင်စကား ပြောကြားကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ပါသည်။

# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ

| | | |
|---|---|---|
| ၁။ | ဒုတိယသမ္မတ | ဥက္ကဋ္ဌ |
| ၂။ | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ(၁) |
| ၃။ | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ် | ဒုတိယဥက္ကဋ္ဌ(၂) |
| ၄။ | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၅။ | ဒုတိယဝန်ကြီး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၆။ | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၇။ | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၈။ | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၉။ | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၁၀။ | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၁၁။ | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၁၂။ | ကောင်စီဝင်<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| ၁၃။ | ဝန်ကြီး<br>လူမှုရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| ၁၄။ | ဝန်ကြီး<br>စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီးဌာန၊ ကယားပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| ၁၅။ | ဝန်ကြီး<br>လူမှုရေးဝန်ကြီးဌာန၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| ၁၆။ | ဝန်ကြီး<br>လူမှုရေးဝန်ကြီးဌာန၊ ချင်းပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| ၁၇။ | ဝန်ကြီး<br>လူမှုရေးဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| ၁၈။ | ဝန်ကြီး<br>လူမှုရေးဝန်ကြီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| ၁၉။ | ဝန်ကြီး<br>စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန၊<br>ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |

| | | |
|---|---|---|
| ၂၀။ | ဝန်ကြီး<br>လူမှုရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| ၂၁။ | ဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊<br>မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| ၂၂။ | ဝန်ကြီး<br>လူမှုရေးဝန်ကြီးဌာန၊ မွန်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| ၂၃။ | ဝန်ကြီး<br>လူမှုရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| ၂၄။ | ဝန်ကြီး<br>လူမှုရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| ၂၅။ | ဝန်ကြီး<br>ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| ၂၆။ | ဝန်ကြီး<br>လူမှုရေးဝန်ကြီးဌာန၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| ၂၇။ | အမြဲတမ်းအတွင်းဝန်<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၂၈။ | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၂၉။ | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၃၀။ | အမြဲတမ်းအတွင်းဝန်<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၃၁။ | အမြဲတမ်းအတွင်းဝန်<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၃၂။ | အမြဲတမ်းအတွင်းဝန်<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၃၃။ | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၃၄။ | အမြဲတမ်းအတွင်းဝန်<br>ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၃၅။ | ညွှန်ကြားရေးမှူးချုပ်<br>လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၃၆။ | ညွှန်ကြားရေးမှူးချုပ်<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၃၇။ | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၃၈။ | ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် | အဖွဲ့ဝင် |

၄၉။ ဒေါ်ယုယသူ — အဖွဲ့ဝင်
ကိုယ်အင်္ဂါမသန်စွမ်းသူများမှ ရွေးချယ်စေလွှတ်သော ကိုယ်စားလှယ်

၅၀။ ဦးဝဏ္ဏကျော်စွာ — အဖွဲ့ဝင်
ကိုယ်အင်္ဂါမသန်စွမ်းသူများမှ ရွေးချယ်စေလွှတ်သော ကိုယ်စားလှယ်

၅၁။ ဦးစောသောင်းကြည် — အဖွဲ့ဝင်
အမြင်အာရုံမသန်စွမ်းသူများမှ ရွေးချယ်စေလွှတ်သော ကိုယ်စားလှယ်

၅၂။ ဦးသိန်းလွင် — အဖွဲ့ဝင်
အမြင်အာရုံမသန်စွမ်းသူများမှ ရွေးချယ်စေလွှတ်သော ကိုယ်စားလှယ်

၅၃။ ဒေါ်အိမြတ်သူအောင် — အဖွဲ့ဝင်
အကြားအာရုံမသန်စွမ်းသူများမှ ရွေးချယ်စေလွှတ်သော ကိုယ်စားလှယ်

၅၄။ ဒေါ်ရတနာအောင် — အဖွဲ့ဝင်
အကြားအာရုံမသန်စွမ်းသူများမှ ရွေးချယ်စေလွှတ်သော ကိုယ်စားလှယ်

၅၅။ ဒေါ်ဥမ္မာစိုး — အဖွဲ့ဝင်
ဉာဏ်ရည်မသန်စွမ်းသူများမှ ရွေးချယ်စေလွှတ်သော ကိုယ်စားလှယ်

၅၆။ ဦးနေမျိုးနိုင် — အဖွဲ့ဝင်
ဉာဏ်ရည်မသန်စွမ်းသူများမှ ရွေးချယ်စေလွှတ်သော ကိုယ်စားလှယ်

၅၇။ ဦးကောင်းထက်နိုင် — အဖွဲ့ဝင်
မသန်စွမ်းမှု တစ်မျိုးထက်ပိုသူများမှ ရွေးချယ်စေလွှတ်သော ကိုယ်စားလှယ်

၅၈။ ဒေါက်တာဇော်မိုးအောင် — အဖွဲ့ဝင်
အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများမှ
ရွေးချယ်စေလွှတ်သော ကိုယ်စားလှယ်

၅၉။ ဦးညွန့်အောင် — အဖွဲ့ဝင်
အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများမှ
ရွေးချယ်စေလွှတ်သော ကိုယ်စားလှယ်

၆၀။ ဦးကျော်ကျော် — အဖွဲ့ဝင်
အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများမှ
ရွေးချယ်စေလွှတ်သော ကိုယ်စားလှယ်

၆၁။ ဦးမြတ်ဦး — အဖွဲ့ဝင်
အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများမှ
ရွေးချယ်စေလွှတ်သော ကိုယ်စားလှယ်

၆၂။ ဦးဆလိုင်းဘန်နီဘွေး — အဖွဲ့ဝင်
စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များမှ ရွေးချယ်စေလွှတ်သော ကိုယ်စားလှယ်

၆၃။ ဒုတိယဗိုလ်မှူးကြီးသန့်ဇင်(ငြိမ်း) — အဖွဲ့ဝင်
စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များမှ ရွေးချယ်စေလွှတ်သော ကိုယ်စားလှယ်

၆၄။ ဦးထာအုပ် — အဖွဲ့ဝင်
စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များမှ ရွေးချယ်စေလွှတ်သော ကိုယ်စားလှယ်

၆၅။ ဦးသန်းဟန်သူ — အဖွဲ့ဝင်
စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များမှ ရွေးချယ်စေလွှတ်သော ကိုယ်စားလှယ်

၆၆။ ဒုတိယဝန်ကြီး — အတွင်းရေးမှူး
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

၆၇။ အတွင်းရေးမှူး — တွဲဖက်အတွင်းရေးမှူး
မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်

# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ

| | | |
|---|---|---|
| ၁။ | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ၂။ | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၁) |
| ၃။ | ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ် | ဒုတိယဥက္ကဋ္ဌ (၂) |
| ၄။ | ဒုတိယဝန်ကြီး/အမြဲတမ်းအတွင်းဝန်၊ ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၅။ | ဒုတိယဝန်ကြီး/အမြဲတမ်းအတွင်းဝန်၊ ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၆။ | ဒုတိယဝန်ကြီး/အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၇။ | ဒုတိယဝန်ကြီး/အမြဲတမ်းအတွင်းဝန်<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၈။ | ဒုတိယဝန်ကြီး/အမြဲတမ်းအတွင်းဝန်၊ စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၉။ | ဒုတိယဝန်ကြီး/အမြဲတမ်းအတွင်းဝန်၊ ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၁၀။ | ဒုတိယဝန်ကြီး/အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၁၁။ | ဒုတိယဝန်ကြီး/အမြဲတမ်းအတွင်းဝန်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၁၂။ | ဒုတိယဝန်ကြီး/အမြဲတမ်းအတွင်းဝန်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၁၃။ | ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| ၁၄။ | မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့(ဗဟိုဌာနချုပ်) | အဖွဲ့ဝင် |
| ၁၅။ | အဖွဲ့ဝင်၊ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင် | အဖွဲ့ဝင် |
| ၁၆။ | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |
| ၁၇။ | ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း | အဖွဲ့ဝင် |
| ၁၈။ | အမျိုးသားကော်မတီဝင်<br>အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများမှ ရွေးချယ်ခြင်းခံရသော<br>ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| ၁၉။ | အမျိုးသားကော်မတီဝင်<br>စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များမှ ရွေးချယ်ခြင်းခံရသော<br>ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| ၂၀။ | ညွှန်ကြားရေးမှူးချုပ်၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန | အတွင်းရေးမှူး(၁) |
| ၂၁။ | ညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန | အတွင်းရေးမှူး(၂) |
| ၂၂။ | ဦးမြတ်သူဝင်း၊ အတွင်းရေးမှူး၊ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ် | တွဲဖက်အတွင်းရေးမှူး(၁) |
| ၂၃။ | ဦးစွမ်းရည်ရ၊ ညွှန်ကြားရေးမှူး၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး(၂) |

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများနှင့်ပတ်သက်၍ ရွေးကောက်ပွဲနည်းဥပဒေပြင်ဆင်ခဲ့ရာတွင် မသန်စွမ်းသူများအတွက် ဆန္ဒမဲပေးခြင်း အခန်း ကဏ္ဍတွင် နည်းဥပဒေ ၂ (ဈ)၊ ၅၊ ၆၊ ၁၈၊ ၃၉ (က)၊ ၄၂ (ခ) နှင့် နည်းဥပဒေ ၅၁ (ခ) (၂) တို့အား ထပ်မံပြင်ဆင်ခဲ့ပါသည်။ ၎င်းအပြင် ရွေးကောက်ပွဲဆိုင်ရာ မဟာဗျူဟာလုပ်ငန်းစဉ် (၂၀၁၄-၂၀၁၈)နှင့် (၂၀၁၉-၂၀၂၀) တွင် " မဟာဗျူဟာ အခန်း (၉၊၈) အားလုံးပါဝင် ဆောင်ရွက်မှုမြှင့်တင်ခြင်း" တွင် မသန်စွမ်းသူ အခွင့်အရေးများအတွက် အသိပညာပေးခြင်းနှင့် မဲပေးခွင့်အပြည့်အဝ ရရှိရေးတို့အား ထည့်သွင်းရေးဆွဲခဲ့ပါသည်။ ထို့အတူ ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲများအတွက် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင် လက်စွဲစာအုပ် ထုတ်ဝေရာတွင်လည်း မသန်စွမ်းသူများနှင့် အကူအညီလိုအပ်သူ မဲဆန္ဒရှင်များမဲပေးခြင်း၊ ၎င်းတို့၏ မဲပေးခြင်းဆိုင်ရာ စစ်ဆေးရမည့်အချက်များဟူ၍ သီးခြားအခန်းကဏ္ဍတစ်ခုအနေဖြင့် မသန်စွမ်းသူများ ၏ အခန်းကဏ္ဍကို မြှင့်တင်ပြီး နားမကြားသူများအတွက်လည်း Sign Language ဖြင့် ပညာပေးခြင်း၊ မဲရုံများတွင် ရုပ်ပြပညာပေးရုပ်ပုံများ ကပ်ထားပေးခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ပါသည်။

၂။ ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကျင်းပရန်ရှိသော မဲဆန္ဒနယ်များတွင် မသန်စွမ်းသူ မဲဆန္ဒရှင် အများဆုံးရှိသည့် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၅ မြို့နယ်တွင် မသန်စွမ်းစံပြမဲရုံ (၉) ရုံဆောက်လုပ်၍ အဆင်ပြေလွယ်ကူစွာ ဆန္ဒမဲပေးနိုင်ရေး စီစဉ်ဆောင်ရွက် ပေးခဲ့ပြီး အမြင်အာရုံချို့ယွင်းသူများအတွက်လည်း Braille Voter Slip Template ဖြင့် ကိုယ်တိုင်ကိုယ်ကျ ဆန္ဒပြုမဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ၎င်းအပြင် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင်လည်း စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်တွင် မသန်စွမ်း စံပြမဲရုံ (၁) ရုံတည်ဆောက်ပေးခဲ့ပြီး မဲဆန္ဒရှင်များအနေဖြင့် နိုင်ငံသားတစ်ယောက်၏ အခွင့်အရေး မဆုံးရှုံးစေဘဲ အဆင်ပြေလွယ်ကူစွာ ကိုယ်တိုင်ကိုယ်ကျ မဲပေးနိုင်စေရန် အလေးထားဆောင်ရွက်ပေးခဲ့ပါသည်။

၃။ Coordination Meeting on Disability Inclusive Election ပြုလုပ်ခြင်း၊ 4th Disability Regional Dialogue ကို International Foundation for Electrol Systems (IFES)၊ General Election Network for Disability Access (AGENDA) အဖွဲ့များနှင့်ပူးပေါင်းပြီး အာဆီယံဒေသတွင်း မသန်စွမ်းအဖွဲ့အစည်းများအား ဖိတ်ကြားခြင်း၊ Myanmar Independent Living Initiative (MILI) အဖွဲ့နှင့် (၅) ကြိမ်၊ ရွှေမင်းသားဖောင်ဒေးရှင်းနှင့် (၁) ကြိမ် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ Disability Inclusion သင်တန်းများကို Myanmar Independent Living Initiative (MILI) အဖွဲ့နှင့် ပူးပေါင်းပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

၄။ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလအတွင်း နေပြည်တော် Grand Amara Hotel တွင် ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့် သင်တန်းများကို ၁၃-၁၁-၂၀၁၉ ရက်နေ့မှ ၁၅-၁၁-၂၀၁၉ ရက်နေ့အထိ (၁)ကြိမ်၊ ၁၈-၁၁-၂၀၁၉ ရက်နေ့မှ ၂၀-၁၁-၂၀၁၉ ရက်နေ့အထိ (၁)ကြိမ်နှင့် ၂၆-၁၁-၂၀၁၉ ရက်နေ့မှ ၂၈-၁၁-၂၀၁၉ ရက်နေ့အထိ (၁) ကြိမ် စုစုပေါင်း (၃) ကြိမ် ဖွင့်လှစ်ပို့ချခဲ့ရာတွင်လည်း မသန်စွမ်းသူများ မဲပေးခြင်းဆိုင်ရာ သရုပ်ပြသင်ခန်းစာများ ထည့်သွင်း ဆောင်ရွက်ခဲ့ကြောင်းနှင့် အဆိုပါ သင်တန်းတက်ရောက်ပြီးသူများမှ သက်ဆိုင်ရာမြို့နယ်များ၌ ဆင့်ပွားသင်တန်းများ ဆက်လက်ပို့ချရာတွင်လည်း ထည့်သွင်းပို့ချရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

## နိုင်ငံခြားရေးဝန်ကြီးဌာန
## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

**နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်မှုများ**

၁။ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပူးတွဲလျက် မသန်စွမ်းသူများအရေးနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများအား နိုင်ငံတကာမှသိရှိစေရန်၊ မြန်မာနိုင်ငံ၏ ပုံရိပ်ကောင်းပေါ်လွင်စေရန်၊ နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ရန်နှင့် မသန်စွမ်းသူများအတွက် ခရီးသွားလာမှု အဆင်ပြေနိုင်စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန်အတွက် ချမှတ်ထားသည့် လမ်းညွှန်ချက်အတိုင်း ဆောင်ရွက်လျက်ရှိပါသည်။

၂။ နယူးယောက်မြို့၊ ကုလသမဂ္ဂဌာနချုပ်၌ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့တွင် ကျင်းပခဲ့သည့် CRPD ကော်မတီ အဖွဲ့ဝင်သစ် (၉) ဦး ရွေးချယ်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည့်နိုင်ငံများအနက် မြန်မာနိုင်ငံ၏ထောက်ခံမှုတောင်းခံထားသော နိုင်ငံများဖြစ်သည့် ဩစတြေးလျ၊ ဘရာဇီးလ်၊ အင်ဒိုနီးရှား၊ လစ်သူရေးနီးယား၊ ဆွစ်ဇာလန်၊ တောင်ကိုရီးယား နိုင်ငံများကို ထောက်ခံမှုပေးခဲ့ပါသည်။

၃။ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့မှ ၁၄ ရက်နေ့အထိ နယူးယောက်မြို့၌ ကျင်းပခဲ့သည့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်းဝင်နိုင်ငံများ၏ (၁၁) ကြိမ်မြောက် အစည်းအဝေးကို "Leaving no one behind through the full implementation of the CRPD" ခေါင်းစဉ်ဖြင့် ပြုလုပ်ခဲ့ရာ နယူးယောက်မြို့ရှိ မြန်မာအမြဲ တမ်းကိုယ်စားလှယ် အဖွဲ့ရုံးမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ပါသည်။ ယင်းအဖွဲ့အစည်း၌ Roundtable ဆွေးနွေးမှု (၃) ခုဖြင့် CRPD ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် PPP (Public – Private Partnership) အစီအမံနှင့် နိုင်ငံတကာမှ ပူးပေါင်းဆောင်ရွက်သွားရေး၊ မသန်စွမ်းအမျိုးသမီးများနှင့် မိန်းကလေးငယ်များ (women and girls) အရေး၊ မသန်စွမ်းသူများကို နိုင်ငံရေးလုပ်ငန်းခွင်တွင် ပါဝင်ခွင့် (Political Participation) နှင့် တူညီစွာ အသိအမှတ်ပြုရေး ( equal recognition) တို့ကို ဆွေးနွေးခဲ့ပါသည်။

၄။ ဗြိတိန်နိုင်ငံ၊ Department of International Development (DFID) ဌာန၊ Disability Alliance (IDA) နှင့် ကင်ညာအစိုးရတို့ ပူးပေါင်း၍ လန်ဒန်မြို့၌ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ (၂၃-၂၄) ရက်များတွင် ကျင်းပခဲ့သည့် Civil Society Forum နှင့် Global Disability Summit သို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အပါအဝင် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် (၂) ဦးတို့နှင့်အတူ ဗြိတိန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်ဇွာမင်းတို့ တက်ရောက်ခဲ့ကြပါသည်။

၅။ စင်ကာပူနိုင်ငံ၌၁၃-၁၁-၂၀၁၈ရက်တွင်ကျင်းပခဲ့သည့်(၃၃)ကြိမ်မြောက်အာဆီယံထိပ်သီးအစည်းအဝေး၌ အာဆီယံခေါင်းဆောင်များက ASEAN Enabling Masterplan 2025: Mainstreaming the Right of Persons with Disabilities ကို အတည်ပြုချမှတ် (adopt) ခဲ့ကြပါသည်။ ထို့အပြင် လူ့အခွင့်အရေးကောင်စီ၏ အကြိမ် (၄၀) မြောက် ပုံမှန်အစည်းအဝေးကာလအတွင်း ၄-၃-၂၀၁၉ ရက်နေ့တွင် ကျင်းပခဲ့သည့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ နှစ်စဉ်ဆွေးနွေးပွဲတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အတူ Convention on the Rights of the Child (CRC) နှင့် Convention on the Rights of Persons with Disabilities (CRPD) တို့၏ အဖွဲ့ဝင်နိုင်ငံဖြစ်ခြင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ၂၀၃၀ ရည်မှန်းချက်နှင့် ၂၀၂၅ အာဆီယံရည်မှန်း ချက်များကိုလည်း အကောင်အထည်ဖော်လျက်ရှိကြောင်း ပူးတွဲမိန့်ခွန်းတွင် ပါဝင်ခဲ့ပါသည်။

၆။ ဂျပန်နိုင်ငံ၊ တိုကျိုမြို့တွင် ၂၂-၅-၂၀၁၉ ရက်နေ့မှ ၂၉-၅-၂၀၁၉ ရက်နေ့အထိ ကျင်းပခဲ့သည့် မသန်စွမ်းသူများအတွက် လူမှုဖူလုံရေးလုပ်ငန်းဆောင်ရွက်မှုများဆိုင်ရာ အမြင်ချင်းနီးနှောဖလှယ်ပွဲနှင့် လေ့လာရေး အစီအစဉ်သို့ မြန်မာနိုင်ငံ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ် (၃)ဦး တက်ရောက်နိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနမှ လိုအပ်သည်များ ပံ့ပိုးကူညီပေးခဲ့ပါသည်။




( ၂၂) ကြိမ်မြောက် မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ ကော်မတီအစည်းအဝေးတွင်
မြန်မာနိုင်ငံဆိုင်ရာ ကနဦးအစီရင်ခံစာအပေါ် သုံးသပ်ဆွေးနွေးစဉ်။




၇။ အာဂျင်တီးနားနိုင်ငံ၊ ဗျူနိုအေးရိစ်မြို့တွင် ၆-၆-၂၀၁၉ ရက်မှ ၈-၆-၂၀၁၉ ရက်နေ့အထိ ကျင်းပခဲ့သည့် ဒုတိယ အကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ မသန်စွမ်းသူများညီလာခံသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးခေါင်းဆောင်သော ကိုယ်စားလှယ် (၃) ဦးတို့ တက်ရောက်နိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနမှ လိုအပ်သည်များ ပံ့ပိုးကူညီပေးခဲ့ပါသည်။ နယူးယောက်မြို့၊ ကုလသမဂ္ဂဌာနချုပ်၌ ၁၁-၆-၂၀၁၉ ရက်နေ့မှ ၁၃-၆-၂၀၁၉ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများ၏ (၁၂) ကြိမ်မြောက် အစည်းအဝေး (12th Session of the Conference of State parties to the Convention on the Rights of Persons with Disabilities) သို့ နယူးယောက်မြို့ရှိ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့ပြီး၊ မြန်မာအမြဲ တမ်းကိုယ်စားလှယ်က မိန့်ခွန်းပြောကြားခဲ့ပါသည်။ ယခုနှစ် အစည်းအဝေးခေါင်းစဉ်မှာ “Ensuring inclusion of persons with disabilities in a changing world through the implementation of the CRPD” ဖြစ်ပြီး၊ အောက်ဖော်ပြပါ အကြောင်းအရာများဖြင့် စားပွဲဝိုင်း ဆွေးနွေးပွဲ (၃) ခုကို ပြုလုပ်ခဲ့ပါသည်-

(က) Technology, digitalization and ICTs for the empowerment and inclusion of persons with disabilities.

(ခ) Social inclusion and the right to the highest attainable standard of health.

(ဂ) Inclusion of persons with disabilities in society through participation in cultural life, recreation, leisure and sports.

၈။ ပဥ္စမအကြိမ် မြန်မာ-အီးယူလူ့အခွင့်အရေးဆွေးနွေးပွဲကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ နေပြည်တော်၌ ၁၄-၆-၂၀၁၉ ရက်တွင်ကျင်းပခဲ့ရာ မသန်စွမ်းသူများအခွင့်အရေးနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံမှ အကောင်အထည် ဖော်ဆောင်ရွက်မှုများမှာ တိုးတက်မှုရှိကြောင်း အပြုသဘောဆောင်ပြောကြားခဲ့ပါသည်။ နယူးယောက်မြို့၊ ကုလသမဂ္ဂဌာနချုပ်မှာ ကျင်းပလျက်ရှိသည့် (၇၄) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ၊ တတိယ ကော်မတီအစည်းအဝေးတွင် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အောက်ရှိ မသန်စွမ်းသူများ အခွင့်အရေး မြှင့်တင်ရေးကိစ္စရပ်နဲ့ ပတ်သက်သည့် “Social development, including questions relating to the world social situation and to youth, ageing, disabled persons and the family” ခေါင်းစဉ်အောက်တွင် မြန်မာ နိုင်ငံ၏ ဆောင်ရွက်ချက်များကို မြန်မာကိုယ်စားလှယ်အဖွဲ့က ထည့်သွင်းမိန့်ခွန်းပြောကြားခဲ့ပါသည်။ မြန်မာ နိုင်ငံသည် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်ကို ၁၁-၁၂-၂၀၁၁ ရက်နေ့တွင် ပါဝင် လက်မှတ်ရေးထိုးခဲ့ပြီး ကနဦးအစီရင်ခံစာကို ၂၀၁၅ ခုနှစ်၊ မေလတွင် တင်သွင်းခဲ့ပါသည်။

၉။ ထို့နောက် (၂၂) ကြိမ်မြောက် မသန်စွမ်းသူများ၏အခွင့်အရေးဆိုင်ရာ အစည်းအဝေးတွင် မြန်မာနိုင်ငံက တင်သွင်းခဲ့သည့် ကနဦး အစီရင်ခံစာအပေါ် သုံးသပ်ဆွေးနွေးမှုကို ၂၈-၉-၂၀၁၉ ရက်နေ့မှ ၂၉-၉-၂၀၁၉ ရက်နေ့အထိ ဂျီနီဗာမြို့တွင် ကျင်းပခဲ့ပါသည်။ အဆိုပါ သုံးသပ်ဆွေးနွေးပွဲသို့ ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးကျော်မိုးထွန်းက ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်အဖြစ်ဆောင်ရွက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းက ကိုယ်ခွဲ ခေါင်းဆောင်အဖြစ် ဆောင်ရွက်ကာ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်မှ ဦးမြတ်သူဝင်းနှင့်အဖွဲ့က ကော်မတီ၏ မေးမြန်းချက်များကို ဖြေကြားခဲ့ကြပါသည်။ သုံးသပ်မှုအပြီး ကော်မတီမှထုတ်ပြန်ခဲ့သည့် Concluding Observation (CRPD/ C/ MMR/CO/1) အား ပြန်လည်ထူထောင်ရေးဦးစီးဌာနသို့ ပေးပို့ခဲ့ပြီးဖြစ်ပါသည်။

၁၀။ မသန်စွမ်းသူများအခွင့်အရေးနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် တိုက်ရိုက်တာဝန် ယူဆောင်ရွက်ရသည့် ဝန်ကြီးဌာနမဟုတ်သော်လည်း Focal Ministry မှ ဦးဆောင်ကျင်းပသည့်အစည်းအဝေးများ၊ လှုပ်ရှား ဆောင်ရွက်မှုများတွင် မပျက်မကွက် တက်ရောက်ဆွေးနွေးအကြံပြုလျက်ရှိသည့်အတိုင်း ဆက်လက်၍ လိုအပ်ပါက ပံ့ပိုးဆောင်ရွက်သွားမည် ဖြစ်ပါသည်။



**( ၂၂) ကြိမ်မြောက် မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ ကော်မတီအစည်းအဝေးတွင် မြန်မာနိုင်ငံဆိုင်ရာ ကနဦးအစီရင်ခံစာအပေါ် သုံးသပ်ဆွေးနွေးစဉ်။**

# ပြည်ထဲရေးဝန်ကြီးဌာန
## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

၁။ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့ရာတွင် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေကို ၅-၆-၂၀၁၅ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေပါ ပြစ်မှုများ သည် ရဲအရေးပိုင်သောပြစ်မှုများဖြစ်၍ ဥပဒေများကျူးလွန်ကြောင်း တိုင်ကြားလာပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်း(၁)ပါ နိုင်ငံတော်အခြေခံမူများနှင့် အခန်း(၈)ပါ နိုင်ငံသားများ၏ အခွင့်အရေးများကို ထိခိုက်စေခြင်းမရှိစေရန် ဆောင်ရွက်လျက်ရှိပြီး တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ရာတွင် ရာဇဝတ်ကျင့်ထုံးဥပဒေ၊ ရာဇသတ်ကြီး၊ သက်သေခံဥပဒေနှင့် အခြားတည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များ၊ နည်းဥပဒေများအပြင် ရဲလက်စွဲပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။

၂။ မသန်စွမ်းသူများ ပြစ်မှုကျူးလွန်ခြင်းကြောင့် ဖမ်းဆီးခံရပါကလည်း ဥပဒေအရပေးထားသည့် ယင်းတို့၏ အခွင့်အရေးများကို မထိခိုက်စေရန်ဆောင်ရွက်လျက်ရှိပါသည်။ ရဲလက်စွဲ(ဒုတိယတွဲ) အပိုဒ် ၁၃၈၂၊ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲငယ်(၃)၌ အသက်အရွယ်ကိုသော်လည်းကောင်း၊ မိန်းမသားဖြစ်ခြင်းကိုသော်လည်းကောင်း၊ မသန်စွမ်း ဖြစ်ခြင်းကိုသော်လည်းကောင်း ထောက်ထား၍ လက်ထိပ်မခတ်ဘဲ လုံခြုံစွာထားနိုင်ရန် အကြောင်းရှိလျှင် ထိုသို့သောသူများကို လက်ထိပ်မခတ်ရဟု ပြဋ္ဌာန်းထားပါသည်။ ထို့အတူ မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေဖြင့် ၂၀၁၇ ခုနှစ်တွင် အရေးယူမှု(၁)မှု၊ ၂၀၁၉ ခုနှစ်တွင်အရေးယူမှု(၃)မှု၊ စုစုပေါင်း(၄)မှုရှိပါသည်။

၃။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် မသန်စွမ်းသူများနှင့်ပတ်သက်၍ ကျင်းပပြုလုပ် သည့် အခမ်းအနားများတွင် လုံခြုံရေးဆောင်ရွက်ပေးခြင်း၊ ခရီးသွားမသန်စွမ်းသူများအား ကူညီဆောင်ရွက်ပေး ခြင်း၊ အကျဉ်းဦးစီးဌာနမှလည်း မသန်စွမ်းသူ၊ သက်ကြီး၊ ကျန်းမာရေး မကောင်းအကျဉ်းသား/ အကျဉ်းသူများကို ရေချိုးချိန်၌ လူအများဖြင့် ရောနှောရေချိုးခြင်းမပြုစေဘဲ သီးခြားစီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ပြင် ၂၀၁၈ ခုနှစ် မီနီဘတ်ဂျက်မှစတင်၍ ဆောက်လုပ်ခွင့်ပြုသော အကျဉ်းသား အိပ်ဆောင်များ၌ ရိုးရိုးအိမ်သာများ အပြင် ဘိုထိုင်အိမ်သာကို ထည့်သွင်းဆောက်လုပ်ပေးခဲ့ရာ လူ ၂၀၀ ဦးဆံ့ နှစ်ထပ်အိပ်ဆောင်သစ်တစ်လုံး ဆောက်လုပ်ပါက အပေါ်ထပ်တွင် ဘိုထိုင်အိမ်သာ နှစ်လုံး၊ အောက်ထပ်တွင် ဘိုထိုင်အိမ်သာ နှစ်လုံး၊ ထည့်သွင်း ဆောက်လုပ်စေပါသည်။ အသစ်ဆောက်လုပ်ခွင့်ပြုသော အိမ်သာများ၌လည်း ဘိုထိုင်အိမ်သာကို ထည့်သွင်း ဆောက်လုပ်ခဲ့ပါသည်။ ဘိုထိုင်အိမ်သာ ထပ်မံဆောက်လုပ်ရန် နေရာမရှိသည့် အကျဉ်းထောင်များတွင် မိလ္လာ ထိုင်ခုံ ဝယ်ယူထားရှိပေးပါသည်။

၄။ မသန်စွမ်းသူများ၊ သက်ကြီး၊ ကျန်းမာရေးမကောင်း အကျဉ်းသား/ အကျဉ်းသူများကို အလုပ်ခိုင်းစေခြင်း မပြုဘဲ ၎င်းတို့ ဝါသနာပါသည့် အားကစားနှင့် ကိုယ်လက်လှုပ်ရှားမှု ဆောင်ရွက်စေခြင်း၊ စာကြည့်တိုက်မှ စာအုပ်များ ယူဆောင်စေ၍ အေးဆေးစွာ ဖတ်ရှုနိုင်စေရန် ဆောင်ရွက်ပေးခဲ့ပါသည်။ ထို့ပြင် အကျဉ်းထောင် စည်းကမ်းဖောက်ဖျက်ခြင်းမရှိပါက လျှော့ရက်ခံစားခွင့်ကို အခြားသူများနည်းတူ ခံစားခွင့်ပြုခဲ့ပါသည်။ ထမင်းနှင့်အစားအသောက် ဝေငှရာတွင်လည်း အများနည်းတူ တန်းစီရန်မလိုအပ်ဘဲ သီးခြားဝေငှပေးပါသည်။ ထို့အတူထောင်ဝင်စာတွေ့ဆုံချိန်များတွင်လည်း အပြန်အလှန်စကားပြောရန် အခက်အခဲရှိနိုင်သဖြင့် သတ်မှတ်အချိန် ထက်ပို၍ တွေ့ဆုံပေးခြင်း၊ လိုအပ်ပါက သီးခြားတွေ့ဆုံပေးခြင်းတို့ကို ဆောင်ရွက်ပေးပါသည်။

၅။ ICRC နှင့်ပူးပေါင်း၍ ခြေတုတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ အကျဉ်းသား ၉ ဦးကို ခြေတုတပ်ဆင်ပေးနိုင်ခဲ့ပါသည်။ ထို့ပြင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ မသန်စွမ်း အကျဉ်းသား၊ အကျဉ်းသူအများစုကို ရေချိုးချိန် သီးခြားပေးခြင်း၊ ဘိုထိုင်အိမ်သာများတည်ဆောက်ပေးခြင်း သို့မဟုတ် အလေးစွန့်ရန်အတွက် အိမ်သာများတွင် အထိုင်အထအဆင်ပြေစေရန် အစားထိုးထိုင်ခုံများပြုလုပ် ပေးခြင်း၊ လက်ကိုင်တန်းတည်ဆောက်ပေးခြင်းများ ဆောင်ရွက်ပေးသင့်သည်ဟု အကြံပြုခဲ့ရာ အဆိုပါအကြံပြု ချက်အတိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။

## မသန်စွမ်းသူများနှင့်ပတ်သက်၍ ကျင်းပသည့် အခမ်းအနားများတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လုံခြုံရေးဆောင်ရွက်ပေးမှုမှတ်တမ်း









# ကာကွယ်ရေးဝန်ကြီးဌာန
# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလအထိ ဘီးတပ်ကုလားထိုင် ၂၁၆ လုံးနှင့် လျှပ်စစ်သုံးဘီး E-Bike ၂၈ စီးအား ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။ ထို့ပြင် ၁၂/၂၀၁၉ လအထိ နှစ်မျိုးစွန့်စစ်သည် ၁၅၁ ဦးရှိပြီး ၂၀၁၀ ခုနှစ်မှစ၍ လစဉ် ၁၀၀၀၀ ကျပ်နှုန်း ထောက်ပံ့ပေးခဲ့ရာ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလအထိ ၇၂,၉၁၀,၀၀၀ ကျပ်အား အောက်ပါမှတ်တမ်းဓာတ်ပုံများအတူ ထောက်ပံ့ပေးနိုင်ခဲ့ပါသည် -



လျှပ်စစ်သုံးဘီး E-Bike ထောက်ပံ့ပေးအပ်စဉ်။



ဘီးတပ်ကုလားထိုင် ထောက်ပံ့ပေးအပ်စဉ်။





E-Bike များ ထောက်ပံ့ပေးအပ်စဉ်။



ဘီးတပ်ကုလားထိုင် ထောက်ပံ့ပေးအပ်စဉ်။



နှစ်မျိုးစွန့်ရိက္ခာစရိတ် လစဉ် ၁၀၀၀၀ ကျပ်နှုန်း
ထောက်ပံ့ပေးအပ်စဉ်။



ဆေးနိမ့်စစ်သည်များအား
ခြေတုပြုလုပ်ပြင်ဆင်ပေးနေစဉ်။




(၉)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင်
ထိုင်လျက်ဘော်လီဘောအားကစားအသင်း
ပါဝင်ယှဉ်ပြိုင်နေစဉ်။



(၃)ကြိမ်မြောက် အာရှမသန်စွမ်းအားကစားပြိုင်ပွဲတွင်
မျက်မမြင်စစ်တုရင်အားကစားအသင်း ပါဝင်ယှဉ်ပြိုင်နေစဉ်။




(၉)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင်
စားပွဲတင်တင်းနစ်အားကစားအသင်း ပါဝင်ယှဉ်ပြိုင်နေစဉ်။

# ပြန်ကြားရေးဝန်ကြီးဌာန
# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

၁။ ပြန်ကြားရေးဝန်ကြီးဌာနမှ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများအနေဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား တေးသီချင်း (၃၄)ပုဒ်၊ မသန်စွမ်းသူများနှင့်ပတ်သက်သော အစီအစဉ် (၁၃)ခု၊ ဇာတ်လမ်းတို (၆)ခုတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။ တေးသီချင်းများကို တစ်လလျှင်နှစ်ကြိမ်၊ အစီအစဉ်များကို တစ်လလျှင်တစ်ကြိမ် ထုတ်လွှင့်ပေးလျက်ရှိပြီး နှစ်စဉ် ဒီဇင်ဘာလ ၃ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ဖြစ်သည့်အတွက် ၎င်းရက်များမတိုင်မီ တစ်ပတ်အကြို ထုတ်လွှင့်ပေးလျက်ရှိပါသည်။ ထို့ပြင် ည (၈)နာရီ ပြည်တွင်းသတင်းများကိုလည်း လက်သင်္ကေတဖြင့် ၁-၉-၂၀၁၅ ရက်နေ့မှစတင်၍ ထုတ်လွှင့်ပေးခဲ့ပါသည်။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုသော အစီအစဉ်အချို့ကိုလည်း လက်သင်္ကေတဖြင့် ထုတ်လွှင့်ပေးခဲ့ ပါသည်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(ရုပ်မြင်ဌာနခွဲ)မှ ထုတ်လွှင့်ပေးခဲ့မှုအခြေအနေ

၂။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (ရုပ်မြင်ဌာနခွဲ)မှ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာများနှင့်ပတ်သက် ၍ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလကုန်အထိ အောက်ပါတိုင်း ထုတ်လွှင့်ပေးခဲ့ပါသည်-

| စဉ် | အကြောင်းအရာ | သီဆိုသူ | ကြာချိန် | မှတ်ချက် |
|---|---|---|---|---|
| | **တေးသီချင်း** | | ၄:၃၀ | |
| ၁။ | ကိုယ်အင်္ဂါမသန်စွမ်းသူများ အသင်းကြီး | ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင်များ | ၅:၅၃ | |
| ၂။ | အလှဆုံးစိတ်နှလုံးသား | ။ | ၄:၀၈ | |
| ၃။ | နိုင်ငံ့ဂုဏ်ဆောင်အားကစားမောင် | မျိုးသီဟ၊ ထက်ထက်ထွန်း | ၄:၅၃ | |
| ၄။ | တူညီခြင်း | ဇင်မင်းဦးနှင့်အဖွဲ့ | ၄:၀၈ | |
| ၅။ | သံစဉ်ပန်းရဲ့အနုပညာအာဆီယံရဲ့ အားမာန် | ဇင်မင်းဦး၊ စံပယ်ဖြူသိန်း | ၄:၂၂ | |
| ၆။ | မြန်မာ့စိတ်ဓာတ်နဲ့ MPHA | ဇော်မင်းထွန်း၊ စံပယ်ဖြူသိန်း | ၃:၃၂ | |
| ၇။ | မသန်စွမ်းသူတို့ အလှ | ဇင်မင်းဦး | ၃:၄၁ | |
| ၈။ | သံစဉ်ပန်းရဲ့ငြိမ်းချမ်းခြင်းအလှ | ထွေးငယ်၊တိုးတိုးလင်း | ၅:၂၄ | |
| ၉။ | စွမ်းဆောင်မှုသာအဓိက | ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင်များ | ၃း၃၉ | |
| ၁၀။ | အားမာန်ဖွင့်လှစ်နိုင်ငံတော်သစ် | ။ | ၄း၁၁ | |
| ၁၁။ | ကမ္ဘာကျော်အောင်ကြိုးစားကာ ကစား | ။ | ၃း၃၈ | |
| ၁၂။ | ရှိသည့်အတိုင်းစွမ်းဆောင်ပါ | စကျော်နိုင် | ၄း၃၇ | |

| စဉ် | အကြောင်းအရာ | သီဆိုသူ | ကြာချိန် | မှတ်ချက် |
|---|---|---|---|---|
| ၁၃။ | အားမာန်အပြည့်နဲ့ရှေ့ဆက်မယ် | မောင်ဝေါထား | ၄း၃၁ | |
| ၁၄။ | ကိုယ်အင်္ဂါမသန်စွမ်းသူများ အသင်းကြီး | သံစဉ်ပန်းမသန်စွမ်းအနုပညာ လှုပ်ရှားမှု အဖွဲ့ | ၆း၃၆ | |
| ၁၅။ | အလှဆုံးနှလုံးသားများ | ။ | ၇း၃၆ | |
| ၁၆။ | ဘဝတိုက်ပွဲ | ဖြိုးဝေလွင်၊ ခိုင်ဇာလွင် | ၅း၄၇ | |
| ၁၇။ | မသန်လဲလူ၊ သန်လဲလူ | ကောင်းကောင်း၊ အိုင်ရင်းဇင်မာမြင့် | ၅း၁၉ | |
| ၁၈။ | စွမ်းဆောင်မှုသာအဓိက | သံစဉ်ပန်းအဖွဲ့ | ၄း၁၈ | |
| ၁၉။ | လူဟာလူပဲ(၂၀၁၉) | ကြည်သာဟိန်း | ၃း၁၉ | |
| ၂၀။ | ပန်းခရေရဲ့ဒဿနအလှ | Angel ခိုင်ဇာလွင် | ၄း၂၃ | |
| ၂၁။ | မင်္ဂလာရှိသောနေ့သစ်များ | Angel ခိုင်ဇာလွင် | ၅း၂၈ | |
| ၂၂။ | ရဲရင့်မယ် | ထက်ထက်ထွန်းနှင့်အဖွဲ့ | ၄း၃၃ | |
| ၂၃။ | အင်အားသစ်နှလုံးသား | အောင်ဆန်းဦးနှင့်အဖွဲ့ | ၃း၄၇ | |
| ၂၄။ | လောကတေးသံ တို့အားမာန် | ကြည်မြင့်တိုင်မျက်မမြင် ကျောင်းသား ကျောင်းသူများ | ၄း၄၄ | |
| ၂၅။ | လင်းလက်နေသောမနက်ဖြန် | နော်ထီးယွားမူး | ၄း၄၆ | |
| ၂၆။ | စိတ်ဓာတ်ထက်မြက် ဘဝတိုးတက် | မူလတန်းကလေးများ | ၂း၅၈ | |
| ၂၇။ | လူထဲကလူ | မျိုးသီဟနှင့်အဖွဲ့ | ၅း၁၂ | |
| ၂၈။ | အလှဆုံးစိတ်နှလုံးသား | သံစဉ်ပန်းအဖွဲ့ | ၆း၄၃ | |
| ၂၉။ | အားမာန်ဖွင့်လှစ် နိုင်ငံတော်အသစ် | သံစဉ်ပန်းအဖွဲ့ | ၅း၀၂ | |
| ၃၀။ | ကမ္ဘာကျော်အောင်ကြိုးစားကာ ကစား | သံစဉ်ပန်းအဖွဲ့ | ၄း၂၉ | |
| ၃၁။ | အာဆီယံမသန်စွမ်းအားကစား | ဇော်ပိုင် | ၄း၁၈ | |
| ၃၂။ | မသန်သော်လည်းစွမ်းသူများ | Angel ခိုင်ဇာလွင် | ၃း၀၇ | |
| | **အစီအစဉ်** | | | |
| ၃၃။ | မတူညီခြင်းများပေါင်းစည်းထားတဲ့အလှတရား (PD – ဒေါ်ပပဆန်းကျော်) | | ၈း ၄၀ | |
| ၃၄။ | ပုခက်လွှဲရင်းတေးသီနေသည့်အလင်းတိုင်(ပထမပိုင်း) (PD – ဒေါ်ထက်ထက်) | | ၂၈း ၅၂း ၀၀ | |
| ၃၅။ | ပုခက်လွှဲရင်းတေးသီနေသည့်အလင်းတိုင်(ဒုတိယပိုင်း) (PD – ဒေါ်ထက်ထက်) | | ၃၁း ၅၁း ၀၀ | |

| စဉ် | အကြောင်းအရာ | ကြာချိန် | မှတ်ချက် |
|---|---|---|---|
| ၃၆။ | မသန်ပေမယ့်စွမ်းနိုင်သူတစ်ဦးနှင့်သူ၏ ဘဝရည်မှန်းချက် ဖော်ဖြိုးထူး (ခ) တေးရေး-လင်းရောင်စဉ် (PD – သိင်္ဂီအေး) (M Logo ပါ) | ၁၅: ၀၈ | |
| ၃၇။ | မသန်ပေမယ့်စွမ်းတဲ့သူ(ထွဋ်ခေါင်မှူး) (အနောက်ပိုးကရင် ) (၂၀၁၉) (PD – ဒေါ်နှင်းနှင်းဖြူ) | ၁၁: ၂၉ | |
| ၃၈။ | အမှောင်ကမ္ဘာထဲမှလင်းလက်သူများ (PD – ဒေါ်မေလီခစိုး၊ ဒေါ်မျိုးပပလှိုင်) | ၁၄: ၀၂ | |
| ၃၉။ | မသန်ပေမယ့်စွမ်းသူများအားထားရာ -မေတ္တာဂေဟာ (PD – ဒေါ်မေလီခစိုး) | ၁၃: ၅၉ | |
| ၄၀။ | မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းနှင့် မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်း ဆိုင်ရာဆွေးနွေးပွဲ | ၈: ၂၂ | |
| ၄၁။ | မသန်ပေမဲ့စွမ်းသူများအတွက် ထင်ဟပ်ခဲ့သည့် MRTV (PD – ဒေါ်သန်းသန်းစိုး) | ၁၃: ၃၈ | |
| ၄၂။ | အမျိုးသမီးငယ်များနှင့်မသန်စွမ်းသူများအား လူမှုစောင့်ရှောက်ထား (PD– မန္တလေးပို့) | ၈: ၄၈ | |
| ၄၃။ | မသန်သော်လည်းစွမ်းနိုင်စေ (PD–မန္တလေးပို့) | ၁၀: ၃၇ | |
| ၄၄။ | မသန်စွမ်းသူတို့အနာဂတ်အတွက် ပန်းတိုင်(၁၇)ရပ် ပြည့်မီအောင် ဆောင်ရွက် (PD –ဒေါ်ဖြိုးအိအိပိုင်) | ၁၅: ၁၆ | |
| ၄၅။ | မေရီချက်(ပ်)မင်းနားမကြားသောကလေးများကျောင်း (PD–ဒေါ်နီလာဝင်း) | ၁၀: ၂၅ | |
| | **ဇာတ်လမ်း** | | |
| ၄၆။ | "ရောင်စဉ်မဲ့အလင်းတန်းများ" (မင်းဦး၊ ထက်ထက်မိုးဦး) (ဒါရိုက်တာ–အောင်မြင့်မြတ်) | ၁:၀၁:၂၃:၀၀ | |
| ၄၇။ | "ရေဆန်စီးတဲ့မြစ်" (မယ်လိုဒီ၊မေဇင်အောင်) (ဒါရိုက်တာ–မောင်ဇေဒါ) | ၃၀: ၅၆: ၀၀ | |
| ၄၈။ | "မင်္ဂလာရှိသောမင်္ဂလာ" (ရန်ပိုင်စိုး၊ မင်းသုနိုင်၊ မိုးကျော်၊ မငယ်၊ သက်ပိုင်၊ ပန်းချစ်သူ၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်းသားဟောင်းများအဖွဲ့) (ဒါရိုက်တာ–ဦးမျိုးအေး) | ၂၀: ၃၁ | |
| ၄၉။ | "တို့လည်းလိုက်မယ်ချန်မထားနဲ့" | ၇:၁၀ | |
| ၅၀။ | ပြည်သူ့နီတိ "စွမ်း" (Indoor) | ၂၄: ၂၀: ၀၀ | |
| ၅၁။ | လောကနီတိ "အမွေသား" (မင်းမော်ကွန်း၊ ပြေတီဦး၊ စိုးမြတ်နန္ဒာ၊ စန်းစန်းဝင်း) (ဒါရိုက်တာ–ဦးခင်ဇော်) | ၅၃: ၂၅: ၁၇ | |

**အသံလွှင့်ဌာနခွဲ**

၃။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (အသံလွှင့်ဌာနခွဲ)မှ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာများနှင့် ပတ်သက်၍ ( ၉/၂၀၁၇) မှ (၁၂/၂၀၁၈) အထိ အောက်ပါအတိုင်း ထုတ်လွှင့်ခဲ့ပါသည် -

| စဉ် | အကြောင်းအရာ | ဆောင်ရွက်ထားရှိမှု | မှတ်ချက် |
|---|---|---|---|
| ၁။ | - မညှိုးပန်းတို့ရဲ့ဒိုင်ယာရီ<br>- ဘဝတစ်ကွေ့အတွေ့အကြုံ<br>- ထက်မြက်ထူးချွန်<br>- မေတ္တာရေးရာသိမှတ်စရာ<br>- ဘဝကြားက ဘဝများ<br>- ရေဒီယိုဇာတ်လမ်းတွဲ<br>- ကျေးလက်ဇာတ်လမ်း<br>- မြန်မာ့အားကစားကြယ်ပွင့်များ | ၃၆၃ကြိမ်<br>၁ပုဒ်<br>၂ပုဒ်<br>၄ပုဒ်<br>၃ပုဒ်<br>အပိုင်း(၃)ပိုင်း<br>၁ပုဒ်<br>၁၃ပုဒ် | မြန်မာပိုင်း |
| ၂၊ | အင်တာဗျူး | ၇၀ ပုဒ် | မြန်မာပိုင်း |
| ၃။ | သတင်းပုဒ်ရေ | ၂၅၁ ပုဒ် | မြန်မာပိုင်း<br>တိုင်းရင်းသား(၁၇)<br>သာသာ |
| ၄။ | သက်ဝင်လှုပ်ရှားသတင်းစကားအစီအစဉ် (Lively News) | ၁၄ ပုဒ် | မြန်မာပိုင်း |

၄။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (အသံလွှင့်ဌာနခွဲ)မှ မသန်စွမ်းသူများ၏ အခွင့်အရေး ဆိုင်ရာများနှင့် ပတ်သက်၍ ( ၁/၂၀၁၈) မှ (၁၂/၂၀၁၈) အထိ ထုတ်လွှင့်ခဲ့မှုမှတ်တမ်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | အကြောင်းအရာ | မှတ်ချက် |
|---|---|---|
| ၁။ | မညှိုးပန်းတို့ရဲ့ ဒိုင်ယာရီ<br>(အပတ်စဉ် တနင်္လာ၊ တနင်္ဂနွေ၊ ကြာသပတေး) နေ့များတွင်ထုတ်လွှင့်ပါသည်။ | မြန်မာပိုင်း |
| ၂။ | ဘဝတစ်ကွေ့အတွေ့အကြုံ<br>- အမြင်အာရုံချို့တဲ့သူ မစိန်စိန်ဌေးရဲ့ ဘဝအတွေ့အကြုံ | ။ |
| ၃။ | ထက်မြက်ထူးချွန်လူရည်ချွန်<br>- အမြင်အာရုံချို့တဲ့သူ ရဲထက်နိုင်<br>- မသန်ပေမဲ့ စွမ်းတဲ့ ကိုနေလင်းစိုး | ။ |
| ၄။ | မေတ္တာရေးရာသိမှတ်စရာ<br>- မသန်စွမ်းသူ မမေဇင်အောင် မွေးရာပါ လက်နှစ်ဖက်မရှိသူ<br>- ဆရာမ ဒေါ်သန်းနွယ်အောင်(ကိုယ်အင်္ဂါမသန်စွမ်းသူ)<br>- မစုပုံချစ်(ကိုယ်အင်္ဂါမသန်စွမ်းသူ)<br>- အမြင်အာရုံမသန်းစွမ်းသူ မအေးချမ်းအောင် | ။ |
| ၅။ | ရေဒီယိုဇာတ်လမ်းတွဲ<br>- ဘဝမီးအိမ်(အပိုင်း(၃)ပိုင်း)<br>ဘဝမီးအိမ် | ။ |

| စဉ် | အကြောင်းအရာ | မှတ်ချက် |
|---|---|---|
| ၆။ | **ဘဝကြားကဘဝများ**<br>- စလင်းမြို့မှ မသန်စွမ်းသူ ကိုဇော်ကြီး(အပ်ချုပ်ဆိုင်)<br>- မစုပုံချစ်<br>- အကြောပြင်ဆရာမ ဒေါ်အေးမိစံ(အမြင်အာရုံမသန်စွမ်းသူ) | ။ |
| ၇။ | **ကျေးလက်ဇာတ်လမ်း**<br>- မသန်ပေမယ့် စွမ်းပါသည် | ။ |
| ၈။ | **မြန်မာ့အားကစားကြယ်ပွင့်များ**<br>- မသန်စွမ်း လက်ရွေးစင် ရေးကူးကစားသမား အောင်ညိမ်းဦး<br>- မသန်စွမ်း လက်ရွေးစင် စစ်တုရင်ကစားသမား ဥမ္မာထွေး<br>- မသန်စွမ်း လက်ရွေးစင် ဘော်လီဘောကစားသမား ဇော်မိုးအောင်<br>- မသန်စွမ်း လက်ရွေးစင် ပြေးခုန်ပစ်နည်းပြ ဦးမင်းအောင်<br>- အမြင်အာရုံမသန်စွမ်းသူ စစ်တုရင်ကစားသမား ကောင်းစံ<br>- မသန်စွမ်း လက်ရွေးစင် ရေကူးနည်းပြ ဦးမြခိုင်<br>- မသန်စွမ်း လက်ရွေးစင် ရေကူးကစားသမား ကျော်ထူး<br>- မသန်စွမ်း လက်ရွေးစင် ဘတ်စကက်ဘောနည်းပြ ကိုထိန်လင်း<br>- မသန်စွမ်း လက်ရွေးစင် ဝှီးချဲဘတ်စကက်ဘော ကစားသမား မင်းကိုကို<br>- မသန်စွမ်း လက်ရွေးစင် ဝှီးချဲဘတ်စကက်ဘော ကစားသမား စိန်လွင်<br>- မသန်စွမ်း လက်ရွေးစင် ကစားသမား ဝင်းစိန်အောင်<br>- မသန်စွမ်း လက်ရွေးစင် ဘောလုံးသမား သက်နိုင်<br>- အမြင်အာရုံချို့တဲ့ သူစစ်တုရင်ကစားသမား သန်းငွေး | ။ |
| ၉။ | **သက်ဝင်လှုပ်ရှားသတင်းစကားအစီအစဉ်(Lively News Program)**<br>- မသန်စွမ်းသူများ အခမ့္မပြုကျင့်ခံရမှုများနှင့် ပတ်သက်ပြီး မသန်စွမ်းသူများ၏ အရေးကိစ္စများအတွက် လိုက်ပါဆောင်ရွက်နေတဲ့ i.school Myanmar နှင့် ဆက်သွယ်မေးမြန်းချက်။<br>- မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်မှ မသန်စွမ်းသူများ အများနည်းတူ ပညာရေးမှာ အခွင့်အရေး များရရှိရန် အတွက်ဆောင်ရွက်သွားမည်။<br>- လူမှုဝန်ထမ်းဦးစီးဌာနမှ မသန်စွမ်းသူများအတွက် ငွေကြေးရန်ပုံငွေ ထူထောင်ရေး ဆောင်ရွက်သည့်အကြောင်း။<br>- ၂၀၁၉ ခုနှစ်မှစတင်ပြီး ဆရာအတတ်သင် ပညာရေးကောလိပ်များတွင်မသန်စွမ်းသူများကို ဆရာဖြစ်ခွင့်ပေးမည်။<br>- ရန်ကုန်မြို့မှာ မသန်စွမ်းသူတွေအတွက် သက်ကြီးအသက်မွေးဝမ်းကျောင်း သင်တန်းဖွင့်လှစ်။<br>- မကွေးတိုင်းဒေသကြီးမှာ စာသင်ကျောင်းများနဲ့ ဆေးရုံအခန်းများ ဆောက်လုပ်သည့်အခါ မသန်စွမ်းသူများအတွက် လျှောက်လမ်းများ ထည့်သွင်းတည်ဆောက်သွားမည်။<br>- မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်(၂) မြို့နယ်အတွင်း မသန်စွမ်းသူများအတွက် အလုပ်အကိုင်ရရှိရေး ဆောင်ရွက်ပေးလျက်ရှိ။<br>- မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့မှ မသန်စွမ်းသူများအတွက် အချက်(၄)ချက် တောင်းဆို။ | မြန်မာပိုင်း |

| စဉ် | အကြောင်းအရာ | မှတ်ချက် |
|---|---|---|
| | - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှပေးအပ်မည့် မသန်စွမ်း ထူးချွန်အမျိုးသမီးဆု ရွေးချယ်သည့်အကြောင်း။<br>- ရွှေမင်းသားဖောင်ဒေးရှင်းမှ မသန်စွမ်းသူများအတွက် ဝင်ငွေတိုးစေမည့် မှိုစိုက်ပျိုးနည်း သင်တန်းပေး။<br>- ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်အတွင်း မသန်စွမ်းသူများကို ထောက်ပံ့မှုပေးအပ်<br>- မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်မှလာမည့် (၂၀၂၀) ရွေးကောက်ပွဲတွင် မသန်စွမ်းသူများ အားလုံး မဲပေးခွင့်ရရှိရေး ဆောင်ရွက်သွားမည်။<br>- အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အခမ်းအနားကျင်းပ။<br>- လူမှုဝန်ထမ်းဦးစီးဌာနမှ မသန်စွမ်းသူများကို မှတ်ပုံတင်ကောက်ခံမည့် အစီအစဉ်စတင်။<br>- နေပြည်တော် ရေပန်းဥယျာဉ်နှင့် မြို့မဈေးမှာ မသန်စွမ်းသူများ အများနည်းတူ သွားလာနိုင်ရေး ဆောင်ရွက်သွားမည်။ | |
| ၁၀။ | **သတင်းထုတ်လွှင့်ပေးမှု**<br>- မသန်စွမ်းသူများ လက်ရှိရင်ဆိုင်နေရသော အဝမ္မမှုများနှင့်မသန်စွမ်းသူများအား ကူညီပေးနိုင်မည့် အွန်လိုင်းပလက်ဖောင်းအကြောင်း မိတ်ဆက်ခြင်း အခမ်းအနားကျင်းပ။ (အသံပါ)<br>- ရခိုင်ပြည်နယ်အတွင်းရှိမသန်စွမ်းသူများအတွက် ခြေတုပေးအပ်ပွဲ ကျင်းပ။<br>- မသန်စွမ်းသူများဘဝမြှင့်တင်ရေးအဖွဲ့သို့ ဂျပန်နိုင်ငံ Sompo Japan Nipponka Welfare Foundation မှ အမေရိကန်ဒေါ်လာ ၆၀၀၀ ထောက်ပံ့။<br>- အာရှတာဝေးစက်ဘီးပြိုင်ပွဲနှင့် မသန်စွမ်းစက်ဘီးပြိုင်ပွဲတတိယနေ့ ဆက်လက်ကျင်းပ။<br>- အာရှတာဝေးစက်ဘီးပြိုင်ပွဲနှင့် မသန်စွမ်းစက်ဘီးပြိုင်ပွဲဝင် အားကစား သမားများ လမ်းကြောင်း အန္တရာယ်ကင်းစေရန် အသိပေးကြေညာ။<br>- မန္တလေးမြို့၌ မသန်စွမ်းသူများ အားကစားဆိုင်ရာ နည်းပြသင်တန်း အမှတ်စဉ် (၁/၂၀၁၈) ဖွင့်လှစ်မည်။<br>- ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ မိုင်းအန္တရာယ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများနဲ့ မသန်စွမ်းသူများအတွက် ထောက်ပံ့ငွေပေးအပ်။<br>- ဘားအံမြို့တွင် မသန်စွမ်းသူများ ပြုစုစောင့်ရှောက်မှုဆိုင်ရာ သင်တန်းနှင့် ရပ်ရွာအတွင်း မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေ UNCRPD ဆိုင်ရာသင်တန်းဖွင့်လှစ်။<br>- နားမကြားသူများအတွက် သတင်းအချက်အလက်များလက်လှမ်းမီရရှိပိုင်ခွင့် သေချာစေရေး စီမံကိန်းပြန်ကြားရေးဝန်ကြီးဌာနနှင့် အသိပေးဆွေးနွေးပွဲ ကျင်းပ။ (အသံပါ)<br>- မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ နားမကြားသူများအတွက် သတင်းအချက်အလက်များ ရရှိပိုင်ခွင့်ရှိစေရေး စီမံကိန်းအမြင်ဖွင့် ဆွေးနွေးပွဲကျင်းပ။(အသံပါ)<br>- ငြိမ်းချမ်းရေးတွဲလက်များ Wheel Chair ရထားခရီးစဉ်အဖွဲ့ကော့သောင်းမြို့တွင် ငြိမ်းချမ်းရေး လှုံ့ဆော်မှုလုပ်ငန်းများဆောင်ရွက်။<br>- ပုလောမြို့၌ ငြိမ်းချမ်းရေးတွဲလက်များ Wheel Chair ရထားခရီးစဉ်အား ကြိုဆိုနိုင်ရေး ညှိနှိုင်းဆွေးနွေး။<br>- ငြိမ်းချမ်းရေးတွဲလက်များ Wheel Chair ရထား(၁၀)စီးနှင့်အတူ ငြိမ်းချမ်းရေးတေးဂီတ ဖျော်ဖြေရေးအဖွဲ့ မြိတ်မြို့သို့ရောက်ရှိ၊ ငြိမ်းချမ်းရေး တေးဂီတဖျော်ဖြေပွဲ ကျင်းပ။ | မြန်မာပိုင်း |

| စဉ် | အကြောင်းအရာ | မှတ်ချက် |
|---|---|---|
| | - မသန်စွမ်းသူများ၊ မိုင်းဒဏ်ကြောင့် မသန်စွမ်းသူများနှင့် အမျိုးသမီးဦးဆောင်သော မိသားစု များအတွက် ထောက်ပံ့ငွေများပေးအပ်ပွဲကျင်းပ။ (ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး)<br>- သထုံမြို့၌ နယ်လှည့်ခြေတုလက်တု အသေးစားပြင်ဆင်ရေး အဖွဲ့အခမဲ့ လာရောက်ပြုပြင်ပေး။<br>- နားမကြားသူများအတွက် သတင်းအချက်အလက်များ လက်လှမ်းမီ ရရှိပိုင်ခွင့် သေချာစေရေး စီမံကိန်းအတွက် ကဏ္ဍစုံမှပါဝင်ပတ်သက်သူများနှင့် အကြံပြုအလုပ် ရုံဆွေးနွေးပွဲကျင်းပ။<br>- အိန္ဒိယနိုင်ငံရှိခြေတုတပ်ဆင်ရေးအဖွဲ့နှင့်ပူးပေါင်း၍ ပြည်တွင်း၌ ခြေတုများ အခမဲ့ တပ်ဆင် ပေးရန်စီစဉ်။<br>- နားမကြားသူအများအပြား Sign Language အတတ်ပညာ တတ်မြောက်သူ နည်းပါး။<br>- မသန်စွမ်းသူများအတွက် နည်းပညာဖြင့် သတင်းအချက်အလက် ဖြန့်ဝေခြင်းနှင့် အကူအညီတောင်းခံ၊ တိုင်ကြားသည်များအား လက်ခံနိုင်မည့် အွန်လိုင်းပလက်ဖောင်း မိတ်ဆက်မည်။<br>- မသန်စွမ်းသူများအတွက် အွန်လိုင်း ပလက်ဖောင်းမိတ်ဆက်မည်။<br>- ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ၊ မသန်စွမ်းသူများ၏ ငြိမ်းချမ်းရေး တွဲလက်များ Wheel Chair ရထား ကော့သောင်း–ရန်ကုန် ငြိမ်းချမ်းရေး ခရီးစဉ် ဂုဏ်ပြုပွဲတက်ရောက်။<br>- မသန်စွမ်းသူများအတွက် သတင်းအချက်အလက် ရပိုင်ခွင့် အခွင့်အရေး နည်းပါးနေဆဲ။<br>- ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ကယားပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေး၊ ပြန်လည်ထူထောင်ရေးအပါအဝင် မသန်စွမ်းသူများ ထောက်ပံ့ငွေပေးအပ်။<br>- မန္တလေးမြို့၌ မသန်စွမ်းအမျိုးသမီး ခေါင်းဆောင်မှု မြှင့်တင်ရေးသင်တန်း ဖွင့်ပွဲကျင်းပ။ (အသံပါ)<br>- မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ အစည်းအဝေး ကျင်းပ။ (ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးတက်)<br>- ရန်ကုန်မြို့တွင် မသန်စွမ်းသူများအတွက် Information, Communication & Technology Trainning Centre ဖွင့်လှစ် (ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးတက်ရောက်)<br>- မသန်စွမ်းသူများ လူမှုအသိုက်အဝန်းအတွင်း အကျုံးဝင်နိုင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ။<br>- မန္တလေးအရိုးအထူးကုဆေးရုံကြီးတွင် မွေးရာပါ ခြေခွင်ကလေးများ ကုသဌာနတွင် ခြေထောက်ခွင်ရောဂါကို မခွဲစိတ်ဘဲ အခမဲ့ကုသပေးလျက်ရှိ။<br>- ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်း သင်တန်းများ လျှောက်ထားနိုင်။<br>- ဝေါဟာရအသုံးအနှုန်း လက်စွဲလမ်းညွှန်စာအုပ် ပြုစုထုတ်ဝေမည်။<br>- ကိုယ်အင်္ဂါ မသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်း သင်တန်းများ လျှောက်ထားနိုင်။ | မြန်မာပိုင်း<br>။<br>။<br>။<br>။<br>။<br>။<br>။<br>။<br>။<br>။<br>။<br>။<br>။ |

| စဉ် | အကြောင်းအရာ | မှတ်ချက် |
| --- | --- | --- |
| | - ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ မိုင်းကြောင့် ထိခိုက်ဒဏ်ရာရရှိသူများနှင့် မသန်စွမ်းသူများအတွက် ထောက်ပံ့ ငွေပေးအပ်။<br>- ပြည်ထောင်စုဝန်ကြီးဒေါက်တာဝင်းမြတ်အေး၊ ကျိုင်းတုံမြို့ရေပေးဝေရေး စခန်းအား ကြည့်ရှုခြင်းနှင့် တာချီလိတ်ခရိုင်အတွင်းရှိ မသန်စွမ်းများ ထောက်ပံ့ပွဲတက်။<br>- ပင်းတယမြို့အားမသန်စွမ်းသူများ အဆင်ပြေစွာသွားလာနိုင်သည့် မြို့အဖြစ်တည်ထောင်မည်။<br>- ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်းတို့ရှိအမြင်အာရုံချို့တဲ့သူ၊ အကြားအာရုံချို့တဲ့သည့် ကျောင်းသား/ ကျောင်းသူများအား KUBOTA Co.,Ltd မှ ကျောပိုးအိတ်နှင့် စာရေးကိရိယာများလှူဒါန်း။ (ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး)<br>- အာရှမသန်စွမ်းပြိုင်ပွဲ၌ မြန်မာအားကစားအဖွဲ့ ငွေနှင့် ကြေးတံဆိပ်များ ဆွတ်ခူးရရှိ။<br>- ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မသန်စွမ်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ပူးပေါင်းဖော်ဆောင်ရန် ဂျပန်နိုင်ငံတွင်ဆွေးနွေး။<br>- ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ မသန်စွမ်းလူငယ်များနှင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား/ သူများ အားဂုဏ်ပြုပွဲတက်ရောက်။<br>- (၁၅)ကြိမ်မြောက် ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး ဆေးပညာညီလာခံ ဖွင့်ပွဲကျင်းပ။ (ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး)<br>- ငြိမ်းချမ်းရေးတွဲလက်များ မြစ်ရောတွင် ထပ်ဆင့်ပွားငြိမ်းချမ်းရေး ခရီးစဉ် ကျင်းပမည်။<br>- မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အမြင်အာရုံချို့ယွင်းသူများ ပူးပေါင်းပါဝင်နိုင်ရေး ထောက်ပံ့ငွေပေးအပ်။ (ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး)<br>- ငြိမ်းချမ်းရေးတွဲလက်များအဖွဲ့ မနော်ရမ္မံကွင်း၌ ငြိမ်းချမ်းရေး တေးသံသာများဖြင့် ဖျော်ဖြေ။<br>- ဆွံ့အနားမကြားသူများအားအပ်စိုက်ကုသနည်းဖြင့် ကုသပေးနိုင်ရန် စီစဉ်။<br>- ငြိမ်းချမ်းရေးတွဲလက်များ မြစ်ရောမှာ ထပ်ဆင့်ပွားငြိမ်းချမ်းရေး ခရီးစဉ်။ (အသံပါ)<br>- မကွေးမြို့တွင် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အကြိုသီချင်းဆိုပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲကျင်းပ။<br>- မကွေးမြို့တွင် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အကြို သီချင်းဆိုပြိုင်ပွဲ နှင့် ပန်းချီပြိုင်ပွဲကျင်းပ။<br>- ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့အား လက်ခံတွေ့ဆုံ။<br>- ငြိမ်းချမ်းရေးတွဲလက်များ၏ ငြိမ်းချမ်းရေးခရီးစဉ် မြစ်ရောမှာ ထပ်ဆင့်ပွားအစီအစဉ်အဖွဲ့ မကွေးမြို့ ညောင်ကိုးပင် ကမ်းပါးဆိပ်ရောက်ရှိ။<br>- ငြိမ်းချမ်းရေးတွဲလက်များ မြစ်ရောမှာထပ်ဆင့်ပွား ငြိမ်းချမ်းရေးခရီးစဉ် အဖွဲ့များ နတ်မောက်မြို့သို့ ရောက်ရှိ။(အသံပါ)<br>- ငြိမ်းချမ်းရေးတွဲလက်များ မြစ်ရောမှာထပ်ဆင့်ပွား ငြိမ်းချမ်းရေး ခရီးစဉ် အဖွဲ့များ နတ်မောက်မြို့သို့ရောက်ရှိ။(အသံပါ)<br>- ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် ဗဟိုအဆင့် သီချင်းဆိုပြိုင်ပွဲ ကျင်းပ။(အသံပါ)<br>- အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အခမ်းအနား ကျင်းပမည်။ (အသံပါ) | မြန်မာပိုင်း |

| စဉ် | အကြောင်းအရာ | မှတ်ချက် |
|---|---|---|
| | - ငြိမ်းချမ်းရေးတွဲလက်များ၊ မြစ်ရောမှာထပ်ဆင့်ပွား ငြိမ်းချမ်းရေး ခရီးစဉ်အဖွဲ့ မကွေးတိုင်းဒေသကြီး၊ သရက်မြို့သို့ရောက်ရှိ။<br>- ငြိမ်းချမ်းရေးတွဲလက်များ မြစ်ရောတွင် ထပ်ဆင့်ပွားအစီအစဉ်အဖြစ် ငြိမ်းချမ်းရေး သဘောကြီး ပြည်မြို့သို့ ဆိုက်ကပ်ရောက်ရှိ။<br>- ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် ပြည်မြို့တွင်ကျင်းပသည့် ငြိမ်းချမ်းရေး တွဲလက်များ မြစ်ရောမှာထပ်ဆင့်ပွား ငြိမ်းချမ်းရေး ဆိုင်းဘုတ်တင် အခမ်းအနား တက်။(အသံပါ)<br>- ထားဝယ်မြို့တွင် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်း အနား ကျင်းပ။<br>- ငြိမ်းချမ်းရေးတွဲလက်များ မြစ်ရောမှာထပ်ဆင့်ပွား ငြိမ်းချမ်းရေး ခရီးစဉ်။(အသံပါ<br>- မန္တလေးမြို့ပေါ် သုံးမြို့နယ်မှာ မသန်စွမ်းသူများအား ဖိနပ်ချုပ်နည်း အသက်မွေး ပညာရပ်အား အခမဲ့သင်ကြားပေးမည်။<br>- မန္တလေးမြို့၌ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားကျင်းပ။ (အသံပါ)<br>- အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အခမ်းအနားကျင်းပ။ (အသံပါ)<br>- ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား။<br>- အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်တွင် မသန်စွမ်းသူများ လွယ်ကူစွာသွားလာ နိုင်ရေး အခက်အခဲရှိ။<br>- ပညာရေးကောလိပ်များတွင် မသန်စွမ်းသူများ သင်ကြားပေးမည်။<br>- မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ (၂/၂၀၁၈) လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ။ (ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ)<br>- အကြိမ် (၃၀)မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲနှင့် (၁၅) ကြိမ်မြောက် ဉာဏ်ရည်မမီသူများ အားကစားပြိုင်ပွဲကျင်းပ။<br>- ရန်ကုန်မြို့တွင် မသန်စွမ်းသူများဆွေးနွေးပွဲကျင်းပမည်။<br>- ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်း သက်ကြီးသင်တန်းကျောင်းနှင့် ကျိုက်ဝိုင်းလူငယ် သင်တန်းကျောင်း များသို့ သွားရောက်အားပေး။<br>- မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အရေးများနှင့်ပတ်သက်၍ အလုပ်ရှင်နှင့် မသန်စွမ်းသူများကြား ယုံကြည်မှုတည်ဆောက်ရန်လိုအပ်။ (အသံပါ)<br>- ဟိုတယ်နှင့်ခရီးသွားလာမှုများတွင် မသန်စွမ်းသူများ လွယ်ကူစွာအသုံးပြုနိုင်ရေး စစ်တမ်းကောက်ယူမည်။<br>- ရန်ကုန်မြို့သစ် ဖော်ထုတ်ရာတွင် မသန်စွမ်းသူများသွားလာ အသုံးပြုနိုင်ရန် ပါဝင် ရမည့် အကြံပြုချက်အစီရင်ခံစာ ရန်ကုန်တိုင်းဝန်ကြီးချုပ်ထံပေးပို့မည်။<br>- စတုတ္ထအကြိမ်မြောက် မျက်မမြင်အကြောပြင် အနှိပ်စနစ်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ အစည်းအဝေးပွဲကျင်းပ။<br>- မသန်စွမ်းသူများအတွက် ‘မတူကွဲပြားမှုများကို လက်ခံ၍ သဟဇာတဖြစ်သော လူ့အဖွဲ့အစည်းကို တည်ဆောက်ခြင်း’ခေါင်းစဉ်ဖြင့် သင်တန်းဖွင့်လှစ်မည်။<br>- သံတောင်မြို့မှ မသန်စွမ်းသူများရဲ့ ဥပဒေ၊ နည်းဥပဒေဆိုင်ရာ မိတ်ဆက်ဆွေးနွေးပွဲ ကျင်းပ။ (အသံပါ)<br>- နိုင်ငံသားများရသင့်ရထိုက်သည့် အခွင့်အရေးများကို မသန်စွမ်းသူများလည်း | မြန်မာပိုင်း |

| စဉ် | အကြောင်းအရာ | မှတ်ချက် |
|---|---|---|
| | တန်းတူရရှိရန် ဥပဒေနှင့် နည်းဥပဒေများ ကိုလေ့လာရန်လို။<br>- ပြည်ထောင်စုဝန်ကြီးဒေါက်တာဝင်းမြတ်အေး၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူများ မိခင်ဝိုင်းများနှင့် စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများအားထောက်ပံ့။<br>- မျက်မမြင်ဆေးပညာအနှိပ်ခံသင်ရိုးညွှန်းတမ်း(အခြေခံအဆင့်နှင့် အဆင့်မြင့်) ဆွေးနွေးပွဲ (အသံပါ)။<br>- မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အကောင်အထည်ဖော်ရေး ဆပ်ကော်မတီ (၈)ခု၏ ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းအစည်းအဝေးကျင်းပ။ (အသံပါ)<br>- မသန်စွမ်းမှု အဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်းဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲကျင်းပ။ (ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး)<br>- မသန်စွမ်းမှုစစ်တမ်းကောက်ယူရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ။ (အသံပါ)<br>- ကိုယ်အင်္ဂါမသန်စွမ်းသူများ အသက်မွေးဝမ်းကျောင်းသင်တန်းများ လျှောက်ထားနိုင်။<br>- ပြည်ထောင်စုဝန်ကြီးဒေါက်တာဝင်းမြတ်အေး၊ မွန်ပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများ၊ မသန်စွမ်းသူများ၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများနှင့် မိခင်ဝိုင်းများအား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားတက်။<br>- ပြည်ထောင်စုဝန်ကြီးဒေါက်တာဝင်းမြတ်အေး မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာလုပ်ငန်းကော်မတီ တတိယအကြိမ် အစည်းအဝေး (၁/၂၀၁၉)သို့တတ်ရောက်။<br>- ပဲခူးတိုင်းဒေသကြီးတွင် ပထမဦးဆုံးအကြိမ် မသန်စွမ်းသူများအတွက် ကိုယ်တိုင်ဈေးဝယ်ခွင့်၊ ဈေးရောင်းခွင့် စီစဉ်ပေးထားသည့် ဗိုလ်ချုပ်အောင်ဆန်း ဈေးသစ်တည်ဆောက်။ (အသံပါ)<br>- မြန်မာ့ဒီမိုကရေစီအကူးအပြောင်းတွင် မသန်စွမ်းသူများ၏ အခွင့်အရေးနှင့် အကျုံးဝင်မှု။<br>- မွန်ပြည်နယ်တွင် သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးအတွက် Shelter Home များ တည်ဆောက်ရာတွင် မသန်စွမ်းသူများအတွက် အဆင်ပြေစေရန် တည်ဆောက်ပေးမည်။<br>- လားရှိုးမြို့ရှိစာသင်ကျောင်း (၅) ကျောင်းတွင် မသန်စွမ်းကျောင်းသား၊ ကျောင်းသူများ အသုံးပြုနိုင်ရန် အိမ်သာများ တည်ဆောက်ပေးလျက်ရှိ။<br>- ပဲခူးတိုင်းဒေသကြီးတွင် မသန်စွမ်းသူများအတွက် ချေးငွေများထုတ်ချေး ပေးသွားရန် အစီအစဉ်များရေးဆွဲလျက်ရှိ။<br>- မန္တလေးတိုင်းဒေသကြီးအတွင်း မသန်စွမ်းသူများကို စာရင်းကောက်ယူပြီး အလုပ်အကိုင်ရရှိရန် ဆောင်ရွက်ပေးမည်။<br>- ဒုတိယအကြိမ် ကမ္ဘာလုံးဆိုင်ရာ မသန်စွမ်းသူများ ထိပ်သီးညီလာခံကျင်းပ (ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်)<br>- မြန်မာနိုင်ငံကိုယ်လက်အင်္ဂါမသန်စွမ်းသူများအသင်း(မန္တလေး)၏ (၉) နှစ်ပြည့်နှစ်ပတ်လည် အခမ်းအနားကျင်းပ။ (အသံပါ)<br>- လားရှိုးမြို့တွင် အမြင်အာရုံမသန်စွမ်းအဖွဲ့များ အလုပ်ရုံဆွေးနွေးပွဲကျင်းပ။<br>- မြန်မာနိုင်ငံ မျက်မမြင်များအသင်းမှ ကြီးမှူးပြီး မျက်မမြင်များ ညီလာခံကျင်းပ။ (အသံပါ)<br>- မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းဆိုင်ရာ ရှင်းလင်းတင်ပြခြင်း အစည်းအဝေးကျင်းပ။(ပြည်ထောင်စုဝန်ကြီးဒေါက်တာဝင်းမြတ်အေးတက်ရောက်) | မြန်မာပိုင်း |

| စဉ် | အကြောင်းအရာ | မှတ်ချက် |
|---|---|---|
| | - မသန်စွမ်းဥပဒေပါ အခွင့်အရေးများ ရရှိစေရန် ရှေ့ပြေးကနေ ဦးစီးမံချက် ဩဂုတ်လတွင် စတင်ဆောင်ရွက်မည်။ (အသံပါ)<br>- မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲ MRTV တွင် ကျင်းပ။ (အသံပါ)<br>- ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူများ အားလုံးအတွက် ကနဦးထောက်ပံ့ငွေများပေးအပ်။<br>- မသန်စွမ်းမှု အဆင့်သတ်မှတ်ခြင်းနှင့် မှတ်ပုံတင်ခြင်းဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် မသန်စွမ်းသူများအား ထောက်ပံ့ကြေးပေးအပ်။<br>- (၁၆)ကြိမ်မြောက် ကိုယ်လက်အင်္ဂါပြန်လည် သန်စွမ်းရေးဆေးပညာညီလာခံကျင်းပမည်။<br>- ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)မှ ပုသိမ်မြို့တွင် မသန်စွမ်းသူများအား မှိုစိုက်ပျိုး နည်းပညာများ သင်ကြားပေးလျက်ရှိ။(အသံပါ)<br>- ကရင်ပြည်နယ်၊ဖာပွန်မြို့နယ်တွင် မသန်စွမ်းသူများအား ထောက်ပံ့ငွေပေးအပ်ပွဲနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ခြင်းအခမ်းအနားကျင်းပ။ (ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် တက်ရောက်)<br>- လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ မသန်စွမ်းသူများအားထောက်ပံ့ငွေ ပေးအပ်ပွဲကျင်းပ။ (ကရင်ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်)<br>- မသန်စွမ်းသူများ၏အခွင့်အရေးများ အပြည့်အဝရရှိစေရေး ဆောင်ရွက်ပေးနေသည့် အဖွဲ့အစည်းများကို ဂုဏ်ပြုချီးမြှင့်မည်။<br>- မသန်စွမ်းသူများအား ကူညီရန် ရွှေမင်းသားဖောင်ဒေးရှင်း၏တောင်ဒဂုံရုံးခွဲဖွင့်လှစ်။<br>- မင်းလှမြို့နယ်တွင် မသန်စွမ်းသူများအားထောက်ပံ့ငွေပေးအပ်။<br>- အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဗိုးချဲလ်စွမ်းရည်ပြသခြင်း အထိမ်းအမှတ်နေ့ အကြိုဟောပြောပွဲကျင်းပ ။<br>- အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အသိပညာပေးလှုပ်ရှားမှု အခမ်းအနားကျင်းပ။<br>- ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မသန်စွမ်းသူများသီတင်းပတ် (၇)ရက်တာ လှုပ်ရှားမှု လူထုလမ်းလျှောက်ပွဲကျင်းပ။ (ဒုတိယဝန်ကြီး ဦးစိုးအောင် တက်ရောက်)<br>- လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့် မသန်စွမ်းသူများအတွက် လက်ရှိဆောင်ရွက်ပေးနေမှု။ (အသံပါ)<br>- အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် မြန်မာရွှေခြောက်ခု ဆွတ်ခူးရရှိ။<br>- ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အခမ်းအနားကျင်းပ။<br>- လှိုင်ကော်မြို့တွင် ၂၀၁၇ခုနှစ် ကမ္ဘာ့မျက်မမြင် ပပျောက်ရေးနေ့ကျင်းပ။<br>- ပဲခူးမြို့တွင် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှုများ ဆောင်ရွက်။<br>- မြန်မာနိုင်ငံတွင် အထူးဂရုပြု စောင့်ရှောက်ရန်လိုအပ်သော ကလေးများ (ဉာဏ်ရည် မသန်စွမ်း)အား ပြုစုပျိုးထောင်သင်ကြားပေးမည့် ဆရာများအား မွေးထုတ်ပေးမည့် သင်တန်းဆင်းပွဲ အခမ်းအနား။<br>- မော်လမြိုင်မြို့တွင် နိုင်ငံသားမသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရေးနှင့် လုပ်ငန်းခွင်ဝင်ရောက်နိုင်မှု တိုးမြှင့်ရရှိစေရေး အသိပညာပေး တွေ့ဆုံဆွေးနွေးပွဲ။ | မြန်မာပိုင်း |

| စဉ် | အကြောင်းအရာ | မှတ်ချက် |
|---|---|---|
| | - မြန်မာနိုင်ငံတွင် အထူးဂရုပြု စောင့်ရှောက်ရန်လိုအပ်သောကလေးများ (ဉာဏ်ရည်မသန်စွမ်း)အား ပြုစုပျိုးထောင်သင်ကြားသည့် ဆရာများအား မွေးထုတ်ပေးမည့် သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ။<br>- လားရှိုးမြို့တွင် ၂၀၁၇ ခုနှစ် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အခမ်းအနားကျင်းပ။<br>- မသန်စွမ်းကလေးငယ်များအား Wheel Chairs များ ပေးအပ်။<br>- အာဆီယံမသန်စွမ်း ဆီးဂိမ်းပြိုင်ပွဲမှ ဆုတံဆိပ်ရ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများနှင့် နည်းပြများအား ဂုဏ်ပြုဆုချီးမြှင့်။<br>- မသန်စွမ်းကလေးများ တန်းတူအခွင့်အရေးရရှိရန် ဝိုင်းဝန်းကြိုးပမ်းကြရန်လိုအပ်။<br>- မွေးရာပါ နားမကြားကလေးများအား အခမဲ့ခွဲစိတ်ကုသပေးလျက်ရှိ။<br>- ဖလမ်းမြို့တွင် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အဖြစ် စာစီစာကုံး ပြိုင်ပွဲကျင်းပ။<br>- ဖလမ်းမြို့တွင် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားကျင်းပ။<br>- လားရှိုးမြို့တွင် မြန်မာနိုင်ငံ မျက်မမြင်များအသင်း၏ လူထုအသိပညာပေး စင်တင်တေးဂီတ ဖျော်ဖြေပွဲကျင်းပ။<br>- တရုတ်နိုင်ငံတွင် အာရှ-ပစိဖိတ်ဒေသတွင် မသန်စွမ်းသူများအတွက် ဆယ်စုနှစ်ဆောင်ရွက်မှု ကြားကာလ သုံးသပ်ရေးဆိုင်ရာ အစည်းအဝေးကျင်းပ။<br>- လားရှိုးမြို့တွင် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားကျင်းပ။<br>- တောင်ကြီးမြို့တွင် ရပ်ရွာအတွင်း မသန်စွမ်းသူများနှင့် ပတ်သက်သည့်အမြင် သင်တန်းဖွင့်လှစ်။<br>- အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနား ပုသိမ်မြို့တွင် ကျင်းပ။<br>- ပဲခူးမြို့တွင် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားကျင်းပ။<br>- အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အခမ်းအနားကို လှိုင်ကော်မြို့တွင်ကျင်းပ။<br>- ကိုယ်လက်အင်္ဂါ မသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်းသင်တန်း လျှောက်ထားနိုင်။<br>- မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း (လှိုင်ကော်ရုံးခွဲ) ဖွင့်လှစ်။<br>- ဇန်းမော်မြို့၌ မသန်စွမ်းသူများအား အထောက်အကူပြုကိရိယာပေးအပ်ပွဲ အခမ်းအနား ကျင်းပ။<br>- မသန်စွမ်းသူများ အခွင့်အရေးချိုးဖောက်ခံရပါက အွန်လိုင်းမှ တိုင်ကြားနိုင်ရန်စီစဉ်။<br>- ပင်းတယမြို့၌ မြန်မာနိုင်ငံ၏ မသန်စွမ်းသူများ ပထမဆုံးသော Disabled Friendly City ဆွေးနွေးပွဲ အခမ်းအနားကျင်းပ။<br>- မသန်စွမ်းသူများ ခြေထောက်အသုံးမပြုဘဲလက်ဖြင့် အလွယ်တကူ ကားမောင်းနှင်နိုင်သည့် ကိရိယာ SWORD Driving Device ကို ဂျပန်နိုင်ငံမှ တင်သွင်းနိုင်ရန် စီစဉ်။<br>- မသန်စွမ်းသူများ ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ရေး အလုပ်အကိုင်ဖန်တီးပေးမှုသည် အရေးကြီး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များတွင် မသန်စွမ်းသူများ ပါဝင်ခွင့်ပေးပြီး အတူလက်တွဲ ဆောင်ရွက်။<br>- မသန်စွမ်းသူများအတွက် သီးသန့်ရန်ပုံငွေ ထူထောင်နေပြီဖြစ်သောကြောင့် အခွင့်အရေးများ ပိုမိုပေးနိုင်တော့မည်။<br>- ရခိုင်ပြည်နယ်အတွင်းရှိ မသန်စွမ်းသူများအတွက် ဂုဏ်သိက္ခာရှိသော အလုပ်အကိုင်အခွင့်အရေး ပိုမိုတိုးမြှင့်စေရန် အလုပ်ရုံဆွေးနွေးပွဲ စစ်တွေမြို့တွင် ပြုလုပ်။ | မြန်မာပိုင်း |

| စဉ် | အကြောင်းအရာ | မှတ်ချက် |
|---|---|---|
| | - မသန်စွမ်းသူ၊ သက်ကြီးရွယ်အိုများ နေ့စဉ်အခမဲ့ စီးနိုင်မည့် YBS ၇၈ ဘတ်စကား အသစ်များဖြင့် စတင်ပြေးဆွဲ။<br>- မသန်စွမ်းသူများ ပြုစုစောင့်ရှောက်မှုဆိုင်ရာသင်တန်းနှင့် ရပ်ရွာအတွင်း မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ UNCRPD ဆိုင်ရာသင်တန်း။<br>- တက္ကသိုလ်ဝင်စာမေးပွဲတွင် မသန်စွမ်းသူ ကျောင်းသား၊ ကျောင်းသူများ ကိုယ်တိုင် ဖြေဆိုနိုင်ခြင်းမရှိပါက ကိုယ်စားလိုက်ရေးပေးပြီး ဖြေဆိုခွင့်ပြု။<br>- ပဲခူးမြို့တွင် ငြိမ်းချမ်းရေးတွဲလက်များ Wheel Chair ရထားအဖွဲ့မှ ငြိမ်းချမ်းရေး ဖျော်ဖြေပွဲ ကျင်းပပြုလုပ်။<br>- ငြိမ်းချမ်းရေး Wheel Chair အဖွဲ့မော်လမြိုင် သို့ရောက်ရှိ။<br>- ပဲခူးမြို့သို့လာရောက်သော ငြိမ်းချမ်းရေးတွဲလက် Wheel Chair ရထားအဖွဲ့အား ပဲခူးမြို့သူ/ မြို့သားများ ကြိုဆိုဂုဏ်ပြုပွဲကျင်းပ။<br>- ငြိမ်းချမ်းရေးတွဲလက်များ Wheel Chair ရထားခရီးစဉ် ရန်ကုန်မြို့သို့ ပြန်လည်ပန်းဝင်။<br>- ကိုယ်လက်အင်္ဂါမသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ လျှောက်ထားနိုင်။<br>- အမြင်အာရုံချို့တဲ့သည့် အသက်(၅) နှစ်မှ ၃၀ နှစ်အရွယ် လူငယ်များအား အခမဲ့ သက်မွေး ပညာရပ်သင်ကြားရန် မော်လမြိုင်၌ ကျောင်းဆောက်လုပ်။<br>- မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို ဖွဲ့စည်းပေးပြီး ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ပြောကြား။<br>- ဖရူဆိုမြို့နယ်အတွင်း မသန်စွမ်းသူများအား လူမှုဝန်ထမ်းဦးစီးဌာန ပြည်နယ်လူမှုဝန်ထမ်းရုံးမှ ထောက်ပံ့ကြေးပေးအပ်။<br>- မသန်စွမ်းသူများ ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် အမျိုးသမီးအိမ်ထောင်ဦးစီးများ နှင့်တွေ့ဆုံခြင်း အခမ်းအနား ဒီမောဆိုမြို့၌ ကျင်းပ။<br>- လွိုင်ကော်မြို့၌ မိခင်ဝိုင်းများဖွင့်လှစ်မည့်ကိစ္စ တွေ့ဆုံဆွေးနွေးခြင်းနှင့် မသန်စွမ်းသူများ အမျိုးသမီးအိမ်ထောင်ဦးစီးများအား ထောက်ပံ့ငွေပေးအပ်။<br>- မန္တလေးအရိုးအထူးကုဆေးရုံကြီးတွင် မွေးရာပါခြေခွင်ကလေးများအား ဖိနပ်ဝတ် ကုနည်းဖြင့် အခမဲ့ကုသ။<br>- နိုင်ငံသား မသန်စွမ်းသူများ လုပ်ငန်းခွင်ဝင်ရောက်နိုင်မှု တိုးမြှင့်ရရှိရေးနှင့် ဘဝ မြှင့်တင်ရေးအတွက် တွေ့ဆုံဆွေးနွေးပွဲ စစ်တွေမြို့တွင် ပြုလုပ်။<br>- မြန်မာနိုင်ငံ၏ ပထမဆုံးသော မသန်စွမ်းသူများ အဆင်ပြေစွာ သွားလာနိုင်သည့် မြို့အဖြစ် ထူထောင်ရန် အသိပညာပေးဆွေးနွေးပွဲနှင့် သင်တန်းများလာရောက် ပို့ချပေး။<br>- ရခိုင်ပြည်နယ်အတွင်းရှိ မသန်စွမ်းသူများအား ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနား စစ်တွေမြို့တွင်ပြုလုပ်။<br>- ရခိုင်ပြည်နယ် မသန်စွမ်းသူများ အသင်းဖွဲ့စည်းနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲ စစ်တွေမြို့တွင်ပြုလုပ်။<br>- ရခိုင်ပြည်နယ်ရှိ မသန်စွမ်းသူများအား နိုင်ငံရေးနှင့်ရွေးကောက်ပွဲ ဆိုင်ရာဆင့်ပွား ပညာပေးသင်တန်းစစ်တွေ မြို့တွင်ပို့ချ။<br>- ဒီမောဆိုမြို့နယ်တွင် ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်(၂)နှစ် အောက်ကလေး သူငယ် မသန်စွမ်းသူများအား ထောက်ပံ့ငွေပေးအပ်။<br>- မင်းတပ်မြို့တွင် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အခမ်းအနားကျင်းပ။ | တိုင်းရင်းသား |

| စဉ် | အကြောင်းအရာ | မှတ်ချက် |
|---|---|---|
| | - ပဲခူးတွင်မိုင်းဒဏ်ကြောင့်ဒဏ်ရာရသူနှင့် မသန်စွမ်းသူများထောက်ပံ့ရေးလုပ်ငန်း ဆောင်ရွက်သူအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းဝေးကျင်းပ။<br>- မသန်စွမ်း အမျိုးသမီးများအတွက် အလုပ်ခေါ်။<br>- တောင်ကြီးမြို့တွင် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနား ကျင်းပ။<br>- မြစ်ကြီးနားမြို့တွင် ကချင်ပြည်နယ် မသန်စွမ်းသူများအသင်းဖွဲ့စည်းရန် ဒုတိယအကြိမ် အလုပ်ရုံ ဆွေးနွေးပွဲပြုလုပ်။<br>- ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ (၂၀၁၈) ပဲခူးမြို့တွင်ကျင်းပ။<br>- မြစ်ကြီးနားမြို့တွင် နိုင်ငံတကာမျက်မမြင် လမ်းလျှောက်တုတ်နေ့ကျင်းပ။<br>- ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် မသန်စွမ်းသူများ ပါဝင်နိုင်ရေး ဆွေးနွေးပွဲ ကျင်းပပြုလုပ်။<br>- မသန်စွမ်းသူများအထောက်အကူပြုပစ္စည်း ပေးအပ်လှူဒါန်းပွဲကို လွိုင်ကော်မြို့တွင် ကျင်းပ။<br>- လွိုင်ကော်မြို့တွင် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ် စာစီစာကုံး ပြိုင်ပွဲကျင်းပ။<br>- လွိုင်ကော်မြို့တွင် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကယားပြည်နယ်မသန်စွမ်းသူများအသင်းမှ အဆိုပြိုင်ပွဲကျင်းပ။<br>- လွိုင်ကော်မြို့တွင် ကယားပြည်နယ် မသန်စွမ်းသူများအသင်းမှ လုပ်ငန်းညှိနှိုင်း အစည်းအဝေးပြုလုပ်။<br>- လွိုင်ကော်မြို့တွင် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများ နေ့ကျင်းပ။<br>- သံတောင်မြို့နယ် မသန်စွမ်းသူများ၏ ဥပဒေ၊ နည်းဥပဒေဆိုင်ရာ မိတ်ဆက် ဆွေးနွေးပွဲ။<br>- အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကလေးသူငယ်အခွင့်အရေး၊ မသန်စွမ်းသူ အခွင့်အရေးတို့အတွက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ သုံးသပ်ဆွေးနွေးပွဲ။<br>- ဖလမ်းမြို့တွင် မသန်စွမ်းသူများအတွက် ပညာရေးဆိုင်ရာအခွင့်အရေး အသိပညာ ပေးဟောပြောပွဲ အခမ်းအနားကျင်းပ။<br>- မော်လမြိုင်မြို့တွင် ၂၀၁၈ ခုနှစ် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အထိမ်းအမှတ် ဗဟိုအဆင့် အခမ်းအနားကျင်းပ။<br>- မော်လမြိုင်မြို့တွင် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အခမ်းအနား ကျင်းပ။<br>- ဖလမ်းမြို့တွင် မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ။<br>- ဒေင်မသန်စွမ်းသက်ငယ်များရိပ်မြုံမှ မသန်စွမ်းဆိုင်ရာ အသိပညာပေး သင်တန်းကို မင်းတပ်မြို့တွင်ကျင်းပ။<br>- မြစ်ကြီးနားဆေးရုံတွင် ကိုယ်လက်မသန်စွမ်းလူနာများနှင့် အရိုးရောဂါလူနာများအား အခမဲ့ ခွဲစိတ်ကြည့်ရှုကုသပေးမည်။<br>- မင်းတပ်မြို့တွင် မသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲပြုလုပ်။<br>- မြန်မာနိုင်ငံ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေနှင့် နည်းဥပဒေဆိုင်ရာ မိတ်ဆက် ဆွေးနွေးပွဲကို ဘားအံမြို့တွင် ပြုလုပ်။<br>- မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ လုပ်ငန်းကော်မတီ၏ မသန်စွမ်းမှု စစ်တမ်းကောက်ယူရေးဆိုင်ရာ ညှိနှိုင်း။<br>- ကချင်ပြည်နယ်အဆင့် မသန်စွမ်းဥက္ကဋ္ဌရွေးချယ်ရန် ရွေးကောက်ပွဲ ဝင်ပြိုင်မည့် သူများ လျှောက်ထားနိုင်။ | တိုင်းရင်းသား |

| စဉ် | အကြောင်းအရာ | မှတ်ချက် |
|---|---|---|
| | - ကိုယ်လက်အင်္ဂါမသန်စွမ်းသူများ အသက်မွေးဝမ်းကျောင်း သင်တန်းများလျှောက်ထားနိုင်။<br>- ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး နော်ဝေနိုင်ငံသံအမတ်ကြီးနှင့် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ် သီးခြားစီတွေ့ဆုံ။<br>- မသန်စွမ်းမှု အဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်း အစည်းအဝေး ကျင်းပ။<br>- ဖဒိုမြို့ဗိုလ်ချုပ်အောင်ဆန်းဈေးကြီးအား မသန်စွမ်းသူများအတွက် ထည့်သွင်းတည်ဆောက်။<br>- ပဲခူးတိုင်းဒေသကြီး မသန်စွမ်းသူများအသင်း ဖွဲ့စည်းရေးဆိုင်ရာ အခမ်းအနားကျင်းပ။<br>- ဖလမ်းမြို့တွင် ချင်းပြည်နယ်အတွင်းရှိ မသန်စွမ်းသူများနှင့် ကိုယ်ဝန်ဆောင်မိခင်များ ၎င်းတို့မွေးဖွားလာသော အသက်(၂) နှစ်အောက် ကလေးများအတွက် စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများမှ ထောက်ပံ့ငွေပေးအပ်။<br>- ဖလမ်းမြို့တွင် မသန်းစွမ်းဖြစ်ရခြင်း နားလည်သဘောပေါက်မှုသင်တန်းကျင်းပ။<br>- သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေးတားဆီးရန်နှင့် မသန်စွမ်းသူများအတွက်လည်း စီစဉ်ဆောင်ရွက်သွားမည်။<br>- မြန်မာနိုင်ငံ ကိုယ်လက်အင်္ဂါမသန်စွမ်းသူများအသင်း (ကချင်ပြည်နယ်)၏ နှစ်ပတ်လည်နေ့ အခမ်းအနားနှင့် မသန်စွမ်းသုံး အထောက်အကူပြုပစ္စည်းများပေးအပ်။<br>- ကယားပြည်နယ်အတွင်းရှိမသန်စွမ်းသူများအတွက် ခြေတုပေးအပ်ပွဲ အခမ်းအနားကျင်းပ။<br>- လားရှိုးမြို့တွင် မသန်စွမ်းသူများ၏ အခက်အခဲများကို တင်ပြဆွေးနွေးပွဲ အခမ်းအနား ကျင်းပ။<br>- ကယားပြည်နယ်၊ ဒီမော့ဆိုမြို့နယ်အတွင်းရှိ မသန်စွမ်းသူများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်(၂)နှစ်အောက် ကလေးသူငယ်များအားထောက်ပံ့ငွေပေးအပ်။<br>- ကျောင်းပြင်ပရောက် ကလေးသူငယ်များနှင့် မသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်းနှင့် NFE Center ကို အေးသာယာမြို့တွင် ဖွင့်လှစ်။<br>- ရှမ်းပြည်နယ် မသန်စွမ်းသူများအသင်း အလုပ်အမှုဆောင်များကို ရွေးချယ်ဖွဲ့စည်းခြင်းပြုလုပ်။<br>- ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင်အတွင်းရှိ ကျန်းမာသန်စွမ်းစေရန် ကာကွယ်ဆေးများတိုက်ကျွေး။<br>- ပင်းတယမြို့ရှိ ဗုတ်တလုတ်ရေကန် ကန်ပတ်လမ်းတစ်လျှောက် မသန်စွမ်းသူများ အဆင်ပြေစွာ သွားလာနိုင်စေရေး ပလက်ဖောင်းလူသွားလမ်းအား လမ်းသစ်ခင်းကျင်းပ။<br>- မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆပ်ကော်မတီ အစည်းအဝေး နေပြည်တော် တွင်ကျင်းပ။<br>- မင်းတပ်မြို့တွင် မသန်စွမ်းမှုဆိုင်ရာ မိတ်ဆက်ခြင်းပြုလုပ်။<br>- ညောင်လေးပင်မြို့နယ်အတွင်း မသန်စွမ်းသူများအား မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများအား စတင်ဆောင်ရွက်မည်။<br>- ပဲခူးတိုင်းဒေသကြီးအတွင်းရှိမသန်စွမ်းသူများအား ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနား ကျင်းပပြုလုပ်။ | တိုင်းရင်းသား |

| စဉ် | အကြောင်းအရာ | မှတ်ချက် |
|---|---|---|
| | - ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူများအတွက် ကနဦးထောက်ပံ့ငွေများ ပေးအပ်။<br>- မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆပ်ကော်မတီအစည်းအဝေး နေပြည်တော် တွင်ကျင်းပ။<br>- ပဲခူးမြို့တွင် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ။<br>- ၂၀၁၉ ခုနှစ် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနား ပုသိမ်မြို့တွင် ကျင်းပ။<br>- ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်။<br>- ပုသိမ်မြို့၌ ၂၀၁၉ ခုနှစ် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပ။<br>- ကချင်ပြည်နယ်တွင် နိုင်ငံတကာမျက်မမြင်လမ်းလျှောက်တုတ်နေ့ အခမ်းအနား ကျင်းပ။<br>- လားရှိုးမြို့နယ်တွင် ဒုတိယအကြိမ်မြောက် မျက်မမြင်လမ်းလျှောက်ပွဲကျင်းပ။<br>- နိုင်ငံတကာ မျက်မမြင်လမ်းလျှောက်တုတ်နေ့ အထိမ်းအမှတ် ရန်ကုန်မြို့တော်ဝန် ဖလား မျက်မမြင်လမ်းလျှောက်ပွဲကျင်းပ။<br>- မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံကြီး၌ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများကို အခမဲ့ ခွဲစိတ်ကုသပေးမည်။<br>- လွိုင်ကော်မြို့တွင် ၂၀၁၈ ခုနှစ် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ။<br>- ဖလမ်းမြို့တွင် မသန်စွမ်းသူများအားဖွံ့ဖြိုးရေးကဏ္ဍတိုင်းတွင် ထည့်သွင်းစဉ်းစား လာရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ။<br>- ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူ ဒုတိယအကြိမ် မြန်မာနိုင်ငံဉာဏ်ရည် မသန် စွမ်းသူများဆိုင်ရာ ပညာရေးညီလာခံတက်ရောက်။<br>- တောင်ကြီးမြို့တွင် မသန်စွမ်းဆိုင်ရာ ဆွေးနွေးပွဲနှင့် အသိပညာပေးသင်တန်းဖွင့်လှစ်။<br>- ဖရူဆိုမြို့နယ်အတွင်းရှိ မသန်စွမ်းသူများ ထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနား ကျင်းပ။<br>- လွိုင်ကော်မြို့တွင် မသန်စွမ်းသူ ၁၀၂၈ ဦးနှင့် မိခင်ဝိုင်း ၃၀ ဝိုင်းအတွက် ထောက်ပံ့ငွေ ပေးအပ်။<br>- ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မြန်မာနိုင်ငံမသန်စွမ်း အားကစား အဖွဲ့ချုပ်၌ မသန်စွမ်းအားကစားသမားများနှင့် တွေ့ဆုံ။<br>- မင်းတပ်မြို့တွင် မသန်စွမ်းမှုအား ဖွံ့ဖြိုးရေးကဏ္ဍတိုင်းတွင် ထည့်သွင်းစဉ်းစား လာရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ။<br>- ကိုယ်လက်အင်္ဂါမသန်စွမ်းသူများအတွက် အသက်မွေးမှုသင်တန်းများ လျှောက် ထားနိုင်။<br>- ဖလမ်းမြို့တွင် အခြေခံပညာအဆင့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အဖြစ် စာစီစာကုံးပြိုင်ပွဲ ကျင်းပ။<br>- လွိုင်ကော်မြို့၌ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ် စာစီစာကုံး ပြိုင်ပွဲကျင်းပ။<br>- မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီနှစ်ပတ်လည် အစီရင်ခံစာရေးသားရေးအဖွဲ့ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ။ | တိုင်းရင်းသား |

| စဉ် | အကြောင်းအရာ | မှတ်ချက် |
|---|---|---|
| | - ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကယားပြည်နယ်အတွင်းရှိ မသန်စွမ်းသူ ၁၀၂၈ ဦးနှင့် မိခင်ဝိုင်း ၃၀ ဝိုင်းအတွက် ထောက်ပံ့ငွေပေးအပ်ပွဲ။<br>- ပဲခူးမြို့တွင် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကျင်ပ။<br>- အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနား ပုသိမ်မြို့တွင်ကျင်းပ။<br>- ဘားအံမြို့တွင် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပ။<br>- ဖလမ်းမြို့တွင် ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အခမ်းအနား ကျင်းပ။<br>- မင်းတပ်မြို့တွင် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ။<br>- စစ်တွေမြို့တွင် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ။<br>- တောင်ကြီးမြို့တွင် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ။<br>- ဟားခါးတွင် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ။<br>- လားရှိုးမြို့တွင် ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ။<br>- အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ် မသန်စွမ်းသူများ၏ စွမ်းဆောင်ရည်ပြပွဲ ရန်ကုန်မြို့၌ကျင်းပ။<br>- မြစ်ကြီးနားမြို့တွင် ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ။<br>- လွိုင်ကော်မြို့ ပြည်သူ့ဆေးရုံကြီးရှိ အကြောအဆစ်ပြန်လည် သန်စွမ်းရေးအထူးကုဌာနတွင် လူနာများကို ကုသပေးလျက်ရှိ။<br>- ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မသန်စွမ်းသူများ လူ့အခွင့်အရေးမြှင့်တင်ရေး နယူးဇီလန်နိုင်ငံတွင် ဆွေးနွေး။<br>- မန်တုံမြို့တွင် မသန်စွမ်းသူများအရေးဆွေးနွေးပွဲ ကျင်းပ။<br>- လားရှိုးခရိုင် သိန္နီမြို့တွင် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် ကျင်းပ။<br>- အမြင်အာရုံမသန်စွမ်းသူများ ဖုန်းကိုအသုံးပြုနိုင်မည့် မြန်မာ့ပထမဆုံးသော မျက်မမြင် သတင်းစာတီထွင်။<br>- လွိုင်ကော်မြို့တွင် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပ။<br>- မသန်စွမ်းသူများ လူမှုစီးပွားရေးအဆင်ပြေစေရန် ဝဥမှ စားသောက်ကုန် ပြုလုပ်နည်းသင်တန်းပို့ချ။ | တိုင်းရင်းသား |

## ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

၅။ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ ခရိုင်၊ မြို့နယ်၊ မြို့ရုံးများတွင် လူထုအခြေပြုဗဟိုဌာန(Community Centre)များတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးမှုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ကျင်းပသည့် နေရာ | ကျင်းပသည့် နေ့ရက် | ဆောင်ရွက်သည့် အကြောင်းအရာ | ပူးပေါင်း ဆောင်ရွက်သည့် အဖွဲ့အစည်း | တတ်ရောက် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | မန္တလေး ခရိုင်ရုံး | ၂၁-၁-၂၀၁၉ မှ ၂၄-၁-၂၀၁၉ ထိ | မသန်စွမ်းသူများအသိပညာပေး သင်တန်း | ISchool Myanmar | ၃၀ | |
| ၂ | မန္တလေး ခရိုင်ရုံး | ၁၀-၃-၂၀၁၉ | "မသန်စွမ်းသူများ၏အခွင့်အရေး လက်လှမ်းမီမှုရရှိရေး မသန်စွမ်းသူများကိုယ်တိုင်ပါဝင်ပေး" စီမံချက် မြို့နယ်အဆင့် ဆွေးနွေးပွဲ | ရွှေမင်းသား ဖောင်ဒေးရှင်း | ၄၀ | |
| ၃ | ချမ်းမြသာစည် မြို့နယ်ရုံး | ၂၂-၅-၂၀၁၉ | မသန်စွမ်းသူများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက်မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ အစည်းအဝေး | ရွှေမင်းသား ဖောင်ဒေးရှင်း | ၅၀ | |
| ၄ | မဟာနယ်မြေ မြို့နယ်ရုံး | ၅-၆-၂၀၁၉ | "မသန်စွမ်းသူများ၏ အခွင့်အရေး လက်လှမ်းမီမှုရရှိရေး မသန်စွမ်းသူများကိုယ်တိုင်ပါဝင်ပေး" ဆွေးနွေးပွဲ | ရွှေမင်းသား ဖောင်ဒေးရှင်း | ၂၀ | |
| ၅ | မကွေး ခရိုင်ရုံး | ၅-၁၁-၂၀၁၉ | အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲ၊ စစ်တုရင်ပြိုင်ပွဲ၊ အဆိုပြိုင်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ညှိနှိုင်း အစည်းအဝေး | လူမှုဝန်ထမ်း ဦးစီးဌာန | ၁၀ | |
| ၆ | မကွေး ခရိုင်ရုံး | ၁၆-၁၁-၂၀၁၉ | မသန်စွမ်းအဖွဲ့ အဆိုပြိုင်ပွဲ | လူမှုဝန်ထမ်း ဦးစီးဌာန | ၃၀ | |
| ၇ | မကွေး ခရိုင်ရုံး | ၁၆-၁၁-၂၀၁၉ | မသန်စွမ်းအဖွဲ့ ပန်းချီပြိုင်ပွဲ | လူမှုဝန်ထမ်း ဦးစီးဌာန | ၂၅ | |
| ၈ | မကွေး ခရိုင်ရုံး | ၁၇-၁၁-၂၀၁၉ | မသန်စွမ်းအဖွဲ့ စစ်တုရင်ပြိုင်ပွဲ | လူမှုဝန်ထမ်း ဦးစီးဌာန | ၂၅ | |
| ၉ | တောင်ငူ ခရိုင်ရုံး | ၂-၁၂-၂၀၁၉ | မသန်စွမ်းသူများအား အဓိကဦးစားပေး၍ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းမှ ရပ်ရွာ အခြေပြုပိုက်ဆံအိတ် သင်တန်း | လူမှုဝန်ထမ်း ဦးစီးဌာန | ၂၀ | |
| ၁၀ | မြစ်ကြီးနား ခရိုင်ရုံး | ၁၂-၁၂-၂၀၁၉ မှ ၁၄-၁၂-၂၀၁၉ ထိ | မသန်စွမ်းသူများအကြောင်း အသိပညာပေးသင်တန်း | ရွှေမင်းသား ဖောင်ဒေးရှင်း | ၁၇၅ | |

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခရိုင်နှင့် မြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာန (Community Centre) များတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့် စပ်လျဉ်း၍ ဆောင်ရွက်မှုမှတ်တမ်းများ



မန္တလေးခရိုင်ရုံး(Community Centre) တွင် မသန်စွမ်းသူများ အသိပညာပေးသင်တန်း ဆောင်ရွက်စဉ်။



မဟာအောင်မြေမြို့နယ်ရုံး (Community Centre) တွင် "မသန်စွမ်းသူများ၏ အခွင့်အရေး လက်လှမ်းမီမှုရရှိရေး မသန်စွမ်းသူကိုယ်တိုင် ပါဝင်ပေး" ဆွေးနွေးပွဲ ဆောင်ရွက်စဉ်။



မကွေးခရိုင်ရုံး(Community Centre) တွင် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲ၊ စစ်တုရင်ပြိုင်ပွဲ၊ အဆိုပြိုင်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ညှိနှိုင်းအစည်းအဝေးဆောင်ရွက်စဉ်။



မကွေးခရိုင်ရုံး(Community Centre) တွင် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အဆိုပြိုင်ပွဲ ဆောင်ရွက်စဉ်။



တောင်ငူခရိုင်ရုံး(Community Centre) တွင် မသန်စွမ်းသူများအား အဓိကဦးစားပေး၍ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းမှ ရပ်ရွာအခြေပြု ပိုက်ဆံအိတ် သင်တန်းဆောင်ရွက်စဉ်။



မြစ်ကြီးနားခရိုင်ရုံး (Community Centre) တွင် မသန်စွမ်းသူများအကြောင်း အသိပညာပေးသင်တန်း ဆောင်ရွက်စဉ်။

## သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

၆။ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုနှင့်ပတ်သက်၍ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတွင် ကဗျာ၊ သတင်း၊ ခတ်ပုံ၊ ဆောင်းပါး၊ အင်တာဗျူးများ ထည့်သွင်းဖော်ပြပေးခဲ့ပါသည်။

# သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန
# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

၁။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့ရာတွင် ရန်ကုန်မြို့နှင့်မန္တလေးမြို့များတွင် ဖွင့်လှစ်ထားသော အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များနှင့် အနုပညာအထက်တန်းကျောင်းများတို့တွင် မသန်စွမ်း ကျောင်းသား/သူများကို လက်ခံ၍ အနုပညာဘာသာရပ်များကို သင်ကြားပေးလျက်ရှိပါသည်။

၂။ ဝှီးလ်ချဲလ် အသုံးပြုသူ မသဇင်သီရိခေတ်သည် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်) ၏ ၂၀၁၉ –၂၀၂၀ ပညာသင်နှစ်တွင် ဒုတိယနှစ် (ဂီတ)ဘာသာရပ်ကို တက်ရောက်သင်ကြားလျက်ရှိပြီး ကိုယ်အင်္ဂါမသန်စွမ်းသူ မောင်စောပီဦးသည် အနုပညာအထက်တန်းကျောင်း(ရန်ကုန်)၏ ၂၀၁၉–၂၀၂၀ ပညာ သင်နှစ်တွင် ပထမနှစ်(ပန်းချီ)ဘာသာရပ်ကို တက်ရောက်သင်ကြားလျက်ရှိပါသည်။




အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)တွင်
မသဇင်သီရိခေတ် တက်ရောက်ပညာသင်ကြားစဉ်။




အနုပညာအထက်တန်းကျောင်း(ရန်ကုန်)၊ ပထမနှစ်(ပန်းချီ)သင်တန်းတွင်
မောင်စောပီဦးပညာသင်ကြားစဉ်။

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာနှင့်ပတ်သက်၍ ဆောင်ရွက်ပေးခဲ့ရာတွင် ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ် မသန်စွမ်း သမဝါယမ အသင်းသားများအပေါ် ချေးငွေပံ့ပိုးပေးထားမှုအခြေအနေများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

| စဉ် | မြို့နယ် | အသင်းအမည် | အသင်းအမျိုးအစား | အသင်းမှတ်ပုံတင်အမှတ် | ရက်စွဲ | အသင်းသားဦးရေ | ပံ့ပိုးချေးငွေ |
|---|---|---|---|---|---|---|---|
| ၁ | ကျောက်ကြီး | လမ်းပြကြယ် (၁) | မသန်စွမ်းမွေးမြူရေးနှင့်အထွေထွေလုပ်ငန်း သမဝါယမအသင်း | ဃ-၃၇/မထ/ ကျောက်ကြီး | ၃၁.၁.၂၀၁၉ | | ၁၈၆.၂၃၀ |
| | | လမ်းပြကြယ် (၂) | မသန်စွမ်းမွေးမြူရေးနှင့်အထွေထွေလုပ်ငန်း သမဝါယမအသင်း | ဃ-၃၈/မထ/ ကျောက်ကြီး | ၃၁.၁.၂၀၁၉ | ၁၂၁ | ၂၇၉.၃၃၀ |
| | | ဘဝသစ် အားမာန် | မသန်စွမ်းမွေးမြူရေးနှင့်အထွေထွေလုပ်ငန်း သမဝါယမအသင်း | ဃ-၃၆/မထ/ ကျောက်ကြီး | ၁၅.၆.၂၀၁၉ | ၁၀၂ | ၂၀၂.၄၈၀ |
| | | တွဲလက် ညီညာ | မသန်စွမ်းမွေးမြူရေးနှင့်အထွေထွေလုပ်ငန်း သမဝါယမအသင်း | ဃ-၃၃၅/မထ/ ကျောက်ကြီး | ၁၅.၆.၂၀၁၉ | ၁၁၅ | ၁၁၇.၀၀၀ |
| | | မီးအိမ်ရှင် | မသန်စွမ်းမွေးမြူရေးနှင့်အထွေထွေလုပ်ငန်း သမဝါယမအသင်း | ဃ-၄၀/မထ/ ကျောက်ကြီး | ၃၁.၁.၂၀၁၉ | ၁၁၆ | ၂၁၈.၄၅၀ |
| | | ရွှေရောင် အနာဂတ် | မသန်စွမ်းမွေးမြူရေးနှင့်အထွေထွေလုပ်ငန်း သမဝါယမအသင်း | ဃ-၃၉/မထ/ ကျောက်ကြီး | ၃၁.၁.၂၀၁၉ | ၁၂၇ | ၁၉၆.၃၈၀ |
| စုစုပေါင်း | | ၆ သင်း | | | | ၆၈၂ | ၁၁၉၉.၈၇၀ |

| စဉ် | အသင်း အမည် | အသင်းသားဦးရေ | | | မိုင်းထိသည့် အသင်းသားဦးရေ | | | သင်တန်းတက်ရောက်သည့် အသင်းသားဦးရေ | | | သင်တန်း | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | အမျိုးအစား | ကာလ |
| ၁ | လမ်းပြကြယ် (၁) | ၈၃ | ၁၈ | ၁၀၁ | ၄၉ | ၁၃ | ၆၂ | ၂ | ၆ | ၈ | ဝါးခမောက် | ၁၈.၉.၂၀၁၉ မှ ၂၅.၉.၂၀၁၉ ထိ |
| | လမ်းပြကြယ် (၂) | ၉၈ | ၂၃ | ၁၂၁ | ၅၂ | ၁၈ | ၅၂ | ၅ | ၄ | ၉ | ဖန်တီး | |
| | ဘဝသစ် အားမာန် | ၇၈ | ၂၄ | ၁၀၂ | ၃၄ | ၁၈ | ၅၂ | ၅ | ၄ | ၉ | | |
| | တွဲလက် ညီညာ | ၉၄ | ၂၁ | ၁၁၅ | ၆၈ | ၁၄ | ၈၂ | ၅ | ၃ | ၈ | ထုတ်လုပ်မှု | |
| | မီးအိမ်ရှင် | ၉၂ | ၂၄ | ၁၁၆ | ၂၉ | ၂၀ | ၄၉ | ၄ | ၄ | ၈ | | |
| | ရွှေရောင် အနာဂတ် | ၁၁၁ | ၁၆ | ၁၂၇ | ၆၂ | ၉ | ၇၁ | ၃ | ၅ | ၈ | | |
| စုစုပေါင်း | | ၅၅၆ | ၁၂၆ | ၆၈၂ | ၂၉၄ | ၉၂ | ၃၈၆ | ၂၃ | ၂၇ | ၅၀ | | |

**မှတ်ချက်။** ။ မသန်စွမ်းအသင်းသားများအား EXIM Bank ချေးငွေ(၃)ကြိမ်ထုတ်ချေးထားပြီး၊ တိုးမြှင့်ချေးငွေ (၁)ကြိမ်အပါအဝင် စုစုပေါင်းချေးငွေ (၁၁၉၉.၈၇)ကျပ်သိန်း ထုတ်ချေးပေးထားပြီး အတိုးနှုန်းမှာ တစ်လ(၁.၅%) ဖြစ်ပါသည်။ အသင်းသားများ၏ လူမှုစီးပွားဘဝအတွက် ဝါးခမောက်သင်တန်းကို တတ်မြောက်သည်အထိပို့ချခဲ့ပြီး ဝါးခမောက်ထုတ်လုပ်မှု လုပ်ငန်းကို ကုန်ကြမ်းပေး၊ ကုန်ချောယူ(လက်ခစား) စနစ်ဖြင့် မြို့နယ်စုရွှေအင်းသူဝါးခမောက်လုပ်ငန်းခွဲက အသင်းသားများသို့ ဆောင်ရွက်ပေးလျက်ရှိပါသည်။ အရင်းမပျောက်မတည်ငွေ (RF) ကျပ်(၁၀)သိန်း မတည်ပေးထားပါသည်။

# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

၁။ မြန်မာအမျိုးသားလေကြောင်းမှ မသန်စွမ်းများ၊ သက်ကြီးရွယ်အိုများနှင့် မမာမကျန်းလူနာများအား Wheel Chair Services ဝန်ဆောင်မှုကို အခမဲ့ဆောင်ရွက်ပေးပြီး Wheel Chair Services အတွက် အဖော်လိုက်ပါသူ (၁) ဦးအား လက်မှတ်ခ(၅၀%) လျှော့ပေါ့ပေးကြောင်းနှင့် လေယာဉ်မြေပြင် ဝန်ဆောင်မှုလုပ်ငန်းဌာနရှိ Passenger Handling ဌာနစိတ်မှ ဝန်ထမ်းများအား မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်မှ "မသန်စွမ်းမှုဆိုင်ရာ အသိပညာမျှဝေခြင်း" သင်တန်းအား(၂၇-၈-၂၀၁၈) ရက်နေ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် မြန်မာအမျိုးသားလေကြောင်း၊လေယာဉ်မြေပြင်ဝန်ဆောင်မှုလုပ်ငန်းဌာန သင်တန်းခန်းမတွင် ဖွင့်လှစ်ပို့ချပေးခဲ့ပါသည်။

၂။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလအထိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနခွဲများရှိ ကူးတို့လမ်းများ၊ ခရီးလမ်းများဖြင့် လိုက်ပါစီးနင်းကြသည့် ကိုယ်လက်အင်္ဂါ မသန်စွမ်းသူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် မသန်စွမ်းမှု အမျိုးအစားအလိုက် အလွယ်တကူသွား လာရန်လိုအပ်သည့် အထောက်အကူကိရိယာများ အသုံးပြု၍ ကူညီဆောင်ရွက်ပေးခဲ့ပါသည်။

၃။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ အစည်းအဝေး (၁/၂၀၁၉) တွင် ဆွေးနွေးဆုံးဖြတ်ချက်များအနက်မှ ဆုံးဖြတ်ချက်အပိုဒ်(ခ)ပါ "အထောက်အကူပြုပစ္စည်းကိရိယာအသုံးပြုရသည့် မသန်စွမ်းသူများအနေဖြင့် ၎င်းတို့အသုံးပြုသည့် အားပြုကိရိယာများအတွက် အပိုဝန်ဆောင်ခပေးရန်မလိုဘဲ အသုံးပြုခွင့်ရရှိရေး လိုအပ်သလို ဖြေလျှော့စီစဉ်ဆောင်ရွက်နိုင်ရန်" ကိစ္စကို မြန်မာ့မီးရထားနှင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတို့အနေဖြင့် မသန်စွမ်းသူများအသုံးပြုသည့် အားပြုကိရိယာများအတွက် အပိုဝန်ဆောင်ခ ကောက်ခံခြင်းမပြုရန် မော်တော်ယာဉ်အသင်းများနှင့် မြန်မာ့မီးရထားလက်အောက်ရှိ တိုင်းအားလုံးသို့ ညွှန်ကြားထားပြီးဖြစ်ပါသည်။ မြန်မာ့စာတိုက်လုပ်ငန်းအနေဖြင့် မသန်စွမ်းသူများဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရန်အတွက် မျက်မမြင်စာပေများပေးပို့ခြင်းကို ပြည်တွင်း(၂) ကီလိုဂရမ်နှင့် ပြည်ပ (၇) ကီလိုဂရမ်အထိ စာပို့ခအခမဲ့အဖြစ် ဝန်ဆောင်မှုပေးထားပါသည်။



ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ

# အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

## အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်သမားရေးရာ အမြဲတမ်းအတွင်းဝန်သည် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီနှင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီတို့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

၂။ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အလုပ်အကိုင်ရေးရာဆပ်ကော်မတီတွင် ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးသည် အတွင်းရေးမှူးအဖြစ်လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

၃။ ၂၈-၂-၂၀၁၉ ရက်နေ့တွင်ကျင်းပပြုလုပ်ခဲ့သည့် မသန်စွမ်းသူများ အဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းအတွက် မှတ်ပုံတင်ရန်စစ်ဆေးခြင်းတွင် အသုံးပြုမည့်ပုံစံများနှင့် စံနှုန်းများပြင်ဆင်ခြင်းတွင် ပါဝင်၍ ဆွေးနွေးအကြံပြု ပြင်ဆင်ခဲ့ပါသည်။

၄။ မသန်စွမ်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုပွင့်လန်းရေးအတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ (Mili) တို့ ပူးပေါင်း၍ ၂၁-၁-၂၀၁၉ ရက်နေ့တွင် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ပါသည်။

၅။ မသန်စွမ်းသူများ၏ အလုပ်အကိုင်အခွင့်အလမ်းအတွက် အလုပ်လုပ်လိုသည့် မသန်စွမ်းသူများအား အလုပ်ရှင်များ လိုအပ်သော အရည်အချင်းသတ်မှတ်ချက်နှင့်အညီ အလုပ်ခန့်ထားနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးရန် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ မြို့နယ်အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများအား ၂၀၁၉ ခုနှစ်၊ မတ်လအတွင်း ညွှန်ကြားဆောင်ရွက်ခဲ့ပါသည်။

၆။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အလုပ်အကိုင်ရေးရာဆပ်ကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကို ဆပ်ကော်မတီဥက္ကဋ္ဌ၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးဆောင်၍ ၆-၈-၂၀၁၉ ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရုံးအမှတ် ၂၃ တွင် ကျင်းပခဲ့ပြီး မသန်စွမ်းသူများအတွက် ပုဂ္ဂလိက အသက်မွေးမှုအထူးသင်တန်းကျောင်းများ၊ သက်မွေးသင်တန်းကျောင်းများ ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ရန်၊ မသန်စွမ်းသူများအား သင့်လျော်သည့် အလုပ်ခန့်ထားနိုင်ရေး တိုင်းဒေသကြီး၊ ပြည်နယ်အလိုက်ဖြစ်စေ၊ စက်မှုဇုန်များတွင်ဖြစ်စေ၊ သက်ဆိုင်ရာဦးစီးဌာနက မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေနှင့် နည်းဥပဒေပါအချက်များကို မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ အလုပ်ရှင်များအား အသိပညာပေး ဆွေးနွေးပွဲများကျင်းပရန်အပါအဝင် ဆုံးဖြတ်ချက် ၁၁ ချက်ကို ဆွေးနွေးဆုံးဖြတ်ခဲ့ပါသည်။

၇။ မသန်စွမ်းသူများ၏ အလုပ်အကိုင်နှင့်ပတ်သက်၍ မသန်စွမ်းအလုပ်ရှာဖွေသူများအား အလုပ်သမားမှတ်ပုံတင်ပေးမှု၊ အလုပ်ရှင်များထံမှပေးပို့သော မသန်စွမ်းသူများအား ခန့်ထားနိုင်သည့် အမှာစာလက်ခံဆောင်ရွက်မှု၊ အမှာစာအရ အလုပ်ရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးမှု၊ မသန်စွမ်းသူများ အလုပ်အကိုင်ရရှိမှုအခြေအနေများအား လစဉ်အစီရင်ခံတင်ပြရန် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးများသို့ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ညွှန်ကြားထားပြီးဖြစ်ပါသည်။

၈။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ သဘာဝဘေးနှင့်အခြားအရေးပေါ်အခြေအနေဆိုင်ရာ ဆပ်ကော်မတီဖွဲ့စည်းရာတွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကိုယ်စားလှယ်သည် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ မှစ၍ အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်လျက်ပါသည်။

# အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ  ဆောင်ရွက်ပေးခဲ့မှုများ



မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အလုပ်အကိုင်ရေးရာဆပ်ကော်မတီ၏ ပထမအကြိမ်အစည်းအဝေးကျင်းပစဉ်။



မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အလုပ်အကိုင်ရေးရာဆပ်ကော်မတီဥက္ကဋ္ဌ၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်မှ အဖွင့်အမှာစကား ပြောကြားစဉ်။



မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အလုပ်အကိုင်ရေးရာဆပ်ကော်မတီဥက္ကဋ္ဌ၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်မှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးစဉ်။



လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေး ညွှန်ကြားရေးမှူးချုပ်မှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးစဉ်။

## လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန

၈။ မြန်မာနိုင်ငံတွင် ၁၉၈၃ ခုနှစ်၌ ကောက်ယူခဲ့သည့် သန်းခေါင်စာရင်းပြီးသည့်နောက်ပိုင်း နှစ်ပေါင်း (၃၀) ကျော်ကြာ သန်းခေါင်စာရင်း ကောက်ယူနိုင်ခဲ့ခြင်းမရှိခဲ့ဘဲ ၂၀၁၄ ခုနှစ်တွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်းစာရင်းကို UNFPA ၏ ငွေကြေးအကူအညီ၊ နည်းပညာအကူအညီတို့ဖြင့် အောင်မြင်စွာ ကောက်ယူနိုင်ခဲ့ပြီး သန်းခေါင်းစာရင်းရလဒ်များကို အချိန်နှင့်တစ်ပြေးညီ အဆင့်ဆင့်ထုတ်ပြန်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်းစာရင်းမေးခွန်းလွှာတွင် မသန်စွမ်းမှုနှင့် ပတ်သက်၍ အမြင်၊ အကြား၊ လမ်းလျှောက်/ အမြင့်တက်/ ပစ္စည်းကိုင်တွယ်နိုင်မှု၊ သင်ယူလေ့လာခြင်းနှင့် မှတ်ဉာဏ်ဟူ၍ (၄)မျိုး ခွဲခြားမေးမြန်းခဲ့ပြီး ရလဒ်များကို ထုတ်ပြန်ပေးခဲ့ပါသည်။

၉။ ၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်းအချက်အလက်များကို အခြေခံပြီး ပြည်ထောင်စုအဆင့် အစီရင်ခံစာများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစီရင်ခံစာများအပါအဝင်မြို့နယ်အဆင့်ထိ အစီရင်ခံစာပေါင်း (၄၀၀) ကျော်ကို မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် ထုတ်ဝေပေးနိုင်ခဲ့ပြီး မသန်စွမ်းအမျိုးအစားအလိုက် ရာခိုင်နှုန်းများကို မသန်စွမ်းမှု အမျိုးအစားအလိုက်၊အသက်အုပ်စုအလိုက်၊မြို့ပြ/ကျေးလက်အလိုက်၊မြို့နယ်အလိုက်ထုတ်ပြန်ပေးနိုင်ခဲ့ပါသည်။ ဘာသာရပ်အလိုက် သုတေသနစာတမ်း (၁၃) စောင်ကို ထုတ်ပြန်နိုင်ခဲ့ရာတွင် မသန်စွမ်းမှု သုတေသန စာတမ်း သည်လည်း တစ်ခုအပါအဝင် ဖြစ်ပါသည်။

၁၀။ လက်ရှိတွင် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလမှစ၍ အဆင့် (၄) ဆင့်ခွဲ၍ ကောက်ယူလျက် ရှိပါသည်။ ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်း မေးခွန်းတွင် အောက်ဖော်ပြပါ အတိုင်း အပိုင်း(၁၂) ပိုင်း ပါဝင်ပါသည်-

- လူဦးရေဆိုင်ရာအချက်အလက်များ၊
- ပြည်တွင်းရွှေ့ပြောင်းသွားလာခြင်း၊
- ပညာရေးအကြောင်းအရာ၊
- လုပ်သားအင်အား၊
- ကလေးမွေးဖွားမှု၊
- မသန်စွမ်းမှု၊
- သက်ကြီးရွယ်အို၊
- ပါဝင်လှုပ်ရှားမှု၊ အထောက်အပံ့ရရှိမှုနှင့် ဘဝပျော်ရွှင်မှု၊
- ပြည်ပရွှေ့ပြောင်းသွားလာခြင်း၊
- အိမ်အကြောင်းအရာ၊
- ရေ၊ ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး
- သေဆုံးမှုနှင့် ကိုယ်ဝန်ဆောင်မိခင်သေဆုံးမှု

၁၁။ ကြားဖြတ်သန်းခေါင်စာရင်း မေးခွန်းပါ မသန်စွမ်းမှုအကြောင်းအရာတွင် အမြင်၊ အကြား၊ လမ်းလျှောက်/ လှေကားတက်၊ မှတ်ဉာဏ်/ သင်ယူလေ့လာခြင်း၊ မိမိကိုယ်ကိုယ်စောင့်ရှောက်နိုင်မှု၊ အခြားသူများနှင့် ဆက်သွယ် နိုင်မှုဟူ၍ (၆) မျိုးခွဲ၍ မေးမြန်းထားပါသည်။ အဆိုပါမေးခွန်းသည် သန်းခေါင်စာရင်းကောက်ယူရာတွင် လမ်းညွှန်အဖြစ် အသုံးပြုရန် ကုလသမဂ္ဂမှ ထုတ်ဝေထားသည့် Principles and Recommendations for

Population and Housing Censuses, Revision 3 ကို ကိုးကားထားခြင်းဖြစ်ပါသည်။ ကြားဖြတ်သန်းခေါင်စာရင်း ကောက်ယူရာမှာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နမူနာစာရင်းကောက်ကွက်ပေါင်း (၄,၀၀၀) ကျော် ကောက်ယူမည်ဖြစ်ပြီး ခရိုင်အဆင့် ကိုယ်စားပြုသည့် အညွှန်းကိန်းများရရှိရန် မျှော်မှန်းပါသည်။

၁၂။ ယခုလက်ရှိအချိန်တွင် ကချင်ပြည်နယ်၊ ချင်းပြည်နယ် ၊ နေပြည်တော်ကောင်စီနယ်မြေတို့၌ ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်းကို အောင်မြင်စွာ ကောက်ယူနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ကွင်းဆင်းကောက်ယူလျက်ရှိပြီး ကျန်တိုင်းဒေသကြီး/ ပြည်နယ်များတွင် ခရိုင်အဆင့် စာရင်းစစ်/ စာရင်းကောက်သင်တန်းများကို သက်ဆိုင်ရာခရိုင်အလိုက် ပြုလုပ်လျက်ရှိပါသည်။ ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကောက်ယူရန် နည်းပြသင်တန်းများကို တိုင်းဒေသကြီး/ ပြည်နယ်အလိုက် (၄) ကြိမ်ခွဲ၍ပြုလုပ်ခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ VSO Myanmar တို့မှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများက မသန်စွမ်းမှု မေးခွန်းလွှာ မေးမြန်းမှုအပိုင်းကို ရှင်းလင်းဆွေးနွေးမှုများ ပြုလုပ်ပေးခဲ့ကြပါသည်။

၁၃။ စာရင်းကောက်ယူရာတွင် Mobile Tablets များအသုံးပြုပြီး ကွန်ပျူတာအခြေပြု လူတစ်ဦးချင်းအင်တာဗျူးသည့်စနစ် (Computer Assisted Personal Interviewing-CAPI) နည်းပညာကို အသုံးပြုကောက်ယူခြင်းဖြစ်သည်။ သို့ဖြစ်ပါ၍ ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်း ကောက်ယူပြီးစီးသည့်အချိန်တွင် မသန်စွမ်းဆိုင်ရာ အချက်အလက်/ အညွှန်းကိန်းများကို ခရိုင်အဆင့်ထိ ရရှိနိုင်မည်ဖြစ်ပါသည်။ အလားတူ အခြားလူမှုစီးပွားရေးဆိုင်ရာ အချက်အလက်များနှင့် ချိတ်ဆက်လေ့လာနိုင်ပါသည်။ ကောက်ယူရရှိသော အချက်အလက်များကို အခြေခံ၍ သုတေသနစာတမ်း ရေးသားသွားမည် ဖြစ်ပါသည်။

၁၄။ ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကောက်ယူခြင်းဖြင့် မြန်မာနိုင်ငံ၏ လက်ရှိနှင့် အနာဂတ်လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာ စာရင်းအင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ အနီးစပ်ဆုံးခန့်မှန်းနိုင်ခြင်း၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(Myanmar Sustainable Development Plan-MSDP) ကို အကောင်အထည်ဖော်ရာတွင် လိုအပ်သည့်အညွှန်းကိန်းများ တွက်ချက်ရာ၌ အထောက်အပံ့ဖြစ်စေခြင်း၊ ၂၀၂၄ ခုနှစ်တွင် ကောက်ယူမည့် သန်းခေါင်စာရင်းအတွက် ကြိုတင်လေ့လာပြင်ဆင်ထားနိုင်ခြင်းနှင့် နိုင်ငံတော်တွင် ကဏ္ဍအလိုက် လိုအပ်သည့် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ခြင်း စသည်တို့ လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။

## ပညာရေးဝန်ကြီးဌာန
## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

၁။ ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၆ ခုနှစ်မှစတင်၍ အခြေခံပညာသင်ရိုးညွှန်းတမ်းအသစ်များရေးဆွဲအကောင်အထည်ဖော်ရာတွင် သင်ရိုးညွှန်းတမ်းများ၊ ကျောင်းသုံးစာအုပ်များ၊ ဆရာလမ်းညွှန်များနှင့် သင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်းများပြုစုရာ၌ မသန်စွမ်းကလေးများအတွက် ထည့်သွင်းရေးသားခြင်း၊ ကလေးများအားလုံး ပါဝင်ခွင့်ရနိုင်သော လုပ်ငန်းများပေးခြင်း၊ အုပ်စုလုပ်ငန်းများလုပ်ဆောင်ရာတွင် မသန်စွမ်းကလေးများ ပါဝင်နိုင်စေရန် စီစဉ်ပေးခြင်း၊ မသန်စွမ်းကလေးများအား ခွဲခြားဆက်ဆံမှုမရှိဘဲ ပါဝင်ခွင့်ပေးခြင်း၊ လက်တွေ့လုပ်ငန်းများတွင် အားလုံးပါဝင်လုပ်ဆောင်နိုင်ရန် ထည့်သွင်းရေးဆွဲခြင်း၊ လူမှုရေးဆိုင်ရာအကြောင်းအရာများ ပါဝင်မှုလမ်းညွှန်ကို ရေးဆွဲထားပြီး ၎င်းလမ်းညွှန်ကိုအသုံးပြု၍ သင်ခန်းစာပါဝင်မှုအခြေအနေကို သိရှိနိုင်ရန်စိစစ်၍ သင်ရိုးညွှန်းတမ်းအသစ်ရေးဆွဲရန် ကျန်ရှိသောအတန်းများတွင် လိုအပ်နေသော ကဏ္ဍများကို ထပ်မံရေးဆွဲ ဖြည့်စွက်ရေးသားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ မသန်စွမ်းကျောင်းသား၊ ကျောင်းသူများနှင့်ပတ်သက်၍ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ပထမနှစ်နေ့သင်တန်းတက်ရောက်နေသော မသန်စွမ်းကျောင်းသား၊ ကျောင်းသူ(၂၇) ဦးရှိပြီး အဆိုပါကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ကြေးကို လက်ရှိပညာသင်နှစ်မှစတင်၍ ဘွဲ့ကြိုတန်း ပြီးမြောက်သည်အထိ တစ်ဆက်တည်းချီးမြှင့်ခွင့်ပြုပါရန် တင်ပြထားပြီးဖြစ်ပါကြောင်းနှင့် (ဆရာအတတ်ပညာ) ကဏ္ဍတွင်လည်း သင်တန်းသားများရွေးချယ်ရာတွင် မသန်စွမ်းသူများကို တက်ရောက်ခွင့်ပြုခြင်း၊ Inclusion Education ဘာသာရပ်ကို (၄)နှစ်သင်ပညာရေးအထူးပြုဘွဲ့ အစီအစဉ်တွင် ဘာသာရပ်များနှင့် ချိတ်ဆက်သင်ကြားခြင်း၊ Teacher Educator များဖြင့် သင်ကြားပေးခြင်းများ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂၀၁၈–၂၀၁၉ ပညာသင်နှစ်၊ ပထမနှစ်တက်ရောက်နေသော ကိုယ်လက်အင်္ဂါသန်စွမ်းမှုအားနည်းသူ၊ အမြင်အာရုံအားနည်းသူ ကျောင်းသား၊ ကျောင်းသူများစာရင်း

| စဉ် | အမည် | ခုံအမှတ် | အထူးပြု ဘာသာရပ် | တက်ရောက်နေသည့် တက္ကသိုလ် | နေရပ်လိပ်စာ | မှတ်ချက် (ကိုယ်လက်အင်္ဂါ၊ အမြင်၊အကြား အားနည်းသူ) |
|---|---|---|---|---|---|---|
| ၁ | မောင်ထင်လင်းအောင် | ၁သ–၂ | သမိုင်း | ရန်ကုန် တက္ကသိုလ် | ကြည့်မြင်တိုင် မျက်မမြင်ကျောင်း | အမြင်အာရုံ (မျက်လုံးနှစ်ဖက် စလုံးမမြင်) |
| ၂ | မောင်ရဲထက်နိုင် | ၁သ–၃ | သမိုင်း | ရန်ကုန် တက္ကသိုလ် | ကြည့်မြင်တိုင် မျက်မမြင်ကျောင်း | အမြင်အာရုံ (မျက်လုံးနှစ်ဖက် စလုံးမမြင်) |
| ၃ | မဂေဇာခိုင် | ၁မ-၁၇ | မြန်မာစာ | ရန်ကုန် တက္ကသိုလ် | ကြည့်မြင်တိုင် မျက်မမြင်ကျောင်း | အမြင်အာရုံ (မျက်လုံး နှစ်ဖက်စလုံးမမြင်) |
| ၄ | မောင်ဗျာယေရမိ | ၁နဆ–၃၆၆ | နိုင်ငံတကာ ဆက်ဆံရေး ပညာ | ဒဂုံတက္ကသိုလ် | အမှတ်(၁၆၅)၊ ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ ခဝဲခြံ၊မျက်မမြင် ကျောင်း၊ မရမ်းကုန်းမြို့နယ် | အမြင်အာရုံ (မျက်လုံး နှစ်ဖက်စလုံးမမြင်) |
| ၅ | မဂျီးမိုင် | ၁စ–၁၅၁ | စိတ်ပညာ | ဒဂုံတက္ကသိုလ် | အမှတ်(၁၆၅)၊ ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ ခဝဲခြံ၊မျက်မမြင် ကျောင်း၊ မရမ်းကုန်းမြို့နယ် | အမြင်အာရုံ (မျက်လုံး နှစ်ဖက်စလုံးမမြင်) |
| ၆ | မောင်ဝေယံဦး | ၁သ–၈၁ | သမိုင်း | စစ်တွေ တက္ကသိုလ် | မဏိပူရလမ်း၊ ကသဲရပ်ကွက်၊ စစ်တွေမြို့ | ကိုယ်လက်အင်္ဂါ (ဘယ်လက် တစ်ဖက်မရှိ) |
| ၇ | မောင်အောင်ကျော်ထူး | ၁ရပ–၁၀၁ | ရူပဗေဒ | မုံရွာ တက္ကသိုလ် | တောင်ပြင်ရပ်၊ အလုံ၊မုံရွာမြို့ | ကိုယ်လက်အင်္ဂါ (ဘယ်လက် ချောင်း မှစ၍ လက်ကောက် ဝတ်ထိမပါ) |
| ၈ | မယွန်းမီမီထွန်း | ၁အ–၁၁၂ | အင်္ဂလိပ်စာ | တောင်ငူ တက္ကသိုလ် | အမှတ်(၁)ရပ်ကွက်၊ ရေတာရှည်မြို့ | အကြားအာရုံ (နားနှစ်ဖက်စလုံး မကြား) |

| စဉ် | အမည် | ခုံအမှတ် | အထူးပြု ဘာသာရပ် | တက်ရောက် နေသည့် တက္ကသိုလ် | နေရပ်လိပ်စာ | မှတ်ချက် (ကိုယ်လက်အင်္ဂါ၊ အမြင်၊အကြား အားနည်းသူ) |
|---|---|---|---|---|---|---|
| ၉ | မောင်ထက်မျိုးအောင် | ၁မ-၃၆ | မြန်မာစာ | ပြည် တက္ကသိုလ် | ကြို့ဝတ်ရွာ၊ ပေါက်ခေါင်းမြို့ | အကြားအာရုံ (နားနှစ်ဖက် စလုံးမကြား) |
| ၁၀ | မထွေးသိမ့်ဇင် | ၁မ-၈၂ | မြန်မာစာ | ပြည် တက္ကသိုလ် | လက်ပံကန်ရွာ၊ အောင်လံမြို့ | ကိုယ်လက်အင်္ဂါ (ညာဘက်ပိုလီယို) |
| ၁၁ | မဂျူးဂျူးခင် | ၁ရပ-၃၀၈ | ရူပဗေဒ | ပြည် တက္ကသိုလ် | ၃/၁၂လမ်း၊ မြို့သစ်၊ပြည်မြို့ | ကိုယ်လက်အင်္ဂါ (ညာခြေထောက် မသန်စွမ်း) |
| ၁၂ | မမြသဇင်ကြူ | ၁အရ-၃၀ | အရှေ့တိုင်း ပညာ | မိတ္ထီလာ တက္ကသိုလ် | စည်ပင်ကျေးရွာ၊ ရမည်းသင်မြို့ | ကိုယ်လက်အင်္ဂါ (မွေးရာပါညာလက် တစ်ဖက်မသန်စွမ်း) |
| ၁၃ | မောင်ဖိုးချစ် | ၁ရပ-၄၀၅ | ရူပဗေဒ | မိတ္ထီလာ တက္ကသိုလ် | မြင်းဦးလှည့် တောင်ရွာ၊ မလှိုင်မြို့ | ကိုယ်လက်အင်္ဂါ (ဘယ်ခြေ ထောက်တစ်ဖက် ဒူးဆစ်အောက်မရှိ) |
| ၁၄ | မောင်အားကိုက် | ပဒ-၂ | ဒဿနိက ဗေဒ | ရန်ကုန် အနောက်ပိုင်း တက္ကသိုလ် | အမှတ်(၁၆၅)၊ ဗဟိုလမ်း၊(၂) ရပ်ကွက်၊ခဝဲခြံ၊ မျက်မမြင်ကျောင်း၊ မရမ်းကုန်းမြို့နယ် | အမြင်အာရုံ(မွေးရာပါ မျက်လုံး နှစ်လုံးစလုံးကွယ်) |
| ၁၅ | မအွမ်ထွယ်ရာ | ပဒ-၃၀ | ဒဿနိက ဗေဒ | ရန်ကုန် အနောက်ပိုင်း တက္ကသိုလ် | အမှတ်(၁၆၅)၊ ဗဟိုလမ်း၊ (၂) ရပ်ကွက်၊ ခဝဲခြံ၊ မျက်မမြင်ကျောင်း၊ မရမ်းကုန်းမြို့နယ် | အမြင်အာရုံ (မွေးရာပါ မျက်လုံး နှစ်လုံးစလုံးကွယ်) |
| ၁၆ | မလနောင်ရွှယ်ဆန် | ၁သ-၃ | သမိုင်း | ရန်ကုန် အနောက်ပိုင်း တက္ကသိုလ် | အမှတ်(၁၆၅)၊ ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ ခဝဲခြံ၊ မျက်မမြင်ကျောင်း၊ မရမ်းကုန်းမြို့နယ် | အမြင်အာရုံ (မွေးရာပါမျက်လုံး နှစ်လုံးစလုံးကွယ်) |
| ၁၇ | မောင်ညီမင်းမွန် | ၁ရပ-၄၈ | ရူပဗေဒ | ကျောက်ဆည် တက္ကသိုလ် | သရက်ချောင်းရပ်၊ ပလိပ်မြို့ | ကိုယ်လက်အင်္ဂါ (ဘယ်ခြေထောက် ပေါင်ရင်းထိ ဖြတ်ထား) |
| ၁၈ | မနန်းနိုးနို | ၁သ-၈၂ | သမိုင်း | ဟသ်ာတ တက္ကသိုလ် | တောင်ကြီး ကျေးရွာ၊ တောကြီးအုပ်စု၊ ကျုံပျော်မြို့ | ကိုယ်လက်အင်္ဂါ (ခြေထောက် နှစ်ဖက်စလုံးခွင်) |

| စဉ် | အမည် | ခုံအမှတ် | အထူးပြု ဘာသာရပ် | တက်ရောက် နေသည့် တက္ကသိုလ် | နေရပ်လိပ်စာ | မှတ်ချက် (ကိုယ်လက်အင်္ဂါ၊ အမြင်၊အကြား အားနည်းသူ) |
|---|---|---|---|---|---|---|
| ၁၉ | မောင်ကျော်ညီညီဇံ | ၁သတ-၄၅ | သတ္တဗေဒ | ဟသ်ာတ တက္ကသိုလ် | ဓမ္မီရွာ၊ ဟသ်ာတမြို့ | ကိုယ်လက်အင်္ဂါ (မွေးရာပါ ညာဘက် တစ်ဖက်မသန်) |
| ၂၀ | မောင်ကောင်းထူးစံ | ၁သခ-၁၆၃ | သင်္ချာ | လားရှိုး တက္ကသိုလ် | ရက(၁)၊ ကျောက်မဲမြို့ | ကိုယ်လက်အင်္ဂါ (ဘယ်၊ ညာ၊ လက်ချောင်း နှစ်ချောင်းစီ နှစ်ဖက်စလုံးတို့) |
| ၂၁ | မောင်ပြည့်ဖြိုးအောင် | ၁သခ-၁၆၃ | သင်္ချာ | ဗန်းမော် တက္ကသိုလ် | ဖိုးဒေဝကျေးရွာ၊ ဗန်းမော်မြို့ | ကိုယ်လက်အင်္ဂါ (ဘယ်ခြေထောက် မသန်စွမ်း) |
| ၂၂ | မောင်မင်းခန့်ကျော် | ၁ရခ-၁၂၀ | ရုက္ခဗေဒ | ရွှေဘို တက္ကသိုလ် | ဦးသန်းထိုက်အောင်+ ဒေါ်ခိုင်သီတာဝင်း၊ အမှတ်(၁၀)၊ သရက်ခြံ၊ ရွှေဘိုမြို့ | ကိုယ်လက်အင်္ဂါ (ဘယ်ခြေထောက် ပိုလီယို) |
| ၂၃ | မောင်ဝနေ့ခေါင်ဒေါင် | ၁သတ-၁၀၀ | သတ္တဗေဒ | စစ်ကိုင်း တက္ကသိုလ် | ရွှေမင်းဝံရပ်၊ စစ်ကိုင်းမြို့ | အမြင်အာရုံ(မွေးရာပါ မျက်လုံးနှစ်လုံးစလုံး မမြင်) |
| ၂၄ | မောင်လင်းထက်နိုင် | ၁ဓ-၃၅ | ဓာတုဗေဒ | ရေနံချောင်း ဒီဂရီ ကောလိပ် | လယ်ကိုင်း မြို့ဟောင်း၊ ပွင့်ဖြူမြို့ | အကြားအာရုံ (နားနှစ်ဖက်စလုံး အကြား အားနည်း) |
| ၂၅ | မောင်ရန်ရှင်းရှိန် | ၁မ-၃၀ | မြန်မာစာ | မြင်းခြံဒီဂရီ ကောလိပ် | နတ်စောင့်ရွာ၊ တောင်သာမြို့ | ကိုယ်လက်အင်္ဂါ (မွေးရာပါကိုယ်ခန္ဓာ ဖွံ့ဖြိုးမှုနှေးကွေး၍ သန်စွမ်းမှု အားနည်းပြီး ကျောရိုးတွင် အသားပိုထွက်နေပါ သောကြောင့်) |
| ၂၆ | မောင်ရိုစန်း | ၁ဒ-၃၄ | ဒဿနိကဗေဒ | မန္တလာဒီဂရီ ကောလိပ် | ပရဟိတမျက်မမြင် သင်တန်းကျောင်း၊ ပြင်ဦးလွင် | အမြင်အာရုံ (မျက်လုံးနှစ်ဖက် စလုံး မမြင်) |
| ၂၇ | မောင်မောင်မြင့် | ၁ဒ-၄၂ | ဒဿနိကဗေဒ | မန္တလာဒီဂရီ ကောလိပ် | ပရဟိတမျက်မမြင် သင်တန်းကျောင်း၊ ပြင်ဦးလွင် | အမြင်အာရုံ(မျက်လုံး နှစ်ဖက်စလုံးမမြင်) |

**အခြေခံပညာဦးစီးဌာန မသန်စွမ်းကလေးများ ပညာသင်ကြားမှုနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အချက်အလက်များ**

| စဉ် | လုပ်ငန်း | ဆောင်ရွက်မှုအခြေအနေ | ကာလ | မှတ်ချက် |
|---|---|---|---|---|
| ၁ | ပညာသင်ထောက်ပံ့ကြေးများပံ့ပိုးပေးခြင်း | မသန်စွမ်း ကျောင်းသား၊ ကျောင်းသူ (၂၂၆၉၄) ဦးအတွက် ပညာသင်ထောက်ပံ့ကြေးများ ပံ့ပိုးပေးခဲ့ပါသည်။ | ၂၀၁၈-၂၀၁၉ ပညာသင်နှစ် | |
| | | မသန်စွမ်းကျောင်းသား၊ ကျောင်းသူ(၁၄၃၁) ဦးအတွက် ပညာသင်ထောက်ပံ့ကြေးများ ပံ့ပိုးပေးခဲ့ပါသည်။ | ၂၀၁၉-၂၀၂၀ ပညာသင်နှစ် | |
| ၂ | အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း | မသန်စွမ်းကလေးများအတွက် ပညာရေးအသိပညာပေးဆွေးနွေးပွဲများကို ယူနီဆက်၏ပံ့ပိုးမှုဖြင့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း(တောင်)ပြည်နယ်များတွင် ဆောင်ရွက်ခဲ့ပါသည်။ | ၂၀၁၈-၂၀၁၉ ပညာသင်နှစ် | |
| ၃ | ဆွေးနွေးပွဲများဆောင်ရွက် ခြင်း | မသန်းစွမ်းကလေးများ ပညာသင်ယူမှု အခွင့်အလမ်းများအတွက် လူတိုင်း အကျုံးဝင်ပညာရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲ (မသန်စွမ်းကလေးများအတွက် အကျုံးဝင်မှု)ကို ဖွံ့ဖြိုးမှု မိတ်ဖက်များ၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်ခဲ့ပါသည်။ | ၂၀၁၉-၂၀၂၀ ပညာသင်နှစ် | |
| ၄ | သင်ယူမှုအခွင့်အလမ်းများပံ့ပိုးပေးခြင်း | တက္ကသိုလ်ဝင်စာမေးပွဲများဖြေဆိုရာတွင် မသန်စွမ်းကလေးများ အတွက်ဖြေဆိုချိန်(၂၅ မိနစ်) ပိုမိုခွင့်ပြုထားပါသည်။ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှုအဖြစ် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်း အဆင့် စာစီစာကုံးပြိုင်ပွဲများ ကျင်းပခဲ့ပါသည်။ | ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ၂၀၁၉-၂၀၂၀ ပညာသင်နှစ် | |






မသန်စွမ်းကလေးများ ပညာသင်ကြားမှုနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု မှတ်တမ်းဓာတ်ပုံများ
လူတိုင်းအကျုံးဝင်ပညာရေးဆိုင်ရာနှီးနှောဖလှယ်ပွဲ (မသန်စွမ်းကလေးများအတွက် အကျုံးဝင်မှု) ဆောင်ရွက်စဉ်။





ကယားပြည်နယ်၌ အထူးလိုအပ်ချက်ရှိသော ကလေးများ(မသန်စွမ်းကလေးများ)အတွက်
ပညာရေးအသိပညာပေး ဆွေးနွေးပွဲများ ဆောင်ရွက်စဉ်။



အုတ်ဖိုမြို့နယ်မှ မသန်စွမ်းကျောင်းသား/သူများအား
ဟောပြောပွဲပြုလုပ်ခဲ့ခြင်းနှင့် မသန်စွမ်းကလေးငယ်အား ပံ့ပိုးပစ္စည်းပေးအပ်စဉ်။

**အခြေခံပညာဦးစီးဌာနမသန်စွမ်းကလေးများ ပညာသင်ကြားမှုနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု မှတ်တမ်း ဓာတ်ပုံများ**



မြောက်ဦး၌ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် မသန်စွမ်းသူများ၏ ပညာသင်ယူခွင့် အသိပညာပေး ဟောပြောပွဲအခမ်းအနား ကျင်းပစဉ်။



ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၌ သင်ကြားသင်ယူမှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်စဉ်။



သံတွဲမြို့နယ်၌ သင်ကြားသင်ယူမှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်စဉ်။



အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ စစ်ကိုင်းမြို့ မျက်မမြင်ကျောင်းသားကျောင်းသူများ အားကစားပြိုင်ပွဲ ကျင်းပစဉ်။



စစ်ကိုင်းတိုင်းဒေသကြီးရှိ အခြေခံပညာကျောင်းမှ
မသန်စွမ်းကလေးများ
အားကစားပြိုင်ပွဲများတွင် ပါဝင်ဆောင်ရွက်စဉ်။



တောင်ကြီးမြို့နယ်၊ ရွာသစ်ကုန်း(က)
အခြေခံပညာမူလတန်းကျောင်း၏
မသန်စွမ်းကျောင်းသားအား ပုံနှိပ်စာအုပ်များ
ပံ့ပိုးပေးအပ်စဉ်။



ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) အခြေခံပညာကျောင်းများတွင်
တက်ရောက်ပညာသင်ကြားလျက်ရှိသော မသန်စွမ်းကလေးများအား ထောက်ပံ့ပေးစဉ်။





ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)အခြေခံပညာကျောင်းများတွင် တက်ရောက်ပညာသင်ကြားလျက်ရှိသော
မသန်စွမ်းကလေးများအား တွေ့ရစဉ်။

**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအထိ မသန်စွမ်းသူများတက်ရောက်ခဲ့သည့် သက်မွေးပညာသင်တန်းဆိုင်ရာ သတင်းအချက်အလက်များ**

| စဉ် | ကျောင်းအမည် | သင်တန်းအမည် | သင်တန်းကာလ | သင်တန်း သားဦးရေ | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | အစိုးရစက်မှုလက်မှု သိပ္ပံ (ရွှေပြည်သာ) | အိမ်တွင်းလျှပ်စစ်ကြိုး သွယ်တန်းခြင်းလုပ်ငန်း | ၆-၅-၂၀၁၉ မှ ၁၇-၅-၂၀၁၉ ထိ | ၁ | လက်မသန်စွမ်း |
| ၂ | အစိုးရနည်းပညာ သင်တန်းကျောင်း (ဘားအံ) | အခြေခံစက်ချုပ် သင်တန်း | ၆-၁-၂၀၁၇ မှ ၇-၄-၂၀၁၇ ထိ | ၁ | လက်အင်္ဂါမပြည့်စုံ |
| | | | ၂၃-၇-၂၀၁၈ မှ ၂၂-၁၀-၂၀၁၈ ထိ | ၂ | ခြေ၊ လက်မသန်စွမ်း အကြားအာရုံချို့တဲ့သူ |
| | | အဆင့်မြင့်စက်ချုပ် သင်တန်း | ၁၂-၆-၂၀၁၇ မှ ၁၁-၉-၂၀၁၇ ထိ | ၂ | ခြေ၊ လက်မသန်စွမ်း အကြားအာရုံချို့တဲ့သူ |
| | | | ၂၃-၇-၂၀၁၈ မှ ၂၂-၁၀-၂၀၁၈ ထိ | ၁ | ခြေ၊ လက်မသန်စွမ်း |
| | | | ၂၀-၅-၂၀၁၉ မှ ၉-၉-၂၀၁၉ ထိ | ၂ | ခြေနှစ်ဖက်မရှိ၊ အောက်ပိုင်းသေ |
| | | | ၃၀-၈-၂၀၁၉ မှ ၂၄-၁၂-၂၀၁၉ ထိ | ၂ | ခြေ၊ လက်မသန်စွမ်း ခြေမသန်စွမ်း |
| | | အခြေခံကွန်ပျူတာ သင်တန်း | ၁၈-၄-၂၀၁၈ မှ ၁၈-၇-၂၀၁၈ ထိ | ၁ | လက်မသန်စွမ်း |
| | | | ၂၃-၇-၂၀၁၈ မှ ၂၂-၁၀-၂၀၁၈ ထိ | ၁ | ခြေမသန်စွမ်း |
| | | အမျိုးသမီးဆံပင်ညှပ် အလှပြင်သင်တန်း | ၁၂-၆-၂၀၁၇ မှ ၁၁-၉-၂၀၁၇ ထိ | ၁ | အကြောအာရုံ ချို့တဲ့သူ |

| စဉ် | ကျောင်းအမည် | သင်တန်းအမည် | သင်တန်းကာလ | သင်တန်း သားဦးရေ | မှတ်ချက် |
|---|---|---|---|---|---|
| | | အမျိုးသားဆံပင်ညှပ် သင်တန်း | ၂၃-၇-၂၀၁၈မှ ၂၂-၁၀-၂၀၁၈ ထိ | ၂ | ခြေမသန်စွမ်း |
| | | | ၃၀-၈-၂၀၁၉မှ ၂၄-၁၂-၂၀၁၉ထိ | ၄ | ခြေမသန်စွမ်း |
| | | ဟိုတယ်ဝန်ဆောင်မှု သင်တန်း | ၁၈-၄-၂၀၁၈ မှ ၁၈-၇-၂၀၁၈ထိ | ၁ | လက်မသန်စွမ်း |
| | | | ၂၀-၅-၂၀၁၉ မှ ၉-၉-၂၀၁၉ ထိ | ၁ | ခြေမသန်စွမ်း |
| | | အိမ်တွင်းလျှပ်စစ်ဝါယာ သွယ်တန်းခြင်းသင်တန်း | ၂၃-၇-၂၀၁၈ မှ ၂၂-၁၀-၂၀၁၈ထိ | ၁ | ခြေမသန်စွမ်း |
| ၃ | အစိုးရနည်းပညာ အထက်တန်းကျောင်း (လှိုင်ကော်) | ဆိုင်ကယ်ပြင်သင်တန်း | ၁-၃-၂၀၁၇ မှ ၇-၄-၂၀၁၇ ထိ | ၁ | ခြေမသန်စွမ်း |
| | | | ၄-၃-၂၀၁၉ မှ ၄-၆-၂၀၁၉ ထိ | ၁ | အကြားအာရုံချို့တဲ့ သူ |
| | | | ၁-၈-၂၀၁၉ မှ ၃၁-၁၀-၂၀၁၉ထိ | ၁ | အမြင်အာရုံချို့တဲ့သူ |
| | | အခြေခံပန်းရံသင်တန်း | ၁-၈-၂၀၁၉မှ ၃၁-၁၀-၂၀၁၉ထိ | ၁ | အမြင်အာရုံချို့တဲ့သူ |
| | | အခြေခံကွန်ပျူတာ သင်တန်း | ၄-၃-၂၀၁၉ မှ ၄-၆-၂၀၁၉ထိ | ၂ | အာရုံကြောအားနည်း၊ အရိုးပျော့/အကြောဆွဲ |
| | | | ၁-၈-၂၀၁၉ မှ ၃၁-၁၀-၂၀၁၉ထိ | ၂ | ခြေမသန်စွမ်း |
| ၄ | အစိုးရနည်းပညာ အထက်တန်းကျောင်း | ပုံမှန်(၂)နှစ်သင်တန်း | ၂၀၁၈-၂၀၁၉ ပညာသင်နှစ် | ၂ | အာရုံကြောအားနည်း အကြားအာရုံ အနည်းငယ်ချို့ယွင်း |
| ၅ | အစိုးရနည်းပညာ အထက်တန်းကျောင်း | House Wiring (DP Camp) | ၂၀၁၈-၂၀၁၉ ပညာသင်နှစ် | ၁ | ခြေမသန်စွမ်း |
| ၆ | အစိုးရနည်းပညာ အထက် တန်းကျောင်း | (ကော့သောင်း) ဆံပင်၊ မိတ်ကပ်၊ အလှပြင်သင်တန်း | ၂-၉-၂၀၁၉ မှ ၂၂-၁၁-၂၀၁၉ထိ | ၁ | လက်မသန်စွမ်း |




အစိုးရစက်မှုလက်မှုသိပ္ပံ (ရွှေပြည်သာ) ၌ ဖွင့်လှစ်ခဲ့သော အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းသင်တန်းတွင် မောင်ရဲလင်းထွန်း (လက်မသန်စွမ်းသူ) သင်ကြားနေစဉ်။



အစိုးရနည်းပညာအထက်တန်းကျောင်း (ဘားအံ) ၏ အခြေခံနှင့်အဆင့်မြင့်စက်ချုပ်သင်တန်း သင်ကြားနေစဉ်။



အစိုးရနည်းပညာအထက်တန်းကျောင်း (ဘားအံ) ၏ အမျိုးသမီး၊ အမျိုးသားဆံပင်ညှပ်သင်တန်း သင်ကြားနေစဉ်။



အစိုးရနည်းပညာအထက်တန်းကျောင်း (ဘားအံ) ၏ ဟိုတယ်ဝန်ဆောင်မှုသင်တန်း သင်ကြားနေစဉ်။



အစိုးရနည်းပညာအထက်တန်းကျောင်း (မော်လမြိုင်)၏ ဒုတိယနှစ်သင်တန်းမှ မောင်ဉာဏ်ဝင့်အောင်(အကြားအာရုံအနည်းငယ်ချို့ယွင်း) (2BT-9) စာသင်ကြားနေစဉ်။



အစိုးရနည်းပညာအထက်တန်းကျောင်း (ဗန်းမော်)၏ အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းသင်တန်း သင်ကြားနေစဉ်။

# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

## ကုသရေးဦးစီးဌာန၏ ဆောင်ရွက်ထားရှိမှု တင်ပြခြင်း

၁။ (၂၀၁၅) ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ၊ အခန်း (၆)၊ ပုဒ်မ (၂၇)၊ အပိုဒ်ခွဲ (ဂ) တွင် ကျန်းမာရေးဝန်ကြီးဌာနသည် အမျိုးသားကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီဆောင်ရွက်ရမည့် လုပ်ငန်းများတွင် "မသန်စွမ်းမှုအမျိုးအစားနှင့် မသန်စွမ်းမှုအဆင့်ကို စစ်ဆေးပြီး အကဲဖြတ်သတ်မှတ်နိုင်ရေး အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များဖြင့်လည်းကောင်း၊ မသန်စွမ်း အသင်းမှ ကျွမ်းကျင်သူများဖြင့်လည်းကောင်း မသန်စွမ်းမှုအဆင့် စိစစ်သတ်မှတ်သည့်အဖွဲ့ကိုဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း" ဟူ၍ ပါရှိပါသည်။

၂။ မသန်စွမ်းမှုအဆင့် သတ်မှတ်ရာတွင် မြင်သာသော မသန်စွမ်းမှုများအတွက် မှတ်ပုံတင်ကြီးကြပ်ရေးမှူးမှ ပထမအဆင့် မသန်စွမ်းအဆင့်စိစစ်သူအဖြစ် ဆောင်ရွက်ပြီးအသက်အလိုက် ပြုစုထားသော အကဲဖြတ်မေးခွန်း လွှာများအသုံးပြုကာအဆင့် သတ်မှတ်၍မှတ်ပုံတင်ခြင်းကိုဆောင်ရွက်မည်ဖြစ်ပြီး အကဲဖြတ်မေးခွန်းလွှာများအရ မမြင်သာသော မသန်စွမ်းမှုများအတွက် ဒုတိယအဆင့်ဖြစ်သော အထူးကုမဟုတ်သည့် ဆရာဝန်မှစိစစ်ခြင်းနှင့် တတိယအဆင့်ဖြစ်သော အထူးကုဆရာဝန်များမှစိစစ်ခြင်းတို့ ဆောင်ရွက်နိုင်ရန်အတွက် တိုက်နယ်ဆေးရုံ၊ မြို့နယ်ဆေးရုံနှင့် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ဆေးရုံကြီးများတွင် အဆင့်အလိုက် မသန်စွမ်းမှုစိစစ် သတ်မှတ်ရေးအဖွဲ့များ ဆောင်ရွက်ရပါမည်။

၃။ သို့ဖြစ်ပါ၍ မသန်စွမ်းမှုအမျိုးအစားနှင့် မသန်စွမ်းမှုအဆင့် စိစစ်သတ်မှတ်ရေးဗဟိုအဖွဲ့ကို ကျန်းမာရေး နှင့်အားကစားဝန်ကြီးဌာန၊ အမိန့်ကြော်ငြာစာအမှတ် (၆၅/၂၀၁၉) ဖြင့် ၆-၇-၂၀၁၉ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီး အဆိုပါအဖွဲ့တွင် ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး)က ဥက္ကဋ္ဌအဖြစ်လည်းကောင်း ဒုတိယညွှန်ကြား ရေးမှူးချုပ်(ပြည်သူ့ကျန်းမာ)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း ဆောင်ရွက်ရန် တာဝန်ပေးအပ်ခဲ့ပြီး အဆိုပါအဖွဲ့၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းက ၂၆-၇-၂၀၁၉ ရက်နေ့က ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပပြီး ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ခဲ့ပါသည်။

၄။ အဆိုပါအစည်းအဝေးဆုံးဖြတ်ချက်အရ ဘာသာရပ်ဆိုင်ရာ အထူးကုဆရာဝန်ကြီးများ ပါဝင်သော မသန်စွမ်းမှု အမျိုးအစားနှင့် မသန်စွမ်းမှုအဆင့်စိစစ်သတ်မှတ်ရေး၊ လုပ်ငန်းလမ်းညွှန်ရေးဆွဲခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ၁၆-၈-၂၀၁၉ ရက်နေ့နှင့် ၁-၁၁-၂၀၁၉ ရက်များတွင် ရန်ကုန်မြို့၌ ကျင်းပ ခဲ့ပြီး မသန်စွမ်းမှုအမျိုးအစားအလိုက် လုပ်ငန်းလမ်းညွှန် ရေးဆွဲရေးဆိုင်ရာများ အသေးစိတ်ညှိနှိုင်းဆွေးနွေး ခဲ့ကြပါသည်။

၅။ ပြည်သူ့ဆေးရုံများသို့ လာရောက်ကုသမှုခံယူကြသည့် လူနာများမှ မသန်စွမ်းလူနာများနှင့် ပင်စင်စား နိုင်ငံ့ဝန်ထမ်းများအား ဦးစားပေး၍ လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးရန်၊ မသန်စွမ်းလူနာများအတွက် ပြင်ပလူနာ/အတွင်းလူနာအဖြစ် ကုသမှုခံယူရာတွင် လွယ်ကူစေရေး (Disability Friendly) အတွက် လိုအပ်သလို စီစဉ်ဆောင်ရွက်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ၃-၁၂-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၁မဂ(စ) ၂၀၁၆/၁၃၅၂၈ ဖြင့်လည်းကောင်း၊ သက်ကြီးရွယ်အိုများ၊ ကိုယ်လက်အင်္ဂါမသန်စွမ်းသူများ၊ အငြိမ်းစားနိုင်ငံ့ဝန်ထမ်း များအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုအားဖြည့်ဆောင်ရွက်သွားကြရန်နှင့် ဆေးရုံ၊ ဆေးခန်း များသို့ လာရောက်ပြသရာတွင် ဦးစားပေးအစီအစဉ်ဖြင့် ကုသမှုများဆောင်ရွက်ပေးနိုင်ရေး လိုအပ်သလို ဆက်လက်ညွှန်ကြားဆောင်ရွက်သွားနိုင်ပါရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ၃၁-၁-၂၀၁၉ ရက်စွဲပါစာအမှတ်၊ ၃ မဆ(ဆ)၂၀၁၉/၁၈၉၁ ဖြင့် လည်းကောင်း၊ ကုသရေးဦးစီးဌာန၏ ၂၅-၂-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ကုသရေး/ထွေ-၂/၂၀၁၉/၄၃၈ ဖြင့် ညွှန်ကြားဆောင်ရွက်ထားရှိပြီး ယင်းသို့ ဆောင်ရွက်ထားမှုကို ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေးအတွက် မီဒီယာများမှ သတင်းဖြန့်ဝေရန် စီစဉ်ဆောင်ရွက်လျက်ရှိ ပါသည်။

၆။ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ (၂၀၁၅) အခန်း (၇)၊ အပိုဒ် (၂၈) (က) (ခ) (င) အရ မသန်စွမ်း သူများ အနေဖြင့် ဆေးရုံများတွင် လွယ်ကူစွာသွားလာနေထိုင် အသုံးပြုနိုင်ရေးအတွက် ပိုမိုသက်သောင့်သက်သာဖြစ်သော ပတ်ဝန်းကျင်ဖြစ်နိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဆေးရုံအဆောက်အဦများ၏ လူနာ အဝင်/ အထွက်နေရာ (Ramp/ Trolley Way)၊ ကားပါကင်များ၊ အိမ်သာများ အစရှိသည်တို့၌ လိုအပ်ချက်များကို စိစစ်တင်ပြရန်နှင့် စိစစ်ရာတွင် မှီငြမ်းအသုံးပြုနိုင်ရေးအတွက် နမူနာပုံစံများကို (၂၂-၅-၂၀၁၉) ရက်နေ့တွင် ထုတ်ပြန်ဆောင်ရွက်နေပြီ ဖြစ်ပါသည်။





၂၆-၇-၂၀၁၉ ရက်နေ့တွင် ကျင်းပသည့် မသန်စွမ်းမှုအမျိုးအစားနှင့် မသန်စွမ်းမှုအဆင့် စိစစ်သတ်မှတ်ရေး ဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။



၁၆-၈-၂၀၁၉ ရက်နေ့တွင် မသန်စွမ်းမှုအမျိုးအစားနှင့် မသန်စွမ်းမှုအဆင့် စိစစ်သတ်မှတ်ရေး ဗဟိုအဖွဲ့ လုပ်ငန်းလမ်းညွှန်ရေးဆွဲခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။





၁၆-၈-၂၀၁၉ ရက်နေ့တွင် မသန်စွမ်းမှုအမျိုးအစားနှင့် မသန်စွမ်းမှုအဆင့် စိစစ်သတ်မှတ်ရေး ဗဟိုအဖွဲ့ လုပ်ငန်းလမ်းညွှန်ရေးဆွဲခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

၇။ မသန်စွမ်းသူများအတွက် ဆောင်ရွက်ပေးမှုအနေဖြင့် ကျန်းမာရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ မိမိကိုယ်မိမိစောင့်ရှောက်ခြင်း(Self Care) ပြုလုပ်တတ်အောင် သင်ကြားပေးခြင်း၊လိုအပ်သော ဆေးဝါး ကုသမှုများပေးခြင်း၊ လိုအပ်သော အထောက်အကူပစ္စည်းများ ဖြန့်ဖြူးပေးခြင်း (ဖိနပ်၊ မျက်မှန်၊ ချိုင်းထောက်)၊ Peer Educator အဖြစ် အနာကြီးရောဂါတိုက်ဖျက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်စေခြင်း၊ နှစ်သိမ့် ဆွေးနွေးပညာပေးခြင်း၊ ကိုယ်ခန္ဓာချို့ယွင်းမှု ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း(Physical Rehabilitation)၊ စိတ်ခံစားရေးရာ၊ လူမှုရေးရာပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း (Psychosocial Rehabilitation)၊ စီးပွားရေးဆိုင်ရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း (Economic Rehabilitation) တို့ဖြစ်ပါသည်။

# ဆောက်လုပ်ရေးဝန်ကြီးဌာန
# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

**မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များ ဆောင်ရွက်ပြီးစီးမှု အခြေအနေ**

၁။ မသန်စွမ်းသူများ၏ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်၊ မသန်စွမ်းမှုအသိပညာပေးခြင်း၊ ရပ်ရွာအတွင်းပါဝင် ဆောင်ရွက်ခွင့်စသည်များနှင့်ပတ်သက်သော လုပ်ငန်းအစီအစဉ်တို့ကိုလည်း သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ထည့်သွင်းအကောင်အထည်ဖော်ဆောင်ရွက်ပေးရန် ကိစ္စနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ သက်ဆိုင် ရာဝန်ကြီးဌာနများမှ အများသုံးအဆောက်အဦများ အပ်နှံလာပါက မသန်စွမ်းသူများအတွက် လွယ်ကူစွာဝင်/ ထွက် သွားလာနိုင်ရေးနှင့် အိမ်သာတို့ကိုလည်း ထည့်သွင်းဆောင်ရွက်ပေးသွားပါမည်။

**မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီစတုတ္ထအကြိမ် အစည်းအဝေးတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ မသန်စွမ်းသူများအတွက် ဆောင်ရွက်ထားရှိမှုများ**

၂။ အများပြည်သူများ အပန်းဖြေသွားလာသည့်နေရာများဖြစ်သော နေပြည်တော်မြို့မဈေးနှင့် နေပြည်တော်ရေပန်းဥယျာဉ်များတွင်လည်း မသန်စွမ်းများအတွက် အတားအဆီးကင်းမဲ့သော ပတ်ဝန်းကျင်ဖြစ်ပေါ်ရေးအတွက် လက်ရှိတွင်ရေးဆွဲပုံစံထုတ်၍ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာအမျိုးသားကော်မတီ (၁/၂၀၁၉) အစည်းအဝေးတွင်လည်း ရှင်းလင်းတင်ပြထားပြီး ဖြစ်ပါသည်။

**နောင်ဆောက်လုပ်မည့် ပညာရေးဝန်ကြီးဌာနမှ မသန်စွမ်းသူများ လက်လှမ်းမီသွားလာနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ဆောင်ရွက်ချက်**

၃။ လုံခြုံဘေးကင်းပြီး ကလေးပျော်စံပြစာသင်ကျောင်း ဆောက်လုပ်ရေးလမ်းညွှန်စာအုပ် (Safe and Child Friendly School Construction Guidelines–SCSCG)ရေးဆွဲရာတွင် နည်းပညာပိုင်းဆိုင်ရာအခန်းကဏ္ဍတွင် ပါဝင်ကူညီရေးဆွဲခြင်း၊ ရေးဆွဲထားသည့် ယင်းလမ်းညွှန်စာအုပ်ဆိုင်ရာ နည်းပညာလုပ်ငန်းအဖွဲ့(SCSCG Taskforce) တွင် ဗဟိုအဆင့်၌ ပါဝင်ဆောင်ရွက်ခြင်း၊ ယင်းလမ်းညွှန်စာအုပ်အား စာသင်ကျောင်းဆောက်လုပ်ရေးဆိုင်ရာ နယ်ပယ်ရှိ တာဝန်ရှိသူများ ကောင်းစွာသိရှိ နားလည်ပြီး ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာနိုင်စေရန် (SCSCG Taskforce)မှ ဦးဆောင်ပြီး စာအုပ်လုပ်ငန်းစဉ် မိတ်ဆက်ခြင်းနှင့် နည်းပြသင်တန်းများကို တိုင်းနှင့်ပြည်နယ် (၁၄) ခုရှိ မြို့နယ်(၁၈)ခု၌ ကျင်းပပြုလုပ်ရာ နည်းပညာ ပိုင်းဆိုင်ရာအခန်းကဏ္ဍ၊ အခန်း(၃)အား ပါဝင်ကူညီရှင်းလင်းတင်ပြရခြင်း။


**မသန်စွမ်းသူများ၏ အခွင့်အရေးနှင့်ပတ်သက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်ထားရှိမှုများ**


၄။ ညွှန်ကြားချက်များ ထုတ်ပြန်ထားရှိမှုနှင့်ပတ်သက်၍ ညွှန်ကြားရေးမှူးချုပ်၊ အဆောက်အဦ ဦးစီးဌာနမှ ဆောက်လုပ် ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ (၈-၁-၂၀၁၈)ရက်စွဲပါ စာအမှတ်၊ ၁၁/ ဌာနခွဲ-၂/ ၂၀၁၈(စီ ၅၆)ကို ရည်ညွှန်း၍ အများပြည်သူဆိုင်ရာ အဆောက်အဦများနှင့်ဆက်စပ် ပတ်ဝန်းကျင်နေရာများဖြစ်သော အိမ်ရာ၊ စာသင်ကျောင်း၊ ရုံး၊ ဆေးရုံ၊ ဈေး၊ ပန်းခြံ၊ ရုပ်ရှင်ရုံ၊ ကဇာတ်ရုံ၊ ပြတိုက်၊ အားကစားရုံ၊ ဈေးဝယ်စင်တာ၊ အများသုံးသန့်စင်ခန်း၊ လမ်းတံတား၊ လျှောက်လမ်း၊ ပလက်ဖောင်း၊ လူကူးမျဉ်းကြား၊ လမ်းဆုံမီးပွိုင့်၊ ကားဂိတ်၊ ဘူတာရုံ၊ လေဆိပ်၊ သင်္ဘောဆိပ် စသည်တို့ကို မသန်စွမ်းသူများ လွယ်ကူစွာအသုံးပြုနိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ ဗိသုကာစံချိန်စံညွှန်းများနှင့်အညီ ပုံစံထုတ်လုပ်ခြင်း၊ တည်ဆောက်ခြင်းနှင့်ပြုပြင်ခြင်း၊ အများပြည်သူသွားလာသည့်လမ်းများ၏ လူသွားလမ်း၊ ပလက်ဖောင်းများတွင် မသန်စွမ်းသူများလွယ်ကူစွာ သွားလာနိုင်ရေးအတွက်


မျက်မမြင်လျှောက်လမ်းများနှင့်လမ်းဖြတ်အတက်အဆင်းများတွင်ဆင်ခြေလျှောလမ်းများပြုလုပ်ရန်ဆောင်ရွက်ခြင်း၊ လူနေထူထပ်သောနေရာများ၊ ကျောင်းများ၊ လေဆိပ်၊ ကားဂိတ်၊ သင်္ဘောဆိပ်နှင့် ဘူတာရုံများတွင် မသန်စွမ်းသူများအတွက် ယာဉ်ရပ်နားရန်နေရာများ သတ်မှတ်ထားရှိခြင်း စသည့်အချက်များကို သိရှိလိုက်နာဆောင်ရွက်ရန် မြန်မာနိုင်ငံ ဗိသုကာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ အထပ်မြင့်အဆောက်အဦတည်ဆောက်ရေးစီမံကိန်းများကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံဗိသုကာအသင်းများသို့ ညွှန်ကြားချက်များ ထုတ်ပြန်ထားပါသည်။

၅။ မသန်စွမ်းသူများအတွက် အတားအဆီးကင်းမဲ့သော ပတ်ဝန်းကျင်ဖြစ်ပေါ်ရေးအတွက် အများပြည်သူများ အပန်းဖြေသွားလာသည့် နေရာဖြစ်သော နေပြည်တော်မြို့မဈေးနှင့် နေပြည်တော် ရေပန်းဥယျာဉ်များတွင် လိုအပ်သော Accessibility ကို ထည့်သွင်းရေးဆွဲပေးထားပြီး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ (၁/၂၀၁၉) အစည်းအဝေးတွင်လည်း ရှင်းလင်းတင်ပြမှုများ ပြုလုပ်ထားပါသည်။

၆။ ထို့အပြင် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့သက်ဆိုင်ရာဝန်ကြီးဌာနမှ အပ်နှံလာသော အိမ်ရာ၊ စာသင်ကျောင်း၊ ရုံး၊ ဆေးရုံ၊ ကဇာတ်ရုံစသည့် အများပြည်သူများနှင့်သက်ဆိုင်သော အဆောက်အဦများတွင် မသန်စွမ်းသူများ လွယ်ကူစွာအသုံးပြုနိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ ဗိသုကာစံချိန်စံညွှန်းများနှင့်အညီ ပုံစံထုတ်လုပ်ခြင်း၊ တည်ဆောက်ခြင်းနှင့် ပြုပြင်ခြင်း၊ မသန်စွမ်းသူများအတွက် ယာဉ်ရပ်နားရန်နေရာများ ထားရှိခြင်းစသည်တို့ကို လိုက်နာဆောင်ရွက်ထားရှိပါသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ Focal အနေဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသော Myanmar National Building Code (2020) တွင် အခန်း(၂) အပိုဒ်(၂.၇) Accessibility ကို ထည့်သွင်းထားသောကြောင့် အဆောက်အအုံများတွင် မသန်စွမ်းသူများအတွက် အသုံးပြုရလွယ်ကူစေမည်ဖြစ်ပါသည်။



# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

## လူမှုဝန်ထမ်းဦးစီးဌာန

၁။ ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံလူဦးရေ၏ ၄.၆ ရာခိုင်နှုန်းသည် မသန်စွမ်းသူများဖြစ်ကြပြီး၊ မျက်မမြင် ၂.၅ ရာခိုင်နှုန်း၊ ကိုယ်လက်အင်္ဂါမသန်စွမ်းသူ ၁.၉ ရာခိုင်နှုန်း၊ နားမကြားသူ ၁.၃ ရာခိုင်နှုန်း၊ ဉာဏ်ရည်ချို့ယွင်း အားနည်းသူ ၁.၇ ရာခိုင်နှုန်းတို့ ဖြစ်ကြပါသည်။ လူမှုဝန်ထမ်းဦးစီးဌာနသည် မသန်စွမ်းသူများအား သင်တန်းကျောင်းအခြေပြုစောင့်ရှောက်ရေးအဖြစ် သင်တန်းကျောင်း (၈) ကျောင်း ဖွင့်လှစ် ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းတို့မှာ-

(က) မျက်မမြင်ကျောင်း (၂) ကျောင်း (ရန်ကုန်၊ စစ်ကိုင်း)
(ခ) နားမကြားသောကလေးများကျောင်း (၂)ကျောင်း (ရန်ကုန်၊ မန္တလေး)
(ဂ) မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (၂) ကျောင်း (ရန်ကုန်၊ မန္တလေး)
(ဃ) မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေးဂေဟာ (၁) (ရန်ကုန်)
(င) မသန်စွမ်းသက်ကြီးသင်တန်းကျောင်း (၁) ကျောင်း (ရန်ကုန်)

၂။ မျက်မမြင်ကျောင်း (၂) ကျောင်းကို ရန်ကုန်မြို့နှင့် စစ်ကိုင်းမြို့တို့တွင် ဖွင့်လှစ်၍ အသက် (၆) နှစ်မှ (၁၈) နှစ်အတွင်းရှိ မျက်မမြင်ကလေးငယ်များအား မျက်မမြင်လက်စမ်းစာ (Brailla Letter) ဖြင့် မူလတန်းပညာကို ကျောင်းတွင်းပညာရေးအဖြစ် သင်ကြားပေးပြီး၊ Inclusive Education အရ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်ပညာရပ်များကို ဆက်လက်သင်ကြားပေးလျက်ရှိပါသည်။ အသက်မွေးဝမ်းကျောင်းပညာရပ်များအဖြစ် အကြောပြင်အနှိပ်သင်တန်း၊ ဗေဒင်သင်တန်း၊ ကြိမ်ထိုးသင်တန်း၊ ကွန်ပျူတာသင်တန်းများတွင် သင်ကြားလေ့ကျင့်ပေးလျက်ရှိပါသည်။

၃။ နားမကြားသောကလေးများကျောင်း (၂) ကျောင်းကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ဖွင့်လှစ်လျက်ရှိပြီး၊ ကျောင်းသို့ရောက်ရှိလာသော အသက် (၆)နှစ်မှ (၁၈) နှစ်အတွင်းရှိ နားမကြား ကလေးငယ်များအား Audio၊ Speech များလေ့ကျင့်သင်ကြားပေးပြီး စာပေသင်ကြားရာတွင် လက်သင်္ကေတပြဘာသာစကားဖြင့် သင်ကြားပေးပြီး၊ စာပေပညာသင်ကြားနိုင်စွမ်းမရှိသော နားမကြားသူများအတွက် ဇာထိုးပန်းထိုး၊ ဆွယ်တာထိုး၊ ကွန်ပျူတာပန်းထိုး၊ စက်ချုပ်၊ အချက်အပြုတ်စသည့် အသက်မွေးဝမ်းကျောင်းပညာရပ်များကို သင်ကြားပေးလျက်ရှိပါသည်။ ထို့အပြင် နားမကြားသူများ လူ့အသိုင်းအဝိုင်းအတွင်း ဝင်ဆံ့နိုင်မှု မြင့်မားစေရန် ရည်ရွယ်၍ လက်သင်္ကေတပြဘာသာစကား ကူညီပံ့ပိုးသူများ (၁ နှစ်ခွဲ) သင်တန်းကို ပုံမှန်ဖွင့်လှစ်ပေးလျက်ရှိပြီး ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးကဏ္ဍ အသီးသီးတွင် အဆင်ပြေချောမွေ့စေရန်အတွက် ဆောင်ရွက်ပေးလျက်ရှိပါသည်။

၄။ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (၂)ကျောင်းကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ဖွင့်လှစ်၍ အသက် (၆) နှစ်မှ (၁၈) နှစ်အတွင်းရှိဉာဏ်ရည်မမီကလေးများနှင့် ကိုယ်လက်အင်္ဂါမသန်စွမ်းသူကလေးများအား လက်ခံစောင့်ရှောက်ပြီး ၎င်းတို့၏ နေ့စဉ်လုပ်ငန်းဆောင်တာများ (Activities of Daily Living ADL) ကို ကိုယ်တိုင်လုပ်ဆောင်တတ်စေရန်အတွက်လည်းကောင်း၊ လူမှုပတ်ဝန်းကျင်အတွင်း လိုက်လျောညီထွေ နေထိုင်တတ်စေရန်အတွက် လည်းကောင်း၊ အကြိုသက်မွေးပညာရပ်များ တတ်မြောက်စေရန်အတွက်လည်းကောင်း၊ စာပေသင်ကြားနိုင်သော ဉာဏ်ရည်ရှိသည့် ကလေးငယ်များကို မူလတန်းပညာသင်ကြားပေးသည့်အပြင် စာပေသင်ကြားနိုင်စွမ်းမရှိသည့် ကလေးငယ်များကို အထူးပညာရေးစနစ်အဖြစ် အရေး၊ အဖတ်၊ အတွက် ပညာများသင်ကြားပေးလျက်ရှိပါသည်။

၅။ လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွင့်လှစ်ထားသော ဌာနငယ်သင်တန်းကျောင်းများမှ မသန်စွမ်းကလေးများနှင့် လူမှုဝန်ထမ်းဦးစီးဌာန၏ ညွှန်ကြားချက်ဖြင့်ပေးပို့သော ရပ်ရွာအတွင်းရှိ စောင့်ရှောက်သူမဲ့ မသန်စွမ်းသူများပြုစုစောင့်ရှောက်ရေးဂေဟာကို ရန်ကုန်မြို့တွင် ဖွင့်လှစ်လျက် နေ့စဉ်လုပ်ငန်းဆောင်တာများ ဆောင်ရွက်တတ်စေရန်အတွက် လည်းကောင်း၊ စာပေသင်ကြားနိုင်စွမ်းရှိသော ကလေးငယ်များကို မူလတန်းပညာကိုလည်းကောင်း သင်ကြားပေးလျက်ရှိပါသည်။

၆။ အသက် (၁၈) နှစ်မှ (၄၅) နှစ်အတွင်းရှိ ကိုယ်လက်အင်္ဂါမသန်စွမ်းသူများအတွက် မသန်စွမ်းသက်ကြီးသင်တန်းကျောင်း (၁) ကျောင်းကို ရန်ကုန်မြို့တွင် ဖွင့်လှစ်၍ အသက်မွေးဝမ်းကျောင်း ပညာရပ်များဖြစ်သော ခါတ်ပုံ၊ ဆံသ၊ ကွန်ပျူတာ၊ တံဆိပ်ရိုက်၊ စက်ချုပ်၊ အီလက်ထရောနစ်သင်တန်းများကို အခမဲ့ဖွင့်လှစ်သင်ကြားပေးပြီး သင်တန်းတက်ရောက်အောင်မြင်ပြီးပါက ကိုယ်ပိုင်ဝင်ငွေလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

၇။ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများမှ တည်ထောင်ဖွင့်လှစ်ထားသော အသိအမှတ်ပြု မသန်စွမ်းကျောင်း (၁၂) ကျောင်းကိုလည်း နည်းပညာနှင့် ငွေကြေးထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၈။ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မသန်စွမ်းသူများအား နိုင်ငံတော်၏ဘတ်ဂျက်ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ထောက်ပံ့ကြေးပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစ၍ ယခုအစီရင်ခံသည့်ကာလအထိ တစ်ဦးလျှင်(၃၀၀၀၀/-) ကျပ် နှုန်းဖြင့် မသန်စွမ်းသူ (၁၆၀၇၁၃) ဦးအား (၅၇၂၆.၂၄) သန်း ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။

၉။ လူမှုဝန်ထမ်းဦးစီးဌာနသည် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများနှင့်နားလည်မှုစာချွန်လွှာရေးထိုး၍ မသန်စွမ်းသူများပြုစုစောင့်ရှောက်ရေးလုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်စေရန်အတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ JICA နှင့် ပူးပေါင်း၍ နားမကြားသူများ လူ့အသိုင်းအဝိုင်းအတွင်း ဝင်ဆံ့မှုမြှင့်တင်နိုင်ရေးစီမံချက် (Phase-1) (Phase - 2) ကို ဆောင်ရွက်ခဲ့ပြီး (Phase - 3) ကို ဆက်လက်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်လျက်ရှိပါသည်။ ကိုယ်လက်အင်္ဂါမသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများကို AAR နှင့်ပူးပေါင်း၍ သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ မြန်မာနိုင်ငံအတွင်းရှိ မျက်မမြင်များ အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရန်ရည်ရွယ်ပြီး အကြောပြင်ပညာသင်တန်းများကို Japan Heart နှင့် ပူးပေါင်း၍ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်။ မသန်စွမ်းသူများသည် သတင်းအချက်အလက်နှင့်နည်းပညာ ပိုမိုလက်လှမ်းမီစေရန်အတွက် နီပွန်ဖောင်ဒေးရှင်းနှင့်ပူးပေါင်း၍ (ICT Training Center ) ကို ဖွင့်လှစ်ပြီး မသန်စွမ်းသူများအား (IT) နည်းပညာများ သင်ကြားပေးလျက်ရှိပါသည်။

၁၀။ မသန်စွမ်းမှုအမျိုးအစားအလိုက် အသိပညာပေးခြင်းနှင့် အထူးလိုအပ်ချက်ရှိသော ကလေးများပြုစုလေ့ကျင့်မှု အသိပညာပေးသင်တန်းကို တိုင်းဒေသကြီး/ ပြည်နယ် (၁၅) ခုတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် (၁၅) ကြိမ်၊ သင်တန်းသား (၄၅၀) ဦးဖြင့် လည်းကောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် (၁၅) ကြိမ်၊ သင်တန်းသား (၄၅၀) ဦးဖြင့်လည်းကောင်း အသိပညာပေး သင်တန်းများ ဖွင့်လှစ်နိုင်ခဲ့ပါသည်။

၁၁။ လူမှုဝန်ထမ်းဦးစီးဌာနသည် မြန်မာနိုင်ငံ အထူးပညာရေးအသင်းနှင့် ပူးပေါင်း၍ အထူးပြုစု စောင့်ရှောက်ရန် လိုအပ်သော မသန်စွမ်းကလေးများအား ပြုစုပျိုးထောင်ပေးသည့် ဆရာ/ဆရာမများ မွေးထုတ်ပေးသည့် သင်တန်းများကို ဖွင့်လှစ်ခဲ့ပြီး အစီရင်ခံသည့်ကာလအတွင်းသင်တန်း (၂၉) ကြိမ်တွင် သင်တန်းသား/ သူ (၁၄၀၈) ဦးအား မွေးထုတ်ပေးနိုင်ခဲ့ပါသည်။

၁၂။ လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွင့်လှစ်ထားသော မသန်စွမ်းသင်တန်းကျောင်း (၈) ကျောင်းတွင် ပြုစုစောင့်ရှောက်ထားသောမသန်စွမ်းသူများ၏စာရင်း၊ပြုစုစောင့်ရှောက်ထားသော မသန်စွမ်းသူများအားအသက်မွေးဝမ်းကျောင်းပညာသင်ကြားပေးနိုင်မှုအခြေအနေ၊ ICT Training Center ဖွင့်လှစ်၍ (IT) နည်းပညာများသင်ကြားပေးနိုင်ခဲ့သော မသန်စွမ်းသူများ၏စာရင်း၊ လက်သင်္ကေတပြဘာသာစကား ပို့ပိုးသူများသင်တန်း ဖွင့်လှစ်နိုင်မှုအခြေအနေ၊ တိုင်းဒေသကြီး/ ပြည်နယ်များအတွင်းရှိ မသန်စွမ်းသူများအား ထောက်ပံ့ကြေးပေးနိုင်မှုအခြေအနေတို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

**လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွင့်လှစ်ထားသော မသန်စွမ်းသင်တန်းကျောင်း (၈) ကျောင်းတွင် ပြုစုစောင့်ရှောက်ထားသော မသန်စွမ်းသူများစာရင်း**

| စဉ် | ကျောင်းအမည် | ခွင့်ပြုအင်အား | လက်ရှိဦးရေ |
|---|---|---|---|
| ၁။ | မသန်စွမ်းသက်ငယ် သင်တန်းကျောင်း (ရန်ကုန်) | ၂၅၀ | ၂၂၁ |
| ၂။ | မသန်စွမ်းသက်ငယ် သင်တန်းကျောင်း (မန္တလေး) | ၁၀၀ | ၁၀၀ |
| ၃။ | ကြည့်မြင်တိုင် မျက်မမြင်ကျောင်း (ရန်ကုန်) | ၂၀၀ | ၁၉၈ |
| ၄။ | စစ်ကိုင်းမျက်မမြင်ကျောင်း ( စစ်ကိုင်း) | ၁၀၀ | ၅၉ |
| ၅။ | နားမကြားသောကလေးများ ကျောင်း (မန္တလေး) | ၂၀၀ | ၂၃၀ |
| ၆။ | နားမကြားသောကလေးများ ကျောင်း(ရန်ကုန်) | ၁၀၀ | ၁၂၂ |
| ၇။ | မသန်စွမ်းသက်ကြီးသင်တန်း ကျောင်း (ရန်ကုန်) | ၁၀၀ | ၈၀ |
| ၈။ | မသန်စွမ်းကလေးများပြုစု စောင့်ရှောက်ရေးဂေဟာ(ရန်ကုန်) | ၁၀၀ | ၁၀၈ |
| စုစုပေါင်း | | ၁၁၅၀ | ၁၁၁၈ |

**နီပွန်ဖောင်ဒေးရှင်းနှင့် ပူးပေါင်းဖွင့်လှစ်သည့် Information Communication Technology (ICT) Training Center (ရန်ကုန်မြို့) တွင် တက်ရောက်ခဲ့သော သင်တန်းသားဦးရေစာရင်း**

| စဉ် | သင်တန်းအပတ်စဉ် | သင်တန်းရက် | သင်တန်းသားဦးရေ | မှတ်ချက် |
|---|---|---|---|---|
| ၁။ | အခြေခံကွန်ပျူတာသင်တန်း အပတ်စဉ် (၁) | (၁၆-၁၀-၂၀၁၈) မှ (၁-၁၀-၂၀၁၉) ထိ | ၁၅ ဦး | |
| ၂။ | အခြေခံကွန်ပျူတာသင်တန်း အပတ်စဉ် (၂) | (၂-၂-၂၀၁၉) မှ (၂၆-၄-၂၀၁၉) ထိ | ၁၆ ဦး | |
| ၃။ | အခြေခံကွန်ပျူတာသင်တန်း အပတ်စဉ် (၃) | (၂၁-၅-၂၀၁၉) မှ (၁-၈-၂၀၁၉) ထိ | ၁၉ ဦး | |
| ၄။ | Web Design Web Design | (၂-၅-၂၀၁၉) မှ (၁-၇-၂၀၁၉) ထိ | ၁၇ ဦး | |
| ၅။ | Sign Language Training (1) | (၆-၁၀-၂၀၁၈) မှ (၈-၁၀-၂၀၁၈) ထိ | ၁၉ ဦး | |

| စဉ် | သင်တန်းအပတ်စဉ် | သင်တန်းရက် | သင်တန်းသားဦးရေ | မှတ်ချက် |
|---|---|---|---|---|
| ၆။ | Sign Language Training (2) | (၁၇-၅-၂၀၁၉) မှ (၁၉-၅-၂၀၁၉) ထိ | ၂၂ ဦး | |
| ၇။ | Vinyl on Job Training | (၁၈-၁-၂၀၁၉) | ၁၅ ဦး | |
| ၈။ | Graphic | (၁၃-၈-၂၀၁၉) မှ (၁၂-၁၂-၂၀၁၉) ထိ | ၁၄ ဦး | |
| စုစုပေါင်း | | | ၁၃၇ ဦး | |

## လက်သင်္ကေတပြ ဘာသာစကား ပံ့ပိုးသူများသင်တန်း ဖွင့်လှစ်နိုင်မှုအခြေအနေ

| စဉ် | ရက်စွဲ | သင်တန်းသားဦးရေ | မှတ်ချက် |
|---|---|---|---|
| အမှတ်စဉ် (၁) | (၃-၁၂-၂၀၁၃) မှ (၃၁-၇-၂၀၁၄) ထိ | ၂၄ ဦး | |
| အမှတ်စဉ် (၂) | (၂၈-၆-၂၀၁၄) မှ (၂၃-၁၂-၂၀၁၅) ထိ | ၁၉ ဦး | |
| အမှတ်စဉ် (၃) | (၁၁-၂-၂၀၁၆) မှ (၂၆-၇-၂၀၁၇) ထိ | ၁၈ ဦး | |
| အမှတ်စဉ် (၄) | (၅-၃-၂၀၁၈) မှ (၂၈-၈-၂၀၁၉) ထိ | ၁၈ဦး | |
| စုစုပေါင်း | | ၇၉ ဦး | |

## (၂၀၁၇ ခုနှစ် မှ၂၀၁၉ ခုနှစ်) ဒီဇင်ဘာလအထိ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မသန်စွမ်းသူများအား ထောက်ပံ့ခြင်း

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် | စာရင်းရှိ မသန်စွမ်းဦးရေ | ထောက်ပံ့ပြီး မသန်စွမ်း ဦးရေ | ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | ကချင်ပြည်နယ် | ၄၄၀၆ | ၄၃၉၁ | ၁၇၈.၆၃ | |
| ၂။ | ကယားပြည်နယ် | ၁၆၇၅ | ၁၆၇၅ | ၈၅.၈၈ | |
| ၃။ | ကရင်ပြည်နယ် | ၁၀၄၀၈ | ၁၀၄၀၈ | ၆၃၅.၄ | |
| ၄။ | ချင်းပြည်နယ် | ၂၆၉၁ | ၂၆၉၁ | ၈၀.၇၃ | |
| ၅။ | စစ်ကိုင်းတိုင်းဒေသကြီး | ၂၀၄၄၅ | ၁၉၈၂၆ | ၅၉၄.၇၆ | |

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် | စာရင်းရှိ မသန်စွမ်းဦးရေ | ထောက်ပံ့ပြီး မသန်စွမ်း ဦးရေ | ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|
| ၆။ | ပဲခူးတိုင်းဒေသကြီး | ၂၇၀၅၉ | ၂၇၀၅၉ | ၈၁၁.၇၇ | |
| ၇။ | တနင်္သာရီတိုင်းဒေသကြီး | ၃၀၈၂ | ၃၀၈၂ | ၉၂.၄၆ | |
| ၈။ | မကွေးတိုင်းဒေသကြီး | ၁၅၇၆၁ | ၂၅၆၃၆ | ၇၆၉.၀၈ | |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၁၂၂၈၂ | ၁၂၂၈၂ | ၃၆၈.၄၆ | |
| ၁၀။ | မွန်ပြည်နယ် | ၂၈၉၂ | ၂၈၉၂ | ၈၆.၇၆ | |
| ၁၁။ | ရခိုင်ပြည်နယ် | ၉၇၅၆ | ၉၇၅၆ | ၂၉၂.၆၈ | |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၁၉၂၃၉ | ၉၅၇၈ | ၂၈၇.၃၄ | |
| ၁၃။ | ရှမ်းပြည်နယ် | ၆၄၈၁ | ၅၂၂၀ | ၆၅၅.၇၅ | |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၂၄၂၄၃ | ၂၄၂၄၃ | ၇၂၇.၂၉ | |
| ၁၅။ | နေပြည်တော် | ၁၉၇၄ | ၁၉၇၄ | ၅၉.၅၉ | |
| စုစုပေါင်း | | ၁၆၂၃၉၄ | ၁၆၀၇၁၃ | ၅၇၂၆.၂၄ | |

စစ်ကိုင်းမျက်မမြင်ကျောင်း

| စဉ် | ခုနှစ် | အနှိပ်သင်တန်း | | ဖန်စီသင်တန်း | | ကြိမ်ထိုးသင်တန်း | | ဗေဒင် သင်တန်း | | လုပ်ငန်းခွင် ဝင်ရောက် | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ကျား | မ | ကျား | မ | ကျား | မ | ကျား | မ | ကျား | မ | |
| ၁။ | ၂၀၁၇ ခုနှစ် | ၈ | ၈ | ၄ | - | - | - | - | - | ၃ | ၃ | |
| ၂။ | ၂၀၁၇ ခုနှစ် | ၁၁ | ၆ | - | - | - | - | - | - | ၃ | ၁ | |
| ၃။ | ၂၀၁၉ ခုနှစ် | ၁၁ | ၁၀ | ၃ | ၂ | - | - | - | - | ၁ | - | |
| စုစုပေါင်း | | ၃၀ | ၂၀ | ၃ | ၂ | | | | | ၇ | | |

## ကြည့်မြင်တိုင်မျက်မမြင်ကျောင်း

| စဉ် | ပညာသင်နှစ် | အနှိပ် (၂) နှစ် သင်တန်း | | အလုပ် အကိုင် ရရှိမှု | | အနှိပ် (၁) နှစ် သင်တန်း | | အလုပ် အကိုင် ရရှိမှု | | အနှိပ် (၃)လ သင်တန်း | | အလုပ် အကိုင် ရရှိမှု | | ကြိမ်ထိုး သင်တန်း | | အလုပ် အကိုင် ရရှိမှု | | ဗေဒင် သင်တန်း | | အလုပ် အကိုင် ရရှိမှု | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ကျား | မ | ကျား | မ | ကျား | မ | ကျား | မ | ကျား | မ | ကျား | မ | ကျား | မ | ကျား | မ | ကျား | မ | | | |
| ၁။ | ၂၀၁၇-၂၀၁၈ | ၇ | ၅ | ၇ | ၅ | ၁၁ | ၃ | ၁၁ | ၃ | ၁၀ | ၂ | ၁၀ | ၂ | ၇ | - | ၂ | - | ၄ | ၆ | - | - | |
| ၂။ | ၂၀၁၈-၂၀၁၉ | ၇ | ၇ | ၇ | ၇ | ၇ | ၇ | ၇ | ၇ | ၇ | ၆ | ၇ | ၆ | ၉ | - | ၂ | - | ၃ | ၃ | - | - | |
| စုစုပေါင်း | | ၁၄ | ၁၂ | ၁၄ | ၁၂ | ၁၈ | ၁၀ | ၁၈ | ၁၀ | ၁၇ | ၈ | ၁၇ | ၈ | ၁၆ | - | ၄ | - | ၇ | ၉ | - | - | |

## မသန်စွမ်းသက်ကြီး သင်တန်းကျောင်းတွင် မသန်စွမ်းသူများအား အသက်မွေးဝမ်းကျောင်း ပညာသင်ကြား ပေးနိုင်မှုအခြေအနေ

| စဉ် | ပညာ သင်နှစ် | သင်တန်း ကာလ | | အီလက် ထရောနစ် (၁) နှစ် | | စက်ချုပ် | | ခေတ်ပုံ | | တံဆိပ်ရိုက် | | ဆံသ | | ကွန်ပျူတာ | | စုစုပေါင်း | | မှတ် ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မှ | ထိ | ကျား | မ | ကျား | မ | ကျား | မ | ကျား | မ | ကျား | မ | ကျား | မ | ကျား | မ | |
| ၁။ | ၂၀၁၇ - ၂၀၁၈ | ၁၅.၅.၂၀၁၇<br>၁၁.၉.၂၀၁၇<br>၂.၁.၂၀၁၈ | ၁၁.၈.၂၀၁၇<br>၈.၁၂.၂၀၁၇<br>၃၀.၃.၂၀၁၈ | ၁<br>-<br>- | -<br>-<br>- | ၅<br>၄<br>၃ | ၆<br>၅<br>၄ | ၈<br>၂<br>၄ | -<br>-<br>- | ၁၄<br>၇<br>၆ | ၁<br>-<br>၁ | ၈<br>၁၀<br>၁၁ | ၁<br>-<br>၁ | ၈<br>၇<br>၉ | ၂<br>၁<br>၁ | ၅၄<br>၃၀<br>၃၄ | ၁၀<br>၆<br>၆ | |
| ၂။ | ၂၀၁၈ - ၂၀၁၉ | ၁၄.၅.၂၀၁၈<br>၁၀.၉.၂၀၁၈<br>၇.၁၂.၂၀၁၉ | ၁၀.၈.၂၀၁၈<br>၇.၁၂.၂၀၁၈<br>၅.၄.၂၀၁၉ | ၈<br>-<br>- | -<br>-<br>- | ၃<br>၅<br>၆ | ၅<br>၇<br>၁၂ | ၆<br>၇<br>၅ | -<br>၁<br>- | ၁၀<br>၁၀<br>၁၆ | -<br>-<br>၁ | ၁၀<br>၁၀<br>၉ | -<br>-<br>၁ | ၁၀<br>၁၀<br>၁၇ | ၁<br>၁<br>၂ | ၄၇<br>၄၂<br>၅၃ | ၆<br>၉<br>၁၆ | |
| ၃။ | ၂၀၁၈ - ၂၀၁၉ | ၁၃.၅.၂၀၁၉<br>၉.၉.၂၀၁၉ | ၉.၈.၂၀၁၉<br>၆.၁၂.၂၀၁၉ | ၁၄<br>- | -<br>- | ၄<br>၈ | ၁၁<br>၃ | ၆<br>၆ | -<br>- | ၁၄<br>၁၄ | ၁<br>၄ | ၁၀<br>၈ | ၄<br>၄ | ၁၀<br>၁၃ | ၆<br>၆ | ၅၈<br>၄၄ | ၂၂<br>၂၂ | |

**ရှေးဦးအရွယ်ကလေးသူငယ် ဖွံ့ဖြိုးရေးအခြေအနေတိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း(ECI)**

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ၂၀၁၄ ခုနှစ်တွင် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒကိုချမှတ်ခဲ့ပြီး ယင်းမူဝါဒပါ မဟာဗျူဟာ (၁၀) ရပ်အနက် မဟာဗျူဟာ (၃)အရ ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးရေးအခြေအနေတိုင်းတာ စစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း (Early Childhood Intervention – ECI) ကို ပညာရေး၊ ကျန်းမာရေး၊ အာဟာရနှင့် အကာအကွယ်ပေးရေးနယ်ပယ်များတွင် ကဏ္ဍပေါင်းစုံ ပါဝင်သည့်ဝန်ဆောင်မှုများကို ဆက်စပ်ဝန်ကြီး ဌာနများ/အဖွဲ့အစည်းများနှင့်အတူ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလမှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိပါသည်။

**ရည်ရွယ်ချက်**

၂။ အောက်ပါရည်ရွယ်ချက်များဖြင့် ချမှတ်ဆောင်ရွက်ပါသည်–

(က) မွေးစမှ ၅ နှစ်အရွယ်ရှိ ကလေးများ၏ ကျန်းမာရေး၊ အာဟာရနှင့် သာယာပျော်ရွှင်မှု တိုးတက်စေရေးအတွက် မြှင့်တင်ရန်၊

(ခ) လက်ရှိဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ကိုင်နိုင်စွမ်းများကို အားကောင်းလာစေရန်၊ ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးခြင်းများကို လျော့ချပြီးကျော်လွှားသွားရန်၊ ရှိနေပြီးဖြစ်သော သို့မဟုတ် ဖြစ်ပေါ်လာနေသော မသန်စွမ်းမှုများကို အတတ်နိုင်ဆုံး သက်သာစေရန်၊ နောက်ထပ်ဖွံ့ဖြိုးမှုနောက်ကျခြင်းနှင့် မသန်စွမ်းဖြစ်မှုတို့ကို ကာကွယ်နိုင်ရန်၊

(ဂ) မိဘ၏ကောင်းမွန်သောပြုစုစောင့်ရှောက်မှုတိုးတက်လာစေရန်နှင့် မိသားစုဘဝမြှင့်တင်ရန်တို့အတွက် အထောက်အကူ ဖြစ်စေရန်၊

**ဆက်စပ်ဝန်ကြီးဌာနနှင့် မိတ်ဖက်အဖွဲ့အစည်းများ**

၃။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဦးဆောင်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနတို့နှင့် UNICEF (မြန်မာ)၊ TLMM တို့ပူးပေါင်း၍ ရှေးဦးအရွယ် ကလေးသူငယ်ဖွံ့ဖြိုးရေးအခြေအနေ တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ (၂၀၁၇–၂၀၂၁) ကို (၇–၄–၂၀၁၇) ရက်နေ့တွင် မိတ်ဆက်ဖြန့်ချိနိုင်ခဲ့ပါသည်။

**မဟာဗျူဟာပါ ဦးစားပေး အစီအစဉ်များ**

၄။ မဟာဗျူဟာပါ ဦးစားပေးအစီအစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) အသိပေးလှုံ့ဆော်ခြင်း၊ ပြန်လည်ဆက်သွယ်ရေးများနှင့် ECI ဝန်ဆောင်မှုများအကြောင်း အသိပညာပေးခြင်း၊

(ခ) ရပ်ရွာအရောက် သွားရောက်ဝန်ဆောင်မှုပေးခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုတိုင်းတာစစ်ဆေးခြင်း၊ ညွှန်းပို့ခြင်း၊

(ဂ) ECI ဝန်ဆောင်မှုလုပ်ငန်းများ ဖော်ဆောင်ခြင်း၊

(ဃ) ECI ဝန်ဆောင်မှုလုပ်ငန်းများအတွက် လုပ်ငန်းခွင်အကြိုသင်တန်းများကို စီမံချက်ဧရိယာများအတွင်း ကွင်းဆင်းအကောင်အထည်ဖော်ဆောင်ခြင်း၊

(င) ECI ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ဆောင်ခြင်း၊ အဆင့်လိုက်တိုးချဲ့ခြင်း၊

(စ) ECI လုပ်ငန်းတာဝန်ယူမှု၊

(ဆ) ကဏ္ဍပေါင်းစုံ ညှိနှိုင်းဆောင်ရွက်ခြင်း၊ ပူးပေါင်းအကောင်အထည်ဖော်ခြင်း၊

(ဇ) ECI စနစ်ဖွဲ့စည်းခြင်း၊ နှစ်စဉ်လုပ်ငန်းအစီအစဉ်များ ချမှတ်ခြင်း၊

**အနာဂတ်မျှော်မှန်းချက်**

၅။ ဖွံ့ဖြိုးမှုနှောင့်နှေးခြင်း၊ အာဟာရချို့တဲ့ခြင်း၊ မသန်စွမ်းနှင့်အခြားလိုအပ်ချက်များရှိခြင်းနှင့်အညီ ဖွံ့ဖြိုးမှုနှောင့်နှေးဖွယ်ရှိသည့် မွေးစမှ ၅ နှစ်အရွယ် ကလေးများအားလုံးသည် ၎င်းတို့ ဖွံ့ဖြိုးတိုးတက်နိုင်ခြေရှိသည့် အလားအလာများကို အပြည့်အဝရရှိရန်နှင့် ၎င်းတို့၏ အခွင့်အရေးများကိုရရှိနိုင်ရန် အရည်အသွေးမြင့်မားသည့် ECI ဝန်ဆောင်မှုများကို ရရှိနိုင်ရမည်ဆိုသည့် အနာဂတ်ရည်မှန်းချက်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

**အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရှေ့ပြေးဇရိယာများ**

၆။ Early Childhood Intervention (ECI) ရှေ့ပြေးဇရိယာများအဖြစ် အောက်ဖော်ပြပါဒေသများကို ရွေးချယ်၍ ဝန်ဆောင်မှုလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်–

(က) ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ဒဂုံမြို့နယ်၊ ရှမ်းတဲကြီးကျေးရွာအုပ်စု
(ခ) ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ် (၁) ရပ်ကွက်
(ဂ) ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ ဒါးကကျေးရွာအုပ်စု
(ဃ) စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်
(င) စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်၊ ငါးလုံးတင်ကျေးရွာအုပ်စု
(စ) မွန်ပြည်နယ်၊ သထုံမြို့နယ်၊ လိပ်အင်းရပ်ကွက်
(ဆ) မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အလုပ်ကျေးရွာအုပ်စု

**သင်တန်းသားရွေးချယ်ခြင်း**

၇။ Early Childhood Intervention (ECI) ရှေ့ပြေးဇရိယာဒေသများတွင် ဝန်ဆောင်မှုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အောက်ဖော်ပြပါ သင်တန်းသားများကို ရွေးချယ်၍ ECI ဆိုင်ရာ သင်တန်းများကို တက်ရောက်စေခဲ့ပါသည်–

(က) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ECCD နည်းပြများ/ PTများ/ မူကြိုဆရာမများ
(ခ) ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်များ အလိုက် တက္ကသိုလ်များရှိ စိတ်ပညာဌာနမှပါမောက္ခများ/ကထိကများ/ လက်ထောက်ကထိကများ
(ဂ) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ PT များ၊ ဆေးလူမှုဆက်ဆံရေးအရာရှိများ၊ သူနာပြုတက္ကသိုလ်မှ နည်းပြများ
(ဃ) မိတ်ဖက်အဖွဲ့အစည်းများမှ ECCD နည်းပြများ/ PTများ/ မူကြိုဆရာမများ
(င) ရွေးချယ်ထားသောတိုင်းဒေသကြီး/ ပြည်နယ်များ၏ ရပ်ရွာရှိစေတနာ့ ဝန်ထမ်းများ

**ဖွင့်လှစ်ခဲ့သည့် ECI ဆိုင်ရာသင်တန်းများ**

၈။ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ရွေးချယ်ထားသောနေရာများတွင် ECI ဝန်ဆောင်မှုများ ပေးနိုင်ရန်အတွက် အောက်ပါသင်တန်းများကို ဖွင့်လှစ်ခဲ့ပါသည်-

| စဉ် | သင်တန်းအမည် | သင်တန်းကာလ | | သင်တန်းသားတက်ရောက်မှု | | သင်တန်းနေရာ |
|---|---|---|---|---|---|---|
| | | မှ | ထိ | ဌာန | ဦးရေ | |
| ၁။ | ASQ-3 (Ages & States Questionnaires) အသက်အရွယ်အလိုက် ဖွံ့ဖြိုးမှုအခြေအနေ ဆန်းစစ်ခြင်းသင်တန်း | ၂၀၁၆ခုနှစ်၊ ဒီဇင်ဘာလ | | လူမှုဝန်ထမ်း<br>ပြင်ပ ပညာရှင်<br>ကျန်းမာရေးနှင့်<br>လူ့စွမ်းအား<br>အရင်းအမြစ်ဦးစီဌာန<br>TLMM (မြန်မာ) | (၄)ဦး<br>(၄)ဦး<br>(၈)ဦး<br>(၄)ဦး | ရန်ကုန်တိုင်းဒေသကြီး၊ မသန်စွမ်းသက်ငယ် သင်တန်းကျောင်း |
| | | | | စုစုပေါင်း သင်တန်းသား | ၂၀ ဦး | |
| ၂။ | ASQ - SE2 (Ages And States Quest-ionnaires-Social Emotional) လူမှုဆက်ဆံရေးနှင့် စိတ်ပိုင်းဆိုင်ရာ ခံစားမှုများ ဖွံ့ဖြိုးမှု အခြေအနေ ဆန်းစစ်ခြင်း သင်တန်း | (၁၂-၃-၂၀၁၈) | (၁၆-၃-၂၀၁၈) | လူမှုဝန်ထမ်း ပြင်ပ<br>ပညာရှင် ကျန်းမာရေး<br>နှင့် လူ့စွမ်းအား<br>အရင်းအမြစ်<br>ဦးစီးဌာန | (၁၉) ဦး<br>(၆) ဦး<br>(၁၅)ဦး | ရန်ကုန်တိုင်းဒေသကြီး ECCD Resource Center |
| | | | | စုစုပေါင်း သင်တန်းသား | (၄၀) ဦး | |
| ၃။ | AEPS (Assessment, Evaluation & Programming System) လေ့လာဆန်းစစ်၊ သုံးသပ်အကဲဖြတ်၊ အစီအစဉ်ရေးဆွဲခြင်း သင်တန်း | (၂၅-၄-၂၀၁၈) | (၂၇-၄-၂၀၁၈) | လူမှုဝန်ထမ်း<br>အဆင့်မြင့်ပညာ<br>ဦးစီးဌာန<br>ကျန်းမာရေး<br>နှင့် လူ့စွမ်းအား<br>အရင်းအမြစ်ဦးစီး<br>ဌာန<br>TLMM (မြန်မာ)<br>NGO | (၁၅) ဦး<br>(၇) ဦး<br>(၁၄) ဦး<br>(၂) ဦး<br>(၈) ဦး | နေပြည်တော်၊ မင်္ဂလာသီရိ ဟိုတယ် |
| | | | | စုစုပေါင်း သင်တန်းသား | (၄၆) ဦး | |

၉။ ထို့အပြင် ရှေးဦးအရွယ်ကလေးသူငယ် ဖွံ့ဖြိုးရေးအခြေအနေ တိုင်းတာစစ်ဆေးနိုင်ရေးနှင့် ရှေးပြေးဝန်ဆောင်မှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်နိုင်ရေး အဆင်ပြေချောမွေ့စေရန်အတွက် အောက်ဖော်ပြပါသင်တန်းများကို ဖွင့်လှစ်ခဲ့ပါသည်-

| စဉ် | သင်တန်းအမည် | သင်တန်းကာလ | | သင်တန်းသားတက်ရောက်မှု | | သင်တန်းနေရာ |
|---|---|---|---|---|---|---|
| | | မှ | ထိ | ဌာန | ဦးရေ | |
| ၁။ | ရန်ကုန်တိုင်းဒေသကြီးနှင့်ဧရာဝတီတိုင်းဒေသကြီးတို့အတွက် ပထမအကြိမ် ECLလုပ်ငန်းခွင်အကြိုသင်တန်း | (၁-၈-၂၀၁၈) | (၃၁-၈-၂၀၁၈) | လူမှုဝန်ထမ်း<br>-ECCD နည်းပြများ<br>-PT များ<br>-မူကြိုဆရာမများ ပြင်ပပညာရှင်၊ များ၊ စေတနာ့ဝန်ထမ်း | (၄၀)ဦး<br>(၁၂)ဦး<br>(၅၄)ဦး | ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ် တီးတိန်နှစ်ခြင်း ခရစ်ယာန်ဘုရားကျောင်း |
| | | | | စုစုပေါင်း သင်တန်းသား | (၁၀၆) ဦး | |
| ၂။ | စစ်ကိုင်းတိုင်းဒေသကြီးအတွက် ECI လုပ်ငန်းခွင်အကြိုသင်တန်း (ဒုတိယအကြိမ်) | (၃-၁၂-၂၀၁၈) | (၃-၁-၂၀၁၉) | လူမှုဝန်ထမ်း<br>-ECCD နည်းပြများ-PT များ<br>-မူကြိုဆရာမများ ပြင်ပပညာရှင် စေတနာ့ဝန်ထမ်း | (၁၅) ဦး<br>(၈) ဦး<br>(၁၂)ဦး | ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၆၅) ကျိုက်ဝိုင်းဘုရားလမ်းရှိ ECCD Resource Center |
| | | | | စုစုပေါင်း သင်တန်းသား | (၃၅) ဦး | |
| ၃။ | မွန်ပြည်နယ်အတွက် ECI လုပ်ငန်းခွင်အကြိုသင်တန်း (တတိယအကြိမ်) | (၁၈-၂-၂၀၁၉) | (၂၀-၃-၂၀၁၉) | လူမှုဝန်ထမ်း<br>-ECCD နည်းပြများ-PT များ<br>-မူကြိုဆရာမများ ပြင်ပပညာရှင် စေတနာ့ဝန်ထမ်း | (၂) ဦး<br>(၆) ဦး<br>(၄၂)ဦး | မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ စမ်းကြီးဝရပ်ကွက်ရှိ အထူးပြုစုစောင့်ရှောက်ရန် လိုအပ်သောကလေးများ သင်တန်းကျောင်း |
| | | | | စုစုပေါင်း သင်တန်းသား | (၃၅)ဦး | |

| စဉ် | သင်တန်းအမည် | သင်တန်းကာလ | | သင်တန်းသား တက်ရောက်မှု | | သင်တန်းနေရာ |
|---|---|---|---|---|---|---|
| | | မှ | ထိ | ဌာန | ဦးရေ | |
| ၄။ | Speech Therapy/ Pediatric Psychomotricity သင်တန်း | (၁၈-၃-၂၀၁၉) | (၂၉-၃-၂၀၁၉) | လူမှုဝန်ထမ်း<br>ပြင်ပပညာရှင်<br>ကျန်းမာရေးနှင့် လူ့စွမ်းအား အရင်းအမြစ်ဦးစီး ဌာနကုသရေး ဦးစီးဌာန | (၁)ဦး<br>(၉)ဦး<br>(၇) ဦး | ရန်ကုန်တိုင်း ဒေသကြီး New World Therapeutic Training Center |
| | | | | စုစုပေါင်း သင်တန်းသား | (၂၀) ဦး | |

**ECI မိတ်ဆက်အခမ်းအနားများဆောင်ရွက်ခြင်း**

၁၀။ အောက်ပါတိုင်းဒေသကြီးများတွင် ECI မိတ်ဆက်အခမ်းအနားများကို ဆောင်ရွက်ခဲ့ပါသည်။

(က) ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ဒဂုံမြို့နယ်၊ ရှမ်းတဲကြီးကျေးရွာအုပ်စုတွင် ECI ရှေးပြေးဝန်ဆောင်မှု လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ရပ်ရွာအတွင်းရှိစေတနာ့ ဝန်ထမ်းများ အားစည်းရုံး၍ ECI ရှေ့ပြေးဝန်ဆောင်မှုဆိုင်ရာ အသိပညာပေးသင်တန်းကို (၁၀.၅.၂၀၁၈) ရက်နေ့ တွင်ပြုလုပ်ခဲ့ပြီး မြို့နယ်အဆင့် ရှေးဦးအရွယ်ကလေးသူငယ် ဖွံ့ဖြိုးမှု အခြေအနေတိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း မိတ်ဆက်အခမ်းအနားကို အရှေ့ဒဂုံမြို့နယ်၊ ရှမ်းတဲကြီးကျေးရွာအုပ်စု၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်းမ၌ (၅.၁၁.၂၀၁၈) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

(ခ) ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၁) ရပ်ကွက်နှင့် ကန်ကြီးထောင့် မြို့နယ်၊ ဒါးကကျေးရွာ တို့တွင် ECI ရှေးပြေးဝန်ဆောင်မှုလုပ်ငန်းများကိုစတင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အတွက် ရပ်ရွာအတွင်းရှိ စေတနာ့ဝန်ထမ်းများအား စည်းရုံး၍ ရှေးဦးအရွယ် ကလေးသူငယ်ဖွံ့ဖြိုးမှု အခြေအနေ တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးအသိပညာပေး ဆွေးနွေးပွဲများကို ပုသိမ်မြို့တွင် (၂၁-၉-၂၀၁၈) ရက်နေ့၌လည်းကောင်း ပြုလုပ်ခဲ့ပြီး ကန်ကြီးထောင့် မြို့နယ်တွင် (၂၇-၉-၂၀၁၈) ရက်နေ့၌လည်းကောင်း ကျင်းပပြုလုပ်ခဲ့ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်တွင် မြို့နယ်အဆင့် ရှေးဦးအရွယ်ကလေးသူငယ် မိတ်ဆက် အခမ်းအနားကို မုံရွာမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးမှူး ရုံးခန်းမနှင့် မုံရွာမြို့နယ် နန္ဒဝန်ရပ်ကွက်၊ မန်ကျည်းအုပ်တောရကျောင်း၌ (၂၉-၁-၂၀၁၉) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

**ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များ**

၁၁။ အောက်ပါတိုင်းဒေသကြီးများတွင် ECI ရွေ့ပြောင်းဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်-

| စဉ် | ECI ဝန်ဆောင်မှု ပေးနေသည့် ရွေ့ပြောင်းဧရိယာ ဒေသများ | ECI ဆန်းစစ် ပြီးသော ကလေး ဦးရေ | အဖြူ ရောင် ဧရိယာ အတွင်းရှိ ကလေး ဦးရေ | မီးခိုး ရောင် ဧရိယာ အတွင်းရှိ ကလေး ဦးရေ | အမည်း ရောင် ဧရိယာ အတွင်းရှိ ကလေး ဦးရေ | T-TEAM မှ ထပ်မံ ဆန်းစစ် ပေးသည့် ကလေး ဦးရေ | ECI ညွှန်ပို့ပြီး ကလေး ဦးရေ |
|---|---|---|---|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး အရှေ့ဒဂုံမြို့နယ်၊ ရှမ်းတဲကြီးကျေးရွာ အုပ်စု (၂၀၁၈ ခုနှစ်၊ နိုင်ဝင်ဘာလမှ ၂၀၁၉ ခုနှစ်၊ မတ်လအထိ) | ၁၇၇ ဦး | ၉၀ ဦး | ၂၇ ဦး | ၁ ဦး | ၁ ဦး | ၁ ဦး |
| ၂။ | ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ အမှတ် (၁) ရပ်ကွက် (၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၁၉ ခုနှစ်၊ မတ်လ အထိ) | ၁၁၆၇ ဦး | ၁၀၇၃ ဦး | ၉၄ ဦး | ၁၇ ဦး | ၁၇ ဦး | ၇ ဦး |
| ၃။ | ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၊ ဒါးကကျေးရွာ (၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ မှ၂၀၁၉ ခုနှစ်၊ မတ်လ အထိ) | ၅၅၉ ဦး | ၅၁၈ ဦး | ၄၁ ဦး | ၁၃ ဦး | ၁၃ ဦး | ၇ ဦး |
| ၄။ | စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက် (၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၁၉ ခုနှစ်၊ မတ်လ အထိ) | ၁၈၃ ဦး | - | - | - | - | - |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅။ | စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်၊ ငါးလုံးတင်ရပ်ကွက် (၂၀၁၉ ခုနှစ်၊ဖေဖော်ဝါရီလ မှ၂၀၁၉ ခုနှစ်၊ မတ်လအထိ | ၂၇၁ ဦး | - | - | - | - | - |

**မှတ်ချက်**(က) သက်ဆိုင်ရာ ဧရိယာများသို့ ECI လုပ်ငန်းခွင် သင်တန်းရရှိထားသည့် စေတနာ့ဝန်ထမ်းများ၊ လူမှုဝန်ထမ်းဦးစီးဌာန ဝန်ထမ်းများမှ အသက် (၅) နှစ် အောက်ကလေးများအား ASQ -3 (Ages And Stages Questionnaires-Social Emotional), ASQ-SE2(Ages And Stages Questionnaires-Social Emotional) မေးခွန်းလွှာများဖြင့် ကနဦးဆန်းစစ်ပါသည်။

(ခ) ကနဦးဆန်းစစ်ပြီးသည့် ကလေးများအနက်မှ ထပ်မံစစ်ဆေးရန် လိုအပ်သည့် ကလေးများကို T-Team (Trans-disciplinary Team)မှ AEPS (Assessment, Evaluation & Programming System) မေးခွန်းလွှာများဖြင့် ထပ်မံဆန်းစစ်ပါသည်။

(ဂ) အဖြူရောင်ဧရိယာဆိုသည်မှာ ECI ကနဦးဆန်းစစ်မှုအရ အသက်အရွယ်အလိုက် ပုံမှန်ဖွံ့ဖြိုးမှု ရှိနေသော ကလေးအမျိုးအစားဖြစ်ပါသည်။

(ဃ) မီးခိုးရောင်ဧရိယာဆိုသည်မှာ ECI ကနဦးဆန်းစစ်မှုအရ အသက်အရွယ်အလိုက် ဖွံ့ဖြိုးမှု အနည်းငယ် နှောင့်နှေးဖွယ်ရှိသော ကလေးအမျိုးအစား ဖြစ်ပါသည်။

(င) အမည်းရောင်ဧရိယာဆိုသည်မှာ ECI ကနဦးဆန်းစစ်မှုအရ အသက်အရွယ်အလိုက် ဖွံ့ဖြိုးမှု နှောင့်နှေးပြီး မသန်စွမ်းမှုအခြေအနေပေါ်မူတည်၍ ကုသမှုပေးရန် လိုအပ်သော ကလေးအမျိုး အစားဖြစ်ပါသည်။

(စ) T-Team (Trans - disciplinary Team) ဆိုသည်မှာ ပညာရပ်နယ်ပယ်စုံမှ ကျွမ်းကျင်ပညာရှင် များပါဝင်သော အဖွဲ့ဖြစ်ပါသည်။

(ဆ) ရွှေဂုံတိုင်ကလေးပြုစုရေးဌာန၊ ပုသိမ်ကလေးပြုစုရေးဌာန၊ မန္တလေး ကလေးပြုစုရေးဌာန၊ မော်လမြိုင် ကလေးပြုစုရေးဌာန၊ မကွေးကလေးပြုစုရေးဌာနနှင့် စစ်တွေကလေးပြုစုရေးဌာန တို့တွင်လည်း ECI ဝန်ဆောင်မှုလုပ်ငန်းများကို စတင်အကောင်အထည် ဖော်ဆောင်ရွက် လျက်ရှိပါသည်။

## ဆောင်ရွက်မည့်ရှေ့လုပ်ငန်းစဉ်များ

၁၂။ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(က) မွန်ပြည်နယ်တွင် ECI ရွေ့ပြောင်းဝန်ဆောင်မှုများဆောင်ရွက်ရန် ရွေးချယ်ထားသော ဒေသများတွင် ECI အစီအစဉ် မိတ်ဆက်ခြင်းများကို ပြုလုပ်ရန်နှင့် စေတနာ့ဝန်ထမ်းများအတွက် အကြို လေ့ကျင့်မှုပြုလုပ်ခြင်းများကို ၂၀၁၉ ခုနှစ်၊ ဧပြီလတွင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ခ) ရွေ့ပြောင်းဝန်ဆောင်မှုများ ဆောင်ရွက်လျက်ရှိသော ရေဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး နှင့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့ရှိ သတ်မှတ်ဧရိယာများတွင် ECI အိမ်တိုင်ရာ ရောက် ဝန်ဆောင်မှုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ဂ) ECI ဝန်ဆောင်မှုအတွက် လုပ်ငန်းညွှန်ကြားချက်ကို ၂၀၁၉ ခုနှစ်၊ မေလအတွင်း လူမှုဝန်ထမ်းဦးစီးဌာနတွင် ကျင်းပပြုလုပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

(ဃ) ECI လုပ်ငန်းအဖွဲ့နှင့် စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးကို ၂၀၁၉ ခုနှစ်၊ မေလအတွင်း ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ကျင်းပပြုလုပ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါ သည်။

(င) ECI ပြည်တွင်းအကြံပေးပုဂ္ဂိုလ်ဦးဆောင်သောအဖွဲ့သည် ECI ရှေ့ပြေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ဧရိယာများသို့ မေလအတွင်းတွင် ကွင်းဆင်းလေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

(စ) AEPS Refresher Training နှင့် AEPS မွမ်းမံသင်တန်းများနှင့် အခြား ECI ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများကို ၂၀၁၉ ခုနှစ် အတွင်းတွင် ဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

**နိဂုံး**

၁၃။ ရှေးဦးအရွယ် ကလေးသူငယ်ဖွံ့ဖြိုးမှု အခြေအနေတိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း (ECI) ဝန်ဆောင်မှုလုပ်ငန်းများကို ရှေ့ပြေးဒေသများတွင် အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး မဟာဗျူဟာပါ ရှေ့လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း တိုးချဲ့ဧရိယာများ ရွေးချယ်၍အိမ်တိုင်ရာရောက်ဝန်ဆောင်မှုများ ဆောင်ရွက်ခြင်းအပြင် (ECI) လုပ်ငန်းစဉ်များ ဖွံ့ဖြိုးတိုးတက်စေရန် အသိပညာပေးလုပ်ငန်းများ၊ (ECI) ဆိုင်ရာသင်တန်းများ၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကျင်းပ၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

# ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန
# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

**တိုင်းဒေသကြီးနှင့်ပြည်နယ်များမှပေးပို့လာသော မသန်စွမ်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိရေး ဆောင်ရွက်ပေးနိုင်မှု**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဟိုတယ်/တည်းခိုရိပ်သာ | |
|---|---|---|---|
| | | အရေအတွက်(လုံး) | ဦးရေ |
| ၁။ | ရန်ကုန်တိုင်းဒေကြီး | ၆ လုံး | ၃၁ ဦး |
| ၂။ | ဧရာဝတီတိုင်းဒေသကြီး | ၄ လုံး | ၄ ဦး |
| ၃။ | ကရင်ပြည်နယ် | ၁ လုံး | ၁ ဦး |
| **စုစုပေါင်း** | | ၁၁ လုံး | ၃၆ ဦး |

**မသန်စွမ်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိရေးဆောင်ရွက်ပေးနိုင်မှု(ရန်ကုန်တိုင်းဒေသကြီး)**

| စဉ် | ဟိုတယ်အမည် | မသန်စွမ်းဝန်ထမ်း | | စုစုပေါင်း | တာဝန်ထမ်းဆောင်သည့်ဌာန |
|---|---|---|---|---|---|
| | | ကျား | မ | | |
| ၁။ | Sule Shangrila | ၂<br>၁<br>၂<br>၁<br>၁ | -<br>၁<br>-<br>-<br>- | ၂<br>၁<br>၃<br>၁<br>၁ | နားမကြား(Kitchen)<br>နားမကြား(Laundry)<br>နားမကြား၊လမ်းမလျှောက်နိုင် (Security)<br>လက်တစ်ဖက်လက်ချောင်းမရှိ (Pastry)<br>ပိုလီယို(HR) |
| | | ၇ | ၁ | ၈ | |
| ၂။ | Summit Park View Hotel | ၂<br>၂ | -<br>- | ၂<br>၂ | နားမကြား (House Keeping)<br>နားမကြား (Kitchen) |
| | | ၄ | - | ၄ | |
| ၃။ | Rose Garden Hotel | - | ၁ | ၁ | နားမကြား (Kitchen) |
| ၄။ | Inya Lake Hotel | ၁ | - | ၁ | နားမကြား (Kitchen) |
| ၅။ | Novotel Hotel | ၃<br>၆<br>၂ | ၂<br>-<br>- | ၅<br>၆<br>၂ | နားမကြား၊ ခြေတစ်ဖက်နိမ့်(F&B)<br>နားမကြား၊ ဉာဏ်ရည်မမီ(Kitchen)<br>နားမကြား၊ခြေတစ်ဖက်ပြတ် (House Keeping) |
| | | ၁၁ | ၂ | ၁၃ | |

| စဉ် | ဟိုတယ်အမည် | မသန်စွမ်းဝန်ထမ်း | | စုစုပေါင်း | တာဝန်ထမ်းဆောင်သည့်ဌာန |
|---|---|---|---|---|---|
| | | ကျား | မ | | |
| ၆။ | Chatrium Hotel | ၁<br>၁<br>၁<br>၁ | -<br>-<br>-<br>- | ၁<br>၁<br>၁<br>၁ | နားမကြား (Kitchen)<br>နားမကြား (House Keeping)<br>ကျောရိုးပုံသဏ္ဍာန်မမှန်ခြင်း(IT)<br>မျက်မမြင် (Front Office) |
| | | ၄ | - | ၄ | |
| Grand Total | | ၂၇ | ၄ | ၃၁ | |

## မသန်စွမ်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးဆောင်ရွက်ပေးနိုင်မှု(ဧရာဝတီတိုင်းဒေသကြီး)

| စဉ် | ဟိုတယ်အမည် | မသန်စွမ်းဝန်ထမ်း | | စုစုပေါင်း | တာဝန်ထမ်းဆောင်သည့်ဌာန |
|---|---|---|---|---|---|
| | | ကျား | မ | | |
| ၁။ | Thiri Hotel | - | ၁ | ၁ | ဘယ်လက်ဖဝါးမပါ(LENIN STORE) |
| ၂။ | Grand Hotel | -<br>- | ၁<br>၁ | ၁<br>၁ | ဘယ်လက်ချောင်းမပါ(HK)<br>ခြေထောက်ချို့ယွင်း (KITCHEN) |
| ၃။ | Azura Hotal | ၁ | - | ၁ | ခြေထောက်ချို့ယွင်း (GARDENER) |
| Grand Total | | ၁ | ၃ | ၄ | |


## မသန်စွမ်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးဆောင်ရွက်ပေးနိုင်မှု(ကရင်ပြည်နယ်)

| စဉ် | ဟိုတယ်အမည် | မသန်စွမ်းဝန်ထမ်း | | စုစုပေါင်း | တာဝန်ထမ်းဆောင်သည့်ဌာန |
|---|---|---|---|---|---|
| | | ကျား | မ | | |
| ၁။ | Keinnara Hpa-an Hotel | - | ၁ | ၁ | Finance Assistant Manager |

| စဉ် | မြို့နယ် | ထောက်ပံ့ပြီးဦးရေ | မသန်စွမ်းထောက်ပံ့ပြီးငွေ | မှတ်ချက် |
|---|---|---|---|---|
| ၁။ | လှိုင်းဘွဲ့ | ၁၂၄၉ | ၁၂၄၉၀၀၀၀၀ | |
| ၂။ | ဘားအံ | ၇၆၂ | ၇၆၂၀၀၀၀၀ | |
| ၃။ | ဖာပွန် | ၂၃၃ | ၂၃၃၀၀၀၀၀ | |
| ၄။ | ကော့ကရိတ် | ၉၆၂ | ၉၆၂၀၀၀၀၀ | |
| ၅။ | ကြာအင်းဆိပ်ကြီး | ၇၁၂ | ၇၁၂၀၀၀၀၀ | |
| ၆။ | မြဝတီ | ၄၄၂ | ၄၄၂၀၀၀၀၀ | |
| ၇။ | သံတောင်ကြီး | ၂၅၆ | ၂၅၆၀၀၀၀၀ | |
| စုစုပေါင်း | | ၄၆၁၆ | ၄၆၁၆၀၀၀၀၀ | |



မသန်စွမ်းဧည့်သည်များအတွက်
အဆင်ပြေချောမွေ့စေရန်
ဆောင်ရွက်ထားရှိမှု
အခြေအနေများ။
(Pan Pacific Hotel , Yangon)




မသန်စွမ်းဧည့်သည်များအတွက်
အဆင်ပြေချောမွေ့စေရန်
ဆောင်ရွက်ထားရှိမှု
အခြေအနေများ။
(Lotte Hotel ,Yangon)



ဟိုတယ်များတွင်
မသန်စွမ်းဧည့်သည်များအတွက်
Whell Chair ဖြင့် သွားလာမှု
အဆင်ပြေစေရန် ဆောင်ရွက်ထားရှိမှု
အခြေအနေများ။
(Golden Beach Hotel ,
Chaung Tha)

## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန
## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

၁။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း “တိုင်းရင်းသား အခွင့်အရေးများဆိုင်ရာ ပညာပေးဟောပြောခြင်းနှင့် တိုင်းရင်းသားရေးရာအခြေခံအချက်များ ကောက်ယူခြင်း အစီအစဉ်” ကို တိုင်းဒေသကြီး/ပြည်နယ် (၁၄)ခုတွင် (၆၄)ကြိမ် ဆောင်ရွက်ခဲ့ပြီး ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မန္တလေး တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပူးပေါင်း၍ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေပါ အခွင့်အရေးများနှင့် မသန်စွမ်းသူ များ မှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များအား တိုင်းရင်းသားပြည်သူများ ကျယ်ပြန့်စွာ ပိုမိုသိရှိနားလည်နိုင်စေရန် အသိပညာပေးခြင်းများကို (၂၁)ကြိမ် ဆောင်ရွက်ခဲ့ရာ စုစုပေါင်းလူဦးရေ(၂၄၉၈)ဦး တက်ရောက်ခဲ့ပါသည်။



၂၁-၅-၂၀၁၉ ရက်နေ့တွင် မွန်ပြည်နယ်၊ သထုံမြို့နယ်၊ နောင်ကုလားကျေးရွာ၌ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေနှင့် မသန်စွမ်းသူများ၏ အခွင့်အရေးများကို တက်ရောက်လာသည့် တိုင်းရင်းသားပြည်သူများအား ရှင်းလင်းပြောကြားစဉ်။



၁၇-၅-၂၀၁၉ ရက်နေ့တွင် ကချင်ပြည်နယ်၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်အောင်ဝင်းက Gender နှင့် ကလေးသူငယ်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် မသန်စွမ်းသူများ၏ အခွင့်အရေးများ ရှင်းလင်းပြောကြားနေစဉ်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

၁။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့ရာတွင် ၇-၂-၂၀၁၈ ရက်နေ့တွင် စစ်ကိုင်း(မျက်မမြင်သင်တန်းကျောင်း)ကြည့်ရှုစစ်ဆေးခြင်း၊ ၉-၂-၂၀၁၈ ရက်နေ့တွင် ပြင်ဦးလွင်(မျက်မမြင်သင်တန်းကျောင်း)ကြည့်ရှုစစ်ဆေးခြင်း၊ ၂၆-၃-၂၀၁၉ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၌ ၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကော်မရှင်တွင် မသန်စွမ်းသူများ လွတ်လပ်စွာ အပြည့်အဝမဲပေးခွင့် ရရှိရေးအတွက် မသန်စွမ်းခေါင်းဆောင်များနှင့်တွေ့ဆုံ ဆွေးနွေးခြင်း၊ ၂၈-၃-၂၀၁၉ ရက်နေ့တွင် မသန်စွမ်းသူများအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲတွင် ဆန္ဒမဲ ပေးရာ၌ ၂၀၁၅ ခုနှစ်တွင် ကြုံတွေ့ခဲ့ရသည့် အခက်အခဲများအားသိရှိနိုင်ရန်နှင့် ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲတွင် မသန်စွမ်းသူများ လွတ်လပ်စွာ အပြည့်အဝ မဲပေးခွင့်ရရှိနိုင်ရေးကိစ္စနှင့် စပ်လျဉ်းပြီး ကြည့်မြင်တိုင်မျက်မမြင် ကျောင်းနှင့် ခဝဲခြံမျက်မမြင်ကျောင်းများသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ပါသည်။ ထို့အပြင် ကော်မရှင် ဒုတိယ ဥက္ကဋ္ဌက ၂၀၁၅ ခုနှစ် ပြည်ထောင်စုရွေးကောက်ပွဲ၌ မသန်စွမ်းသူများ မဲပေးရာတွင် အားသာချက်၊ အားနည်းချက်၊ အတွေ့အကြုံများအားမေးမြန်းခြင်းနှင့် ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲအတွက် လိုအပ်ချက်များအား ကြည့်မြင်တိုင် မျက်မမြင်ကျောင်း ဒုတိယကျောင်းအုပ် ဦးအောင်စိုးဝင်းနှင့် ဆွေးနွေးခဲ့ပါသည်။

၂။ ၂-၄-၂၀၁၉ ရက်နေ့တွင် မေရီချက်မင်း နားမကြားသော ကလေးများကျောင်းသို့ သွားရောက်၍ မြန်မာ့ ရုပ်မြင်သံကြား အစီအစဉ်၌ သတင်းထုတ်လွှင့်ရာတွင် Standardized Sign Language တိုးတက်မှုအခြေ အနေနှင့် ပြည်ထောင်စုရွေးကောက်ပွဲနှင့် ပတ်သက်၍ နားမကြားသူများ၏ တွေ့ကြုံရသည့် အခက်အခဲများအား ဆွေးနွေးခြင်း၊ ၃-၅-၂၀၁၉ ရက်နေ့တွင် စိတ်ကျန်းမာရေးဆေးရုံသို့ သွားရောက်၍ ၂၀၂၀ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲတွင် စိတ်ပေ့ါသွပ်သူများ မဲပေးခွင့်ရရှိရေးနှင့် စပ်လျဉ်း၍ စိတ်ပေ့ါသွပ်သူများ၏ သဘောသဘာဝ အကြောင်းကို လေ့လာသိရှိနိုင်ရန် ဆေးရုံမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

၃။ ၂၅-၆-၂၀၁၉ ရက်နေ့တွင် ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးတွင် မသန်စွမ်းသူများ လွတ်လပ်စွာ အပြည့်အဝ မဲပေးခွင့် ရရှိရေးအတွက် အကြံပြုချက်များအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပေးပို့ ခြင်း၊ ၂၈-၆-၂၀၁၉ ရက်နေ့တွင် CRPD Initial Report အပေါ် ကော်မရှင်အနေဖြင့် Independent Report (Parallel Report) တင်သွင်းနိုင်ရေးနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ရုံးတွင် မသန်စွမ်းခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ၁၂-၇-၂၀၁၉ ရက်နေ့တွင် ကော်မရှင်၏ CRPD ဆိုင်ရာ Independent Report အား UNCRPD သို့တင်သွင်းခြင်း၊ ၂၈-၈-၂၀၁၉ ရက်နေ့တွင် မြန်မာနိုင်ငံနားမကြားသူများ ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့မှ ၂၀၂၀ အထွေထွေ ရွေးကောက်ပွဲကော်မရှင်နှင့်ပတ်သက် ၍ ကော်မရှင်မှ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ ပေးပို့ထားသော အကြံပြုချက်များနှင့် စပ်လျဉ်းပြီးလာရောက်တွေ့ ဆုံဆွေးနွေး ခဲ့ပါသည်။

၄။ ထို့နောက် ၂၀-၁၁-၂၀၁၉ ရက်နေ့တွင် မသန်စွမ်းသူများ လွတ်လပ်စွာမဲပေးခွင့်ရရှိရေးအတွက် မြန်မာ နိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အကြံပြုချက်ပေးပို့ထားမှုအပေါ် ပြည်ထောင်စုရွေးကောက် ပွဲကော်မရှင်မှ ပြန်ကြားချက်နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၌ မသန်စွမ်း ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ၃-၁၂-၂၀၁၉ ရက်နေ့မှ ၆-၁၂-၂၀၁၉ ရက်နေ့ထိ 2019 AICHR Regional Dialogue on the Mainstreaming of the Rights of Persons with Disabilities in the ASEAN (Gender Perspective on Disability Rights) & a National Human Rights Institutions (NHRI) side event အစည်းအဝေးသို့ ကော်မရှင် ဒုတိယဥက္ကဋ္ဌ တက်ရောက်ဆွေးနွေးခဲ့ပါသည်။

| စဉ် | ရက်စွဲ | အကြောင်းအရာ | မှတ်ချက် |
|---|---|---|---|
| ၁။ | ၇-၂-၂၀၁၈ | စစ်ကိုင်း(မျက်မမြင်သင်တန်းကျောင်း)<br>ကြည့်ရှုစစ်ဆေးခြင်း | |
| ၂။ | ၉-၂-၂၀၁၈ | ပြင်ဦးလွင်(မျက်မမြင်သင်တန်းကျောင်း)<br>ကြည့်ရှုစစ်ဆေးခြင်း | |
| ၃။ | ၂၆-၃-၂၀၁၉ | မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ရုံး၌ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကော်မရှင်တွင် မသန်စွမ်းသူများလွတ်လပ်စွာ အပြည့်အဝမဲပေးခွင့် ရရှိရေးအတွက် မသန်စွမ်းခေါင်းဆောင်များနှင့်တွေ့ဆုံ ဆွေးနွေးခြင်း။ | |
| ၄။ | ၂၈-၃-၂၀၁၉ | မသန်စွမ်းသူများအနေဖြင့် ပြည်ထောင်စုရွေး ကောက်ပွဲ တွင် ဆန္ဒမဲပေးရာ၌ ၂၀၁၅ ခုနှစ်တွင် ကြုံတွေ့ခဲ့ရသည့် အခက်အခဲများအားသိရှိနိုင်ရန်နှင့် ၂၀၂၀ ခုနှစ် ရွေး ကောက်ပွဲတွင် မသန်စွမ်းသူများ လွတ်လပ်စွာအပြည့် အဝမဲပေးခွင့်ရရှိနိုင်ရေးကိစ္စနှင့်စပ်လျဉ်းပြီး ကြည့်မြင် တိုင် မျက်မမြင်ကျောင်းနှင့်ခဝဲခြံ မျက်မမြင်ကျောင်းများ သို့ သွားရောက် ကြည့်ရှုလေ့လာခြင်း။<br>**(က) ကြည့်မြင်တိုင်မျက်မမြင်ကျောင်း (၂၈-၃-၂၀၁၉)**<br>ကော်မရှင်ဒုတိယဥက္ကဋ္ဌမှ ၂၀၁၅ ခုနှစ် ပြည်ထောင်စုရွေး ကောက်ပွဲ၌ မသန်စွမ်းသူများ မဲပေးရာတွင် အားသာ ချက်၊ အားနည်းချက်၊ အတွေ့အကြုံများအားမေးမြန်း ခြင်းနှင့် ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲအတွက်လိုအပ်ချက် များအားဒုတိယကျောင်းအုပ်ဦးအောင်စိုးဝင်းနှင့် ဆွေးနွေး ခဲ့ပါသည်။<br>**(ခ) ခဝဲခြံမျက်မြင်ကျောင်း (၂၈-၃-၂၀၁၉)**<br>မသန်စွမ်းသူများ ဆန္ဒမဲပေးခွင့်နှင့် ပတ်သက်၍ ၂၀၁၅ ခုနှစ် အတွေ့အကြုံ အခက်အခဲများအားလေ့လာခြင်း၊ | |
| ၅။ | ၂-၄-၂၀၁၉ | မေရီချက်မင်း နားမကြားသော ကလေးများကျောင်းသို့ သွားရောက်၍ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်၌ သတင်း ထုတ်လွှင့်ရာတွင် Standardized Sign Language တိုးတက်မှု အခြေအနေနှင့် ပြည်ထောင်စု ရွေးကောက်ပွဲ နှင့်ပတ်သက်၍ နားမကြားသူများ၏ တွေ့ကြုံရသည့် အခက်အခဲများအား ဆွေးနွေးခြင်း၊ | |

| စဉ် | ရက်စွဲ | အကြောင်းအရာ | မှတ်ချက် |
|---|---|---|---|
| ၆။ | ၃-၅-၂၀၁၉ | စိတ်ကျန်းမာရေးဆေးရုံသို့ သွားရောက်၍ ၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် စိတ်ပေါ့သွပ်သူများ မဲပေးခွင့်ရရှိရေးနှင့် စပ်လျဉ်း၍ စိတ်ပေါ့သွပ်သူများ၏ သဘောသဘာဝအကြောင်းကို လေ့လာသိရှိနိုင်ရန် ဆေးရုံမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်း။ | |
| ၇။ | ၂၅-၆-၂၀၁၉ | ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးတွင် မသန်စွမ်းသူများ လွတ်လပ်စွာအပြည့်အဝ မဲပေးခွင့်ရရှိရေး အတွက် အကြံပြုချက်များအား ပြည်ထောင်စုရွေး ကောက်ပွဲကော်မရှင်သို့ ပေးပို့ခြင်း။ | |
| ၈။ | ၂၈-၆-၂၀၁၉ | CRPD Initial Report အပေါ် ကော်မရှင်အနေဖြင့် Independent Report (Parallel Report) တင်သွင်းနိုင်ရေးနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ရုံးတွင်မသန်စွမ်း ခေါင်းဆောင်များနှင့် တွေ့ဆုံ ဆွေးနွေးခြင်း။ | |
| ၉။ | ၁၂-၇-၂၀၁၉ | ကော်မရှင်၏ CRPD ဆိုင်ရာ Independent Report အား UNCRPD သို့တင်သွင်းခြင်း။ | |
| ၁၀။ | ၂၈-၈-၂၀၁၉ | မြန်မာနိုင်ငံနားမကြားသူများ ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့မှ ၂၀၂၀ အထွေထွေ ရွေးကောက်ပွဲကော်မရှင်နှင့် ပတ်သက်၍ ကော်မရှင်မှ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ ပေးပို့ထားသော အကြံပြုချက်များနှင့် စပ်လျဉ်းပြီးလာ ရောက်တွေ့ဆုံ ဆွေးနွေးခြင်း။ | |
| ၁၁။ | ၂၀-၁၁-၂၀၁၉ | မသန်စွမ်းသူများ လွတ်လပ်စွာမဲပေးခွင့်ရရှိရေးအတွက် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ အကြံပြုချက်ပေးပို့ထားမှုအပေါ် ပြည်ထောင်စုရွေး ကောက်ပွဲကော်မရှင်မှ ပြန်ကြားချက်နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ရုံး၌ မသန်စွမ်း ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ | |
| ၁၂။ | ၃-၁၂-၂၀၁၉ မှ ၆-၁၂-၂၀၁၉ ထိ | 2019 AICHR Regional Dialogue on the Main-streaming of the Rights of Persons with Disabilities in the ASEAN (Gender Perspective on Disability Rights) & a National Human Rights Institutions (NHRI) side event အစည်းအဝေးသို့ ကော်မရှင် ဒုတိယ ဥက္ကဋ္ဌမှ တက်ရောက်ခဲ့ခြင်း။ | |

## ကချင်ပြည်နယ်
## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

၁။ ကချင်ပြည်နယ်အတွင်းတွင် မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများမှာ မသန်စွမ်းအချင်းချင်း တွေ့ဆုံခွန်အားယူခြင်းနှင့် စိတ်ဓာတ်မြှင့်တင်ပေးသင်တန်းကို မဒိန်ဘုရားကျောင်း၌လည်း ကောင်း၊ ၆-၃-၂၀၁၈ ရက်နေ့တွင် ကိုယ်လက်အင်္ဂါမသန်စွမ်းသူများအသင်း(၇)ကြိမ်မြောက် နှစ်ပတ်လည် အခမ်းအနားနှင့် မသန်စွမ်းအထောက်အကူပြုပစ္စည်းများ ပညာသင်စရိတ်ထောက်ပံ့အခမ်းအနားကို ၁၀-၅-၂၀၁၈ ရက်နေ့တွင်လည်းကောင်း၊ စစ်ရှောင်စခန်းများသို့ အဖွဲ့အစည်းမှ သွားရောက်အားပေးစကား ပြောကြားခြင်း၊ အဝတ်အစား၊ အထောက်အကူပြုပစ္စည်းများ ပံ့ပိုးခြင်း၊ (တန်ဖရဲစခန်း၊ ဆယ်မိုင်စခန်း၊ တပ်ကုန်းစခန်း၊ အင်ဂျန်ဒုံစခန်း၊ ပလနစခန်း၊ မန်ခိန်စခန်း၊ မိုင်းနား KBC စခန်း၊ RC စခန်း၊ လဝမ်စခန်း၊ ဝိုင်းမော်စခန်း၊ ဂျယ်ရမ်စခန်း)ကိုလည်းကောင်း၊ ကျောင်းနေမသန်စွမ်းကလေးများကို ကျောင်းစရိတ်များ နှစ်စဉ်အလှူရှင်ရှာပြီး ပုံမှန်ထောက်ပံ့ခြင်းကိုလည်းကောင်း၊ ခြေတု၊ လက်တု ရရှိရေးအတွက် ICRC ခြေတုဆေးရုံသို့ ပို့ဆောင်ပေးခြင်း၊ မိုင်းကြောင့် ခြေပြတ် လက်ပြတ်သူများကို၊ INGO, NGO အဖွဲ့အစည်းများသို့ ချိတ်ဆက်ကူညီဆောင်ရွက်ပေးခြင်း၊ မသန်စွမ်းသူများ အသက်မွေးဝမ်းကျောင်း ပညာရပ်သင်ယူနိုင်ရေးအတွက် ရန်ကုန်မြို့တွင်း အစိုးရ လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွင့်လှစ်ထားသော သင်တန်းကျောင်းသို့ မကြာခဏ ပို့ဆောင် ပေးခြင်း၊ မနာမကျန်းသော မသန်စွမ်းသူများကို ကျန်းမာရေးဌာနသို့ အသနားခံစာဖြင့် အခမဲ့ကုသနိုင်ရေး အတွက် ချိတ်ဆက်မှုဆောင်ရွက်ပေးခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

၂။ ထို့နောက် ၁-၁-၂၀၁၈ ရက်နေ့မှ ၃၁-၁၂-၂၀၁၉ ရက်နေ့ထိ နီးစပ်မသန်စွမ်းများခေါ်ယူ၍ ကျန်းမာရေးဌာနကို အကူအညီတောင်းခံပြီး ဆေးဝါးကုသစေခြင်း၊ မသန်စွမ်း ကာကွယ်စောင့်ရှောက်ရေးဥပဒေ၊ နည်းဥပဒေများကို ပို့ချပေးခြင်း၊ မိမိလိုအပ်ချက်ကို ထုတ်ဖော်ပြောကြားစေခြင်းများ ဆောင်ရွက်ပါသည်။ အလားတူ ၁၀-၅-၂၀၁၉ ရက်နေ့တွင် မြစ်ကြီးနားမြို့တော်ခန်းမ၌ ကချင်ပြည်နယ်အစိုးရအဖွဲ့များ၊ ဌာနဆိုင်ရာ INGO, NGO ဘာသာအဖွဲ့အစည်း၊ လူမှုရေးအဖွဲ့အစည်းအကူအညီဖြင့် (၈)ကြိမ်မြောက် နှစ်ပတ်လည် အခမ်းအနားတွင် မသန်စွမ်းအထောက်အကူပြုပစ္စည်းများ၊ ပညာသင်စရိတ်များ၊ အဝတ်အစားများ ထောက်ပံ့ ပေးသည့် အခမ်းအနား ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။ ၎င်းအပြင် ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလထိ မြစ်ကြီးနားမြို့ပေါ် ပလနကျေးရွာ၊ တပ်ကုန်းကျေးရွာ၊ မန်ခိန်ကျေးရွာများတွင် တစ်အိမ် တက်/ဆင်း HI project ဖြင့် မသန်စွမ်းသူများ၏ လိုအပ်ချက်များကို စာရင်းကောက်ယူပြီး ဖြည့်စွက်ထောက်ပံ့ပေးခဲ့သည်။



၆-၃-၂၀၁၈ ရက်နေ့ မသန်စွမ်းအချင်းချင်း
တွေ့ဆုံခွန်အားယူခြင်းနှင့်စိတ်ဓာတ်မြှင့်တင်ပေး
သင်တန်းတွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးစဉ်။



အဝတ်အစားများ တစ်နှစ်တစ်ခါ
သွားရောက်ထောက်ပံ့စဉ်။



ကချင်ပြည်နယ်ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း
(၇)နှစ်ကြိမ်မြောက်နှစ်ပတ်လည်အခမ်းအနားပုံ



၂၀၁၉-၂၀၂၀ ခုနှစ်ထိ HI Project ဖြင့်
ကျေးရွာများသို့သွားရောက်စာရင်းကောက်ယူ
အဖွဲ့အစည်းပုံ

**Clay Center ၂၀၁၈ ခုနှစ်အတွင်း မျိုးစေ့မသန်စွမ်းကျောင်းမှ လုပ်ဆောင်ပြီးစီးခဲ့သော လုပ်ဆောင်ချက်များ**

| စဉ် | နေ့ရက် | အကြောင်းအရာ | နေရာ |
|---|---|---|---|
| ၁။ | **စာသင်ကြားရေးအစီအစဉ်များ** | | |
| ၁:၁ | ၂ လပိုင်းမှ ၁၁ လပိုင်းထိ၊ ၂၀၁၈ (၁-၄-၇ လမှအပ) | ဉာဏ်ရည် နိမ့်ကလေးများအတွက် စာသင်ကြားခြင်း | CLAY Center (ရှင်သန်ခြင်းမျိုးစေ့ မသန်စွမ်း ကျောင်း) ပ.လ.န (၁)၊ ပိတောက်မြိုင်၊ မြစ်ကြီးနားမြို့။ |
| ၁:၂ | ၂ လပိုင်းမှ ၁၁ လပိုင်းထိ၊ ၂၀၁၈ (၁-၄-၇ လမှအပ) | နားမကြားသောကလေးများအတွက် စာသင်ကြားခြင်း | |
| ၁:၃ | ၃၁-၂-၂၀၁၈ | ကျောင်းသားမိဘများ၏ အစည်းအဝေး | |
| ၁:၄ | ၂၇-၆-၂၀၁၈ | ကျောင်းသားများ၏လေ့လာရေးခရီး(၁) | စိမ်းမြရေပန်းခြံ |
| ၁:၅ | ၂၁-၁၁-၂၀၁၈ | ကျောင်းသားများ၏လေ့လာရေးခရီး(၂) | ဒေင်ဘုရားကျောင်းဝန်း |

| စဉ် | နေ့ရက် | အကြောင်းအရာ | နေရာ |
|---|---|---|---|
| ၂။ | ရပ်ရွာ အခြေပြုလုပ်ငန်းများ | | |
| | - ၂ လပိုင်းမှ ၉ လပိုင်း၊ -၂၀၁၈ (၁-၄-၇ လမှ အပ) | အိမ်တိုင်ရာရောက်လည်ပတ်ခြင်း | မြစ်ကြီးနားမြို့ဝန်းကျင် |
| | - ၄ လပိုင်းနှင့်၈လပိုင်း၊ ၂၀၁၈ ခုနှစ် | အစာအာဟာရ ပေးဝေခြင်း | မြစ်ကြီးနားမြို့ဝန်းကျင် |
| | - ၃ လပိုင်းမှ ၁၁လပိုင်းထိ၊ ၂၀၁၈ ခုနှစ် | မြန်မာလက်သင်္ကေတပြဘာသာ စကား သင်တန်း | CLAY Center (ရှင်သန်ခြင်းမျိုးစေ့ မသန်စွမ်းကျောင်း)ပ.လ.န (၁)၊ ဝိတောက်မြိုင်၊ မြစ်ကြီးနားမြို့။ |
| | ၃ လပိုင်းမှ ၁၁ လပိုင်းထိ၊ ၂၀၁၈ ခုနှစ် | အမြင်ဖွင့်သင်တန်းပေးခြင်း | လူမှုဝန်ထမ်း မူကြို ECCD သင်တန်း၊ ပ.လ.န ဆရာဖြစ်သင်တန်း၊ CLAY Center ဝိုင်းမော်လတော်နှစ်ခြင်း ဘုရားကျောင်း။ |
| ၃။ | ၁-၅-၂၀၁၈ | မသန်စွမ်းကလေးများအတွက် နွေရာသီ သင်တန်း | CLAY CENTER (ရှင်သန်ခြင်းမျိုးစေ့ မသန်စွမ်းကျောင်း) ပ.လ.န (၁)၊ ဝိတောက်မြိုင်၊ မြစ်ကြီးနားမြို့။ |
| ၄။ | ၃-၁၂-၂၀၁၈ | ခရစ္စမတ်ပွဲနှင့် ကမ္ဘာ့မသန်စွမ်းသူများနေ့ အထိမ်းအမှတ် | CLAY Center (ရှင်သန်ခြင်းမျိုးစေ့ မသန်စွမ်းကျောင်း) ပ.လ.န (၁)၊ ဝိတောက်မြိုင်၊ မြစ်ကြီးနားမြို့။ |
| ၅။ | အခြားပြင်ပအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | | |
| | - ၈ လပိုင်း၊ ၂၀၁၈ | Commuinity and Inclusion (HI) အဖွဲ့နှင့် ပူးပေါင်းကာ သုံးဘီး ဘက်ထရီ ဆိုင်ကယ်ပေးခြင်း | မြစ်ကြီးနားရှိမသန်စွမ်းများပေး ခြင်း။ |



၇-၆-၂၀၁၉ ရက်နေ့တွင် မြစ်ကြီးနားမျက်မမြင်ကျောင်း၌ ကချင်ပြည်နယ်မသန်စွမ်းသူများအသင်း ဖွဲ့စည်းစဉ်။



၁၈-၆-၂၀၁၉ ရက်နေ့တွင် နေပြည်တော်၊ ဇမ္ဗူသီရိဟော်တယ်၌ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းနှင့် တိုင်းဒေသကြီး/ ပြည်နယ်မသန်စွမ်းအသင်းများ တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားတွင် မှတ်တမ်းဓာတ်ပုံရိုက်ကူးစဉ်။



၁၈-၇-၂၀၁၉ ရက်နေ့တွင် ကချင်ပြည်နယ်ဝန်ကြီးချုပ်ရုံး
ခန်း၌ ကချင်ပြည်နယ်ဝန်ကြီးချုပ်အား
သွားရောက်တွေ့ဆုံဂါဝရပြုခြင်း၊ တိုင်းဒေသကြီး/
ပြည်နယ်မသန်စွမ်းသူများ
အသင်းများတွေ့ဆုံဆွေးနွေးပွဲအခမ်းအနား။



၂-၃-၂၀၁၉ ရက်နေ့တွင် Marvel Hotel, မန္တလေးမြို့၌
တိုင်းနှင့်ပြည်နယ် မသန်စွမ်းသူများ၏
အနာဂတ်လုပ်ငန်းစဉ်များအား ပုံဖော်ဆောင်ရွက်
နိုင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ။



၁၃-၂-၂၀၁၈ ရက်နေ့တွင်
မြစ်ကြီးနားမျက်မမြင်ကျောင်း၌
မြန်မာကလေးများနေ့အထိမ်းအမှတ်
ကဗျာရွတ်ဆိုပြိုင်ပွဲများကျင်းပစဉ်။



၄-၈-၂၀၁၈ ရက်နေ့တွင် မြစ်ကြီးနားမျက်မမြင်ကျောင်း၌
(၄၃)နှစ်မြောက်အသင်းအဖွဲ့တည်ထောင်သောနေ့
အထိမ်းအမှတ်သံစုံပြိုင်ပွဲများ ကျင်းပပေးစဉ်။



၁၅-၁၀-၂၀၁၈ ရက်နေ့တွင် မြို့တော်ခန်းမ၌ နိုင်ငံတကာ
မျက်မမြင်များလမ်းလျှောက်တုတ်နေ့
အခမ်းအနားကျင်းပစဉ်။



၃-၁၂-၂၀၁၈ ရက်နေ့တွင် မြို့တော်ခန်းမ၌
အပြည်ပြည်ဆိုင်ရာ
မသန်စွမ်းသူများနေ့အခမ်းအနားကျင်းပစဉ်။

## ကယားပြည်နယ်
## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

၁။ ကယားပြည်နယ်အနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုနှင့် ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားကို နှစ်စဉ်ကျင်းပခြင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ကယားပြည်နယ်အတွင်းရှိ မသန်စွမ်းသူ (၅၀၉)ဦးကို တစ်ဦးလျှင် (၁၀၀,၀၀၀) ကျပ် နှုန်းဖြင့် (၅၀၉)သိန်းကို ထောက်ပံ့ပေးအပ်နိုင်ခြင်း၊ မြန်မာနိုင်ငံကိုယ်လက်အင်္ဂါမသန်စွမ်းသူများအသင်း(လွိုင်ကော်)ရုံးခွဲ ဖွင့်လှစ်နိုင်ရန်အတွက် ကယားပြည်နယ်အစိုးရအဖွဲ့မှ လွိုင်ကော်မြို့နယ်၊ မထောခူကျေးရွာအုပ်စု မြေကွက်အမှတ်(၂၅၉)။ သတ္တပလူအနောက်မြောက်ကွင်းတွင် မြေနေရာချထားပေးခဲ့ပြီး ရုံးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ယာယီရုံးခန်း (၁) ခန်းအား လွိုင်ကော်မြို့၊ ဒေါ်ဥခူရပ်ကွက်ရှိ ခရိုင်စုပေါင်းရုံးတွင် ဆောင်ရွက်ပေးခြင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ UNCRPD ဆိုင်ရာသင်တန်းကို ၁၃-၃-၂၀၁၈ ရက်နေ့မှ စ၍ ၁၄-၃-၂၀၁၈ ရက်နေ့အထိ ဖွင့်လှစ်ခြင်း၊ ရပ်ရွာအတွင်း မသန်စွမ်းသူများ ပြုစုစောင့်ရှောက်ရေးဆိုင်ရာ သင်တန်းကို ၁၅-၃-၂၀၁၈ ရက်နေ့မှ ၁၆-၃-၂၀၁၈ ရက်နေ့အထိ ဖွင့်လှစ်ခြင်း၊ ပြန်လည်ထူထောင်းရေး ဦးစီးဌာနအသစ် ဖွင့်လှစ်ပြီးနောက် ကယားပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှု ဖြင့် ရှားတောမြို့နယ်တွင် ၆-၆-၂၀၁၈ ရက်နေ့မှစ၍ ၇-၆-၂၀၁၈ ရက်နေ့အထိလည်းကောင်း၊ မယ်စဲ့မြို့နယ်တွင် ၁၀-၇-၂၀၁၈ ရက်နေ့မှ ၁၁-၇-၂၀၁၈ ရက်နေ့အထိလည်းကောင်း၊ မိုင်းအန္တရာယ် အသိပညာပေးသင်တန်းများဖွင့်လှစ်ပေးခြင်း၊ ၁၂-၅-၂၀၁၉ ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ မိခင်ဝိုင်းများဖွင့်လှစ်မည့် ကိစ္စတွေ့ဆုံခြင်းနှင့် မသန်စွမ်းသူများ၊ အမျိုးသမီးအိမ်ထောင်ဦးစီးများအား ထောက်ပံ့ခြင်းအခမ်းအနားကို ကယားပြည်နယ်ခန်းမ၌ ကျင်းပဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၂။ ထို့ပြင် ကယားပြည်နယ် အစိုးရအဖွဲ့မှ မသန်စွမ်းသုံး အထောက်အကူပြုပစ္စည်းများဖြစ်သည့် Wheel Chairs ( ၆၄ )စီး၊ ချိုင်းထောက် ( ၅၆ )စုံ၊ လက်ထောက်တစ်စုံ၊ စုစုပေါင်းတန်ဖိုး ကျပ် (၆,၄၀၀,၀၀၀)ကို အခမ်းအနားဖြင့်ပေးအပ်ခဲ့ပြီး မသန်စွမ်းသူများသွားလာမှု ကုန်ကျစရိတ်အဖြစ် (ခရီးစရိတ် ကျပ် ၇၀၀,၀၀၀ ကိုလည်း ထောက်ပံ့ပေးအပ်ခဲ့ပါသည်။ ထို့အတူ လူမှုဝန်ထမ်းဦးစီးဌာနမှ ဖရူဆိုမြို့နယ်အတွင်းရှိ ခိုကိုးရာမဲ့ (၆) ဦးအတွက် တစ်ဦးလျှင် ၅၀၀,၀၀၀ကျပ်နှုန်းဖြင့် ၃,၀၀၀,၀၀၀ ကျပ်အားလည်းကောင်း၊ နာတာရှည် တစ်ဦးအတွက် ၁၀၀,၀၀၀ ကျပ်ကိုလည်းကောင်း၊ မိုင်းကြောင့် မသန်စွမ်းသူ (၃၁)ဦးအတွက် တစ်ဦးလျှင် ၂၀၀,၀၀၀ ကျပ်နှုန်းဖြင့် ၆,၂၀၀,၀၀၀ ကျပ်အားလည်းကောင်း ထောက်ပံ့ပေးအပ်နိုင်ခဲ့ပါသည်။

၃။ ထို့ပြင် ပြန်လည်ထူထောင်ရေးဦးစီးဌာန၏ ထောက်ပံ့မှုဖြင့် မိုင်းကြောင့်ထိခိုက်ဒဏ်ရာရသော မသန်စွမ်းများကို လွိုင်ကော်မြို့နယ်မှ (၁၁)ဦး၊ ဒီမော့ဆိုမြို့နယ်မှ (၈)ဦး၊ ဖရူဆိုမြို့နယ်မှ (၃)ဦးနှင့် ရှားတောမြို့နယ်မှ (၄)ဦး၊ ဘော်လခဲမြို့နယ်မှ တစ်ဦး၊ ဖားဆောင်းမြို့နယ်မှ (၁၂)ဦး စုစုပေါင်း(၃၉)ဦးအတွက် တစ်ဦးလျှင် ၂၀၀,၀၀၀ ကျပ်နှုန်းဖြင့် ၇,၈၀၀,၀၀၀ ကျပ်ကို ထောက်ပံ့ပေးအပ်နိုင်ခဲ့ပါသည်။ ၎င်းအပြင် TLMI အဖွဲ့မှ ကယားပြည်နယ်အတွင်း အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်ဒဏ်ရာရသူများကို ဒူးအောက်ပိုင်း ခြေတုတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ World Education အဖွဲ့မှ မသန်စွမ်းသူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအတွက် အထောက်အပံ့များ၊ အထောက်အကူပြုပစ္စည်းများနှင့် စွမ်းဆောင်ရည်မြှင့် သင်တန်းများပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးခဲ့ပါသည်။

၄။ ထို့နောက် မသန်စွမ်းမှုလျှော့ချရေးနှင့် ကြိုတင်ကာကွယ်ရေး စီမံချက်အနေဖြင့် ကယားပြည်နယ် အတွင်းရှိ မြို့နယ်အားလုံးတွင် မိုင်းအန္တရာယ်အသိပညာပေးသင်တန်းများကို MAG၊ DRC/ DDG အဖွဲ့တို့နှင့် ပူးပေါင်းပြီးဖွင့်လှစ်နိုင်ခဲ့ပါသည်။

၅။ ၁၅-၇-၂၀၁၉ ရက်နေ့တွင် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)နှင့် LDSC (Latter Day Saint Charities) အဖွဲ့တို့ပူးပေါင်း၍ ပြုလုပ်သော ကယားပြည်နယ်အတွင်းရှိ မသန်စွမ်းသူများအား ခြေတုတပ်ဆင် ပေးအပ်ပွဲ အခမ်းအနားကိုလည်း ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။ ထို့အတူ ၁၈-၈-၂၀၁၉ ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ပြန်လည်ထူထောင်ရေးဦးစီး ဌာနနှင့် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) တို့ ပူးပေါင်း၍ ကျင်းပသော မသန်စွမ်းဆိုင်ရာဆွေးနွေးပွဲနှင့် အသိပညာပေးသင်တန်းများ ဖွင့်ပွဲအခမ်းအနားကို လွိုင်ကော်မြို့နယ်ရှိ ခရိုင်စုပေါင်းရုံးခန်းမ၌ လည်းကောင်း ၂-၁၁-၂၀၁၉ ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ မသန်စွမ်းသူ (၁၀၂၈) ဦး အတွက် တစ်ဦးလျှင် ၃၀,၀၀၀ ကျပ်နှုန်းဖြင့် ကျပ် ၂၀ ဒသမ ၈၄ သန်း ထောက်ပံ့ခြင်းအခမ်းအနားကိုလည်း ကောင်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

# ကရင်ပြည်နယ်
# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

## နိဒါန်း

၁။ ကရင်ပြည်နယ်အတွင်းရှိ ခရိုင်(၄)ခရိုင်၊ မြို့နယ် (၇)မြို့နယ်၊ မြို့(၁၁)မြို့အတွက် မသန်စွမ်းသူများ အခွင့်အရေးများနှင့် ပတ်သက်၍ ပြည်နယ်အစိုးရအဖွဲ့သည် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ၂၀၁၇ခုနှစ် စက်တင်ဘာလမှ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအထိ အကောင်အထည်ဖော်ဆောင်ရွက်ချက်များကို အစီရင်ခံတင်ပြ အပ်ပါသည်။

## ရည်ရွယ်ချက်

၂။ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာအမျိုးသားကော်မတီ နှစ်ပတ်လည်အစီရင်ခံစာရေးသားရေး အဖွဲ့၏ သတ်မှတ်အချိန်ကာလအရ အစီရင်ခံစာ(မူကြမ်း) ပြုစုနိုင်ရေးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့မှ (၂၀၁၇ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလအကုန်ထိ) မသန်စွမ်းသူများအတွက် ဆောင်ရွက် ပေးခဲ့သည့် သတင်းအချက်အလက်များကို ပေးပို့နိုင်ရန် ရည်ရွယ်ပါသည်။

## ပူးပေါင်းဆောင်ရွက်သည့်အဖွဲ့အစည်းများ

၃။ ကရင်ပြည်နယ်အတွင်း မသန်စွမ်းလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နေသော အဖွဲ့အစည်း များဖြစ်ကြ သည့် Hpa-an Orthopadic Rehabilitation Center(HORC), Association for Aid and Relief (AAR Hpa-an), Humanity & Inclusion(HI), Health for All, မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်တို့နှင့် ပူးပေါင်းဆောင်ရွက်ပါသည်။

## ပြည်နယ်ကော်မတီဖွဲ့စည်းခြင်း

၄။ ကရင်ပြည်နယ်အတွင်း မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကရင်ပြည်နယ် ကော်မတီကို ၂၄-၉-၂၀၁၈ ရက်နေ့တွင် အမိန့်ကြေညာစာအမှတ်၊ ၁၀၁/၂၀၁၈ ဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီမှ ဖွဲ့စည်းထားပြီးဖြစ်ပါသည်။ ပြည်နယ်ကော်မတီအနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးများကို ပြည်သူများပိုမိုသိရှိလာစေရန် အသိပညာပေးခြင်း၊ ဟောပြောပွဲများ ကျင်းပဆောင်ရွက်ခြင်း များကို ပြည်နယ်အတွင်း မသန်စွမ်းသူများအား ကူညီပေးနေသည့် အဖွဲ့အစည်းများဖြစ်သည့် HORC, AAR (Japan), The Halo Trust, MAG (Mines Advisory Group)အဖွဲ့တို့နှင့်ပူးပေါင်းပြီး မိုင်းထိဒဏ်ရာရသူများအား ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့်ချိတ်ဆက်၍ ငွေကြေးထောက်ပံ့ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါ သည်။

## အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ခြင်းနှင့် သင်တန်းများဖွင့်လှစ်ခြင်း

၅။ မသန်စွမ်းသူများမှတ်ပုံတင်ခြင်းနှင့် မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းဆိုင်ရာ လုပ်ငန်းအစီအစဉ်အလုပ်ရုံ ဆွေးနွေးပွဲကို ၂၃-၃-၂၀၁၈ ရက်နေ့တွင်လည်းကောင်း၊ အထူးဂရုပြုစောင့်ရှောက် ရန်လိုအပ်သော မသန်စွမ်း ကလေးငယ်များစောင့်ရှောက်မှု နည်းပညာသင်တန်းအား ၁၇-၇-၂၀၁၈ ရက်နေ့မှ ၂၀-၇-၂၀၁၈ရက်နေ့ အထိလည်းကောင်း၊ မသန်စွမ်းသူများပြုစုစောင့်ရှောက်မှုဆိုင်ရာသင်တန်းများအား ၁၂-၃-၂၀၁၈ ရက်နေ့မှ ၁၃-၈-၂၀၁၈ ရက်နေ့ထိလည်းကောင်း၊ KG ဆရာ/ ဆရာမများအတွက် မသန်စွမ်းကလေးငယ်များ အထူးပညာရေးသင်တန်းအား ၁၇-၅-၂၀၁၈ ရက် နေ့မှ ၂၀-၅-၂၀၁၈ ရက်နေ့ထိ လည်းကောင်း၊ ရပ်ရွာအတွင်း မသန်စွမ်းသူများ အခွင့်အရေး ဥပဒေ UNCRPD ဆိုင်ရာသင်တန်းအား ၁၄-၃-၂၀၁၈ ရက်နေ့တွင်လည်းကောင်း၊ ၁၂-၃-၂၀၁၉ ရက်နေ့တွင် မသန်စွမ်းသူများပြုစုစောင့်ရှောက်မှုဆိုင်ရာသင်တန်းနှင့် ကရင်ပြည်နယ်အတွင်း မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေသင်တန်းအား ၁၃-၃-၂၀၁၉ ရက်နေ့တွင်လည်းကောင်း၊ မသန်စွမ်းမှု

အဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းဆိုင်ရာ အသိပညာပေးခြင်းအား ၂၉-၉-၂၀၁၉ ရက်နေ့တွင်လည်းကောင်း၊ မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မှတ်ပုံတင်ခြင်းလုပ်ငန်း ဆရာဖြစ်သင်တန်းအား ၁၃-၁၁-၂၀၁၉ ရက်နေ့မှ ၁၆-၁၁-၂၀၁၉ ရက်နေ့ထိလည်းကောင်း ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါသည်။

**ထောက်ပံ့ငွေများပေးအပ်ခြင်း**

၆။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အထိ မသန်စွမ်းသူများအား ထောက်ပံ့ငွေပေးခြင်းအား အောက်ပါဇယားဖြင့်တင်ပြအပ်ပါသည်-

| စဉ် | အကြောင်းအရာ | ဦးရေ | ဘဏ္ဍာနှစ် | ထောက်ပံ့ငွေ |
|---|---|---|---|---|
| ၁ | မသန်စွမ်း(၁)ဦးလျှင် (၁)သိန်းနှုန်း | ၄၆၁၆ ဦး | ၂၀၁၇-၂၀၁၈ | ၄၆၁၆၀၀၀၀၀ |
| ၂ | မြိုင်ကြီးငူ IDP Camp ရှိ မသန်စွမ်း (၁)ဦးလျှင် (၁)သိန်းနှုန်း | ၇ ဦး | ၂၀၁၇-၂၀၁၈ | ၇၀၀၀၀၀ |
| ၃ | မိုင်းဒဏ်သင့်ပြည်သူ (၁)ဦးလျှင် (၂)သိန်းနှုန်း | ၁၈ ဦး | ၂၀၁၇-၂၀၁၈ | ၃၆၀၀၀၀၀ |
| ၄ | မသန်စွမ်း(၁)ဦးလျှင် (၃) သောင်းနှုန်း | ၅၇၉၂ ဦး | ၂၀၁၈-၂၀၁၉ | ၁၇၃၇၆၀၀၀၀ |
| ၅ | မိုင်းဒဏ်သင့်ပြည်သူ(၁) ဦးလျှင် (၂)သိန်းနှုန်း | ၆ ဦး | ၂၀၁၈-၂၀၁၉ | ၁၂၀၀၀၀၀ |

**အခမ်းအနားကျင်းပခြင်း**

၇။ ကရင်ပြည်နယ် မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာကော်မတီအဖွဲ့၏ ဦးဆောင်မှုဖြင့် ကရင်ပြည်နယ် အတွင်းရှိ မသန်စွမ်းသူများအား မှတ်ပုံတင်ခြင်းနှင့် အဆင့်သတ်မှတ်ခြင်း လုပ်ငန်းစဉ်တစ်ရပ် ပေါ်ထွက်လာ စေရေးအတွက် ကနဦးစီမံကိန်းလုပ်ငန်း မိတ်ဆက်အခမ်းအနားကို ၂၀-၁၀-၂၀၁၉ ရက်နေ့တွင် ဘားအံမြို့တော် ဝင်ရတနာဟိုတယ်တွင်လည်းကောင်း၊ ဒီဇင်ဘာ (၃)ရက်နေ့တွင်ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားအား နှစ်စဉ်ကျင်းပ၍ အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား/သူများအား ဆုများချီးမြှင့်ခြင်း၊ နိုင်ငံတော်အဆင့်နှင့်ပြည်နယ်အဆင့် မသန်စွမ်းအားကစားပြိုင်ပွဲ တွင် ဆုရရှိသော ထူးချွန်မသန်စွမ်း အားကစားသမားများအား ဂုဏ်ပြုငွေများချီးမြှင့်ခြင်း၊ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အကြို အားကစားပြိုင်ပွဲများ ပြုလုပ်၍ ဆုရမသန်စွမ်းကလေးငယ်များအား ဂုဏ်ပြုငွေချီးမြှင့်ခြင်း များ ဆောင်ရွက်ပါသည်။

**ပူးပေါင်းဆောင်ရွက်ခြင်း**

၈။ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်နှင့်ပူးပေါင်း၍ ကရင်ပြည်နယ်အတွင်း မသန်စွမ်းသူဦးရေ အများဆုံးဖြစ်သော ဘားအံမြို့နယ်နှင့် လှိုင်းဘွဲ့မြို့နယ်ရှိ မသန်စွမ်းသူများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် ပတ်သက်သော သုတေသန စစ်တမ်းကောက်ယူနိုင်ရေးဆောင်ရွက်ခြင်း၊ HAI အဖွဲ့မှ ဖာပွန်မြို့နယ်ရှိ စီမံချက် ရွာ(၃၀)မှ မသန်စွမ်းလူရေ(၃၆၇)ဦးတို့အား Electronic Cash Transfer (ECI) စနစ်ဖြင့် တစ်လလျှင် (၁၅၀၀၀) နှုန်းဖြင့် ထောက်ပံ့ကြေးများပေးအပ်ခြင်း၊ ကရင်ပြည်နယ်အတွင်းရှိ ကလေးသူငယ်များ၊ မိသားစုဝင်များအား မိုင်းအန္တရာယ်အသိပညာပေးဟောပြောပွဲများနှင့် ကွင်းဆင်းဆောင်ရွက်မှုများပြုလုပ်ခြင်း၊ မသန်စွမ်းသူ များအတွက် ခြေတုလက်တုတပ်ဆင်နိုင်ရေး၊ အားပြုကိရိယာများ ရရှိနိုင်ရေး HORC , Victim Assistance Center (VAC) ကော့ကရိတ်မြို့နှင့်သံတောင်မြို့တို့တွင် ဖွင့်လှစ်၍ ဝန်ဆောင်မှုများရရှိစေရန် ဖွင့်လှစ်ထား ရှိပါသည်။

## ရှေ့လုပ်ငန်းစဉ်များ

၉။ မသန်စွမ်းသူများ၏အခွင့်အရေးများအား ပြည်သူများပိုမိုသိရှိလာနိုင်စေရန်အတွက် အသိပညာပေးဟောပြောပွဲများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပြီး စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား မသန်စွမ်းအဆင့် သတ်မှတ်ခြင်းနှင့် မှတ်ပုံတင်ခြင်းဆိုင်ရာ သင်တန်းများ၊ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ သင်တန်းများ၊ ဟောပြောပွဲများပြုလုပ်ခြင်းနှင့် ကရင်ပြည်နယ်မသန်စွမ်းသူများအသင်း ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
















ကရင်ပြည်နယ်အတွင်းရှိ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ
ဆောင်ရွက်ပေးခဲ့မှု မှတ်တမ်းဓာတ်ပုံများ

၁၀။ ၂၀၁၆-၂၀၁၇ ရက်နေ့မှ ၂၀၁၈-၂၀၁၉ ရက်နေ့အထိ ဘဏ္ဍာနှစ်အထိ မသန်စွမ်း(၁၀၄၀၈) ဦးအား (၁) ဦးလျှင်ကျပ် ၃၀၀၀၀ နှုန်းဖြင့် (၃၁၂.၂၄၀) သန်းနှင့် မိုင်းကြီး IDP- Camp ရှိ မသန်စွမ်း (၁)ဦးလျှင်(၁) သိန်းနှုန်းဖြင့် (၇)ဦး အတွက် (သုည ဒသမ ၇၀၀) သိန်း ထောက်ပံ့ပေးခဲ့ပါသည်။

- မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းနှင့် မသန်စွမ်းသူများအဆင့်သတ်မှတ်ခြင်း အလုပ်ရုံဆွေးနွေးပွဲများ၊ အထူးဂရုပြုစောင့်ရှောက်ရန်လိုအပ်သောမသန်စွမ်းကလေးငယ်များစောင့်ရှောက်မှုနည်းပညာသင်တန်း၊ မသန်စွမ်းသူများ ပြုစုစောင့်ရှောက်မှုဆိုင်ရာသင်တန်းများ၊ KG ဆရာ/ဆရာမများအတွက် မသန်စွမ်းကလေးငယ်များ အထူးပညာရေးသင်တန်းများ၊ ရပ်ရွာအတွင်း မသန်စွမ်းသူများအခွင့်အရေးဥပဒေ UNCRPD ဆိုင်ရာသင်တန်းများ၊ မသန်စွမ်းသူများ အခွင့်အရေး ဥပဒေသင်တန်းများ၊ မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းဆိုင်ရာ အသိပညာပေးခြင်း သင်တန်း၊ မသန်စွမ်းမှု အဆင့်သတ်မှတ်ခြင်းဆိုင်ရာ ဆရာဖြစ်သင်တန်းတို့ကို ဖွင့်လှစ်ခဲ့ပါသည်။
- မသန်စွမ်းသူများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့်ပတ်သက်သော သုတေသနစစ်တမ်းကောက်ယူနိုင်ရေးဆောင်ရွက်ခြင်း၊
- မသန်စွမ်းသူများအတွက် ခြေတု၊ လက်တု တပ်ဆင်နိုင်ရေး၊ အားပြုကိရိယာများ ရရှိနိုင်ရေး HOR ( ) Victim Assistance lender (VAC) ကော့ကရိတ်မြို့နှင့် သံတောင်မြို့တို့တွင် ဝန်ဆောင်မှုများရရှိစေရန် ဖွင့်လှစ်ထားရှိခြင်း၊
- ပြည်နယ်အစိုးရအဖွဲ့၏ အနီးကပ်ကြီးကြပ်ဆောင်ရွက်မှု၊ ပြည်နယ်အတွင်းရှိ မသန်စွမ်းသူများ၏ အခွင့်အရေးနှင့် ပတ်သက်၍ ဆက်စပ်ဌာနဆိုင်ရာများ၊ ပြည်တွင်းပြည်ပ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုဖြင့် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**နိဂုံး**

၁၁။ ကရင်ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ဦးစီးဌာန၏လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်နယ်အစိုးရအဖွဲ့၏ အနီးကပ်ကြီးကြပ်ဆောင်ရွက်မှု၊ ပြည်နယ်အတွင်းရှိ မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့် ပတ်သက်၍ ဆက်စပ်ဌာနဆိုင်ရာများ၊ ပြည်တွင်း/ပြည်ပလူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုဖြင့် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

# ချင်းပြည်နယ်
# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

၁။ လူမှုဝန်ထမ်းဦးစီးဌာနသည် လူသားအကျိုးပြုလုပ်ငန်းများကို လုပ်ငန်းကြီး(၇)ရပ်ချမှတ်လျက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ချင်းပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် အဆိုပါလုပ်ငန်းကြီး (၇) ရပ်အား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အများပြည်သူအကျိုးဖြစ်ထွန်းမှုကို ရှေးရှု၍ လူမှုဝန်ထမ်းဦးစီးဌာန နေပြည်တော်၏ညွှန်ကြားချက်နှင့်အတူ ချင်းပြည်နယ် အစိုးရအဖွဲ့၏ကူညီပံ့ပိုးမှုများ မိတ်ဖက်ဌာနဆိုင်ရာ အဖွဲ့အစည်းများအပြင် UN, INGO, NGO အဖွဲ့များ၏ပူးပေါင်းမှုဖြင့်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များအနက် ၂၀၁၇ ခုနှစ် စက်တင်ဘာလမှ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအထိ မသန်စွမ်းသူများနှင့်ပတ်သက်၍ ၎င်းတို့၏ အခွင့်အရေးများနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများဆောင်ရွက်မှု အစီအရင်ခံစာအား တင်ပြအပ်ပါသည်။

**မသန်စွမ်းသူများပြုစုစောင့်ရှောက်ရေးလုပ်ငန်း**

၂။ ချင်းပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနသည် ပြည်သူ့အကျိုးပြုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မသန်စွမ်းသူများ အခွင့်အရေးနှင့်ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။ အမြင်အာရုံချို့ယွင်း မသန်စွမ်းသူ များအတွက် ကျောင်းနှစ်ကျောင်း၊ အကြားအာရုံချို့ယွင်းမသန်စွမ်းသူများအတွက် ကျောင်းနှစ်ကျောင်း ဉာဏ်ရည်မသန်စွမ်းသူများအတွက် ကျောင်းသုံးကျောင်း သက်ကြီးမသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်းတစ်ကျောင်းဖြင့် တာဝန်ယူဖွင့်လှစ်ထားသကဲ့သို့ ပုဂ္ဂလိကအဖွဲ့အစည်းများမှလည်း မသန်စွမ်းမှုများအလိုက် ဖွင့်လှစ်ထားသည့် ကျောင်းများကိုလည်း အသိအမှတ်ပြုထောက်ပံ့ပေးပါသည်။

၃။ မသန်စွမ်းကလေးများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းကို လက်ရှိတွင် ဒေသမသန်စွမ်း သက်ငယ်များပြုစုရာရိပ်မြုံ (Chin CBR) အဖွဲ့အစည်းမှ ဟားခါးမြို့၊ ကျောဘုတ်ရပ်ကွက်တွင် Center ဖွင့်လှစ်၍ ဆောင်ရွက်လျက်ရှိပါသည်။ ရှေးဦးအရွယ် ကလေးသူငယ် ဖွံ့ဖြိုးမှုအခြေအနေ တိုင်းတာခြင်းနှင့် ဝန်ဆောင်မှုပေးခြင်း (ECI) အား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစတင်၍ တိုင်းဒေသကြီး/ပြည်နယ် (၃)ခုတွင် Pilot Project အနေဖြင့် ဆောင်ရွက်လျက်ရှိပြီး ၂၀၂၅ ခုနှစ်တွင် တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့နယ်များအားလုံး၌ လွှမ်းခြုံမှုရှိစေရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့အတူ လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွင့်လှစ်သည့် ECCD သင်တန်းများတွင် လူတိုင်းအကျုံးဝင်ပညာရေးဖြစ်စေရေးကို ရည်ရွယ်၍ ECI ဆောင်ရွက်ချက်များကို ထည့်သွင်းပို့ချပေးလျက်ရှိပါသည်။

၄။ အစီရင်ခံသည့်ကာလ၌ အထူးလိုအပ်လျက်ရှိသော မသန်စွမ်းကလေးသူငယ်များအတွက် ပြုစုစောင့်ရှောက်ခြင်း သင်တန်းကို ချင်းပြည်နယ်၊ ဟားခါးမြို့တွင် ၄-၁၀-၂၀၁၇ ရက်နေ့မှ ၇-၁၀-၂၀၁၇ ရက်နေ့အထိ ဟားခါးမြို့ မြို့တော်ခန်းမဆောင်၌ မြန်မာနိုင်ငံအထူးပညာရေးအသင်း (MSEA) မှ လာရောက်ဖွင့်လှစ်ခဲ့ရာ သင်တန်းသား(၃၂) ဦး တက်ရောက်ခဲ့ပါသည်။ ထို့အတူ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် (Mini Budget) အတွင်း အထူးလိုအပ်လျက်ရှိသော ကလေးများပြုစုလေ့ကျင့်မှု အသိပညာပေးသင်တန်းကို ၁-၈-၂၀၁၈ ရက်နေ့မှ ၃-၈-၂၀၁၈ ရက်နေ့အထိ အိမ်တွင်းမှု သင်တန်းကျောင်း၊ ဟားခါးမြို့တွင် ချင်းပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွင့်လှစ်ခဲ့ရာ ဟားခါးမြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ဆရာ၊ ဆရာမများ၊ မိခင်ဝိုင်းများနှင့် ဒေသမသန်စွမ်းပြုစုရေးရိပ်မြုံတို့မှ စုစုပေါင်း သင်တန်းသား (၃၀) ဦး တက်ရောက်ခဲ့ကြပါသည်။ မသန်စွမ်းကလေးသူငယ်များအတွက် မူလတန်းကြိုကျောင်းများတွင် တက်ရောက်နိုင်စေရန်အတွက် မူလတန်းကြိုကျောင်းဆရာမများအား ဒေသမသန်စွမ်း သက်ငယ်များပြုစုရာရိပ်မြုံနှင့်ပူးပေါင်းပြီး သင်တန်းများ ကျင်းပခြင်းများလည်း ပြုလုပ်ခဲ့ပါသည်။

၅။ ၎င်းအပြင် ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၁၀ ရက်နေ့တွင် မသန်စွမ်းမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ချင်းပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဒေင်မသန်စွမ်း သက်ငယ်ပြုစုရာ ရိပ်မြုံ(LIFT Project) တို့ ပူးပေါင်း၍ ချင်းပြည်နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community center)၌ ကျင်းပပြုလုပ်ခဲ့ရာ ချင်းပြည်နယ် မသန်စွမ်းသူများအသင်းနှင့် မသန်စွမ်းအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြပါသည်။ ချင်းပြည်နယ် လူမှုဝန်ထမ်းရုံးနှင့် မာရီစတုပ်(စ်) (မြန်မာ)တို့ ပူးပေါင်း၍ ACCESS စီမံချက် ပံ့ပိုးမှုဖြင့် မသန်စွမ်းမှုဆိုင်ရာအကြောင်းအရာ မိတ်ဆက်ပွဲကို ဟားခါးမြို့ The Hakha Post ခန်းမ၌ ၁၀-၁၀-၂၀၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

၆။ အလားတူပင် မသန်စွမ်းမှုအား ဖွံ့ဖြိုးရေးကဏ္ဍတိုင်းတွင် ထည့်သွင်းစဉ်းစားလာရေး အလုပ်ရုံဆွေးနွေးပွဲအား ချင်းပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဒေင်မသန်စွမ်း သက်ငယ်ပြုစုရာရိပ်မြုံ( LIFT Project) တို့ ပူးပေါင်း၍ ၂၉-၁၀-၂၀၁၉ ရက်နေ့မှ ၃၀-၁၀-၂၀၁၉ ရက်နေ့အထိ CACC ခန်းမ၊ ဟားခါးမြို့တွင်လည်းကောင်း၊ ထို့အတူ မြို့နယ် (၆) မြို့နယ်တွင်လည်း ယင်းအလုပ်ရုံဆွေးနွေးပွဲကို မြို့နယ်လူမှုဝန်ထမ်းရုံးများနှင့် ဒေင်မသန်စွမ်းသက်ငယ်များ ပြုစုရာရိပ်မြုံ (LIFT Project) တို့ ပူးပေါင်း၍လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။

**မသန်စွမ်းသူများအခွင့်အရေး**

၇။ မသန်စွမ်းသူများအားခွဲခြားဆက်ဆံခြင်း၊ လျစ်လျူရှုခြင်း၊ အကြမ်းဖက်ခြင်းများမရှိစေရန်အတွက် မသန်စွမ်းမှုဆိုင်ရာ အသိပညာပေးသင်တန်းများ၊ ဟောပြောပွဲများပြုလုပ်ခြင်း၊ ရုပ်မြင်သံကြား၊ ရေဒီယို၊ ဂျာနယ်နှင့် မဂ္ဂဇင်းများတွင်လည်း ထည့်သွင်းဖော်ပြခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ အလားတူ နှစ်စဉ် ဒီဇင်ဘာလ ၃ ရက်နေ့တွင်ကျရောက်သောအပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အထိမ်းအမှတ်အခမ်းအနားကို ပြည်နယ်/ခရိုင်/ မြို့နယ်အသီးသီးတွင် အောင်မြင်စွာကျင်းပ၍ ပြည်နယ်အဆင့်အခမ်းအနားတွင် မသန်စွမ်းနှင့် ပတ်သက်သည့် စာစီစာကုံးပြိုင်ပွဲကို ချင်းပြည်နယ် ဟားခါးမြို့နယ် အတွင်းရှိအခြေခံပညာ ကျောင်းများမှ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်များ ကျင်းပ၍ ဆုရရှိသူကျောင်းသား /ကျောင်းသူများအား လူမှုဝန်ထမ်း ဦးစီးဌာနမှ ဆုများချီးမြှင့်ပေးခြင်း၊ မသန်စွမ်းအားကစားပြိုင်ပွဲ (စစ်တုရင်ပြိုင်ပွဲ၊ အဆိုပြိုင်ပွဲ) များပြုလုပ်၍ ဆုများချီးမြှင့်ပေးအပ်ခြင်း၊ အလားတူ မသန်စွမ်းကလေးငယ်များ၏ အားကစားပြိုင်ပွဲများတွင်လည်း ဆုရရှိသူ ကလေးများအား ဒေင်မသန်စွမ်း သက်ငယ်များပြုစုရာရိပ်မြုံ(Chin CBR) မှ ဆုများချီးမြှင့်ခြင်းများ ဆောင်ရွက် ပေးခဲ့ပါသည်။

၈။ ၎င်းအပြင် မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် ပတ်သက်၍ အမျိုးသားအဆင့် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်မှ သက်ဆိုင်ရာလုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ ချင်းပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနနှင့် MoU လက်မှတ်ရေးထိုးထားသော INGOs အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။ ချင်းပြည်နယ်အတွင်းရှိ ဟားခါးမသန်စွမ်းသူများအသင်း (HDO) အဖွဲ့အစည်းသည် မသန်စွမ်းသူများအား နယ်ပယ်အားလုံးတွင် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများလျော့နည်းပပျောက်စေရန်၊ မသန်စွမ်းသူများ၏ စွမ်းရည်နှင့် ဂုဏ်သိက္ခာ စွမ်းဆောင်နိုင်မှုများကို နိုင်ငံတော်နှင့် နိုင်ငံသားများက အသိအမှတ်ပြုရန်နှင့် မသန်စွမ်းသူများ၏ လူနေမှုဘဝ လုံခြုံစိတ်ချမှုရရှိပြီး ဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရန် စသည့် လူမှုရေးလုပ်ငန်းများကို အမှန်တကယ်ဆောက်ရွက်ပေးသော အဖွဲ့အစည်းဖြစ်သည့်အတွက် အသင်း ဖွဲ့စည်းခွင့်ပြုပါရန် တင်ပြခြင်းအားအသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေနှင့်အညီ ဖွဲ့စည်းတည်ထောင် ခွင့်ပြုပါရန် ပြည်နယ်မှတ်ပုံတင်ရေးအဖွဲ့၊ ဟားခါးမြို့သို့ ထောက်ခံတင်ပြခဲ့ပါသည်။

၉။ ချင်းပြည်နယ်အတွင်း မသန်စွမ်းသူများအသင်း ဖွဲ့စည်းနိုင်ရန်အတွက် အလုပ်အမှုဆောင်များ ရွေးချယ် တင်မြှောက်ခြင်း အခမ်းအနားကို ဟားခါးမြို့ CACC ခန်းမတွင် ၁၀-၄-၂၀၁၉ ရက်နေ့၌ ကျင်းပပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်၏ ၁၀-၅-၂၀၁၉ ရက်စွဲပါစာအရ ကော်မတီဝင် စုစုပေါင်း (၇) ဦးဖြင့်

အတည်ပြုပေးခဲ့ပါသည်။ အလားတူ ရွှေမင်းသားဖောင်ဒေးရှင်းနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍လည်း လုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။ ထို့နည်းတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန (ရုံးချုပ်)၏ လမ်းညွှန်ချက်အရ ချင်းပြည်နယ်အတွင်းရှိ မသန်စွမ်းသူများ ထောက်ပံ့မှုအတွက် မသန်စွမ်းမှု အမျိုးအစားအလိုက် စာရင်းများကို သက်ဆိုင်ရာ ခရိုင်/မြို့နယ် စီမံခန့်ခွဲမှု ကော်မတီများမှတစ်ဆင့် စာရင်းကောက်ယူခဲ့ပြီး ချင်းပြည်နယ်အတွင်း မြို့နယ်(၉)မြို့နယ်မှ မသန်စွမ်းဦးရေ စုစုပေါင်း (၂၆၉၁) ဦးအား တစ်ဦးလျှင်ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၈၀ ဒသမ ၇၃ အား ထောက်ပံ့ပေးအပ်နိုင်ခဲ့ပါသည်။

၁၀။ ချင်းပြည်နယ်အတွင်းရှိ ကိုယ်အင်္ဂါမသန်စွမ်းသူ(၁၀၄)ဦးအား Dingdi Dream Organization မှ လှူဒါန်းသော Wheel Chair များကို ၁-၁၂-၂၀၁၉ ရက်နေ့၌ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမဆောင်တွင် Dingdi Dream Organization ၏ နာယက Dr.Anna Sui Hluan မှ မသန်စွမ်းသူ များအား ထောက်ပံ့ပေးအပ်ခဲ့ပါသည်။ ထို့အတူ လာမည့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ချင်းပြည်နယ်အတွင်းရှိ မသန်စွမ်းသူများ ပါဝင်ဆောင်ရွက်နိုင်စေရေးနှင့် မသန်စွမ်းသူများမဲပေးပိုင်ခွင့် မဆုံးရှုံးစေရန်အတွက် ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများနှင့် ချင်းပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန၊ ဒေင်မသန်စွမ်းသူများ ပြုစုစောင့်ရှောက်ရေး (LIFT Project) တို့မှ တာဝန်ခံများပူးပေါင်း၍ မသန်စွမ်းသူများအား မဲပေးခြင်းလုပ်ငန်းစဉ် ရှင်းလင်း ဆွေးနွေးပွဲကို ၁၉-၁၂-၂၀၁၉ ရက်နေ့တွင် ချင်းပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ပါသည်။ ဆက်လက်၍ ချင်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်မှ မဲပေးပုံနည်းစနစ်များ လက်တွေ့ သရုပ်ပြခြင်းကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလက မသန်စွမ်းအဖွဲ့အစည်းများနှင့် ဆောင်ရွက်ခဲ့ပါသည်။

၁၁။ ချင်းပြည်နယ်အတွင်း လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ ထိရောက်အောင်မြင်စေရန်အတွက် ဒေသခံလူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများအပြင် လူမှုဝန်ထမ်းဦးစီးဌာနနှင့် MoU လက်မှတ်ရေးထိုးပြီး လုပ်ငန်းများဆောင်ရွက်ရမည့် အဖွဲ့အစည်းများ၏ အင်အားကိုရယူလျက် ချင်းပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ ပံ့ပိုးမှုများဖြင့် ပြည်သူလူထု၏ အကျိုးစီးပွားကို အောင်မြင်စွာဆောင်ရွက်နိုင်ပါကြောင်း တင်ပြအပ်ပါသည်။










**ချင်းပြည်နယ်အတွင်းရှိ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ခဲ့မှု မှတ်တမ်းဓာတ်ပုံများ**

# စစ်ကိုင်းတိုင်းဒေသကြီး
# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

**နိဒါန်း**

၁။ မြန်မာနိုင်ငံသည် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံ ဖြစ်သည့်အပြင် အာဆီယံအသိုက်အဝန်းအတွင်း မသန်စွမ်းသူများပါဝင်မှုနှင့် မသန်စွမ်းသူများ၏ အခန်းကဏ္ဍမြင့်မားရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များကို ချမှတ်၍ ဆောင်ရွက်လျက်ရှိပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) အခန်း(၁)၊ အပိုဒ်၃၂(က)တွင် မသန်စွမ်းသူများအား နိုင်ငံတော်မှ ကြည့်ရှုစောင့်ရှောက်ရမည်ဟု ဖော်ပြထားပြီး ၂၀၁၅ ခုနှစ် မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေနှင့် ၂၀၁၇ ခုနှစ် မသန်စွမ်းသူများ၏ အခွင့်အရေးနည်းဥပဒေ၏ ရည်ရွယ်ချက်များနှင့်အညီ စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

**ရည်ရွယ်ချက်**

၂။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူများ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းရပ်များအား အောက်ပါရည်ရွယ်ချက်များနှင့် ဆောင်ရွက်လျက်ရှိပါသည်-

(က) မသန်စွမ်းသူများဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်အရေးကြီးသော မူဝါဒ၊ အလေ့အကျင့်၊ နည်းစနစ်နှင့် အခြေခံလိုအပ်ချက်များ တိုးတက်ဖြစ်ထွန်းလာစေရန်၊

(ခ) မသန်စွမ်းမှုကြောင့် ခွဲခြားဆက်ဆံခံရမှုပပျောက်ရေး

(ဂ) လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များတွင် အကျုံးဝင် ပါဝင်နိုင်ရေးနှင့် ထောက်ပံ့မှု အစီအစဉ်များ ချမှတ်ဆောင်ရွက်နိုင်ရေး

**မူဝါဒများဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်ခြင်း**

၃။ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာမူဝါဒများတွင် မသန်စွမ်းသူများ၏အရေးကိစ္စအား ထည့်သွင်းဆောင်ရွက်လျက်ရှိရာတွင် ၂၀၁၅ ခုနှစ်မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေနှင့် ၂၀၁၇ ခုနှစ် မသန်စွမ်းသူများ၏ အခွင့်အရေး နည်းဥပဒေများနှင့်အညီ ပြည်သူများအကြား မူဝါဒများ သိရှိနားလည်မှုမြင့်မားလာပြီး မသန်စွမ်းသူများအား အကူအညီလိုအပ်နေသူများဟု ရှုမြင်ခြင်းမှ နိုင်ငံတကာတွင် ပြောင်းလဲနေသောအခွင့်အရေးကို အခြေခံသောအမြင်ဖြင့် ပြောင်းလဲတိုးတက်စေရန် အသိပညာပေးအစီအစဉ်များကို အစီရင်ခံစဉ်ကာလအတွင်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ်အတွင်း မသန်စွမ်းသူများပြုစုစောင့်ရှောက်ရေးသင်တန်း(၁)ကြိမ် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ UNCRPD သင်တန်း (၁) ကြိမ်၊ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ အသိပညာပေး (၁) ကြိမ်၊ ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေး မိဘအသိပညာပေးဆွေးနွေးပွဲ (၁၈၁)ကြိမ်နှင့် မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (၁) ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။

၄။ ၂၀၁၈ခုနှစ်အတွင်း ၁၀-၇-၂၀၁၈ ရက်နေ့မှ ၁၂-၇-၂၀၁၈ ရက်နေ့အထိ အထူးလိုအပ်ချက်ရှိသော ကလေးများအား ပြုစုလေ့ကျင့်မှု အသိပညာပေးသင်တန်းကို ကလေးမြို့နယ်တွင် သင်တန်းသား (၃၀)ဦးဖြင့် ဖွင့်လှစ်ခဲ့ပါသည်။ ရှေးဦးအရွယ် ကလေးသူငယ်များအား ဖွံ့ဖြိုးမှုတိုင်းတာစစ်ဆေးခြင်းနှင့် ပံ့ပိုးမှုဆိုင်ရာ ဆင့်ပွားသင်တန်းကို ၉-၅-၂၀၁၈ ရက်နေ့မှ ၁၁-၅-၂၀၁၈ ရက်နေ့အထိ သင်တန်းသား (၉၀) ဦးဖြင့် မုံရွာမြို့နယ်တွင် ဖွင့်လှစ်ခဲ့ပါသည်။ ၂၀-၅-၂၀၁၈ ရက်နေ့တွင် မုံရွာခရိုင်အတွင်းရှိ မသန်စွမ်းသူ (၁၀၀၂) ဦးအား တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ပြည်ထောင်စုဝန်ကြီးက ထောက်ပံ့ပေးခဲ့ပါသည်။

၅။ ၂၀၁၉ ခုနှစ်အတွင်း ရပ်ရွာအတွင်း မသန်စွမ်းမှုဆိုင်ရာ အသိပညာပေးလုပ်ငန်းများအား အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-

**စစ်ကိုင်းတိုင်းဒေသကြီး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာကော်မတီဖွဲ့စည်းခြင်း**

၆။ စစ်ကိုင်းတိုင်းဒေသကြီးမသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာကော်မတီကို ၂၀-၈-၂၀၁၇ ရက်နေ့တွင် အဖွဲ့ဝင် (၁၈) ဦးဖြင့်ဖွဲ့စည်း၍ လုပ်ငန်းဆောင်ရွက်ခဲ့ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီး မသန်စွမ်းသူများအသင်း ဖွဲ့စည်း ခြင်းရွေးကောက်ပွဲအခမ်းအနားကို မုံရွာမြို့၊ မြို့တော်ခန်းမတွင် ၁၇-၅-၂၀၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါအခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၊ လူမှုရေး ဝန်ကြီးမှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး အခမ်းအနားတွင် မသန်စွမ်းသူများ အသင်းဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးနှင့် အလုပ်အမှုဆောင်ကော်မတီဝင် (၁၂) ဦး၊ စုစုပေါင်း(၁၇) ဦးဖြင့် ရွေးချယ်ဖွဲ့စည်းပေးခဲ့ပါသည်။

**အစည်းအဝေးများကျင်းပဆောင်ရွက်ခြင်း**

၇။ ၁၅-၈-၂၀၁၉ ရက်နေ့တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၂) တွင်ပြုလုပ်သော တိုင်းဒေသကြီးအဆင့် ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးမှု အခြေအနေတိုင်းတာ စစ်ဆေးခြင်းနှင့် ပြန်လည် ထူထောင်ရေး လုပ်ငန်းအသိပညာပေးအစီအစဉ် (Early Childhood Intervention-ECI Program)ကို ကျင်းပပြုလုပ်ခဲ့ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကော်မတီအဖွဲ့ဝင် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ အိမ်တိုင်ရာရောက် စေတနာ့ဝန်ထမ်းဆောင်ရွက်ပေးနေသူများ၊ (ECI Program)၏ နိုင်ငံတော်အကြံပေးနှင့် တာဝန်ရှိသူများ စုစုပေါင်း(၆၀)ဦး တက်ရောက်ခဲ့ကြပါသည်။

**ကြိုတင်ကာကွယ်ခြင်း**

၈။ မသန်စွမ်းဖြစ်မှုလျှော့ချနိုင်ရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်အဖြစ် ရှေးဦးအရွယ်ကလေး သူငယ်ဖွံ့ဖြိုးမှု အခြေအနေတိုင်းတာစစ်ဆေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအစီအစဉ် (Early Childhood Intervention-ECI Program)ကို စစ်ကိုင်းတိုင်းဒေသကြီး၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါလုပ်ငန်းစဉ်သည် အပြုအမူပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပြဿနာရှိသော မသန်စွမ်းခြင်း၊တိုးတက်မှုနှေးကွေးခြင်းတို့ကို ခံစားရနိုင်ခြေရှိသော မွေးစမှ ၅ နှစ်အထိ ကလေးငယ်များ၏ မိသားစုများအတွက် ဝန်ဆောင်မှုပေးသည့် ပညာရပ် နယ်ပယ်မျိုးစုံနှင့်သက်ဆိုင်သော၊ ကဏ္ဍပေါင်းစုံပါဝင်သော၊ ဘက်စုံပေါင်းစပ်ညှိနှိုင်းပေးသော စနစ်ဖြစ်ပါသည်။

၉။ မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာနှင့် ကလေးသူငယ်ဖွံ့ဖြိုးမှုအခြေအနေကို စစ်ဆေးတိုင်းတာပံ့ပိုး သည့် စနစ်သစ် (Early Childhood Intervention-ECI Program) အား ဆောင်ရွက်ပေးခြင်းဖြင့် ကလေး သူငယ်အာဟာရမပြည့်ဝခြင်း၊ ဖွံ့ဖြိုးမှုနောက်ကျခြင်း၊ မသန်စွမ်းဖြစ်ခြင်းများကို စောစီးစွာ သိရှိ၍ အထူးလိုအပ် ချက်ရှိသော ကလေးများအား လိုအပ်သောကုထုံးများနှင့်ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ခြင်းဖြင့် မသန်စွမ်းဖြစ်ပွားမှု ရာခိုင်နှုန်းကို လျှော့ချပေးနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် ရှေးဦးအရွယ်ကလေးသူငယ် ဖွံ့ဖြိုးမှု အခြေအနေတိုင်းတာ စစ်ဆေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း အစီအစဉ် ( Early Childhood Intervention-ECI Program)ကို အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါသည်-

| | | |
|---|---|---|
| (က) | မုံရွာမြို့နယ် (နန္ဒဝန်ရပ်ကွက်) | စီမံချက်ဧရိယာ |
| | စတင်မိတ်ဆက်ရက် - | ၂၉-၁-၂၀၁၉ |
| | ၂၀၁၉ခုနှစ်၊ ဒီဇင်ဘာလအထိကြည့်ရှုပြီးကလေးဦးရေ - | ၁၄၁၉ ဦး |

(ခ) ချောင်းဦးမြို့နယ် (ငါးလုံးတင်ကျေးရွာ)
စတင်မိတ်ဆက်ရက် - ၂၈-၁-၂၀၁၉
၂၀၁၉ခုနှစ်၊ ဒီဇင်ဘာလအထိကြည့်ရှုပြီးကလေးဦးရေ ၁၁၈၃ ဦး

**အကာအကွယ်ပေးခြင်း**

၁၀။ မသန်စွမ်းသူများအတွက် အကာအကွယ်ပေးခြင်းလုပ်ငန်းစဉ်အဖြစ် လူမှုဝန်ထမ်းဦးစီးဌာနမှ သင်တန်းကျောင်း အခြေပြုနှင့် ရပ်ရွာအခြေပြုမသန်စွမ်းကျောင်းများ ဖွင့်လှစ်၍ မသန်စွမ်းမှုအားလျော့ကျင့်မှုနှင့် နည်းပညာများအရစွမ်းရည်တိုးတက်စေရေးအတွက် အထူးမသန်စွမ်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးခြင်းနှင့် မသန်စွမ်းသူများအတွက် ရပ်ရွာအခြေပြု သင်တန်းကျောင်းများအား အသိအမှတ်ပြု ထောက်ပံ့ကြေးများ ပေးခြင်းနှင့် နည်းပညာများထောက်ပံ့ခြင်းများကို ဆောင်ရွက်ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မသန်စွမ်းသူ (၄) မျိုးအတွက် ဆောင်ရွက်လျက်ရှိသော လူမှုဝန်ထမ်းဦးစီးဌာနမှ သင်တန်းကျောင်း အခြေပြုနှင့် ရပ်ရွာအခြေပြု မသန်စွမ်းကျောင်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် စစ်ကိုင်းတိုင်းဒေသကြီးတွင် လူမှုဝန်ထမ်းမှ ဖွင့်လှစ်ထားသော အထူးကျောင်းများမရှိပါ။ ရပ်ရွာအခြေပြုမသန်စွမ်းသင်တန်းကျောင်းအနေဖြင့် မုံရွာမြို့နယ်တွင် ချမ်းမြဝတီမသန်စွမ်းဘက်စုံဖွံ့ဖြိုးရေးသင်တန်းကျောင်းတွင် ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် အသက် မွေးဝမ်းကျောင်းပညာများ သင်ကြားပေးလျက်ရှိပါသည်။

(ခ) မျက်မမြင်များအတွက် စစ်ကိုင်းမြို့တွင် လူမှုဝန်ထမ်းမှဖွင့်လှစ်ထားသော ပညာရေးနှင့် သက်မွေး ပညာများသင်ကြားနိုင်သည့် အထူးကျောင်းရှိပါသည်။
ရပ်ရွာအခြေပြုမသန်စွမ်းသင်တန်းကျောင်းအနေနှင့် မုံရွာမြို့တွင် ရောင်ခြည်သစ်၊ ရေဦး (ဥဩ ရောင်ခြည် မျက်မမြင်ကျောင်း)နှင့် မြောင်မြို့ရှိမျက်မမြင်ကျောင်းများတွင် ပညာရေးနှင့် သက်မွေးပညာသင် မျက်မမြင်ကျောင်းရှိပါသည်။

(ဂ) နားမကြားသူများအတွက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လူမှုဝန်ထမ်းမှဖွင့်လှစ်ထားသော နားမကြားသောကလေးများ ကျောင်းမရှိပါ။ လိုအပ်ချက်ရှိသော ကလေးများအား မန္တလေးမြို့ နားမကြားကျောင်းသို့ ညွှန်းပို့ခြင်းကို ဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီးအတွင်း နားမကြားသူ များအတွက် ဝန်ဆောင်မှုများပေးနိုင်ရန် စံလက်သင်္ကေတပြ ကူညီပံ့ပိုးသူများသင်တန်း (Sign Language Supporter) သင်တန်းကို ရန်ကုန်မြို့ နားမကြားသောသင်တန်းကျောင်းတွင် ဖွံ့ဖြိုးရေးဆိုင်ရာ အခပေးသင်တန်းများနှင့်အခမဲ့သင်တန်းများအား ဖွင့်လှစ်ပေးလျက်ရှိသည့် အတွက် ရပ်ရွာအတွင်း အလုပ်အကိုင်အခွင့်အလမ်းများရရှိစေခြင်းနှင့် ကလေးများဖွံ့ဖြိုးတိုး တက်စေခြင်းများကို ဖြစ်ထွန်းစေလျက်ရှိပါသည်။ ၅-၂-၂၀၁၈ ရက်နေ့မှ ၆-၉-၂၀၁၉ အထိ သင်တန်း(၁၅)ကြိမ်ဖွင့်လှစ်ခဲ့ရာမှ သင်တန်းသား၊ သင်တန်းသူ(၇၉၉)ဦးအား သင်တန်းပေးနိုင်ခဲ့ ပါသည်။ အဆိုပါ သင်တန်းများတွင် မသန်စွမ်းမှုဆိုင်ရာ အသိပညာပေးခြင်းနှင့် အထူးကာကွယ် စောင့်ရှောက်ရန်လိုအပ်သော ကလေးများအား ပြုစုစောင့်ရှောက်နည်းများကို ထည့်သွင်း သင်ကြားပေးနိုင်ခဲ့ပါသည်။

၁၄။ မသန်စွမ်းသူများစွမ်းဆောင်ရည်မြှင့်တင်ရေး၊ သုတေသနစစ်တမ်းကောက်ယူခြင်း၊ လေ့လာဆန်းစစ်ခြင်း၊ သတင်းအချက်အလက်မျှဝေခြင်း၊ မသန်စွမ်းသူများကိုယ်တိုင် ပါဝင်ခွင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် The Leprosy Mission Myanmar ၏ ပံ့ပိုးမှုဖြင့် အောက်ပါလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်ပါသည်-

(က) မသန်စွမ်းသူများအား အကြောအဆစ်ပိုင်းဆိုင်ရာ လေ့ကျင့်ကုသမှုဆောင်ရွက်ပေးခြင်း၊
(ခ) အနာကြီးရောဂါခံစားနေရသူများအား အသင်းထူထောင်ပေးခြင်း၊
(ဂ) စီမံချက်ကျေးရွာများရှိ ကျန်းမာရေးဝန်ထမ်းများနှင့် မသန်စွမ်းသူများ၏ ကျန်းမာရေး စောင့်ရှောက်မှုအတွက် လွှဲပြောင်းဆောင်ရွက်ခြင်း၊
(ဃ) ကျောင်းအခြေပြု အတားအဆီးကင်းမဲ့သော လျှောက်လမ်းများပြုလုပ်ခြင်း၊
(င) လူထုပူးပေါင်းပါဝင်သော ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ စွမ်းဆောင်ရည်မြှင့်တင်မှု သင်တန်းပေးခြင်း၊

## အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အခမ်းအနားကျင်းပခြင်း

၁၅။ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားများတွင် မသန်စွမ်းသူများ၏ ဖွံ့ဖြိုးတိုးတက်ခွင့်ဆိုင်ရာ လုပ်ရှားဆောင်ရွက်မှုများနှင့် သက်ဆိုင်သည့် ထူးချွန်ဆုများကိုပေးအပ် ချီးမြှင့်လျက်ရှိရာတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများ၊ မသန်စွမ်း သူများ၏အဆို၊ စစ်တုရင်၊ ပန်းချီစသည့်ပြိုင်ပွဲများ ကျင်းပနိုင်စေရန် ကော်မတီများနှင့်ဆပ်ကော်မတီများ ဖွဲ့စည်း၍ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ထူးချွန်သူများ ပေါ်ထွက်လာစေရေးအတွက် ပြိုင်ပွဲများကျင်းပ၍ ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိသူများကို ရွေးချယ်ခဲ့ပြီး ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ခုနှစ်များတွင် ဒီဇင်ဘာလ ၃ ရက်နေ့တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားတွင် ဆုချီးမြှင့်ခဲ့ပါသည်။

## ဆောင်ရွက်ပြီးစီးမှုများ

၁၆။ မသန်စွမ်းသူများ၏ ကာယနှင့် စိတ်ခွန်အားကြံ့ခိုင်စေရေးအတွက် မြန်မာနိုင်ငံမသန်စွမ်း အားကစားပြိုင်ပွဲများနှင့် PARALANPIC ပြိုင်ပွဲများကို နှစ်စဉ်ပါဝင်ယှဉ်ပြိုင်လျက်ရှိရာ ဖိလစ်ပိုင်နိုင်ငံ(မနီလာ)တွင် ကျင်းပမည့် (၁၀)ကြိမ်မြောက် အာဆီယံအားကစားပြိုင်ပွဲ၏ Goal Ball ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန်စစ်ကိုင်းမျက်မမြင် ကျောင်းမှ နည်းပြတစ်ဦးနှင့် ပြိုင်ပွဲဝင်တစ်ဦး Camp သွင်းဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းဖွဲ့စည်းရေးအတွက် ၁၇-၅-၂၀၁၉ ရက်နေ့တွင် မသန် စွမ်းသူများအသင်း ဖွဲ့စည်းရေးဆိုင်ရာ အလုပ်အမှုဆောင်အဖွဲ့ဝင်များ ရွေးကောက်တင်မြှောက်ပွဲ အခမ်းအနား ကျင်းပခဲ့ပါသည်။

၁၇။ ရန်ကုန်မြို့တွင် ဖွင့်လှစ်လျက်ရှိသော Sign Language သင်တန်းအား စစ်ကိုင်းတိုင်းဒေသကြီးမှ သင်တန်းသူတစ်ဦး တက်ရောက်လျက်ရှိရာတွင် သင်တန်းအားအဆင်ပြေစွာ တက်ရောက်နိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စားစရိတ်ထောက်ပံ့ပေးခဲ့ပါသည်။ ထို့ပြင် မသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိရာတွင် အမြင်အာရုံမသန်စွမ်းသူများအတွက် လူမှုဝန်ထမ်းဦးစီးဌာနနှင့် Japan heart တို့ပူးပေါင်း၍ ၂၈-၃-၂၀၁၉ ရက်နေ့မှ ၂၉-၃-၂၀၁၉ ရက်နေ့အထိ စစ်ကိုင်းမျက်မမြင်ကျောင်းတွင် အမြင်အာရုံမသန်စွမ်းသူများအား ဆေးပညာ အကြောပြင် အနှိပ်ပညာရပ် နှီးနှောဖလှယ်ပွဲကို သင်တန်းသား(၃၀)ဦးဖြင့် ဖွင့်လှစ်ခဲ့ပါသည်။ ထို့အတူ စစ်ကိုင်း မျက်မမြင်ကျောင်းမှ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ငါးဦး ဝင်ရောက်ဖြေဆိုခဲ့ပြီး ပထဝီဝင်ဂုဏ်ထူးဖြင့် တစ်ဦးအောင်မြင်ခဲ့ပါသည်။ ၎င်းအပြင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း စစ်ကိုင်းတိုင်း

ဒေသကြီးအတွင်းရှိ မသန်စွမ်းသူစုစုပေါင်း (၁၄၁၆၄)ဦးအား တစ်ဦးလျှင်(၃၀၀၀၀)ကျပ်နှုန်းဖြင့် (၂)ကြိမ်ပေါင်း၍ ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

၁၈။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အကြားအာရုံမသန်စွမ်းသူများနှင့် ကိုယ်အင်္ဂါမသန်စွမ်း (သက်ကြီး/ သက်ငယ်)များအတွက် ထိရောက်သော အသက်မွေးဝမ်းကျောင်း ပညာသင်ကြားပေးသော သင်တန်းများလို အပ်ခြင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အသိပညာပေးမှုများလိုအပ်ခြင်း၊ မသန်စွမ်းသူများ အလုပ်အကိုင်ရရှိနိုင်ရန်အတွက် အစိုးရဌာနများနှင့် ပုဂ္ဂလိကကဏ္ဍများမှ အားဖြည့်ရန်လိုအပ်ခြင်း၊ နောင်တွင် ဆောက်လုပ်မည့် ပညာရေးကျောင်းများတွင် မသန်စွမ်းကျောင်းသား၊ ကျောင်းသူများ လက်လှမ်းမီ သွားရောက် နိုင်သည့် ဗိသုကာဒီဇိုင်းများဖြင့် ဆောက်လုပ်ရန်လိုအပ်ခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဉာဏ်ရည် မသန်စွမ်းသူများအတွက် လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွင့်လှစ်ထားသော သင်တန်းကျောင်းမရှိခြင်း စသည်တို့ကို ဖြည့်ဆည်းပေးနိုင်ပါက ပိုမိုကောင်းမွန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

၁၉။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူများပြုစုစောင့်ရှောက်ရေးလုပ်ငန်းများအနေဖြင့် ၁၇-၁၁-၂၀၁၈ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အကြိုလှုပ်ရှားမှု အဖြစ် အဆို၊ စစ်တုရင်နှင့် ပန်းချီပြိုင်ပွဲများ၏ ဆုပေးပွဲအခမ်းအနားကို မုံရွာမြို့ မိုးလုံလေလုံ အားကစားကွင်း အတွင်း ကျင်းပပြုလုပ်ခဲ့ရာ လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းတက်ရောက်အားပေးခြင်း၊ ၂၆-၁၁-၂၀၁၈ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ဂုဏ်ပြုအကြို မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း စာစီစာကုံး ပြိုင်ပွဲများကို (အထက-၃)မုံရွာ၌ ကျင်းပခြင်း၊ ၃-၁၂-၂၀၁၈ရက်နေ့တွင် မုံရွာမြို့၊ မြို့တော်ခန်းမ၌ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားကျင်းပပြုလုပ်ရာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပြီး တေးဂီတဖြင့် ဖျော်ဖြေခဲ့ကြသည့် မသန်စွမ်းကျောင်းများအား ဆုငွေ(၃၀၀၀၀၀/-)ကျပ်တိတိ ချီးမြှင့်ခဲ့ပါသည်။

၂၀။ ထို့နောက် ၁၂-၁-၂၀၁၉ ရက်နေ့တွင် မြင်းမူမြို့နယ်အတွင်းရှိ မသန်စွမ်းသူစုစုပေါင်း (၂၇၆)ဦး၊ ပုလဲမြို့နယ်တွင်(၈၆၄)ဦးနှင့် ယင်းမာပင်မြို့နယ်တွင် (၁၀၁)ဦးတို့အား တစ်ဦးလျှင် (၃၀၀၀၀)ကျပ်နှုန်းဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ထောက်ပံ့ ပေးအပ်ခဲ့ရာ မသန်စွမ်းသူများ၊ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြပါသည်။ ထို့ပြင် ၁၇-၂-၂၀၁၉ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူ စုစုပေါင်း(၁၁၆၉၀)ဦးအား တစ်ဦးလျှင်(၃၀၀၀၀)ကျပ်နှုန်းဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ပြည်ထောင်စုဝန်ကြီးက ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကျင်းပခဲ့ရာ စစ်ကိုင်း တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ မသန်စွမ်းသူများ၊ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စား လှယ်များ၊ ဌာနဆိုင်ရာများနှင့် ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြပါသည်။

၂၁။ အလားတူ မသန်စွမ်းကလေးသူငယ်များအပါအဝင် ကလေးသူငယ်များအားလုံး၏ ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာ စစ်ဆေးပြီး လိုအပ်သောဝန်ဆောင်မှုများ ပံ့ပိုးဆောင်ရွက်ပေးမည့် ရှေးဦးအရွယ်ကလေးသူငယ် ဖွံ့ဖြိုး တိုးတက်မှုအခြေအနေ တိုင်းတာစစ်ဆေးပံ့ပိုးခြင်း ဝန်ဆောင်မှု (Early Childhood Intervention Services- ECI ) ဆိုင်ရာလုပ်ငန်းစဉ်ကို လူမှုဝန်ထမ်းဦးစီးဌာနနှင့် UNICEF (Myanmar)၊ The Leprosy Mission (Myanmar) တို့ပူးပေါင်း၍ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ချောင်းဦးမြို့နယ် (ငါးလုံးတင်) ကျေးရွာနှင့် မုံရွာမြို့နယ် (နန္ဒဝန်ရပ်ကွက်)တို့တွင် စတင်ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ၈-၂-၂၀၁၉ရက်နေ့တွင် ချမ်းမြဝတီ မသန်စွမ်းသင်တန်းကျောင်းသို့ သွားရောက်၍ မသန်စွမ်းသူများနှင့်တွေ့ဆုံခဲ့ပြီး ယခင်တိုင်းဒေသကြီးအစိုးအဖွဲ့မှ

ပေးလှူထားသော အကျႌများနှင့် အဝတ်အထည်များကို ပေးအပ်လှူဒါန်း ခဲ့ပါသည်။ ထို့နောက် ၁၄-၂-၂၀၁၉ ရက်နေ့တွင် ရောင်ခြည်သစ်မျက်မမြင်ကျောင်းသို့ သွားရောက်စစ်ဆေးကြည့်ရှုခဲ့ပါသည်။ ၁၉-၂-၂၀၁၉ ရက်နေ့တွင် မုံရွာမြို့နယ်ရှိ မသန်စွမ်းသူ(၃၀)ဦးအတွက် တစ်ဦးလျှင် (၃၀၀၀၀)ကျပ်နှုန်းဖြင့် မုံရွာမြို့နယ် အထွေထွေအုပ်ချုပ်ရေး မှူးရုံးမှတစ်ဆင့် ပေးအပ်ခဲ့ပါသည်။ ၂၈-၃-၂၀၁၉ ရက်နေ့တွင် စစ်ကိုင်းမျက်မမြင်ကျောင်းတွင် လူမှုဝန်ထမ်း ဦးစီးဌာနနှင့် Japan Heart တို့ ပူးပေါင်းကျင်းပသည့် (၈)ကြိမ်မြောက် မြန်မာနိုင်ငံမျက်မြင်ဆေးပညာရပ်ဆိုင်ရာ အကြောပြင်နီးနောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး စစ်ကိုင်းမူလတန်းကြိုကျောင်းနှင့် စစ်ကိုင်းခရိုင် လူမှုဝန်ထမ်းရုံးမြေနေရာအား ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

## နိဂုံး

၂၂။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး မသန်စွမ်း သူများ၏ အခွင့်အရေးများဆိုင်ရာကော်မတီအနေနှင့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အနီးကပ်ကြီးကြပ်မှု၊ လူမှုဝန်ထမ်းဦးစီးဌာန၏ လမ်းညွှန်မှုတို့နှင့် အောင်မြင်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။





စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှု မှတ်တမ်းဓာတ်ပုံများ။





စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှု မှတ်တမ်းဓာတ်ပုံများ။

## တနင်္သာရီတိုင်းဒေသကြီး
## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

၁။ တနင်္သာရီတိုင်းဒေသကြီးအတွင်း ငြိမ်းချမ်းရေးတွဲလက်များ ခရီးစဉ်ကို ကော့သောင်းမြို့မှ ကလိန်အောင်မြို့ထိ ၁၆-၃-၂၀၁၈ ရက်နေ့မှ ၂၈-၃-၂၀၁၈ ရက်နေ့အထိ လူမှုဝန်ထမ်းဦးစီးဌာနမှ အသိအမှတ်ပြုထောက်ပံ့ကြေးပေးထားသော မြန်မာနိုင်ငံခရစ်ယာန် မျက်မမြင်များ မိတ်သဟာယလက်အောက်ရှိ ရန်ကုန်မြို့ ခဝဲခြံမျက်မမြင်ကျောင်းမှ ဦးဆောင်ပြီး အမြင်အာရုံမသန်စွမ်းသူများ၊ ကိုယ်အင်္ဂါမသန်စွမ်းသူများသည် ငြိမ်းချမ်းရေးတွဲလက်များ Wheel Chair ရထားခရီးစဉ်သည် တနင်္သာရီတိုင်းဒေသကြီးအတွင်း ကော့သောင်းမြို့မှ စတင်ထွက်ခွာနိုင်ရန်အတွက် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်၏ လမ်းညွှန်ကြီးကြပ်မှု၊ ပံ့ပိုးမှုများဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ သက်ဆိုင်ရာ ခရိုင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးများ၏ အနီးကပ်ကူညီပံ့ပိုးမှုများဖြင့် ဆောင်ရွက်ခဲ့ရာ ရေဖြူမြို့နယ်၊ ကလိန်အောင်မြို့နယ်ခွဲအထိ (၁၅)ညအိပ်(၁၆)ရက်ခရီးစဉ်အား အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် မသန်စွမ်းသူများနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များ၊ ငြိမ်းချမ်းရေးနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များကို တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများသို့ အသိပညာပေး လုပ်ငန်းတစ်ရပ်အနေဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

### သင်တန်းများ၊ အခမ်းအနားများနှင့် ဆွေးနွေးပွဲများဆောင်ရွက်ခြင်း

၂။ တနင်္သာရီတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှကြီးမှူးပြီး ထားဝယ်မြို့ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းတွင် ၂၁-၃-၂၀၁၈ ရက်နေ့မှ ၂၂-၃-၂၀၁၈ ရက်နေ့ထိ မသန်စွမ်းသူများပြုစု စောင့်ရှောက်မှုဆိုင်ရာ သင်တန်း ဖွင့်လှစ်ပို့ချပေးနိုင်ခဲ့သည်။ တနင်္သာရီတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ကြီးမှူးပြီး ထားဝယ်မြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းတွင် ၃၀-၃-၂၀၁၈ ရက်နေ့မှ ၃၁-၃-၂၀၁၈ ရက်နေ့ထိ ရပ်ရွာအတွင်း မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေဆိုင်ရာ သင်တန်းများဖွင့်လှစ်ပို့ချပေးနိုင်ခဲ့သည်။ ထို့အတူ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ထားဝယ်မြစ်ကမ်းဘေး အပန်းဖြေစခန်းတစ်ခု တည်ဆောက် လျက်ရှိရာ မသန်စွမ်းသူများ၊ အလွယ်တကူသွားလာနိုင်ရေးအတွက် Wheel Chair လမ်းများ ထည့်သွင်း တည်ဆောက်ရန် ရေးဆွဲဆောင်ရွက်ထားပါသည်။

၃။ ထို့နောက် တနင်္သာရီတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးနှင့် ဒေင်မသန်စွမ်းသူများ ပြုစုရာရိပ်မြုံတို့ပူးပေါင်းပြီး ထားဝယ်မြို့ ရွှေဝယ်သီရိ အားကစားခန်းမတွင် မသန်စွမ်း ကလေးများအတွက် Right to Play အခမ်းအနား ကျင်းပပေးခြင်း၊ တနင်္သာရီတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးနှင့် မြန်မာနိုင်ငံ မသန်စွမ်းအဖွဲ့ချုပ်တို့ ပူးပေါင်းပြီး ၁၂-၁၁-၂၀၁၈ရက်နေ့တွင် ကော့သောင်းမြို့၌ မသန်စွမ်းသူများ လူမှုအသိုင်းအဝိုင်းအတွင်း ဝင်ဆံ့မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပေးခြင်း၊ ၂၀၁၈ ခုနှစ် ဧပြီလတွင် တနင်္သာရီတိုင်းဒေသကြီးအတွင်း မသန်စွမ်း စာရင်းများ ကောက်ယူခဲ့ခြင်း၊ ၂၀၁၉ ခုနှစ်တွင် ထားဝယ်ခရိုင်အတွင်းရှိမြို့နယ် (၄) မြို့နယ်မှ မသန်စွမ်းသူ(၁၆၄၄) ဦးအား တစ်ဦးလျှင် ၃၀၀၀၀ ကျပ်နှုန်း ထောက်ပံ့နိုင်ခဲ့ပါသည်။

၄။ တနင်္သာတိုင်းဒေသကြီးအတွင်း ထားဝယ်ခရိုင်၊ မြိတ်ခရိုင်၊ ကော့သောင်းခရိုင်တို့တွင် မသန်စွမ်းသူများ အတွက် အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုအခြေအနေများမှာ တစ်ဖက်ပါဇယားအတိုင်း ဖြစ်ပါသည်-

## တနင်္သာရီတိုင်းဒေသကြီးအတွင်း ထားဝယ်ခရိုင်၊ မြိတ်ခရိုင်၊ ကော့သောင်းခရိုင်အတွင်းရှိ မသန်စွမ်းသူများ စာရင်းအချုပ်

| စဉ် | ခရိုင် | မြို့နယ် | မသန်စွမ်းအမျိုးအစား | | | | | | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကိုယ်အင်္ဂါမသန်စွမ်းသူ | | | လုံးဝမျက်စိမမြင်သူ | | | လုံးဝနားမကြားသူ | | | ဉာဏ်ရည်မသန်စွမ်းသူ | | | |
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | |
| ၁။ | ထားဝယ် | ထားဝယ် | ၄၇ | ၄၄ | ၉၁ | ၇ | ၅ | ၁၂ | ၁၂ | ၁၇ | ၂၉ | ၅၂ | ၃၅ | ၈၇ | ၂၁၉ |
| | ॥ | သရက်ချောင်း | ၂၃၅ | ၁၁၁ | ၃၄၆ | ၂၄ | ၂၃ | ၄၇ | ၄၇ | ၅၄ | ၁၀၁ | ၇၁ | ၅၅ | ၁၂၆ | ၆၂၀ |
| | ॥ | လောင်းလုံ | ၁၃၄ | ၉၆ | ၂၃၀ | ၃၈ | ၄၉ | ၈၇ | ၃၆ | ၂၄ | ၆၀ | ၆၉ | ၇၁ | ၁၄၀ | ၅၁၇ |
| | | ရေဖြူ | ၁၀၄ | ၅၉ | ၁၆၃ | ၁၉ | ၁၁ | ၃၀ | ၁၉ | ၂၇ | ၄၆ | ၂၇ | ၂၉ | ၅၆ | ၂၉၅ |
| ၂။ | ကော့သောင်း | ကော့သောင်း | ၃၄ | ၁၈ | ၅၂ | ၃ | ၁ | ၄ | ၈ | ၁၁ | ၁၉ | ၈ | ၈ | ၁၆ | ၉၁ |
| | ॥ | ဘုတ်ပြင်း | ၁၀ | ၁၁ | ၂၁ | - | - | - | ၆ | ၆ | ၁၂ | ၈ | ၁၁ | ၁၉ | ၅၂ |
| ၃။ | မြိတ် | မြိတ် | ၁၆၂ | ၉၈ | ၂၆၀ | ၈ | ၁၄ | ၂၂ | ၂၆ | ၃၆ | ၆၂ | ၃၃ | ၁၄ | ၄၇ | ၃၉၁ |
| | ॥ | ပုလော | ၁၈၂ | ၈၄ | ၁၀၆ | ၁၀ | ၄ | ၁၄ | ၂၄ | ၃၇ | ၆၁ | ၂၆ | ၂၄ | ၅၀ | ၃၁၁ |
| | ॥ | တနင်္သာရီ | ၁၇ | ၁၅ | ၃၂ | - | - | - | ၁၁ | ၉ | ၂၀ | ၁ | ၁ | ၁ | ၅၃ |
| | ॥ | ကျွန်းစု | ၃၉ | ၃၆ | ၇၅ | ၁ | ၂ | ၃ | ၁၈ | ၉ | ၂၇ | ၂၁ | ၁၂ | ၃၃ | ၁၃၈ |
| ၄။ | တနင်္သာရီတိုင်းဒေသကြီးအတွင်း ခရိုင်(၃) ခု၏ မသန်စွမ်းသူများစာရင်းစုစုပေါင်း | | | | | | | | | | | | | | ၂၆၈၇ |

**စုစုပေါင်းအချုပ်**

| ခရိုင် | ကျား | မ | စုစုပေါင်း |
|---|---|---|---|
| ထားဝယ် | ၉၄၁ | ၇၁၀ | ၁၆၅၁ |
| ကော့သောင်း | ၇၇ | ၆၆ | ၁၄၃ |
| မြိတ် | ၄၉၈ | ၃၉၈ | ၈၉၃ |
| စုစုပေါင်း | ၁၅၁၆ | ၁၁၇၁ | ၂၆၈၇ |




၂၇-၁၁-၂၀၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အကြိမ်(၃၀) မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့၊ လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး အမှာစကားပြောကြားစဉ်။




၁-၁၂-၂၀၁၇ ရက်နေ့၊ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က ဂုဏ်ပြုမှတ်တမ်း ပေးအပ်စဉ်။




၂-၁၂-၂၀၁၈ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အကြို အခမ်းအနားတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင် တက်ရောက်ချီးမြှင့်စဉ်။



ငြိမ်းချမ်းရေးတွဲလက်များ ထားဝယ်ခရီးစဉ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်နှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်ကူးစဉ်။



ငြိမ်းချမ်းရေးတွဲလက်များ ကော့သောင်းမြို့၊ မလိဝမ်းကျေးရွာ ခရီးစဉ်မှတ်တမ်းဓာတ်ပုံ



၁၂-၁၁-၂၀၁၈ ရက်နေ့က ကော့သောင်းမြို့၌ မသန်စွမ်းသူများ လူမှုအသိုင်းအဝိုင်းအတွင်း ဝင်ဆံ့မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် စုပေါင်း မှတ်တမ်းဓာတ်ပုံရိုက်ကူးစဉ်။

## ပဲခူးတိုင်းဒေသကြီး
## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

၁။ ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးအနေဖြင့် မသန်စွမ်းသူများနှင့်ပတ်သက်၍ အောက်ပါ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာတွင် မသန်စွမ်းသူများအား ထောက်ပံ့ပေးခြင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကော်မတီနှင့် မသန်စွမ်းသူများ အလုပ်အမှုဆောင် ကော်မတီ ဖွဲ့စည်းခြင်း၊ မသန်စွမ်းသူ အခွင့်အရေး ဥပဒေအား အသိပညာပေးခြင်း၊ မသန်စွမ်းသူများအတွက် အထောက်အကူပစ္စည်းများ ထောက်ပံ့ခြင်း၊ မသန်စွမ်းသူများ အတွက် လိုအပ်သည့်အကူအညီများအား INGOs, NGOs များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ မသန်စွမ်းမှတ်ပုံတင် ခြင်းလုပ်ငန်းဆောင်ရွက်ခြင်း၊ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားကျင်းပခြင်းနှင့် ဖြစ်ရပ် စီမံခန့်ခွဲမှုလုပ်ငန်းစဉ်အရ အကြမ်းဖက်ခံရသော မသန်စွမ်းအမျိုးသမီးငယ်များအား ကူညီဆောင်ရွက်ပေးခြင်းများ ကို ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါသည်။

**မသန်စွမ်းသူများအား ထောက်ပံ့ငွေပေးအပ်ခြင်း**

၂။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)အတွင်းရှိ မြို့နယ် (၁၃)မြို့နယ်မှ မသန်စွမ်းသူ များအား အောက်ပါအတိုင်း ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။

| စဉ် | မြို့နယ် | မသန်စွမ်းဦးရေ | ထောက်ပံ့ငွေ | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ရွှေကျင်မြို့နယ် | ၁၆၃ | ၁၀၀၀၀၀ိ/-နှုန်း | ၉-၃-၂၀၁၈ ဝန်ကြီးခရီးစဉ် |
| ၂။ | ကျောက်တံခါးမြို့နယ် | ၁၇၄ | ။ | ။ |
| ၃။ | ဖြူးမြို့နယ် | ၁၃၂ | ။ | ။ |
| ၄။ | တောင်ငူမြို့နယ် | ၃၀၈ | ။ | ။ |
| ၅။ | ရေတာရှည် | ၁၃၉ | ။ | ။ |
| ၆။ | အုတ်တွင်းမြို့နယ် | ၁၇၇၇ | ၅၀၀၀၀ိ/-နှုန်း | ၂၅-၃-၂၀၁၈ ဝန်ကြီးခရီးစဉ် |
| ၇။ | ကျောက်ကြီးမြို့နယ် | ၆၄၅ | ။ | ။ |
| ၈။ | ကျောက်တံခါးမြို့နယ် | ၆၉၀ | ။ | ။ |
| ၉။ | ညောင်လေးပင်မြို့နယ် | ၁၄၈ | ။ | ။ |
| စုစုပေါင်း | | ၄၁၇၆ | | |

ပဲခူးတိုင်းဒေသကြီး (အရှေ့) = ၄၁၇၆ ဦး
ပဲခူးတိုင်းဒေသကြီး (အနောက်) = ၃၂၄၅ ဦး
စုစုပေါင်း = ၇၄၂၁ ဦး

၃။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိမြို့နယ် (၂၅)မြို့နယ်မှ မသန်စွမ်းသူများအား အောက်ပါအတိုင်း ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။

| စဉ် | မြို့နယ် | မသန်စွမ်းဦးရေ | ထောက်ပံ့ငွေ | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ရွှေကျင် | ၃၇ | ၂၀၀၀၀ိ/-နှုန်း | ၁၉-၈-၂၀၁၈ ဝန်ကြီးခရီးစဉ် |
| | ။ | ၇၈၄ | ၃၀၀၀ိ/-နှုန်း | ၂၂-၉-၂၀၁၉ ဝန်ကြီးခရီးစဉ် |
| ၂။ | ကျောက်တံခါး | ၂၂၁၁ | ၃၀၀၀ိ/-နှုန်း | ၃-၂-၂၀၁၉ ဝန်ကြီးခရီးစဉ် |
| | ။ | ၈၃၆ | ၃၀၀၀ိ/-နှုန်း | ၂၂-၉-၂၀၁၉ ဝန်ကြီးခရီးစဉ် |
| ၃။ | ပဲခူး | ၈၆၇ | ။ | ။ |
| ၄။ | သနပ်ပင် | ၅၇၈ | ။ | ။ |
| ၅။ | ဝေါ | ၅၀၈ | ။ | ။ |
| ၆။ | ကဝ | ၅၈၄ | ။ | ။ |
| ၇။ | ဒိုက်ဦး | ၆၅၆ | ။ | ။ |
| ၈။ | ညောင်လေးပင် | ၁၀၆၆ | ။ | ။ |
| ၉။ | အုတ်တွင်း | ၁၃၂၅ | ၁၅၀၀၀ိ/-နှုန်း | ၁၉-၈-၂၀၁၈ ဝန်ကြီးခရီးစဉ် |
| | ။ | ၈၂၉ | ၃၀၀၀ိ/-နှုန်း | ၂၂-၉-၂၀၁၉ ဝန်ကြီးခရီးစဉ် |
| ၁၀။ | ရေတာရှည် | ၂၁ | ။ | ၃-၃-၂၀၁၉ ဝန်ကြီးခရီးစဉ် |
| | ။ | ၈၉၀ | ၃၀၀၀ိ/-နှုန်း | ၂၂-၉-၂၀၁၉ ဝန်ကြီးခရီးစဉ် |
| ၁၁။ | ကျောက်ကြီး | ၂၅ | ၂၀၀၀၀ိ/-နှုန်း | ၁၉-၈-၂၀၁၈ ဝန်ကြီးခရီးစဉ် |
| | ။ | ၁၁၂၃ | ၃၀၀၀ိ/-နှုန်း | ၂၂-၉-၂၀၁၉ ဝန်ကြီးခရီးစဉ် |
| ၁၂။ | တောင်ငူ | ၁၀၇၄ | ။ | ။ |
| ၁၃။ | ဖြူး | ၁၁၂၄ | ။ | ။ |
| ၁၄။ | ထန်းတပင် | ၅၈၃ | ။ | ။ |
| စုစုပေါင်း | | ၁၅၁၂၁ | | |

| စဉ် | မြို့နယ် | မသန်စွမ်းဦးရေ | ထောက်ပံ့ငွေ | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဖားကန့် | ၂၉၇ | ၃၀၀၀၀ိ/-နှုန်း | ၂၀-၁-၂၀၁၉ ဝန်ကြီးခရီးစဉ် |
| ၂။ | အုတ်ဖို | ၅၆၄ | ၃၀၀၀၀ိ/-နှုန်း | ၂၇-၄-၂၀၁၉ ဝန်ကြီးခရီးစဉ် |
| ၃။ | နတ်တလင်း | ၆၅၂ | ၃၀၀၀၀ိ/-နှုန်း | ၂၂-၉-၂၀၁၉ ဝန်ကြီးခရီးစဉ် |
| ၄။ | ကြို့ပင်ကောက် | ၄၉၈ | ၃၀၀၀၀ိ/-နှုန်း | ။ |
| ၅။ | လက်ပံတန်း | ၆ | ၃၀၀၀၀ိ/-နှုန်း | ။ |
| ၆။ | ပြည် | ၆၀၇ | ၃၀၀၀၀ိ/-နှုန်း | ။ |
| ၇။ | ပေါက်ခေါင်း | ၄၂၄ | ၃၀၀၀၀ိ/-နှုန်း | ။ |
| ၈။ | သဲကုန်း | ၄၇၄ | ၃၀၀၀၀ိ/-နှုန်း | ။ |
| ၉။ | ပေါင်းတည် | ၄၇၃ | ၃၀၀၀၀ိ/-နှုန်း | ။ |
| ၁၀။ | ရွှေတောင် | ၃၇၄ | ၃၀၀၀၀ိ/-နှုန်း | ။ |
| ၁၁။ | ပန်းတောင်း | ၄၈၁ | ၃၀၀၀၀ိ/-နှုန်း | ။ |
| | စုစုပေါင်း | ၄၈၅၀ | | |

ပဲခူးတိုင်းဒေသကြီး (အရှေ့) = ၁၅၁၂၁ ဦး
ပဲခူးတိုင်းဒေသကြီး (အနောက်) = ၄၈၅၀ ဦး
**စုစုပေါင်း = ၁၉၉၇၁ ဦး**

၄။ မြေပြုပ်မိုင်းဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရသည့် မသန်စွမ်းသူများအား ထောက်ပံ့ငွေပေးအပ်ခြင်းအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ၉၁၆ ဦး (လူမှုဝန်ထမ်းဦးစီးဌာနဘတ်ဂျက်မှ)၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ၄ ဦး (ပြန်/ထူဦးစီးဌာန ဘတ်ဂျက်ငွေမှ) ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။ ထို့ပြင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကော်မတီနှင့် မသန်စွမ်းသူများ အလုပ်အမှုဆောင် ကော်မတီကို ၂၄-၉-၂၀၁၈ ရက်နေ့တွင် ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင် (၂၀)ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ၎င်းအပြင် ခရိုင်/ မြို့နယ်အဆင့် မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ကော်မတီအဖွဲ့များလည်း ဖွဲ့စည်းထားပြီးဖြစ်ပါသည်။ ထို့နောက် ၃၁-၅-၂၀၁၉ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး မသန်စွမ်းသူများအသင်းဖွဲ့စည်းခြင်းနှင့် ရွေးကောက်ပွဲ အခမ်းအနားကျင်းပခဲ့ပြီး ပဲခူးတိုင်းဒေသကြီး မသန်စွမ်းသူများအသင်း အလုပ်အမှုဆောင်ကော်မတီကို အဖွဲ့ဝင်(၁၁)ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။

၅။ အလားတူ ပဲခူးတိုင်းဒေသကြီးအနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာနှင့် ပတ်သက်၍ ဆောင်ရွက်ခဲ့ရာတွင် မသန်စွမ်းသူ အခွင့်အရေးဥပဒေအား အသိပညာပေးခြင်း၊ မသန်စွမ်းသူများအား ကူညီဆောင်ရွက်ပေးနေသည့် INGO, NGO အဖွဲ့များနှင့် ပူးပေါင်း၍ အစည်းအဝေးများ ကျင်းပခြင်း၊ ရပ်ရွာအတွင်း မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ (UNCRPD) သင်တန်းအား တောင်ငူခရိုင်တွင် ၁၈-၃-၂၀၁၈ ရက်နေ့မှ ၁၉-၃-၂၀၁၈ ရက်နေ့အထိ သင်တန်းသူ (၄၀) ဦးဖြင့် ဖွင့်လှစ်ခြင်း၊ မသန်စွမ်းသူများ ပြုစုစောင့်ရှောက်မှုဆိုင်ရာလုပ်ငန်းသင်တန်းကို ၂၂-၃-၂၀၁၈ ရက်နေ့မှ ၂၃-၃-၂၀၁၈ ရက်နေ့အထိ သင်တန်းသူ (၄၀) ဦးဖြင့် ဖွင့်လှစ်ခြင်း၊ ၂၄-၁-၂၀၁၉ ရက်နေ့တွင် ပဲခူးမြို့၌ မြန်မာနိုင်ငံမသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေနှင့်

နည်းဥပဒေဆိုင်ရာ မိတ်ဆက်ဆွေးနွေးပွဲကျင်းပခြင်း၊ မသန်စွမ်းသူများအတွက် အထောက်အကူပစ္စည်းများ ထောက်ပံ့ခြင်း၊ မသန်စွမ်းသူများ လိုအပ်ပါက လူမှုဝန်ထမ်းဦးစီးဌာနနှင့် MOU ရေးထိုးထားသော INGOs, NGOs အဖွဲ့များနှင့် ပူးပေါင်း၍ Wheel Chair ၊ ချိုင်းထောက်များအား ထောက်ပံ့ပေးခြင်း၊ မသန်စွမ်းသူများ အသက်မွေးဝမ်းကျောင်းအတွက် World Education, TLMM အဖွဲ့များနှင့် ပူးပေါင်း၍ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန် ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

**မသန်စွမ်းမှတ်ပုံတင်ခြင်းလုပ်ငန်းဆောင်ရွက်ခြင်း**

၆။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည် ထူထောင်ရေးဦးစီးဌာနနှင့် UNICEF (မြန်မာ) တို့ ပူးပေါင်း၍ မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းဆိုင်ရာ ကနဦးစီမံကိန်းတို့ကို ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်တို့တွင် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလမှ စတင်၍ (၈)လတာ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၂၀-၉-၂၀၁၉ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့၌ မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းဆိုင်ရာ ကနဦးစီမံကိန်းမိတ်ဆက်ခြင်း၊ အသိပညာပေး ဆွေးနွေးပွဲကို ပြုလုပ်ခဲ့ပါသည်။ ၁၇-၁၁-၂၀၁၉ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်းလုပ်ငန်း ဆရာဖြစ်သင်တန်းကို ၃ ရက်တာ ကျင်းပခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးမှ တက်ရောက်၍ သင်တန်းဖွင့်ပွဲသို့ တက်ရောက်ခဲ့ပါသည်။ ဒီဇင်ဘာလ ၃ ရက်နေ့တွင် ကျရောက်သည့်အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားကိုလည်း နှစ်စဉ်ကျင်းပနိုင်ခဲ့ပါသည်။

၇။ ဖြစ်ရပ်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်အရ အကြမ်းဖက်ခံရသော မသန်စွမ်းသူများအား ကူညီဆောင်ရွက်ပေးခြင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်ခဲ့ပါသည် -

| စဉ် | အမည် | အသက် (နှစ်) | နေရပ် လိပ်စာ (မြို့နယ်) | မသန်စွမ်းမှု | ထောက်ပံ့ငွေ | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | မဖြူဖြူသင်း | ၂၁ | သာယာဝတီ | ဉာဏ်ရည်နိမ့်နားမကြား | ၅၀၀၀၀ိ/- | ၂-၁-၂၀၁၉ |
| ၂။ | မောင်ထက်မင်းအောင် | ၁၃ | လက်ပံတန်း | မွေးရာပါမသန်စွမ်း | ၅၀၀၀၀ိ/- | ၁၁-၂-၂၀၁၉ |
| ၃။ | မဇာနည်ဝင်း | ၁၈ | ရွှေကျင် | ခြေနှစ်ဖက်မသန် ဉာဏ်ရည်နိမ့် | ၃၀၀၀၀ိ/- | ၂၆-၃-၂၀၁၉ |
| ၄။ | မသဲစုလွင် | ၁၇ | ရွှေကျင် | မွေးရာပါနားမကြား | ၁၀၀၀၀ိ/-<br>၅၀၀၀၀ိ/- | ၂-၅-၂၀၁၉<br>၂.၁၂-၂၀၁၉ |
| ၅။ | မသက်ခိုင်ဝင်း | ၁၄ | ရွှေတောင် | ဆွံ့အနားမကြား | ၁၀၀၀၀ိ/- | ၁၈-၆-၂၀၁၉ |
| ၆။ | မနှင်းရည်ထွေး | ၁၄ | ဒိုက်ဦး | ဉာဏ်ရည်နိမ့် | - | ၂၄-၇-၂၀၁၉ (OSWSC) သို့ပို့ |
| ၇။ | မသဲသဲမိုး | ၁၄ | ရွှေကျင် | ဉာဏ်ရည်နိမ့် | ၁၀၀၀၀ိ/- | ၉-၁၀-၂၀၁၉ |



၃-၂-၂၀၁၉ ရက်နေ့၌ ကျောက်တံခါးမြို့နယ်အတွင်းမှ
မသန်စွမ်းသူများအား ထောက်ပံ့ငွေ ပေးအပ်စဉ်။



၂၂-၉-၂၀၁၉ ရက်နေ့၌ ပဲခူးတိုင်းဒေသကြီးအတွင်းမှ
မသန်စွမ်းသူများအား ထောက်ပံ့ငွေပေးအပ်စဉ်။



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေး
ဝန်ကြီးဌာန  ပြည်ထောင်စုဝန်ကြီးက
ထောက်ပံ့ငွေပေးအပ်စဉ်။



၇-၄-၂၀၁၈ ရက်နေ့၌ ငြိမ်းချမ်းရေးတွဲလက်များ
Wheel Chair ရထားအဖွဲ့အား ကြိုဆိုဂုဏ်ပြုစဉ်။



၂၃-၁-၂၀၁၉ ရက်နေ့၌ မြန်မာ့ဒီမိုကရေစီ
အကူးအပြောင်းတွင် မသန်စွမ်းသူများ၏
အခွင့်အရေးများနှင့် အကျိုးဝင်မှုတိုးမြှင့်စေရေးအတွက်
အရေးဆိုတင်ပြခြင်းဆိုင်ရာ ကဏ္ဍစုံမှ
ပါဝင်ပတ်သက်သူများ၏ ဆွေးနွေးပွဲကို ပဲခူးမြို့၌ကျင်းပစဉ်။



၂၄-၁-၂၀၁၉ ရက်နေ့၌ မြန်မာနိုင်ငံမသန်စွမ်းသူများ၏
အခွင့်အရေးဥပဒေနှင့် နည်းဥပဒေဆိုင်ရာ
မိတ်ဆက်ဆွေးနွေးပွဲကျင်းပစဉ်။

## မကွေးတိုင်းဒေသကြီး

## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

၁။ မကွေးတိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ဆောင်ရွက်ပေးမှုများနှင့် ပတ်သက်၍ ၂၀၁၈ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် မသန်စွမ်းစာရင်းများ ကောက်ယူတင်ပြနိုင်ရေးအတွက် လူမှုဝန်ထမ်းဦးစီးဌာန (ရုံးချုပ်)၏ ညွှန်ကြားချက်အရ မသန်စွမ်းအမျိုးအစား (၄) မျိုးခွဲ၍ မကွေးတိုင်းဒေသကြီး အတွင်းရှိမသန်စွမ်းစာရင်းများကို ကောက်ယူနိုင်ခဲ့ပါသည်။ တိုင်းဒေသကြီးအဆင့် မသန်စွမ်းဥပဒေရှင်းလင်းပွဲကို မကွေးမူလတန်းကြိုကျောင်းတွင် မြို့နယ် (၂၅)မြို့နယ်မှ မြို့နယ်အုပ်ချုပ်ရေးမှူးများကို ဖိတ်ကြား၍ ၁၆-၅-၂၀၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။ ၂၈-၇-၂၀၁၈ ရက်နေ့တွင် မသန်စွမ်းသူများ လူ့အသိုက်အဝန်း အတွင်း အကျုံးဝင်နိုင်မှု မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို ထိန်ထိန်သာဟိုတယ်တွင် ကျင်းပြုလုပ်ခဲ့ပါသည်။ ၂၄-၈-၂၀၁၈ ရက်နေ့တွင် မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းအသင်းကို စတင်တည် ထောင် ဖွဲ့စည်းခဲ့ပါသည်။ ၁၅-၉-၂၀၁၈ ရက်နေ့တွင် မသန်စွမ်းသူများ ဘဝမြှင့်တင်ရေးအဖွဲ့ကို ဖွဲ့စည်း တည်ထောင်ပြီး မသန်စွမ်းသူများအသင်းချုပ်ကို မကွေးတိုင်းဒေသကြီးတွင် ၂၄-၄-၂၀၁၈ ရက်နေ့တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ မသန်စွမ်းသူများကိုယ်တိုင်ဦးဆောင်၍ တိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူ များ၏ အခွင့်အရေးကို ဆောင်ရွက်ရန် မသန်စွမ်းအဖွဲ့စုစုပေါင်း (၅)ဖွဲ့ရှိပြီး၊ မြို့နယ်အဆင့်များထိ မသန်စွမ်း အဖွဲ့အစည်းများကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ၂၀၁၈ ခုနှစ် ၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာမျက်မမြင် လမ်းလျှောက်တုတ်နေ့ အခမ်းအနားကို အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံအမျိုးသားမဟာဗျူဟာစီမံချက်အရ မကွေးတိုင်းဒေသကြီး မသန်စွမ်းသူများ အခွင့်အရေးများဆိုင်ရာ ကော်မတီကို ၂၀၁၈ ခုနှစ် ၊ အောက်တိုဘာလ ၃၀ ရက်နေ့တွင် အဖွဲ့ဝင် (၁၉) ဦးဖြင့် ဖွဲ့စည်း တည်ထောင်ခဲ့ပြီး၊ တိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူများ၏ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက် လျက်ရှိပါသည်။ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အခမ်းအနားကို မကွေး မူလတန်းကြိုကျောင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။ ၁၀-၂-၂၀၁၉ ရက်နေ့တွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူများ ဦးရေ (၁၃၄၂၉) ဦးအား တစ်ဦးလျှင် ၃၀၀၀၀ ကျပ်နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၄၀၂၈၇၀၀၀၀ ကျပ်ကိုလည်းကောင်း၊ ၂၀၁၉ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ထပ်တိုးမသန်စွမ်းဦးရေ (၁၂၂၀၇) ဦးအား တစ်ဦးလျှင် ၃၀၀၀၀ကျပ်နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၃၆၆၂၁၀၀၀၀ ကျပ်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ထောက်ပံ့ပေးအပ်ခဲ့ သည်။

၃။ တိုင်းဒေသကြီး မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲကို ၆-၉-၂၀၁၉ ရက်နေ့တွင် မကွေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စုပေါင်းရုံးခန်းမတွင် ကျင်းပပြု လုပ်ခဲ့ပြီး ရှေ့ဆက်ဆောင်ရွက်မည့် ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးတိုင်ပင်ခဲ့ပါသည်။ ထို့ပြင်၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ မျက်မမြင်လမ်းလျှောက်တုတ်နေ့ အခမ်းအနားကို တိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူများကိုယ်တိုင်ပါဝင်ဆင်နွှဲ၍ မကွေးမြို့ အထက(၄) မှ ဗိုလ်ချုပ်ပန်းခြံအထိ စည်းကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။ ၎င်းအပြင် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားအား ဂုဏ်ပြုသောအားဖြင့် နိုဝင်ဘာလ

၁၆ ရက်နေ့နှင့် ၁၇ ရက်နေ့တို့တွင် မသန်စွမ်းသူများကိုယ်တိုင် ပါဝင်၍ အဆိုပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့် စစ်တုရင်ပြိုင်ပွဲများ၊ စာစီစာကုံးပြိုင်ပွဲနှင့် ဆောင်းပါးပြိုင်ပွဲများကို ကျင်းပပြုလုပ်ပြီး ၂-၁၂-၂၀၁၉ ရက်နေ့တွင် မကွေးမြို့တော်ခန်းမ၌ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။
















**မကွေးတိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှု မှတ်တမ်းဓာတ်ပုံများ။**

## မန္တလေးတိုင်းဒေသကြီး
## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

မန္တလေးတိုင်းဒေသကြီးအတွင်းတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုနှင့် ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ပေးခဲ့ပါသည်-

| စဉ် | ရက်စွဲ | ဆောင်ရွက်ချက် | မှတ်ချက် |
|---|---|---|---|
| ၁။ | ၂-၉-၂၀၁၇ မှ ၁၄-၉-၂၀၁၇ ထိ | မန္တလေးမြို့ နားမကြားသောကလေးများကျောင်း၌ အခြေခံ ပညာကျောင်းများမှ ဆရာ၊ ဆရာမ (၂၀) ဦးနှင့် နားမကြား ကျောင်းသားများ တက်ရောက်နေသော အခြေခံပညာကျောင်း မှ အတန်းဖော် (၈)ဦးတို့အား အကြားအာရုံ မသန်စွမ်းမှုဆိုင်ရာ သင်တန်းပေးခြင်း။ | ဒုတိယအကြိမ်သင်တန်း ပေးခြင်း |
| ၂။ | ၁၉-၉-၂၀၁၇ | မန္တလေးမြို့ နားမကြားသောကလေးများကျောင်း၌ (၃၆) နှစ် ပြည့် ကျောင်းနှစ်ပတ်လည်နေ့နှင့် ဆုပေးပွဲအခမ်းအနား ကျင်းပခြင်း (နားမကြားကလေးများမှ အကပဒေသာများဖြင့် ဖျော်ဖြေခြင်း၊ ပညာသင်နှစ်အလိုက် ဆုရရှိသော ကလေးများ အား ဆုချီးမြှင့်ခြင်း။ | အခမ်းအနား |
| ၃။ | | မန္တလေးမြို့ မြို့တော်ခန်းမ၌ ကမ္ဘာ့နားမကြားသူများ အထိမ်း အမှတ် အခမ်းအနား၌ နားမကြား ကျောင်းသူများမှ ပုဂံအက ဖြင့်ဖျော်ဖြေခြင်း။ | အခမ်းအနား |
| ၄။ | ၁၅-၁၀-၂၀၁၇ | မန္တလေးမြို့ နားမကြားသောကလေးများကျောင်း၌ အခြေခံ ပညာကျောင်းမှ ဆရာ၊ ဆရာမ(၂၀)ဦးနှင့် နားမကြားကျောင်း သားများ တက်ရောက်နေသော အခြေခံပညာကျောင်းမှ အတန်းဖော် (၈)ဦးတို့အား အကြားအာရုံ မသန်စွမ်းမှုဆိုင်ရာ သင်တန်းပေးခြင်း။ | တတိယအကြိမ်သင်တန်း ပေးခြင်း |
| ၅။ | ၁၅-၁၁-၂၀၁၇ | မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးအစည်းအဝေး ခန်းမ၌ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနား ကျင်းပ နိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေး ကျင်းပခြင်း။ | အစည်းအဝေး |
| ၆။ | ၂၀-၁၁-၂၀၁၇ | မန္တလေးမြို့ မနော်ရမ္မံကွင်း၌ ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှစ်ပတ်လည်နေ့ အခမ်းအနား၌ နားမကြားကလေးများ အခမ်းအနားတက်ရောက်ခြင်း၊ နားမကြားကျောင်းသူများမှ ပုဂံအကဖြင့်ဖျော်ဖြေခြင်း။ | အခမ်းအနား |
| ၇။ | ၂၀-၁၁-၂၀၁၇ | အင်္ဂလန်နိုင်ငံ အကြားအာရုံပညာရှင်များမှ နားမကြားကလေး များအား နားမကြားနိုင်မှု အခြေအနေ စမ်းသပ်ပေးခြင်းနှင့် နားကြပ်များတပ်ဆင်ပေးခြင်းများဆောင်ရွက်ခြင်း။ | ပညာရှင်များနှင့် ဆောင်ရွက်မှု |
| ၈။ | ၂၄-၁၁-၂၀၁၇ | မန္တလေးတိုင်းဒေသကြီး၊ လူမှုဝန်ထမ်းရုံး အစည်းအဝေးခန်းမ၌ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနား ကျင်းပ နိုင်ရေးအကြိုညှိနှိုင်းအစည်းအဝေးကျင်းပခြင်း။ | အစည်းအဝေး |

| စဉ် | ရက်စွဲ | ဆောင်ရွက်ချက် | မှတ်ချက် |
|---|---|---|---|
| ၉။ | ၃-၁၂-၂၀၁၇ | မန္တလေးမြို့၊ Hotel Wilson ၌ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပခြင်း၊ (တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးမှ အဖွင့်အမှာစကား ပြောကြားခြင်း၊ စာစီစာကုံး၊ ကာတွန်း၊ ဆောင်းပါး၊ ပန်းချီဆုရ ကလေးများအား ဆုချီးမြှင့်ခြင်း၊ ပြခန်းများ လှည့်လည်ကြည့်ရှုခြင်း။ | အခမ်းအနား |
| ၁၀။ | ၇-၁-၂၀၁၈ | မန္တလေးမြို့၊ ပညာရေးကောလိပ်ခန်းမ၌ တိုင်းဒေသကြီး ပညာရေးစုံညီပွဲတော်တွင် နားမကြားသော ကလေးများကျောင်းမှ ကျောင်းသူများမှ ပုဂံအကဖြင့်ဖျော်ဖြေခြင်း။ | ပူးပေါင်းပါဝင်မှု |
| ၁၁။ | ၁၉-၁-၂၀၁၈ | မန္တလေးမြို့၊ မသန်စွမ်းသက်ငယ် သင်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများနှင့် ရန်ကုန်မြို့ရှိ မသန်စွမ်း သက်ငယ်သင်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ တွေ့ဆုံပွဲကျင်းပပြုလုပ်ခြင်း။ | တွေ့ဆုံပွဲ |
| ၁၂။ | ၂၈-၁-၂၀၁၈ | မန္တလေးမြို့၊ နားမကြားသောကလေးများကျောင်း၌ (၂၀) ကြိမ်မြောက် Kyoshin Co.,Ltd ၏ အလှူငွေပေးအပ် လှူဒါန်းပွဲ အခမ်းအနား ကျင်းပခြင်း၊ အခမ်းအနားသို့ နားမကြားကျောင်းမှ ကလေးများက တက်ရောက်ခြင်းနှင့် အကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ခြင်းများ ဆောင်ရွက်ခြင်း။ | အလှူငွေပေးအပ်ခြင်း |
| ၁၃။ | ၉-၂-၂၀၁၈ | မန္တလေးမြို့၊ နားမကြားသောကလေးများကျောင်းနှင့် မသန်စွမ်းသက်ငယ်သင်တန်းကျောင်းမှ သားငယ်၊ သမီးငယ်များအား မြန်မာနိုင်ငံကလေးများနေ့အကြို အထိမ်းအမှတ် ပျော်ပွဲ၊ ရွှင်ပွဲနှင့် ပန်းချီပြိုင်ပွဲ၊ Sign Language ဖြင့် ကဗျာရွတ်ဆို ပြိုင်ပွဲများကျင်းပခြင်း။ | ပြိုင်ပွဲ |
| ၁၄။ | ၂၃-၂-၂၀၁၈ | မန္တလေးမြို့၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား ပြင်ပဗဟုသုတရရှိရန်အတွက် ပြင်ဦးလွင်မြို့သို့ လေ့လာရေးခရီးပို့ဆောင်ခြင်း။ | လေ့လာရေးခရီး |
| ၁၅။ | ၈-၃-၂၀၁၈ | မန္တလေးမြို့၊ မြို့တော်ခန်းမ၌ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနား၌ နားမကြားသော ကလေးများကျောင်းမှ ကျောင်းသူများက ပုဂံအကဖြင့်ဖျော်ဖြေတင်ဆက်ခြင်း။ | အခမ်းအနား |
| ၁၆။ | ၁၆-၃-၂၀၁၈ | မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး အစည်းအဝေး ခန်းမ၌ မသန်စွမ်းကျောင်းများမှ မိဘများအား မသန်စွမ်းသူများ ပြုစုစောင့်ရှောက်ရေးသင်တန်းများ ပြုလုပ်ခြင်း။ | သင်တန်း |
| ၁၇ | ၂၃-၃-၂၀၁၈ | မန္တလေးမြို့၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း၌ ကျောင်းဆင်းပဒေသာကပွဲပျော်ရွှင်ပွဲများပြုလုပ်ခြင်း။ | ပဒေသာကပွဲ |

| စဉ် | ရက်စွဲ | ဆောင်ရွက်ချက် | မှတ်ချက် |
|---|---|---|---|
| ၁၈။ | ၂၅-၃-၂၀၁၈ | မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး အစည်းအဝေး ခန်းမ၌ ဌာနငယ်သင်တန်းကျောင်းများမှ ဆရာ/ဆရာမများ၊ မသန်စွမ်းအဖွဲ့အစည်းများ၊ မသန်စွမ်းသက်ငယ် သင်တန်းကျောင်းနှင့် နားမကြားသော ကလေးများကျောင်းမှ ကျောင်းသား/သူများ၏ မိဘများအား မသန်စွမ်းသူများ၏ အခွင့်အရေးနှင့် UNCRPD ဆိုင်ရာ ပညာပေးသင်တန်းဖွင့်လှစ်ခြင်း။ | သင်တန်း |
| ၁၉။ | ၂-၅-၂၀၁၈ မှ ၃-၅-၂၀၁၈ ထိ | မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး အစည်းအဝေးခန်းမ၌ မသန်စွမ်းအဖွဲ့အစည်းများ၊ မသန်စွမ်းကျောင်းမှဆရာ၊ ဆရာမများအား "ဝန်ဆောင်မှုပေးသူများက မသန်စွမ်း အသိပညာပေးသင်တန်း" ပြုလုပ်ခြင်း။ | သင်တန်း |
| ၂၀။ | ၂၃-၅-၂၀၁၈ မှ ၂၇-၅-၂၀၁၈ ထိ | မန္တလေးမြို့ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း၌ မသန်စွမ်းအဖွဲ့အစည်းများ၊ မသန်စွမ်းသက်ငယ် သင်တန်းကျောင်းနှင့် နားမကြားသော ကလေးများကျောင်းမှ ဝန်ထမ်းများအား "မသန်စွမ်းအမျိုးသမီး ခေါင်းဆောင်မှုသင်တန်း" ပြုလုပ်ခြင်း။ | သင်တန်း |
| ၂၁။ | ၁၇-၆-၂၀၁၈ | မန္တလေးမြို့၊ မြို့တော်ခန်းမ၌ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ တိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးဌာနနှင့် မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းမှ ကြီးမှူးကျင်းပသော (၈) နှစ်မြောက် နှစ်ပတ်လည်နေ့နှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနား ကျင်းပခြင်း။ | အခမ်းအနား |
| ၂၂။ | ၁၂-၈-၂၀၁၈ မှ ၁၃-၈-၂၀၁၈ ထိ | မန္တလေးတက္ကသိုလ်တွင် ကျင်းပပြုလုပ်သော လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ လှုပ်ရှားမှုကဏ္ဍတွင် မသန်စွမ်းမှုဆိုင်ရာ စကားဝိုင်းများ ကျင်းပခြင်း၊ မသန်စွမ်းကျောင်းသား၊ ကျောင်းသူများမှ ဆွေးနွေးဟောပြောပွဲများပြုလုပ်ခြင်း။ | ပူးပေါင်းပါဝင်မှု |
| ၂၃။ | ၂၈-၈-၂၀၁၉ | တိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး အစည်းအဝေးခန်းမ၌ မသန်စွမ်းအဖွဲ့အစည်းများ၊ ဌာနငယ်သင်တန်းကျောင်းများမှ ဝန်ထမ်းများအား မသန်စွမ်းသူများ၏ အခွင့်အရေးနည်းဥပဒေ မိတ်ဆက်ခြင်း အခမ်းအနားကျင်းပခြင်း။ | ဥပဒေမိတ်ဆက်ခြင်း |
| ၂၄။ | ၁၃-၉-၂၀၁၉ | မန္တလေးမြို့ မသန်စွမ်းသက်ငယ်သင်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား မြန်မာဗျည်းအက္ခရာများသိရှိနိုင်စေရန်အတွက်ယှဉ်ပြိုင်အမှန်ရွေး မြန်မာဗျည်း အက္ခရာပြိုင်ပွဲ ကျင်းပပြုလုပ်ခြင်း။ | ကျောင်းတွင်းပြိုင်ပွဲ |
| ၂၅ | ၁၇-၉-၂၀၁၈ | မန္တလေးမြို့၊ မနော်ရမ္မံကွင်း၌ ကလေးများအပေါ် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုပပျောက်ရေး အသိပညာမြှင့်တင်ရေး အခမ်းအနားသို့ နားမကြားကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခြင်း။ | အခမ်းအနား |

| စဉ် | ရက်စွဲ | ဆောင်ရွက်ချက် | မှတ်ချက် |
|---|---|---|---|
| ၂၆။ | ၁၈-၉-၂၀၁၉ | မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နန်းတော်ရာဓမ္မာရုံ၌ ပြုလုပ်ခဲ့သော မသန်စွမ်းမှုဆိုင်ရာအသိပညာပေးခြင်း လှုံ့ဆော်စည်းရုံးခြင်းနှင့် လက်တွေ့စီမံဆောင်ရွက်ခြင်း သင်တန်းကျင်းပပြုလုပ်ခြင်း။ | အသိပညာပေးခြင်း |
| ၂၇။ | ၁၉-၉-၂၀၁၈ | မန္တလေးမြို့၊ နားမကြားသောကလေးများကျောင်း၌ (၃၇) နှစ်ပြည့် ကျောင်းနှစ်ပတ်လည်နေ့နှင့် ဆုပေးပွဲအခမ်းအနားကျင်းပပြုလုပ်ခြင်း၊ နားမကြားကလေးများမှ အကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ ပညာသင်နှစ်အလိုက် ဆုရရှိသောကလေးများအား ဆုချီးမြှင့်ခြင်း။ | ကျောင်းနှစ်ပတ်လည်ပွဲ |
| ၂၈။ | ၂၇-၉-၂၀၁၉ | မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးအစည်းအဝေး ခန်းမ၌ အပြည်ပြည်ဆိုင်ရာ မျက်မမြင်လမ်းလျှောက်တုတ်နေ့ အခမ်းအနားကျင်းပနိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေးပြုလုပ်ခြင်း။ | အစည်းအဝေး |
| ၂၉။ | ၁၀-၁၀-၂၀၁၈ | မန္တလေးမြို့၊ မသန်စွမ်းသက်မွေးသင်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ ကျောင်းတွင်းဆေးရောင်ခြယ် ပန်းချီပြိုင်ပွဲ ကျင်းပပြုလုပ်ခြင်း။ | ဉာဏပြိုင်ပွဲ |
| ၃၀။ | ၁၅-၁၀-၂၀၁၈ | မန္တလေးမြို့၊ မနော်ရမ္မ ပြည်သူ့ရင်ပြင်၌ နိုင်ငံတကာ မျက်မမြင်လမ်းလျှောက်တုတ်နေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပခြင်း။ | အခမ်းအနား |
| ၃၁။ | ၁၆-၁၀-၂၀၁၈ | တိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းအဖွဲ့အစည်းများမှ တိုင်းဒေသ ကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်တွေ့ဆုံပြီး မသန်စွမ်းအခွင့်အရေးအတွက် သဘောထားကြေညာချက်များ ထုတ်ပြန်ဆွေးနွေးခြင်း။ | ဆွေးနွေးပွဲ |
| ၃၂။ | ၁၂-၁၁-၂၀၁၈ မှ ၁၄-၁၁-၂၀၁၈ ထိ | မန္တလေးမြို့၊ နားမကြားသောကလေးများကျောင်းသို့ အင်္ဂလန်နိုင်ငံမှ အကြားအာရုံပညာရှင်အဖွဲ့လာရောက်၍ နားမကြားကလေးများအား နားကြားနိုင်မှုအခြေအနေ စမ်းသပ်ပေးခြင်းနှင့် နားကြပ်များတပ်ဆင်ပေးခြင်း။ | ပညာရှင်များနှင့် ဆောင်ရွက်မှု |
| ၃၃။ | ၁၄-၁၁-၂၀၁၈ | မန္တလေးတိုင်းဒေသကြီး၊ လူမှုဝန်ထမ်းရုံး အစည်းအဝေးခန်းမ၌ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အကြိုညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခြင်း။ | အစည်းအဝေး |
| ၃၄။ | ၂၀-၁၁-၂၀၁၈ | မန္တလေးမြို့၊ မနော်ရမ္မကွင်း၌ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားသို့ နားမကြားသော ကလေးများကျောင်းနှင့် မသန်စွမ်း သက်မွေးသင်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ တေးသရုပ်ဖော်အကဖြင့် ဖျော်ဖြေခြင်း။ | အခမ်းအနား |
| ၃၅။ | ၂၇-၁၁-၂၀၁၈ မှ ၃၀-၁၁-၂၀၁၈ ထိ | မန္တလေးမြို့၊ Hotel Sakura ၌ ကျင်းပပြုလုပ်သည့် မသန်စွမ်းမှုနှင့် အားလုံးအကျုံးဝင်ခြင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ခြင်း။ | ဆွေးနွေးပွဲ |

| စဉ် | ရက်စွဲ | ဆောင်ရွက်ချက် | မှတ်ချက် |
|---|---|---|---|
| ၃၆။ | ၂၈-၁၁-၂၀၁၈ | မန္တလေးမြို့၊ နားမကြားသောကလေးများကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားအကြို လှုပ်ရှားမှုအဖြစ် စွမ်းရည်ပြိုင်ပွဲ(၆)မျိုး ယှဉ်ပြိုင်၍ ဆုချီးမြှင့်ခြင်း။ | ပြိုင်ပွဲ |
| ၃၇။ | ၁-၁၂-၂၀၁၈ | Mandalay Convention Center ၌ DIY For Kids Festival အခမ်းအနားသို့ နားမကြားကလေးများကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခြင်း။ | အခမ်းအနား |
| ၃၈။ | ၃-၁၂-၂၀၁၈ | မန္တလေးမြို့၊ မြို့တော်ခန်းမ၌ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ်က အဖွင့်မှာစကားပြောကြားခြင်း၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်မှ ပေးပို့သောသဝဏ်လွှာအား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက ဖတ်ကြားခြင်း၊ မသန်စွမ်းအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ အမျိုးသမီး များအား ဆုချီးမြှင့်ခြင်း၊ အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူများအား ဆုချီးမြှင့်ခြင်း၊ မသန်စွမ်းကလေးများမှ ကပြဖျော်ဖြေခြင်း။ | အခမ်းအနား |
| ၃၉။ | ၁၃-၁၂-၂၀၁၈ | မန္တလေးမြို့၊ Hotel 89 ၌ မသန်စွမ်းသူများ လူမှုအသိုက်အဝန်းတွင် အကျုံးဝင်စေရေး အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်း။ | ဆွေးနွေးပွဲ |
| ၄၀။ | ၂၈-၁၂-၂၀၁၈ | မန္တလေးမြို့၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်းမှ ၂၀၁၇-၂၀၁၈ ခုနှစ်၊ မိဘဆရာအသင်း နှစ်ပတ်လည် ပဒေသာကပွဲ အခမ်းအနားကျင်းပခြင်း။ | ပဒေသာကပွဲ |
| ၄၁။ | ၁၁-၁-၂၀၁၉ | မန္တလေးတိုင်းဒေသကြီး လူနာသယ်ယူပို့ဆောင်ရေး ပရဟိတအဖွဲ့များနှင့် မသန်စွမ်းအဖွဲ့အစည်းများအား H.I နှင့် ပူးပေါင်း၍ မသန်စွမ်းမှုနှင့် အကျုံးဝင်ခြင်း သင်တန်းကျင်းပပြုလုပ်ခြင်း။ | သင်တန်း |
| ၄၂။ | ၁၃-၁-၂၀၁၉ | ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးတို့မှ တံတားဦးမြို့နယ်ရှိ မသန်စွမ်း (၃၂၀)ဦးအား တစ်ဦးလျှင် ၃၀၀၀၀ ကျပ်နှုန်းဖြင့် ထောက်ပံ့ကြေးများပေးအပ်ခြင်း။ | အလှူငွေပေးအပ်ပွဲ |
| ၄၃။ | ၈-၂-၂၀၁၉ | မန္တလေးမြို့၊ နားမကြားသောကလေးများကျောင်း၌ ဂျပန်နိုင်ငံ Kyoshin Co.,Ltd မှ (၂၁) ကြိမ်မြောက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကျင်းပခြင်း။ | အလှူငွေပေးအပ်ပွဲ |

| စဉ် | ရက်စွဲ | ဆောင်ရွက်ချက် | မှတ်ချက် |
|---|---|---|---|
| ၄၄။ | ၂၁-၂-၂၀၁၉ | မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး အစည်းအဝေး ခန်းမ၌ မသန်စွမ်းအဖွဲ့အစည်းများ၊ ဌာနငယ်သင်တန်း ကျောင်းများမှ ဝန်ထမ်းများအား မသန်စွမ်းသူများအားလုံး အကျုံးဝင်သည့် ဖွံ့ဖြိုးမှုအကြောင်း အသိပညာပေး ဟောပြောပွဲ ကျင်းပပြုလုပ်ခြင်း။ | ဟောပြောပွဲ |
| ၄၅။ | ၈-၃-၂၀၁၉ | မန္တလေးမြို့ မသန်စွမ်းသက်ငယ် သင်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား မြန်မာနိုင်ငံကလေးများနေ့ အကြိုအထိမ်းအမှတ်အဖြစ် ပြင်ဦးလွင်မြို့သို့ လေ့လာရေးခရီးပို့ဆောင်ပေးခြင်း။ | လေ့လာရေး |
| ၄၆။ | ၁၇-၃-၂၀၁၉ | မန္တလေးမြို့၊ မြို့တော်ခန်းမ၌ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနား၌ နားမကြားသော ကလေးများကျောင်းမှ ကျောင်းသူများက တေးသရုပ်ဖော်များဖြင့် ဖျော်ဖြေတင်ဆက်ခြင်း။ | တွေ့ဆုံပွဲ |
| ၄၇။ | ၂၉-၃-၂၀၁၉ | မန္တလေးတိုင်းဒေသကြီး၊ လူမှုဝန်ထမ်းရုံး အစည်းအဝေး ခန်းမ၌ တိုင်းဒေသကြီးဦးစီးမှူးနှင့် မသန်စွမ်းလူငယ်များနှင့် တွေ့ဆုံခြင်း။ | တွေ့ဆုံပွဲ |
| ၄၈။ | ၅-၅-၂၀၁၉ | မန္တလေးမြို့၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း၌ ကလေးများအား ပျော်ပွဲရွှင်ပွဲ၊ ကျောင်းဆင်းပဒေသာကပွဲများ ကျင်းပခြင်း။ | ပဒေသာကပွဲ |
| ၄၉။ | ၁၈-၅-၂၀၁၉ | မန္တလေးမြို့၊နားမကြားသောကလေးများကျောင်းမှကျောင်းသား၊ ကျောင်းသူများအား မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများ၊ တိရစ္ဆာန်ဥယျာဉ်သို့ ပို့ဆောင်ခြင်း။ | လေ့လာရေး |
| ၅၀။ | ၅-၆-၂၀၁၉ | မန္တလေးမြို့၊ မနော်ရမ္မံပြည်သူ့ရင်ပြင်ကစားကွင်း၌ မြန်မာနိုင်ငံ မျက်မမြင်များအသင်း၏ ရန်ပုံငွေ ဂီတဖျော်ဖြေပွဲများ ကျင်းပပြုလုပ်ခြင်း။ | ဂီတဖျော်ဖြေပွဲ |
| ၅၁။ | ၁၄-၆-၂၀၁၉ | မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး၌ မြန်မာနိုင်ငံအတွင်းရှိ မသန်စွမ်းသူများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မသန်စွမ်းလူဦးရေ(၃၀)ဦးဖြင့် "မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာမြို့နယ်အဆင့် ဆွေးနွေးပွဲ ကျင်းပခြင်း။ | ဆွေးနွေးပွဲ |
| ၅၂။ | ၁၇-၆-၂၀၁၉ | မန္တလေးမြို့၊ Hotel Mandalay ၌ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဥပဒေအလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပခြင်း။ | ဆွေးနွေးပွဲ |
| ၅၃။ | ၁၉-၆-၂၀၁၉ | မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်(၇)ခုရှိ မသန်စွမ်းသူများအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အတွက် မသန်စွမ်းသူ (၁၂၁၆၇) ဦးအား တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ၃၆၅၀၁၀၀၀၀ ကျပ် ထောက်ပံ့ခြင်း။ | ထောက်ပံ့ငွေပေးအပ်ခြင်း |

| စဉ် | ရက်စွဲ | ဆောင်ရွက်ချက် | မှတ်ချက် |
|---|---|---|---|
| ၅၄။ | ၂၇-၆-၂၀၁၉ | ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ လူမှုရေးအသင်း (၆)ခုသို့ စုစုပေါင်းကျပ် ၂၁၇,၃၇၅,၀၀၀ အနက်မှ မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ငွေကျပ် ၃,၅၀၀,၀၀၀ အား ထောက်ပံ့ပေးခြင်း။ | ထောက်ပံ့ငွေပေးအပ်ခြင်း |
| ၅၅။ | ၂-၇-၂၀၁၉ | တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၏ (၂၇-၆-၁၉) ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် တိုင်းဒေသကြီးမသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကော်မတီဖွဲ့စည်းခြင်း။ | ကော်မတီဖွဲ့စည်းခြင်း |
| ၅၆။ | ၁-၇-၂၀၁၉ | မန္တလေးမြို့၊ Hotel Mandalay တွင် ကျင်းပပြုလုပ်သော မသန်စွမ်းသူများ အကျုံးဝင်မှု မြှင့်တင်ရေးဆိုင်ရာ မန္တလေးတိုင်းဒေသကြီးအဆင့် ဆက်စပ်ပတ်သက်သူများ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း။ | ဆွေးနွေးပွဲ |
| ၅၇။ | ၃-၇-၂၀၁၉ | တံတားဦးမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် မတူကွဲပြားသည့် ဗဟုယဉ်ကျေးမှု မသန်စွမ်းသူများ၏ အခွင့်အရေးများ၊ ကျား/မ တန်းတူရေးဆိုင်ရာ အခွင့်အရေးများနှင့် အခြားယဉ်ကျေးမှု သင်တန်း၊ School Myanmar မှ ကျင်းပခြင်း။ | သင်တန်း |
| ၅၈။ | ၁၈-၇-၂၀၁၉ | မန္တလေးမြို့၊ မြို့တော်ခန်းမ၌ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနားသို့ နားမကြားသော ကလေးများကျောင်းမှ အကပဒေသာများဖြင့် ဖျော်ဖြေခြင်း။ | အခမ်းအနား |
| ၅၉။ | ၂၂-၇-၂၀၁၉ | မန္တလေးမြို့၊ မြို့တော်ခန်းမ၌ အာဇာနည်နေ့အကြို လှုပ်ရှားမှုအဖြစ် နားမကြားသောကလေးများကျောင်း၌ ဟောပြောပွဲများ၊ ပန်းချီပြိုင်ပွဲများ ကျင်းပပြုလုပ်ခြင်း၊ ကဗျာရွတ်ပြိုင်ပွဲများ ကျင်းပခြင်း။ | အခမ်းအနား |
| ၆၀။ | ၂၄-၇-၂၀၁၉ | မန္တလေးမြို့၊မြို့တော်ခန်းမ၌ မန္တလေးတိုင်းဒေသကြီး မသန်စွမ်းသူများအသင်းဖွဲ့စည်းခြင်း၊ ရွေးကောက်ပွဲ အခမ်းနားကျင်းပခြင်း။ | အခမ်းအနား |
| ၆၁ | ၃၀-၇-၂၀၁၉ | မန္တလေးမြို့၊ နားမကြားသောကလေးများကျောင်း၌ အင်္ဂလန်နိုင်ငံအကြားအာရုံပညာရှင်နားမကြား ကလေးများအား နားကြားနိုင်မှု အခြေအနေ စမ်းသပ်ပေးခြင်းနှင့် ယခင်တပ်ဆင်ထားသော နားကြပ်များအား ပြန်လည်စစ်ဆေးပေးခြင်း။ | စမ်းသပ်စစ်ဆေးခြင်း |
| ၆၂ | ၁၀-၈-၂၀၁၉ | မန္တလေးမြို့၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများအား ဆယ်ကျော်သက်နှင့် ကျား/မ သဘောသဘာဝ အသိပညာပေးဟောပြောပွဲ ကျင်းပခြင်း။ | ဟောပြောပွဲ |

| စဉ် | ရက်စွဲ | ဆောင်ရွက်ချက် | မှတ်ချက် |
|---|---|---|---|
| ၆၃။ | ၁၅-၈-၂၀၁၉ မှ ၁၈-၈-၂၀၁၉ ထိ | မန္တလေးမြို့၊ နားမကြားသောကလေးများကျောင်း၌ မြန်မာနိုင်ငံအထူးပညာရေးအသင်းတို့ပူးပေါင်း၍ဉာဏ်ရည်မသန်စွမ်းကလေးများအား ပြုစုပျိုးထောင်ပေးမည့် အခြေခံဆရာဖြစ်သင်တန်း ကျင်းပခြင်း။ | သင်တန်း |
| ၆၄။ | ၂၉-၈-၂၀၁၉ | မန္တလေးမြို့၊ နားမကြားသောကလေးများကျောင်း၌ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်း၍ နားမကြား ကလေးများအား ကျား/မသဘာဝ ဆယ်ကျော်သက် အသိပညာပေးအစီအစဉ်ဟောပြောပွဲကျင်းပ ပြုလုပ်ပါသည်။ | ဟောပြောပွဲ |
| ၆၅။ | ၁၆-၉-၂၀၁၉ မှ ၁၇-၉-၂၀၁၉ ထိ | မန္တလေးမြို့၊ Hotel Mandalay ၌ ပြုလုပ်ခဲ့သော အနာဂတ်အရပ်ဘက်အဖွဲ့အစည်းများ အခန်းကဏ္ဍသုံးသပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း။ | ဆွေးနွေးပွဲ |
| ၆၆။ | ၁၉-၉-၂၀၁၉ | မန္တလေးမြို့၊ နားမကြားသောကလေးများကျောင်း၌ (၃၈) နှစ်မြောက် ကျောင်းနှစ်ပတ်လည်နေ့နှင့် ပညာရည် ထူးချွန်ဆုပေးပွဲ အခမ်းအနားကျင်းပခြင်း၊ နားမကြား ကလေးများမှ အကပဒေသာဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ ပညာသင်နှစ်အလိုက် ဆုရရှိသော ကလေးများအား ဆုချီးမြှင့်ခြင်း။ | အခမ်းအနား |
| ၆၇။ | ၂၆-၉-၂၀၁၉ | မန္တလေးမြို့၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း၌ ကျောင်းသား/ကျောင်းသူများအား ကျောင်းတွင်း ဆေးရောင်ခြယ်ပြိုင်ပွဲများ ကျင်းပခြင်း။ | ဉာဏ်ပြိုင်ပွဲ |
| ၆၈။ | ၂-၁၀-၂၀၁၉ | မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးမသန်စွမ်းသူများ အခွင့်အရေးများဆိုင်ရာ ကော်မတီ အစည်းအဝေးကျင်းပခြင်း။ | အစည်းအဝေး |
| ၆၉။ | ၁၆-၁၁-၂၀၁၉ မှ ၃-၈-၂၀၂၀ ထိ | မန္တလေးမြို့၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း၌ လူမှုဝန်ထမ်းဦးစီးဌာနနှင့် မြန်မာနိုင်ငံ အထူးပညာရေးအသင်းတို့ပူးပေါင်း၍ အထူးပြုစုစောင့်ရှောက်ရန် လိုအပ်သောကလေးများအတွက် ပြုစုပျိုးထောင်သင်ကြားပေးမည့် ဆရာ/ဆရာမများ မွေးထုတ်ပေးမည့် ဆရာဖြစ်သင်တန်းကျင်းပခြင်း။ | သင်တန်း |
| ၇၀။ | ၂၉-၁၁-၂၀၁၉ | မန္တလေးမြို့၊ နားမကြားသောကလေးများကျောင်း၌ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှုအဖြစ် နားမကြားကျောင်းသား၊ ကျောင်းသူများအား စွမ်းရည်ပြိုင်ပွဲ (၇)မျိုးဖြင့် ကျင်းပခဲ့ပြီး ဆုချီးမြှင့်ခြင်း။ | ပြိုင်ပွဲ |

| စဉ် | ရက်စွဲ | ဆောင်ရွက်ချက် | မှတ်ချက် |
|---|---|---|---|
| ၇၁။ | ၂-၁၂-၂၀၁၉ | မန္တလေးမြို့၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း၌ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှုအဖြစ် ကျောင်းသား၊ ကျောင်းသူများအား ပျော်ပွဲရွှင်ပွဲများ ပြုလုပ်ခြင်း။ | ပျော်ပွဲ၊ ရွှင်ပွဲ |
| ၇၂။ | ၃-၁၂-၂၀၁၉ | မန္တလေးမြို့၊ မြို့တော်ခန်းမ၌ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပပြုလုပ်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးက အဖွင့်အမှာစကားပြောကြားခြင်း၊ မသန်စွမ်းကလေးငယ်များမှ ကပြဖျော်ဖြေခြင်း၊ ၂၀၁၈ ခုနှစ် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများအားကစားပြိုင်ပွဲ၊ ဆုရရှိသူများ ဆုချီးမြှင့်ခြင်း၊ အခြေခံပညာအဆင့် စာစီစာကုံးဆုရရှိသူများအား ဆုချီးမြှင့်ခြင်း၊ တိုင်းဒေသကြီးအဆင့် စစ်တုရင်ပြိုင်ပွဲ ဆုရရှိသူများအား ထူးချွန်ဆုရရှိသူများအား ဆုချီးမြှင့်ခြင်း။ | အခမ်းအနား |
| ၇၃။ | ၁၈-၁၂-၂၀၁၉ မှ ၁၉-၁၂-၂၀၁၉ ထိ | မန္တလေးမြို့၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း၌ နားမကြားသော ကလေးများကျောင်းနှင့် မသန်စွမ်း သက်ငယ်သင်တန်းကျောင်းများမှ ဆရာ၊ ဆရာမများ၊ မူလတန်းကြိုကျောင်းများမှ ဆရာမများအား မသန်စွမ်းသူများ ပြုစုစောင့်ရှောက်ရေးနှင့် လေ့ကျင့်သင်ကြားရေး အခြေခံသင်တန်း ကျင်းပပြုလုပ်ခြင်း။ | သင်တန်း |



၂-၉-၂၀၁၇ ရက်နေ့မှ ၄-၉-၂၀၁၇ ရက်နေ့ထိ မန္တလေးမြို့
နားမကြားသောကလေးများကျောင်း
အကြားအာရုံမသန်စွမ်းမှုဆိုင်ရာ သင်တန်းဖွင့်လှစ်စဉ်။




၂၈-၁-၂၀၁၈ ရက်နေ့တွင် မန္တလေးမြို့
နားမကြားသောကလေးများကျောင်းအတွက်
Kyoshin Co.,Ltd မှ အလှူငွေပေးအပ်စဉ်။





၃၀-၇-၂၀၁၉ ရက်နေ့တွင် မန္တလေးမြို့ နားမကြားသောကလေးများကျောင်းရှိ
ရှေးဦးအရွယ်ကလေးသူငယ်များအတွက်
Early Childhood Sex Education သင်တန်းပို့ချပေးစဉ်။



မန္တလေးခရိုင်အတွင်းရှိ
မသန်စွမ်းသူများအား ထောက်ပံ့ခြင်းအခမ်းအနား
ကျင်းပစဉ်။



မသန်စွမ်းသူများအား အိမ်တိုင်ရာရောက်
ထောက်ပံ့ငွေများပေးအပ်စဉ်။

# မွန်ပြည်နယ်
# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

၁။ မွန်ပြည်နယ် မော်လမြိုင်မြို့ စမ်းကြီးရပ်တွင် ၁၇-၂-၂၀၁၇ ရက်နေ့က Special Need ကျောင်းအား ဖွင့်လှစ်ခဲ့ပြီး ၂၀၁၉ ခုနှစ်ထိ မသန်စွမ်းသူ(၄၂)ဦးအား လက်ခံစောင့်ရှောက်လျက်ရှိပါကြောင်း၊ အဆိုပါ အဆောက်အုံကို ၂၀၁၇ ခုနှစ်တွင် စတင်ဆောက်လုပ်ရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာနနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းညှိနှိုင်း၍ မော်လမြိုင် လူငယ်သင်တန်း ကျောင်းဝင်းအတွင်း၌ မြေနေရာရွေးချယ်ခဲ့ပြီး အလှူရှင်များ၏ အကူအညီဖြင့် ဆောက်လုပ်ခဲ့ခြင်း ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်တွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဥပဒေအသိပညာပေးသင်တန်းနှင့် မသန်စွမ်းသူများ ၏ နည်းဥပဒေအသိပညာပေး UNCRPD သင်တန်းအား မော်လမြိုင်မြို့တွင် ဖွင့်လှစ်ခဲ့ပါသည်။ ထို့ပြင် နှစ်စဉ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်း အနားအား ကျင်းပဆောင်ရွက်ခဲ့ပြီး ယခုနှစ်တွင်လည်း ယင်းအထိမ်းအမှတ်အဖြစ် အဆိုပြိုင်ပွဲများ၊ စစ်တုရင် ပြိုင်ပွဲများ၊ ပန်းချီပြိုင်ပွဲများ ကျင်းပခြင်း၊ အခြေခံပညာကျောင်းများတွင် စာစီစာကုံးပြိုင်ပွဲများ ကျင်းပခြင်းများ ဆောင်ရွက်၍ ဆုရရှိသူများကို အခမ်းအနားတွင် ဆုများချီးမြှင့် ပေးအပ်ခဲ့ပါသည်။

၂။ ၆-၄-၂၀၁၉ ရက်နေ့တွင် လူမှုဝန်ထမ်းဦးစီးဌာနမှ မွန်ပြည်နယ်(၁၀)မြို့နယ်ရှိ မသန်စွမ်းသူများအနက် မသန်စွမ်း အမျိုးအစား(၄)မျိုးဖြစ်သည့် ကိုယ်အင်္ဂါမသန်စွမ်းသူများ၊ အမြင်အာရုံမသန်စွမ်းသူများ၊ အကြား အာရုံမသန်စွမ်း၊ ဉာဏ်ရည် မသန်စွမ်းသူများ စုစုပေါင်း(၂၈၉၂)ဦးအား တစ်ဦးလျှင် ငွေကျပ် ၃၀,၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၈၆,၇၆၀,၀၀၀ အား ထောက်ပံ့ပေးခဲ့ပါသည်။ မွန်ပြည်နယ် မသန်စွမ်းသူများ၏အခွင့်အရေး များဆိုင်ရာကော်မတီကို မသန်စွမ်းသူများ၏ အခွင့်အရေး များဆိုင်ရာ အမျိုးသားကော်မတီ၏ အမိန့်ကြေညာစာ အမှတ်၊ ၁၀၇/၂၀၁၈ ဖြင့် ၂၄-၉-၂၀၁၈ ရက်နေ့တွင် အဖွဲ့ဝင်(၂၁)ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။ မွန်ပြည်နယ်တွင် မသန်စွမ်းသူများ၏အခွင့်အရေးများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံ မသန်စွမ်းသူ များအသင်းချုပ်မှကြီးမှူးပြီး မွန်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် မွန်ပြည်နယ် မသန်စွမ်းသူများအသင်း အလုပ်အမှုဆောင်အဖွဲ့ကို မော်လမြိုင်မြို့၌ ၁၃-၅-၂၀၁၉ ရက်နေ့တွင် အဖွဲ့ဝင်(၁၀)ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး မသန်စွမ်းသူများ ၏ အခွင့်အရေးများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။







၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အထိမ်းအမှတ် ပြိုင်ပွဲများကျင်းပစဉ်။

# ရခိုင်ပြည်နယ်
## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

ရခိုင်ပြည်အတွင်းရှိမသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| ရက်စွဲ | ကျင်းပသည့်နေရာ | ပြုလုပ်သည့်အကြောင်းအရာ |
|---|---|---|
| ၂၁-၃-၂၀၁၈ | ပြည်နယ်လူမှုဝန်ထမ်းရုံး၊ စစ်တွေမြို့ | မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဥပဒေ ရှင်းလင်းဆွေးနွေးပွဲ။ |
| ၂၁-၉-၂၀၁၈ | ဦးဥတ္တမခန်းမ၊ စစ်တွေမြို့ | ရခိုင်ပြည်နယ်အတွင်းရှိ မသန်စွမ်းသူများအား ထောက်ပံ့ကြေး ပေးအပ်ပွဲအခမ်းအနား။ |
| ၁၄-၁၁-၂၀၁၈ | စစ်တွေမူလတန်းကြိုကျောင်း | မြန်မာနိုင်ငံရေးအပြောင်းအလဲတွင် မသန်စွမ်းသူများ၏ အခွင့်အရေးနှင့် အကျုံးဝင်ပါဝင်မှုမြှင့်တင်ရေးဆိုင်ရာ ကဏ္ဍပေါင်းစုံမှ ပါဝင်ပတ်သက်သူများ၏ ဆွေးနွေးပွဲ။ |
| ၂၈-၁၁-၂၀၁၈ | စစ်တွေမူလတန်းကြိုကျောင်း | မသန်စွမ်းသူများအတွက် ရွေးကောက်ပွဲနှင့် နိုင်ငံရေး ဆိုင်ရာ (ဆင့်ပွား)အသိပညာပေးသင်တန်း |
| ၃-၁၂-၂၀၁၉ | ဦးဥတ္တမခန်းမ၊ စစ်တွေမြို့။ | အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့။ |
| ၁၈-၂-၂၀၁၉<br>အထိမ်းအမှတ်<br>အခမ်းအနား | စစ်တွေမူလတန်းကြိုကျောင်း | ပြည်နယ်မသန်စွမ်းသူများအစည်းအရုံး၏ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းရပ်များအား ရှင်းလင်းတင်ပြခြင်း အခမ်းအနား။ |
| ၁၈-၂-၂၀၁၉ | စစ်တွေမူလတန်းကြိုကျောင်း | ပြည်နယ်မသန်စွမ်းသူများအစည်းအရုံး၏ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းရပ်များအား ရှင်းလင်းတင်ပြခြင်း အခမ်းအနား။ |
| ၃၁-၃-၂၀၁၉ | ပြည်နယ်လူမှုဝန်ထမ်းရုံး၊ စစ်တွေမြို့ | မသန်စွမ်းသူများအား ပြုစုစောင့်ရှောက်ရေးသင်တန်း။ |
| ၁၈-၉-၂၀၁၉ | ပြည်နယ်လူမှုဝန်ထမ်းရုံး၊ စစ်တွေမြို့ | အထူးလိုအပ်ချက်ရှိသော ကလေးများ ပြုစုလေ့ကျင့်မှု အသိပညာပေးသင်တန်း |
| ၃-၁၂-၂၀၁၉ | ဦးဥတ္တမခန်းမ၊ စစ်တွေမြို့ | အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနား။ |






၃-၁၂-၂၀၁၉ ရခိုင်ပြည်နယ် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပစဉ်။

# ရန်ကုန်တိုင်းဒေသကြီး
# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

၁။ ရန်ကုန်တိုင်းဒေသကြီး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုနှင့်ပတ်သက်၍ ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့တွင် မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာကော်မတီအား အဖွဲ့ဝင် (၁၇) ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်က ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ လူမှုရေးဝန်ကြီးက ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး ညွှန်ကြားရေးမှူး ဒေါက်တာကေသီကျော်က အတွင်းရေးမှူးအဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။

၂။ နှစ်စဉ်အောက်တိုဘာလ(၁၅)ရက်နေ့တွင် မြို့တော်ဝန်ဖလားမျက်မမြင် လမ်းလျှောက်တုတ်နေ့အား ကျင်းပပြုလုပ်ခြင်း၊ မသန်စွမ်းသူများ လက်လှမ်းမီအသုံးပြုနိုင်ရေးနှင့် သွားလာရေးလွယ်ကူစေရန်အတွက် ၅-၁၁-၂၀၁၈ ရက်နေ့တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်း၍ “ကမ္ဘာ သုံးပုံစံမြို့တော်များ ဖော်ဆောင်ရေးဆိုင်ရာဆွေးနွေးပွဲ” တစ်ရပ်ကို Summit Park View Hotel တွင် ပြုလုပ်နိုင်ခဲ့ပါသည်။

၃။ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ မသန်စွမ်းလေ့ကျင့်ရေးစခန်းတွင် မသန်စွမ်းအားကစားသမားများ အတွက် လျှောက်လမ်းပါဝင်သော အထောက်အကူပြုပုံစံများပါရှိသည့် သန့်စင်ခန်းများ တည်ဆောက်ပေးရန် စီစဉ်လျက်ရှိပါသည်။ ထို့ပြင် မသန်စွမ်းသူများ လွယ်ကူစွာသွားလာနေထိုင်နိုင်ရေးအတွက် ဆင်ခြေလျှောများ၊ Toilet များ၊ လိုအပ်သည့်လှေကားအတွယ်နှင့် အမြင့်တို့ကို အများပြည်သူအသုံးပြု သွားလာရာနေရာများနှင့် အဆောက်အအုံများ၌ ထည့်သွင်းလုပ်ဆောင်ရန် စီစဉ်လျက်ရှိပါသည်။

၄။ နှစ်စဉ် ဒီဇင်ဘာလ(၃)ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အခမ်းအနားအား စည်းကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်လျက်ရှိရာ ထိုနေ့တွင် ဆုချီးမြှင့်နိုင်ရန်အတွက် စာစီစာကုံးပြိုင်ပွဲများ၊ ပန်းချီပြိုင်ပွဲများ၊ စစ်တုရင်ပြိုင်ပွဲများ၊ အဆိုအကပြိုင်ပွဲများအားအကြိုလှုပ်ရှားမှုများအဖြစ် သက်ဆိုင်ရာ မသန်စွမ်းကျောင်းများ၊ မသန်စွမ်းအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဆောင်ရွက်နိုင်ခဲ့ပါသည်။

၅။ ၂၂-၁၂-၂၀၁၈ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူ (၉၀၇၄) ဦးအား တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။ ထို့ပြင် ၁၃-၂-၂၀၁၉ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး မသန်စွမ်းသူများအသင်းအား လျှို့ဝှက်မဲဖြင့် ရွေးချယ်၍ဖွဲ့စည်းနိုင်ခဲ့ပါသည်။ ၂၈-၂-၂၀၁၉ ရက်နေ့တွင် မသန်စွမ်းသူများအတွက် အတားအဆီးကင်းစေရန် ရန်ကုန်တစ်ခွင် အသိပညာပေးလှုပ်ရှားမှုကိုလည်း ပြုလုပ်ခဲ့ပါသည်။

၆။ မသန်စွမ်းသူများသွားလာရေး လွယ်ကူအဆင်ပြေစေရန်အတွက် YBS ယာဉ်မောင်းများကိုလည်း မသန်စွမ်းသူများနှင့် ပတ်သက်သည့် အသိပညာပေးသင်တန်းများပေးပြီး နားမကြားသူများအတွက် မှတ်တိုင်ပြစနစ်တစ်ခုကိုလည်း ထည့်သွင်းပြုလုပ်ထားပါသည်။ ထို့ပြင် အဆောက်အအုံများဆောက်လုပ်သည့်အခါ မသန်စွမ်းသူများနှင့်ပတ်သက်သည့် လမ်း၊ Toilet စသည်တို့ ပါဝင်ရေးဆွဲဆောက်လုပ်ရန်အတွက်လည်း ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ဆွေးနွေးထားပါသည်။

၇။ မသန်စွမ်းသူများအတွက် သဘာဝဘေးအန္တရာယ်ကြုံတွေ့သည့်အခါ ကူညီမှုများပြုလုပ်ရန်အတွက် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်သည့် လမ်းညွှန်စာအုပ်အား Stakeholder များအား ဖြန့်ဝေထားပြီးဖြစ်ပါသည်။ ၂၀-၉-၂၀၁၉ ရက်နေ့တွင် ဝန်ကြီးချုပ်နှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်းနှင့် အဆင့်သတ်မှတ်ခြင်း လုပ်ငန်းစဉ်တစ်ရပ် ပေါ်ထွက်နိုင်ရေးအတွက် ကနဦးဆွေးနွေးညှိနှိုင်းခြင်းများလည်း ဆောင်ရွက်ခဲ့ပါသည်။

၈။ ၂၇-၉-၂၀၁၉ ရက်နေ့တွင် လှိုင်သာယာမြို့နယ်၌ မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းစီမံကိန်းနှင့် ပတ်သက်ပြီး မိတ်ဆက်ခြင်း၊ ၁၆-၁၂-၂၀၁၉ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရုံး ပတ္တမြားခန်းမတွင် မသန်စွမ်းကျောင်းဖွင့်လှစ်ထားသည့် ကျောင်းများမှတာဝန်ရှိသူများ၊ ဆရာမများ၊ မသန်စွမ်းအဖွဲ့အစည်းများနှင့် လူမှုရေးဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် လူမှုရေးနှင့်စီမံခန့်ခွဲရေးကော်မတီဝင်များနှင့် တွေ့ဆုံ၍ မသန်စွမ်းကလေးများ အထူးပညာသင်ကြားရေးနှင့် ပတ်သက်သည့် ညှိနှိုင်းဆွေးနွေးမှုများအား ဆောင်ရွက်နိုင်ခဲ့ပါသည်။




၂၂-၁၂-၂၀၁၈ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မသန်စွမ်းသူ
(၉၀၇၄) ဦးအား တစ်ဦးလျှင်
ငွေကျပ် ၃၀၀၀၀ နှုန်း ထောက်ပံ့ကြေးပေးအပ်စဉ်။



ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မသန်စွမ်းသူများ၏
အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံစဉ်။




၃-၁၂-၂၀၁၉ ရက်နေ့တွင် IBC ၌
ကျင်းပပြုလုပ်သည့်
အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့
အထိမ်းအမှတ်အခမ်းအနားတွင်
ကျောင်းသားတစ်ဦးအားဆုချီးမြှင့်စဉ်။



လှိုင်သာယာမြို့နယ်တွင်
ကနဦးအကောင်အထည်ဖော်ဆောင်ရွက်မည့်
မသန်စွမ်းသူများ အဆင့်သတ်မှတ်ခြင်းနှင့်
မှတ်ပုံတင်ခြင်းဆိုင်ရာ အသိပညာပေးရှင်းလင်းပွဲ
အခမ်းအနားကျင်းပစဉ်။


# ရှမ်းပြည်နယ်


## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

ရှမ်းပြည်နယ်အတွင်းရှိ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ဆောင်ရွက်မှု | နေ့ရက် | နေရာ |
|---|---|---|---|
| ၁။ | အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနား။ | ၃-၁၂-၂၀၁၈/ ၃-၁၂-၂၀၁၉ | တောင်ကြီးမြို့ |
| ၂။ | အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ။ | ၂၉-၁၁-၂၀၁၉ | တောင်ကြီးမြို့ |
| ၃။ | မသန်စွမ်းသူများ၏ စစ်တုရင်ပြိုင်ပွဲ၊ အဆိုပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲ။ | ၁၀-၁၁-၂၀၁၉ | ရှမ်းပြည်နယ် မသန်စွမ်းသူများအသင်း |
| ၄။ | ရှမ်းပြည်နယ်မသန်စွမ်းသူများအသင်း ဖွဲ့စည်းခြင်း၊ အသင်းဝင် ၁၈ ယောက်ဖြင့် ဖွဲ့စည်းပြီးဖြစ်ပါသည်။ | ၉-၈-၂၀၁၉ | ရှမ်းပြည်နယ်၊ တောင်ကြီးမြို့တော်ခန်းမ |
| ၅။ | မသန်စွမ်းသူများအတွက် Day Care Center ဖွင့်လှစ်နိုင်ရေး နေရာညှိနှိုင်းခြင်း။ | ၂၀၂၀ တွင်ရရှိပါမည် | လူထုအခြေပြုဗဟိုဌာန |
| ၆။ | မသန်စွမ်းဂေဟာများအား အသိအမှတ်ပြု မှတ်ပုံတင်ရေး ဆောင်ရွက်ခြင်း။ | ၂၀၂၀ | တောင်ကြီးမြို့ရှိ ပုဂ္ဂလိက မသန်စွမ်းကျောင်းများ |
| ၇။ | ရှမ်းပြည်နယ်မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး။ | ၂၈-၈-၂၀၁၉ | ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ |
| ၈။ | မသန်စွမ်းသူ (၄၃၀၄)ဦးအား တစ်ဦးလျှင် ၃၀၀၀၀ ကျပ်နှုန်းဖြင့် စုစုပေါင်းငွေကျပ် (၁၂၉,၁၂၁,၀၀၀) ထောက်ပံ့ခြင်း။ | ၂၀၁၈ ဧပြီမှ စက်တင်ဘာလ အတွင်း | ရှမ်းပြည်နယ် |
| ၉။ | မသန်စွမ်းသူ (၁၆၃)ဦးအား (၁)ဦးလျှင် ၁၀၀,၀၀၀ ကျပ်နှုန်းဖြင့် ပြည်ထောင်စုဝန်ကြီး၏ ရှမ်းပြည်နယ်(မြောက်ပိုင်း) ခရီးစဉ်တွင် ထောက်ပံ့ခြင်း(၁၆,၃၀၀,၀၀၀)အား ထောက်ပံ့ခြင်း။ | ၉-၄-၂၀၁၈ | ရှမ်းပြည်နယ်(မြောက်ပိုင်း) |
| ၁၀။ | သူငယ်တော်ယေဖူးနှင့် စိန့်မေရီမသန်စွမ်းကျောင်း၊ စိန့်အလွိုက်(စ်) ကျောင်းတို့တွင် ငွေ(၃၂,၅၉၅,၀၀၀)ကျပ် ထောက်ပံ့ခြင်း။ | ၂၀၁၈-၂၀၁၉ | ရှမ်းပြည်နယ် |
| ၁၁။ | ကျောက်မဲခရိုင် နမ္မတူမြို့နယ်အတွင်းရှိ စစ်ဘေးရှောင်ပြည်သူများထဲမှ မသန်စွမ်းသူလေးဦးအား (၃၀၀၀၀)ကျပ်နှုန်းဖြင့် ထောက်ပံ့ခြင်း | ၂၃-၆-၂၀၁၉ | နမ္မတူစစ်ဘေးရှောင်စခန်း |
| ၁၂။ | မသန်စွမ်းသူများအခွင့်အရေးဥပဒေ၊ နည်းဥပဒေနှင့် UNCRPD အသိပညာပေးသင်တန်း ပြုလုပ်ခြင်း။ | ၂၂-၁၀-၂၀၁၉ | တောင်ကြီးမြို့ |
| ၁၃။ | အပြည်ပြည်ဆိုင်ရာ မျက်မမြင်လမ်းလျှောက်တုတ်နေ့တွင် လမ်းလျှောက်ပွဲကျင်းပခြင်း။ | ၂၀၁၈-၂၀၁၉ | ရှမ်းပြည်နယ် |

| စဉ် | ဆောင်ရွက်မှု | နေ့ရက် | နေရာ |
|---|---|---|---|
| ၁၄။ | အထူးလိုအပ်ချက်ရှိသော ကလေးများအား ပြုစုစောင့်ရှောက် လေ့ကျင့်မှုဆိုင်ရာ အသိပညာပေးသင်တန်းပြုလုပ်ခြင်း။ | ၂၃-၁၀-၂၀၁၉မှ ၂၄-၁၀-၂၀၁၉ | တောင်ကြီးမြို့ |
| ၁၅။ | တိုင်းဒေသကြီးပြည်နယ်များတွင် မသန်စွမ်းသူများဆိုင်ရာ သတင်း အချက်အလက် မှတ်တမ်းတင်ခြင်း၊ အစီရင်ခံစာပြုစုခြင်း လုပ်ငန်း ဆိုင်ရာ ဆွေးနွေးပွဲကျင်းပပြုလုပ်ခြင်း။ | ၂၁-၁၀-၂၀၁၉ | တောင်ကြီးမြို့ |
| ၁၆။ | အလှူငွေ ကျပ်သိန်း (၁၃၀) ပေးအပ်ပွဲအခမ်းအနားပြုလုပ် ကျင်းပခြင်း၊ | ၂-၃-၂၀၁၉ | တောင်ကြီးမြို့ |
| ၁၇။ | The Leprosy Mission Myanmar(TLMM)နှင့် DCA-NCa (Danish Church Aid) အဖွဲ့မှ မသန်စွမ်းသူစုစုပေါင်း(၁၃၇)ဦးအား နယ်လှည့် ခြေတုတပ်ဆင်ပေးခြင်း။ | ၂၀၁၈-၂၀၁၉ | ရှမ်းပြည်နယ်၊ လားရှိုးခရိုင်၊ ကွမ်းလုံမြို့။ |
| ၁၈။ | မသန်စွမ်းကျောင်းများရှိ ကလေးများအား အသည်းရောင် အသားဝါ ဘီပိုးကာကွယ်ဆေး ထိုးနှံပေးခြင်း။ | ၂၃-၆-၂၀၁၉ | ရှမ်းပြည်နယ် |



## ဧရာဝတီတိုင်းဒေသကြီး
## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

၁။ ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ပြန်လည်နေရာချထားရေးဦးစီးဌာနသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစတင်၍ မိုင်းကြောင့်ထိခိုက်ခံစားရသူများအား (၁)ဦး လျှင်ငွေကျပ် ၂၀၀၀၀၀ နှုန်းဖြင့် လူဦးရေ(၄၉၉)ဦးအား ထောက်ပံ့ပေးခဲ့ပါသည်။

၂။ ဧရာဝတီတိုင်းဒေသကြီးအတွင်း ထောက်ပံ့ရန်ကျန်ရှိနေသေးသည့် မိုင်းကြောင့်ထိခိုက်ခံစားရသူ(အရပ်သား)များ မရှိဘဲ တပ်မတော်သားများ၏ အမည်စာရင်းများကို သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများက ကောက်ခံခဲ့ရာ( ၂၁၀ ) ဦးရှိပါသည်။ ၎င်းအပြင် အမြင်အာရုံချို့ယွင်းသူ မသန်စွမ်းသူများအတွက် မျက်မမြင်ကျောင်းများတွင်လည်းကောင်း၊ နားမကြားကလေးများအတွက် နားမကြားကလေးများ သင်တန်းကျောင်းများတွင်လည်းကောင်း အထူးပညာရေးဖြင့် မူလတန်း ပညာသင်ကြားခြင်း၊ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်ပညာရေးတို့ကို လူတိုင်းအကျုံးဝင် ပညာရေးအစီအစဉ်ဖြင့် ပညာသင်ကြားနိုင်ရေးကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

၃။ မသန်စွမ်းမှုကို အကြောင်းပြု၍ သိလျက်နှင့်တမင်ခွဲခြားဆက်ဆံခြင်း၊ လျစ်လျူရှုခြင်း၊ အကြမ်းဖက်ခြင်း မရှိစေရေးနှင့် မသန်စွမ်းမှုအသိပညာမြင့်မားရေးအတွက် ဧရာဝတီတိုင်းဒေသကြီးအတွင်း အသိပညာပေး သင်တန်းများပေးခြင်း၊ ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ ရပ်ရွာအခြေပြုပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မသန်စွမ်းစစ်တမ်းများကောက်ယူခြင်း၊ ကိုယ်တိုင်လှုပ်ရှား သွားလာနိုင်မှုအတွက် အားပြုကိရိယာနှင့်အထောက်အကူပြုပစ္စည်းများရရှိအောင်ဆောင်ရွက်ပေးခြင်း၊ အတားအဆီးကင်းသော ပတ်ဝန်းကျင်များ တည်ဆောက်နိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ဆောင်ရွက်ခြင်း၊ မြေမြှုပ်မိုင်းများကြောင့် မသန်စွမ်းဖြစ်ရသူများအတွက် INGOS, NGOS များနှင့်ပူးပေါင်း၍ အသိပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၄။ ဖွံ့ဖြိုးမှုနောက်ကျသော၊ မသန်စွမ်းသော၊ အပြုအမူပုံမှန်မဟုတ်သော အထူးလိုအပ်ချက်ရှိသော ကလေးများ၏ (၇၀%) ကို ပုံမှန်နီးပါး ပြန်လည်ရောက်ရှိအောင်ဆောင်ရွက်ပေးနိုင်သည့် ရှေးဦးအရွယ် ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ တိုင်းတာစစ်ဆေးခြင်းနှင့် ပြန်လည်ထူထောင်ရေး (ECI) ကို ၂၀၁၈ခုနှစ်၊ နိုဝင်ဘာလမှစတင်၍ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပုသိမ်မြို့၊ အမှတ်(၁)ရပ်ကွက်နှင့် ကန်ကြီးထောင့်မြို့နယ်၊ ဒါးကမြို့တို့တွင် ရှေ့ပြေးဝန်ဆောင်မှုများ ဆောင်ရွက်လျက်ရှိပါသည်။ ပုသိမ်မြို့တွင်(၁၂၇)ဦး ၊ ဒါးကမြို့တွင် (၅၈၆) ဦးတို့အား ဆန်းစစ်ပြီးဖြစ်ပါသည်။

၅။ ၂၀၁၉ ခုနှစ် မေလတွင် ဒေဝ်မသန်စွမ်းသက်ငယ်များ ပြုစုရာရိပ်မြုံအဖွဲ့သည် (၆ )နှစ်အောက် မသန်စွမ်းကလေးများ လေ့ကျင့်သင်ကြားပေးနည်းဆိုင်ရာသင်တန်းကို ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တွင် လူမှုဝန်ထမ်းမူလတန်းကြိုကျောင်း၊ ပုသိမ်ကလေးပြုစုရေးဌာနနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများ၊ ပုဂ္ဂလိကမူလတန်း ကြိုကျောင်းများမှ ဆရာ/မများသင်ကြားပို့ချပေးခဲ့ပါသည်။

၆။ ၂၀၁၉ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးမသန်စွမ်းသူများအသင်းကိုဖွဲ့စည်းနိုင်ခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး မသန်စွမ်းသူများအသင်း၏ အလုပ်အမှုဆောင်ရွေးကောက်တင်မြှောက်ခြင်း အခမ်းအနားကို ၂၀၁၉ ခုနှစ်၊ ဧပြီလ (၂၅)ရက်နေ့တွင် တစ်မြို့နယ်လျှင် မသန်စွမ်း(၃)ဦးစီဖြင့် (၂၆)မြို့နယ်အတွက် စုစုပေါင်း(၇၈) ဦးအား တက်ရောက်နိုင်ရန် ဖိတ်ကြားခဲ့ပါသည်။

၇။ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်သည် ဧရာဝတီတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးနှင့် ပူးပေါင်း၍ မသန်စွမ်းသူများ၏ အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ သုတေသနစစ်တမ်း ကောက်ယူခြင်းလုပ်ငန်းကို သာပေါင်းမြို့တွင် ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ၂၀၁၉ခုနှစ်၊ မေလ ၁၁ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်၊ ဗျိုင်းကဇီးကျေးရွာအုပ်စု၊ ဗျိုင်းကဇီးကျေးရွာတွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးဘေးသင့်ပြည်သူများထဲမှ မသန်စွမ်းသူ (၅) ဦးအား လိုအပ်သော အားပြုကိရိယာများအား ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။

၈။ မသန်စွမ်းသူများကို လူမှုဝန်ထမ်းဦးစီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ပူးပေါင်း၍ ၂၀၁၈ ခုနှစ်တွင် မွေးရာပါ မသန်စွမ်းသူများစာရင်းကို ကောက်ယူပြီးဖြစ်သော်လည်း မသန်စွမ်းသူများ အားလုံး မသန်စွမ်း မှတ်ပုံတင် ရရှိရေးလုပ်ငန်းများတွင် ပါဝင်နိုင်ရေးအတွက် တိုင်းဒေသကြီးအတွင်း ဆက်လက် ကောက်ယူနေဆဲ ဖြစ်ပါသည်။ ၎င်းအပြင် ၂၀၁၉ခုနှစ်အတွင်းပြည်ထောင်စုဝန်ကြီးခရီးစဉ်၌ ဧရာဝတီတိုင်း ဒေသကြီးအတွင်းရှိ မသန်စွမ်းဦးရေ စုစုပေါင်း (၁၈၅၄၈)ဦးကို ကနဦးထောက်ပံ့ငွေအဖြစ် တစ်ဦးလျှင် ၃၀၀၀၀ ကျပ်နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၅၅၆,၄၄၀,၀၀၀ ကို ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။

၉။ ဧရာဝတီတိုင်းဒေသကြီးအတွင်း မအူပင်မြို့၌ နားမကြားသူများအပေါ် ကျူးလွန်ခံရသည့် ပြစ်မှု များဖြေရှင်းရာ၌ တရားရေးနယ်ပယ်တွင် အထောက်အကူရရှိစေရေးအတွက် လက်သင်္ကေတ (SIGN LANGUAGE)များဖြင့် ကူညီဆောင်ရွက်ပေးခဲ့ပါသည်။ ထို့ပြင် ၂၀၁၈ခုနှစ်၊ ဇူလိုင်လတွင် ဧရာဝတီတိုင်းဒေသကြီး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကော်မတီ(လျာထား)စာရင်းကို ဖွဲ့စည်းနိုင်ခဲ့ပါသည်။

၁၀။ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဖွံ့ဖြိုးရေးမဏ္ဍိုင်အဖွဲ့တို့ပူးပေါင်း၍ ၂၀၁၉ခုနှစ်၊ ဩဂုတ်လတွင် မိုဘိုင်းဖုန်းအသုံးပြုသည့် ဒစ်ဂျစ်တယ်နည်းပညာနှင့်ပတ်သက်သော သင်တန်းကို မသန်စွမ်းသူအမျိုး သမီး (၂၀)ဦးအားဖွင့် လှစ်သင်ကြားပေးနိုင်ခဲ့ပါသည်။ ထို့ပြင် အပြည်အပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ကို ဂုဏ်ပြုသောအားဖြင့် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲများ၊ မသန်စွမ်းသူများ အလွတ်တန်းအဆိုပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများကို နှစ်စဉ်ကျင်းပပြုလုပ်ခဲ့ပြီး ၎င်းပြိုင်ပွဲများတွင် ဆုရရှိသူများကို နှစ်စဉ်ဒီဇင်ဘာလ ၃ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားတွင် ဂုဏ်ပြုဆုများချီးမြှင့်ပေးခဲ့ပါသည်။

၁၁။ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတွင် မြန်မာနိုင်ငံခရစ်ယာန်မျက်မမြင်များ မိတ်သဟာယလက်အောက်ရှိ ရန်ကုန်မျက်မမြင် ကျောင်းမှဦးဆောင်၍ ငြိမ်းချမ်းရေးတွဲလက်များမြစ်ရောမှာ ထပ်ဆင့်ပေါက်ပွားရေးအတွက် မန္တလေးတိုင်းဒေသကြီးမှစတင်၍ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် သင်္ဘောဖြင့်စုန်ဆင်းလာရာ လမ်းတစ်လျှောက် ရှိ မြန်အောင်မြို့၊ ဇလွန်မြို့၊ ညောင်တုန်းမြို့၊ မအူပင်မြို့များသို့ ညအိပ်ရပ်နားပြီး ငြိမ်းချမ်းရေး တေးသီချင်းများ ဖျော်ဖြေတင်ဆက်ခြင်း၊ ကဗျာရွတ်ဆိုခြင်း၊ ဟောပြောခြင်း၊ ငြိမ်းချမ်းရေးပိုစတာစိုက်ထူခြင်းများကို ဧရာဝတီတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးနှင့် သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့နှင့်အတူ ပူးပေါင်းကူညီဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၁၂။ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူကလေးငယ်များအား TLMM အဖွဲ့နှင့် ပူးပေါင်းပြီး လိုအပ်ချက်ရှိသော ကလေးများအတွက် Wheel Chair များအား ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။ ဧရာဝတီတိုင်း ဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များတွင်လည်း ခရိုင်/မြို့နယ်အလိုက် မသန်စွမ်းသူများအသင်းများကို ဆက်လက်ဖွဲ့စည်းသွားမည်ဖြစ်ပါသည်။





၁၆-၆-၂၀၁၉ ရက်နေ့ ပြည်ထောင်စုဝန်ကြီးခရီးစဉ်တွင်
ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူများအား ထောက်ပံ့ကြေးပေးအပ်စဉ်။

## ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်
## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

၁။ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများနှင့် ပတ်သက်၍ ဥတ္တရသီရိမြို့နယ်၊ မိုးဆွေအုပ်စုမှ မသန်စွမ်း မောင်သိန်းဇော် အသက်(၂၉)နှစ်က အကူအညီတောင်းခံလာသဖြင့် ခြေတုတပ်ဆင်နိုင်ရေးအတွက် နေပြည်တော် လူမှုဝန်ထမ်းရုံးမှ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့တွင် ထောက်ပံ့ငွေ တစ်သိန်းထောက်ပံ့ပေးခဲ့ပါကြောင်း၊ ထို့ပြင် ၂၀၁၇ ခုနှစ် ဩဂုတ် ၁၀ ရက်နေ့တွင် မင်းကုန်းအုပ်စု၊ သဲကျွန်းကျေးရွာမှ မောင်ဇင်အောင် အသက်(၂၁)နှစ်အား Wheel Chair တစ်စီး ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။ ၂၀၁၇ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အဖြစ် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်းများမှ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်ရှိ စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ပထမဆု ငွေကျပ် ၅၀၀၀၀၊ ဒုတိယဆု ငွေကျပ် ၄၀၀၀၀၊ တတိယဆု ငွေကျပ် ၃၀၀၀၀ အသီးသီး ဆုချီးမြှင့် ပေးအပ်နိုင်ခဲ့ပါသည်။

၂။ ဥတ္တရသီရိမြို့နယ် မင်းကုန်းအုပ်စု အောင်သုခကျေးရွာမှ အကူအညီ တောင်းခံလာသည့် မသန်စွမ်းကလေး မဝတီမိုး အသက်(၁၂)နှစ်အား နေပြည်တော် လူမှုဝန်ထမ်းရုံးမှဆေးအခမဲ့ ရရှိနိုင်ရေးအတွက် ဆေးလူမှုဆက်ဆံရေးဌာနနှင့် ချိတ်ဆက်ပေးခြင်း၊ ဆေးခန်းသို့ပြသရန်အတွက် ခရီးစရိတ်ခက်ခဲသည့်အတွက် လူမှုကူညီရေး အသင်းအဖွဲ့နှင့် ချိတ်ဆက်ပေးခြင်း၊ အာဟာရပြည့်ဝ စေရန်အတွက် တောင်ငူမြို့ရှိ TLMM နှင့် ချိတ်ဆက်ပေးပြီးဋ္ဌင်းအဖွဲ့မှ ဆန်၊ ဆီ၊ အိုဘာတင်း၊ ကွေကာအုပ်၊ ပဲနီလေး၊ ကုလားပဲနှင့် အာဟာရရှိသည့် အစားအစာများ လှူဒါန်းထောက်ပံ့ပေးခဲ့ပါသည်။ ထို့ပြင် ပျဉ်းမနားမြို့နယ် တောင်သာအုပ်စုမှ သက်ငယ်မုဒိမ်းကျူးလွန်ခံရသူ အသက်(၉) နှစ်အရွယ်ရှိ မသန်စွမ်း မအေးစန္ဒာကျော်အား လူမှုဝန်ထမ်းဦးစီးဌာနတွင် ဖွင့်လှစ်ထားသည့် မသန်စွမ်းသူများ ပြုစုစောင့်ရှောက်ရေးဂေဟာသို့ ပို့အပ်၍ ပြုစုစောင့်ရှောက်ပေးလျက်ရှိပါသည်။

၃။ ၂၀၁၉ ခုနှစ် မတ်လ ၂၃ရက်နေ့တွင် ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် အလုပ်အမှုဆောင်ရွေးချယ်ပွဲကို ကျင်းပခဲ့ပါသည်။ ထိုရွေးချယ်ပွဲတွင် ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး (၁) ဦးစီနှင့် အလုပ်အမှုဆောင်ကော်မတီဝင် (၃)ဦး စုစုပေါင်း (၈) ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ၃၁-၃-၂၀၁၉ ရက်နေ့တွင် ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် အလုပ်အမှုဆောင် ရွေးချယ်ပွဲကို ဒုတိယအကြိမ်ကျင်းပခဲ့ပါသည်။ ၂၈-၅-၂၀၁၉ ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် အလုပ်အမှုဆောင်ရွေးချယ်ပွဲကို တတိယအကြိမ် ကျင်းပခဲ့ပါသည်။

၄။ ကုလသမဂ္ဂ မသန်စွမ်းသူများ အခွင့်ရေးများဆိုင်ရာ သဘောတူစာချုပ် အသိပညာပေးသင်တန်းကို ၂၀၁၈ ခုနှစ် မတ်လ ၁၄ ရက်နေ့မှ ၁၅ ရက်နေ့အထိ ဒက္ခိဏသီရိခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမတွင်လည်းကောင်း၊ ၂၀၁၈ ခုနှစ် မတ်လ ၂၁ ရက်နေ့မှ ၂၂ ရက်နေ့အထိ ဥတ္တရသီရိခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမတွင်လည်းကောင်း ဖွင့်လှစ်ခဲ့ပါသည်။ အထူးလိုအပ်ချက်ရှိသော ကလေးများပြုစုလေ့ကျင့်မှု အသိပညာပေးသင်တန်းကို ၂၀၁၈ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့မှ ၁၈ ရက်နေ့အထိ နေပြည်တော်ကောင်စီ အထွေထွေအုပ်ချုပ်ရေးရုံးခန်းတွင် ဖွင့်လှစ်ခဲ့ပါသည်။

၅။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးမှ ၂၀၁၉ခုနှစ် ဖွန်လ ၁၈ ရက်နေ့နှင့် ၁၉ ရက်နေ့များတွင် နေပြည်တော်ကောင်စီ မသန်စွမ်းသူများအသင်း၌ မသန်စွမ်းသူအသင်းသားများအား တွေ့ဆုံခဲ့ပါသည်။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ကောင်စီ လက်အောက်ရှိမြို့နယ် (၈)မြို့နယ်တွင် ၂၁-၁၀-၂၀၁၈ ရက်နေ့တွင် နေပြည်တော်ကောင်စီ အစည်းအဝေးခန်းမ၌ မသန်စွမ်းသူ (၃၀) ဦးအား တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် လူမှုဝန်ထမ်းဦးစီးဌာနမှကြီးမှူး၍ ထောက်ပံ့ပေးခဲ့ပါသည်။

၆။ ၂၉-၄-၂၀၁၉ ရက်နေ့တွင် မသန်စွမ်းသူ (၁၈၂၃) ဦးအား လွှတ်တော်ကိုယ်စားလှယ် အမျိုးသမီးရေးရာ၊ ရင်ခွင်မဲ့ကလေးများလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ နေပြည်တော် လူမှုဝန်ထမ်းရုံးတို့နှင့်အတူ လူမှုဝန်ထမ်းဦးစီးဌာနမှကြီးမှူး၍ တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် အိမ်တိုင်ရာရောက် ထောက်ပံ့ပေးခဲ့ပါသည်။ ၂၅-၉-၂၀၁၉ ရက်နေ့တွင် ပျဉ်းမနားမြို့နယ် မင်္ဂလာဗျူဟာ သာသနာ့ဗိမာန်၌ နေပြည်တော်အတွင်းရှိ မသန်စွမ်းသူ (၁၈၈) ဦးအား ပြည်ထောင်စုဝန်ကြီးမှ ထောက်ပံ့ ပေးခဲ့ပါသည်။ ၂၀၁၈-၂၀၁၉ ခုနှစ်၌ နေပြည်တော်အတွင်းရှိ မြို့နယ် (၈) မြို့နယ်မှ မသန်စွမ်းသူ စုစုပေါင်း (၁၉၇၁) ဦးအား ထောက်ပံ့ပေးခဲ့ပါသည်။

၇။ ၁၅-၅-၂၀၁၉ ရက်နေ့တွင် ဇေယျာသီရိမြို့နယ် မသန်စွမ်းသူများအတွက် နေပြည်တော် လူမှုဝန်ထမ်းရုံးနှင့် မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ (MiLi)၊ ထိုင်းနိုင်ငံအခြေစိုက် (BCMF) အဖွဲ့မှ ပူးပေါင်း၍ သုံးဘီးဝှီးချဲ ပေးအပ်ခဲ့ပါသည်။ ၂၈-၅-၂၀၁၉ ရက်နေ့တွင် ပုဗ္ဗသီရိမြို့နယ် မသန်စွမ်းသူများအတွက် နေပြည်တော် လူမှုဝန်ထမ်းရုံးနှင့် မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ (MiLi)၊ ထိုင်းနိုင်ငံ အခြေစိုက် (BCMF) အဖွဲ့မှ ပူးပေါင်း၍ သုံးဘီးဝှီးချဲ ပေးအပ်ခဲ့ပါသည်။ ၁၇-၁၁-၂၀၁၉ ရက်နေ့တွင် ပျဉ်းမနားမြို့နယ် ဗိုလ်ချုပ်လမ်း၊ မေခန်းမတွင် နေပြည်တော်လူမှုဝန်ထမ်းရုံးနှင့် မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့တို့ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာမသန်စွမ်း သူများနေ့ အကြိုအခမ်းအနားကို ကျင်းပခဲ့ပါသည်။

၈။ ၁၃-၁၂-၂၀၁၉ ရက်နေ့တွင် "ရပ်ဝန်းတစ်ခု လမ်းတစ်ခု လှပသောတယ်ဟုန်" ၂၀၁၉ ခုနှစ် တရုတ် (တယ်ဟုန်)နှင့် မြန်မာ(မူဆယ်)မသန်စွမ်းသူများ အားကစားဖလှယ်ပွဲတွင် နေပြည်တော်အတွင်းရှိ မသန်စွမ်းသူများအတွက် ဝှီးချဲအစီး(၈၀) လှူဒါန်းခဲ့သည့်အတွက် နေပြည်တော် လူမှုဝန်ထမ်းရုံးမှ သွားရောက် လက်ခံခဲ့ပါသည်။




၁၈- ၆ - ၂၀၁၉ ရက်နေ့တွင် မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ် မသန်စွမ်းသူအသင်းများ တွေ့ဆုံပွဲအခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်အမှာစကားပြောကြားစဉ်။






နေပြည်တော်မသန်စွမ်းသူများ ထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနားနှင့် မသန်စွမ်းသူများအဖွဲ့ရုံးသစ်ဖွင့်လှစ်ခြင်းအခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ထောက်ပံ့ငွေများပေးအပ်စဉ်။





အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အကြိုအခမ်းအနားကျင်းပခြင်း။




မသန်စွမ်းသူများအား ထောက်ပံ့ငွေများ ပေးအပ်စဉ်။




နေပြည်တော်လူမှုဝန်ထမ်းရုံးနှင့် မသန်စွမ်းသူများအဖွဲ့
ပူးပေါင်း၍ သုံးဘီးဝှီးချဲများ ထောက်ပံ့ပေးအပ်စဉ်။



၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၃ ရက်နေ့တွင် ကျရောက်မည့်
အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့
အကြိုအခမ်းအနား ကျင်းပစဉ်။

# မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

၁။ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်မှ ဦးဆောင်၍ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ဒေသခံမသန်စွမ်းအဖွဲ့အစည်းများ၊ ဒေသခံအတွင်းရှိမသန်စွမ်းသူများ၊ မသန်စွမ်းအရေးဆောင်ရွက်နေသူများနှင့် ပူးပေါင်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် မသန်စွမ်းသူများအသင်း(၁၂)သင်းကို အောက်ပါအတိုင်း ဖွဲ့စည်းခဲ့ပါသည်-







ရန်ကုန်တိုင်းဒေသကြီးမသန်စွမ်းသူများအသင်းကို ၂၀၁၉ခုနှစ်၊ ဖေဖော်ဝါရီ ၁၃ ရက်နေ့တွင် ရန်ကုန်မြို့၌ အလုပ်အမှုဆောင် (၁၄)ဦးတို့ဖြင့် ဖွဲ့စည်းခဲ့သည်။






နေပြည်တော်ပြည်ထောင်စုနယ်မြေမသန်စွမ်းသူများအသင်းကို ၂၀၁၉ခုနှစ်၊ မတ်လ ၂၃ ရက်နေ့တွင် နေပြည်တော်ပြည်ထောင်စုနယ်မြေ၌ အလုပ်အမှုဆောင် (၈)ဦးတို့ဖြင့် ဖွဲ့စည်းခဲ့သည်။






မကွေးတိုင်းဒေသကြီး မသန်စွမ်းသူများအသင်းကို ၂၀၁၉ခုနှစ်၊ ဧပြီလ ၄ ရက်နေ့တွင်
မကွေးမြို့၌ အလုပ်အမှုဆောင်(၁၀)ဦးတို့ဖြင့် ဖွဲ့စည်းခဲ့သည်။






ချင်းပြည်နယ် မသန်စွမ်းသူများအသင်းကို ၂၀၁၉ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင်
ဟားခါးမြို့၌ အလုပ်အမှု ဆောင် (၇)ဦးတို့ဖြင့် ဖွဲ့စည်းခဲ့သည်။






ဧရာဝတီတိုင်းဒေသကြီး မသန်စွမ်းသူများအသင်းကို ၂၀၁၉ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့တွင်
ပုသိမ်မြို့၌ အလုပ်အမှုဆောင်(၁၁)ဦးတို့ဖြင့် ဖွဲ့စည်းခဲ့သည်။





မွန်ပြည်နယ် မသန်စွမ်းသူများအသင်းကို ၂၀၁၉ခုနှစ်၊ မေလ ၁၃ ရက်နေ့တွင် မော်လမြိုင်မြို့၌
အလုပ်အမှုဆောင်(၁၀)ဦးတို့ဖြင့် ဖွဲ့စည်းခဲ့သည်။





စစ်ကိုင်းတိုင်းဒေသကြီး မသန်စွမ်းသူများအသင်းကို ၂၀၁၉ခုနှစ်၊ မေလ ၁၇ ရက်နေ့တွင် မုံရွာမြို့၌
အလုပ်အမှုဆောင်(၁၇)ဦးတို့ဖြင့် ဖွဲ့စည်းခဲ့သည်။





ပဲခူးတိုင်းဒေသကြီး မသန်စွမ်းသူများအသင်းကို ၂၀၁၉ခုနှစ်၊ မေလ ၃၁ ရက်နေ့တွင် ပဲခူးမြို့၌
အလုပ်အမှုဆောင် (၁၁)ဦးတို့ဖြင့် ဖွဲ့စည်းခဲ့သည်။





ကချင်ပြည်နယ် မသန်စွမ်းသူများအသင်းကို ၂၀၁၉ခုနှစ်၊ ဇွန် ၇ ရက်နေ့တွင်
မြစ်ကြီးနားမြို့၌ အလုပ်အမှုဆောင်(၁၂)ဦးတို့ဖြင့် ဖွဲ့စည်းခဲ့သည်။





ရခိုင်ပြည်နယ် မသန်စွမ်းသူများအသင်းကို ၂၀၁၉ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့တွင်
စစ်တွေမြို့၌ အလုပ်အမှုဆောင်(၁၂)ဦးတို့ဖြင့် ဖွဲ့စည်းခဲ့သည်။





မန္တလေးတိုင်းဒေသကြီး မသန်စွမ်းသူများအသင်းကို ၂၀၁၉ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင်
မန္တလေးမြို့၌ အလုပ်အမှုဆောင်(၁၃)ဦးတို့ဖြင့် ဖွဲ့စည်းခဲ့သည်။




ရှမ်းပြည်နယ် မသန်စွမ်းသူများအသင်းကို ၂၀၁၉ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့တွင် တောင်ကြီး မြို့၌ အလုပ်အမှုဆောင် (၁၈)ဦးတို့ဖြင့် ဖွဲ့စည်းခဲ့သည်။




UNCRPD ကော်မတီသို့ သွားရောက်တင်ပြမည့် မသန်စွမ်းအခွင့်အရေးဆိုင်ရာ အကြောင်းအရာ ကောက်နုတ်ချက်များအပေါ် မသန်စွမ်းအဖွဲ့အစည်းများနှင့်အတူ သုံးသပ်ဆွေးနွေးသည့် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ရန်ကုန်မြို့၌ ပြုလုပ်ခဲ့ပါသည်။




သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေအားလေ့လာခြင်း အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ရန်ကုန်မြို့၌ ပြုလုပ်ခဲ့ပါသည်။




သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ဥပဒေအား မသန်စွမ်းအဖွဲ့အစည်းများမှ လေ့လာခြင်းမှ ရရှိလာသော အကြံပြု ချက်များအားတင်ပြသည့် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၉ခုနှစ်၊ မတ်လ ၁၁ ရက်နေ့တွင် ပုသိမ်မြို့၌ ပြုလုပ်ခဲ့ပါသည်။




သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ဥပဒေအား မသန်စွမ်းအဖွဲ့အစည်းများမှ လေ့လာခြင်းမှ ရရှိလာသော အချက်အလက်များအား တင်ပြသည့် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၉ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် မော်လမြိုင်မြို့၌ ပြုလုပ်ခဲ့ပါသည်။

၂။ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်မှ ဦးဆောင်၍ ပြည်သူ့လွှတ်တော်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ကော်မတီနှင့် တွေ့ဆုံဆွေးနွေးပွဲကို ၂၀၁၉ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့တွင် နေပြည်တော် ပြည်ထောင်စုနယ်မြေ၌ လည်းကောင်း၊ မသန်စွမ်းသူများအတွက် တရားမျှတမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၉ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင်လည်းကောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးမြှင့်တင်ခြင်းဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ဩဂုတ်လ ၂၃ ရက်နေ့တွင်လည်းကောင်း၊ ရန်ကုန်မြို့၌ ကျင်းပခဲ့သည်။ ထို့ပြင် ကုလသမဂ္ဂ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်းအား အကောင်အထည်ဖော်မှုများ သုံးသပ်ဆွေးနွေးသည့် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် နေပြည်တော် ပြည်ထောင်စုနယ်မြေ၌လည်းကောင်း ပြုလုပ်ခဲ့ပါသည်။

# ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)
# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

## အထောက်အကူပစ္စည်းများ ပံ့ပိုးပေးခြင်း

၁။ ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)မှ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများနှင့် ပတ်သက်၍ ရခိုင်ပြည်နယ်တွင် ခြေတု (၄၁)ချောင်း၊ ဝှီးလ်ချဲလ်(၁၀)ခု၊ ချိုင်းထောက် (၈)ခု၊ လမ်းလျှောက်တုတ် (၁၀)ခု၊ အိမ်သာကမုတ်ထိုင်ခုံ (၃၀)ခု၊ မျက်မမြင်လမ်းလျှောက်တုတ် (၁၅)ခု၊ ကယားပြည်နယ်တွင် ခြေတု (၇၅) ချောင်း၊ မွန်ပြည်နယ်တွင် ဝှီးလ်ချဲလ် (၂၀)စီး၊ ချိုင်းထောက် (၂၀)စုံ၊ နားကြားကိရိယာ (၁)ခု၊ အိမ်သာကမုတ်ထိုင်ခုံ (၁၀)ခုံတို့ကို ကူညီထောက်ပံ့ပေးခဲ့ပါသည်။

## ကျန်းမာရေးကဏ္ဍ

၂။ ကျန်းမာရေးကဏ္ဍပြုလုပ်ခြင်းအနေဖြင့် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ ကော့စံနိုင်၊ ဖက္ကလိပ်၊ ကော့ဘိန်း၊ ကျိုက္ကသာ၊ အဘိုင်း၊ ကျူချောင်၊ ဆောင်နိုင်ကြီး၊ တောင်ကလေးကျေးရွာ၌လည်းကောင်း၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်ရှိ အုန်းရေဖော်ရွာ၊ ပြင်ရှည်ရွာ၊ ဝါဘိုရွာ၊ သက္ကပြင် Camp၊ ဒါးပိုင် Camp၊ မြေပုံမြို့နယ်ရှိ ရွာသစ်ကေကျေးရွာနှင့် မြောက်ဦးမြို့နယ်ရှိ မောင်ညိုကျွန်းကျေးရွာနှင့် ချောင်းသစ်ကျေးရွာ၌ လည်းကောင်း၊ ကျန်းမာရေးဟောပြောပွဲများ ဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ မသန်စွမ်းသူ စုစုပေါင်း (၄၅၀)ဦး နှင့် ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်ရှိ မသန်စွမ်းသူ စုစုပေါင်း (၁၈၀) ဦးတို့အတွက် တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းများ ပေးအပ်ခြင်း၊ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ မသန်စွမ်းသူ စုစုပေါင်း (၁၀)ဦးနှင့် ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်ရှိ မသန်စွမ်းသူ စုစုပေါင်း (၂)ဦးတို့အား ဆေးရုံတက်ရောက်ကုသနိုင်ရန် ဆေးကုသစားရိတ်ပံ့ပိုးပေးခြင်း၊ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ ကျန်းမာရေးဝန်ထမ်း (၃၀) ဦးတို့အား မသန်စွမ်းမှု အသိအမြင်ဖွင့် သင်တန်းပေးခြင်း၊ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ မသန်စွမ်းသူ (၆၅) ဦးတို့အား အိမ်တိုင်ရာရောက် ကိုယ်ခန္ဓာ ပြန်လည်သန်စွမ်းရေး ဝန်ဆောင်မှုပေးခဲ့ပါသည်။

## အသက်မွေးဝမ်းကျောင်းနှင့် အလုပ်အကိုင်ကဏ္ဍ

၃။ အသက်မွေးဝမ်းကျောင်းသင်တန်းများအဖြစ် Professional Barista and Bakery သင်တန်း၊ Barista သင်တန်းတွင် မသန်စွမ်းသင်တန်းသား (၉) ဦးနှင့် Bakery သင်တန်းတွင် မသန်စွမ်းသင်တန်းသား (၄၁) ဦးဖြင့် စုစုပေါင်း မသန်စွမ်းသင်တန်းသား (၅၀) ဦးအား Bakery Barista ပညာရပ်များ သင်ကြားပေးခဲ့ပါသည်။

## မှိုစိုက်ပျိုးနည်းသင်တန်း

၄။ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူများအတွက် ဝင်ငွေတိုးစေမည့် တစ်နိုင်တစ်ပိုင် အိမ်တွင်း မှိုစိုက်ပျိုးရေးလုပ်ငန်း" စီမံချက်အရ ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)မှ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဟင်္သာတ၊ ဓနုဖြူ၊ ရေကြည်နှင့် ပုသိမ် (၄)မြို့နယ်တို့တွင် ဆောင်ရွက်ခြင်းဖြစ်ကာ သင်တန်းကို တစ်မြို့နယ်လျှင် (၁)ကြိမ် ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး သင်တန်း(၁)ကြိမ်လျှင် မသန်စွမ်းသူနှင့် ၎င်းတို့၏ မိသားစုဝင်များ (၃၀) ဦးခန့် ပါဝင်လျက် သင်တန်း (၄) ကြိမ်မှ သင်တန်းသား (၁၂၈)ဦးအား စာတွေ့သာမက လက်တွေ့ လုပ်ဆောင်နည်းများဖြင့် စနစ်တကျသင်ကြားပေးခဲ့ပါသည်။၎င်းအပြင်သင်တန်းပြီးမြောက်သွားသောသင်တန်းသားများထဲမှ သင်တန်းသား (၁၀)ဦးအား ရွေးချယ်၍ အခြေခံဈေးကွက်ရှာဖွေခြင်းနှင့် ငွေကြေးစီမံခန့်ခွဲမှုသင်တန်းများ

သင်ကြားပေးကာ တစ်နိုင်တစ်ပိုင်လုပ်ငန်း စတင်နိုင်ရန်အတွက် အတိုးမဲ့ချေးငွေများလည်း ပံ့ပိုးထောက်ပံ့ပေးခဲ့ပါသည်။

**မသန်စွမ်းသူများအတွက် သုံးဘီး ဘက်ထရီ ထီလှည်းများ ပံ့ပိုးပေးခြင်း**

၅။ မသန်စွမ်းသူများ တစ်နိုင်တစ်ပိုင်လုပ်ငန်းဖြင့် ကိုယ်ပိုင်ဝင်ငွေရရှိစေရန် ရည်ရွယ်၍ ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)မှ "လျှပ်စစ်ဘီးတပ်ထီလှည်းများပေးအပ် ပွဲ" အခမ်းအနားကို ၂၄.၂.၂၀၁၉ နေ့တွင် Hotel 99၊ ရန်ကုန်၌ ကျင်းပပြုလုပ်ခဲ့ပြီး မသန်စွမ်းသူ (၁၀) ဦးကို လျှပ်စစ်ဘီးတပ်ထီလှည်းများပံ့ပိုးပေးခဲ့ပါသည်။

**အလုပ်ရှင်များနှင့် ချိတ်ဆက်ညှိနှိုင်းခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးခြင်း**

၆။ ၂၀၁၈ ခုနှစ် နှင့် ၂၀၁၉ ခုနှစ် (၂)နှစ်တာ ကာလအတွင်း ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)မှ ငွေဖင်မင်းကုမ္ပဏီသို့ ကိုယ်အင်္ဂါမသန်စွမ်းသူ (၁)ဦး၊ WTC Coffee Shop သို့ ကိုယ်အင်္ဂါမသန်စွမ်းသူ (၁)ဦး၊ မြန်မာ့ရေ့ဆောင်ဘဏ်သို့ ကိုယ်အင်္ဂါ မသန်စွမ်းသူ (၂)ဦး၊ ရွှေမင်းသား ကုမ္ပဏီတွင် (၃)ဦး၊ စုစုပေါင်း မသန်စွမ်းသူ (၇)ဦးအား အလုပ်ရရှိစေရန် ချိတ်ဆက်ကူညီလုပ်ဆောင်နိုင်ခဲ့ပါသည်။ ၎င်းအပြင် ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ) တွင် ၂၀၁၈ နှင့် ၂၀၁၉ (၂) နှစ်အတွင်း မသန်စွမ်းအလုပ်သမား (၁၁)ဦးအား အလုပ် ခန့်အပ်ကာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခဲ့ပါသည်။

**Global IT Challenge for Youths with Disabilities 2019 (GITC 2019)**

၇။ မသန်စွမ်းသူများအနေဖြင့် "Information Communication Technology (ICT)"နည်းပညာ ပိုင်းဆိုင်ရာ လက်လှမ်းမီမှု ရရှိခြင်းအားဖြင့် သတင်းအချက်အလက်များ ရရှိမည်ဖြစ်ကာ မသန်စွမ်းသူများရင်ဆိုင်ရသော အတားအဆီး အခက်အခဲများအား ကျော်လွှားနိုင်စေရန်နှင့် လူမှုအသိုင်းအဝိုင်းအတွင်း မသန်စွမ်းသူများ ပူးပေါင်း ပါဝင်လာမှု မြင့်မားလာစေရန် ရည်ရွယ်၍ "Rehabilitation International Korea" မှ ဦးဆောင်ကာ "Global IT Challenge for Youths with Disabilities 2019" ပြိုင်ပွဲကို နိုဝင်ဘာလ ၂၅ ရက်နေ့မှ ၂၉ ရက်နေ့အထိ တောင်ကိုးရီးယားနိုင်ငံ ဘူဆန်မြို့တွင် ပြုလုပ်ရာ ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)မှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ လူမှု ဝန်ထမ်းဦးစီးဌာနတို့နှင့် ပူးပေါင်းကာ နိုင်ငံ့ကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်မည့် မသန်စွမ်းလူငယ်များ ရွေးချယ်ခြင်း၊ ရွေးချယ်ခံရသော မသန်စွမ်းလူငယ်များအား ကိုရီးယားနိုင်ငံမှ IT ပညာရှင်အား ဖိတ်ခေါ်သင်ကြားစေခြင်းနှင့် အခြားလိုအပ်သော ထောက်ပံ့မှုများ ပံ့ပိုးပေးခဲ့ပါသည်။ ၎င်းပြိုင်ပွဲသည် မြန်မာနိုင်ငံအပါအဝင် စုစုပေါင်း (၂၄) နိုင်ငံမှ မသန်စွမ်းသူ စုစုပေါင်း (၉၆) ဦးပါဝင် ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး "E Tools" ကဏ္ဍတွင် အမြင်အာရုံမသန်စွမ်း ယှဉ်ပြိုင်သူများထဲမှ မောင်မြတ်ကိုကို၊ အကြားအာရုံမသန်စွမ်း ယှဉ်ပြိုင်သူများထဲမှ မဆုဝေလင်းနှင့် ကိုယ်အင်္ဂါမသန်စွမ်း မောင်ပြည့်စုံအောင်တို့မှ "The Good Award" တို့ကို အသီးသီး ထိုက်ထိုက်တန်တန်ဆွတ်ခူးရရှိခဲ့ပါသည်။

**မသန်စွမ်းမှုဆိုင်ရာ အသိအမြင်ဖွင့် သင်တန်းများပေးခြင်း**

၈။ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်မှ ၂၈ ရက်နေ့ထိ ရွှေမင်းသား ဖောင်ဒေးရှင်း(မြန်မာ) မန္တလေးရုံး၌ ပြုလုပ်သော စေတနာ့ ဝန်ထမ်းများအတွက် မသန်စွမ်းမှုဆိုင်ရာ အမြင်ဖွင့်သင်တန်း၊ ၂၀၁၈ ခုနှစ် မေလ ၂ ရက်မှ ၃ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သော

ဝန်ဆောင်မှုပေးသူများအား မသန်စွမ်းမှုဆိုင်ရာ အမြင်ဖွင့်သင်တန်း၊ ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၁၀ ရက် နှင့် ၁၁ ရက်နေ့တွင် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) မန္တလေးရုံး၌ ပြုလုပ်သော စေတနာ့ဝန်ထမ်းများအတွက် မသန်စွမ်းမှုဆိုင်ရာ အမြင်ဖွင့်သင်တန်း၊ ၂၀၁၉ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့တွင် ကယားပြည်နယ်၊ လွိုင်ကော်မြို့ရှိ ခရိုင်စုပေါင်းရုံးအစည်းအဝေး ခန်းမတွင် စေတနာ့ ဝန်ထမ်းများအတွက် မသန်စွမ်းမှုဆိုင်ရာ အမြင်ဖွင့်သင်တန်း၊ ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့တွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ စိန့်ဂျိုးဇက်ခရစ်ယာန် ဘုရားကျောင်းအစည်းအဝေးခန်းမတွင် ပြုလုပ်သော မသန်စွမ်းမှုဆိုင်ရာ အမြင်ဖွင့်သင်တန်း၊ ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၃၀ ရက်နေ့တွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ဦးဥတ္တမခန်းမတွင် ပြုလုပ်သော မသန်စွမ်းမှုဆိုင်ရာ အမြင်ဖွင့်သင်တန်း၊ ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ချင်းပြည်နယ် ထန်တလန်မြို့တွင် ပြုလုပ်သော မသန်စွမ်းမှုဆိုင်ရာ အမြင်ဖွင့်သင်တန်း၊ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ Community Centre တွင် ပြုလုပ်သော မသန်စွမ်းမှုဆိုင်ရာ အမြင်ဖွင့်သင်တန်းတို့ကို ဖွင့်လှစ်ခဲ့ပါသည်။

**အထူးလိုအပ်ချက်ရှိသော ကလေးများအား ပြုစုလေ့ကျင့်မှု အသိပညာပေးသင်တန်း**

၉။ ၂၀၁၉ ခုနှစ် ဩဂုတ်လ ၂၁ ရက်နေ့မှ ၂၂ ရက်နေ့ထိ ကယားပြည်နယ်၊ လွိုင်ကော်မြို့ရှိ ခရိုင်စုပေါင်းရုံး အစည်းအဝေး ခန်းမတွင်လည်းကောင်း၊ ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၂၃ ရက်နေ့မှ ၂၄ ရက်နေ့ထိ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ စိန့်ဂျိုးဇက် ခရစ်ယာန်ဘုရားကျောင်းအစည်းအဝေးခန်းမတွင် လည်းကောင်း၊ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့မှ ၁၄ ရက်နေ့ထိ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ Community Centre တွင်လည်းကောင်း အသီးသီးပြုလုပ်ခဲ့ရာ သင်တန်းတစ်ခုလျှင် သင်တန်းသား (၃၀)ဦးဖြင့် စုစုပေါင်း သင်တန်းသား (၉၀) ဦးအား သင်ကြားပေးနိုင်ခဲ့ပါသည်။

**မသန်စွမ်းမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ဆောင်ရွက်ခြင်း**

၁၀။ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ကောက်ယူထားရှိသော မသန်စွမ်းသူများဆိုင်ရာ သတင်းအချက် အလက်ကို ကွင်းဆင်းလေ့လာ၍ ပြန်လည်မှတ်တမ်းတင်ခြင်း၊ အစီရင်ခံစာများ ပြုစုတင်ပြခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဆွေးနွေးပွဲများကို ၂၀၁၉ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့တွင် ကယားပြည်နယ်၊ လွိုင်ကော်မြို့ရှိ ခရိုင်စုပေါင်းရုံးအစည်းအဝေးခန်းမတွင်လည်းကောင်း၊ ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့တွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ စိန့်ဂျိုးဇက်ခရစ်ယာန် ဘုရားကျောင်းအစည်းအဝေးခန်းမတွင် လည်းကောင်း၊ ၂၀၁၉ ခုနှစ်အောက်တိုဘာလ ၃၀ ရက်နေ့တွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ဦးဥတ္တမခန်းမတွင် လည်းကောင်း၊ ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ချင်းပြည်နယ် ထန်တလန်မြို့တွင်လည်းကောင်း၊ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ Community Centre တွင်လည်းကောင်း ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် နိုင်ငံရေးနှင့် ပြည်သူ့ရေးရာ နယ်ပယ်များတွင် မသန်စွမ်းသူများ၏ ပါဝင်ခွင့်ကို မြှင့်တင်စေမည့် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၉ ခုနှစ် ဇွန်လ ၁၄ ရက်နေ့တွင် ဟိုတယ်မန္တလေး၌ ပြုလုပ်ခဲ့ပါသည်။

**လွတ်လပ်ရေးနေ့အထိမ်းအမှတ် မသန်စွမ်းသူများအားကစားပွဲနှင့် စာပေဟောပြောပွဲ အခမ်းအနားကျင်းပခြင်း**

၁၁။ ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)မှ လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မသန်စွမ်းသူများ အားကစားပွဲနှင့် စာပေဟောပြောပွဲကို ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ မြန်မာနိုင်ငံမသန်စွမ်းသူများ

အားကစား အဖွဲ့ချုပ်တွင် ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် လူမှုရေးနှင့် စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးညီညီ တက်ရောက် အမှာစကား ပြောကြားခဲ့ပါသည်။ အဆိုပါ အခမ်းအနားသို့ မသန်စွမ်းသူ (၂၀၀)ကျော် တက်ရောက်ခဲ့ပါသည်။ ယင်းနေ့ နံနက်ပိုင်းတွင် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အားကစားပွဲများကို ပျော်ရွှင်စွာဆင်နွှဲကျင်းပခဲ့ကြပြီး နေ့လယ်ပိုင်းတွင် မသန်စွမ်းသူများ အသိပညာဗဟုသုတရရှိစေရန် ရည်ရွယ်ကျင်းပသော စာပေဟောပြောပွဲတွင် စာရေးဆရာ ဆရာမာန်(တောင်လုံးပြန်)နှင့် ဆရာမနှင်းဝေငြိမ်းတို့က ဟောပြောခဲ့ကြပါသည်။

### အာဇာနည်နေ့အခမ်းအနားများအား ချီတက်အလေးပြုခြင်း

၁၂။ ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) ရန်ကုန်ရုံးချုပ်နှင့် ရုံးခွဲအသီးသီးတို့မှ ဦးဆောင်ကာ မသန်စွမ်းသူ စုစုပေါင်း အယောက် (၂၀၀) ကျော်ပါဝင်လျက် ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျရောက်သော (၇၁) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အခမ်းအနားနှင့် ၂၀၁၉ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျရောက်သော (၇၂) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အခမ်းအနားသို့ သွားရောက်ကာ ကျဆုံးလေ ပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား ချီတက်အလေးပြုခဲ့ကြပါသည်။

### မသန်စွမ်းသူများ၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်

၁၃။ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် မသန်စွမ်းသူများမှ တစ်တပ်တစ်အားပါဝင်နိုင်ရန် ရည်ရွယ်၍ ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) မှ ၂၀၁၉ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သဘာဝတရားရိပ်သာ၌ ကျင်းပရာ အဆိုပါသစ်ပင်စိုက်ပျိုးပွဲသို့ မသန်စွမ်းသူအယောက်(၂၀၀)ကျော် ပါဝင်လျက် သစ်ပင်ပျိုးပင်ပေါင်း (၄၀၀)ကျော် စိုက်ပျိုးခဲ့ကြပါသည်။

### ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) ရုံးခွဲများ ဖွင့်လှစ်ခြင်း

၁၄။ ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)မှ မသန်စွမ်းသူများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ထိထိရောက် ရောက်နှင့် ပိုမိုတိုးတက်လုပ်ဆောင်နိုင်ရန် ရည်ရွယ်၍ ၂၀၁၉ ခုနှစ်အတွင်း မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရုံးခွဲနှင့် ရန်ကုန်တိုင်းဒေသကြီး တောင်ဒဂုံမြို့နယ်ရုံးခွဲတို့တွင် ရုံးခွဲများ ဖွင့်လှစ်ခဲ့ပါသည်။

### ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် တွေ့ဆုံဆွေးနွေးခြင်း

၁၅။ ၂၀၁၉ ခုနှစ် မေလ ၂၀ ရက်နေ့တွင် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)နှင့် အဖွဲ့သည် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့အား သွားရောက်တွေ့ဆုံ၍ မသန်စွမ်းသူများ အကျုံးဝင်သော ရွေးကောက်ပွဲများဖြစ်စေရန် တင်ပြ ဆွေးနွေးခဲ့ပါသည်။

### ပြည်ထောင်စုအဆင့်အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်တွင် မသန်စွမ်းအဖွဲ့အစည်းများ ကိုယ်စားပြုပါဝင်ခြင်း

၁၆။ ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်ကျင်းပရေးကော်မတီတွင် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)မှ မသန်စွမ်းသူများ ကိုယ်စားပြုအဖွဲ့အစည်းအနေဖြင့် ပါဝင်၍ ၂၀၁၈ ခုနှစ် တောင်ကြီးမြို့တွင်ပြုလုပ်သော ပထမအကြိမ် ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် မန္တလေးမြို့ မာဘယ်ဟိုတယ်တွင် ပြုလုပ်သော ဒုတိယအကြိမ် ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်၊ ၂၀၁၉ ခုနှစ် မတ်လ ၁၈ ရက်မှ ၂၀ ရက်နေ့ထိ ကချင်ပြည်နယ်၊

မြစ်ကြီးနားမြို့တွင် ပြုလုပ်သော တတိယအကြိမ် ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်း ငြိမ်းချမ်းရေး ဖိုရမ်နှင့် ၂၀၁၉ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့မှ ၂၉ ရက်ထိ မုံရွာမြို့ မြို့တော်ခန်းမတွင် ပြုလုပ်သော စတုတ္ထအကြိမ် ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ် ကျင်းပပြုလုပ်နိုင်ရေးအတွက် ထဲထဲဝင်ဝင်ပါဝင်ခဲ့ပါသည်။ ၎င်းအပြင် ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့ အစည်းများ ငြိမ်းချမ်းရေးဖိုရမ်သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားပြုတက်ရောက်သူများထဲတွင် မသန်စွမ်း သူများ ပါဝင်လာနိုင်ရေးနှင့် ဆွေးနွေးပွဲများတွင် ထဲထဲဝင်ဝင် ဝင်ရောက်ဆွေးနွေးနိုင်ရေးအတွက် လုပ်ဆောင် နိုင်ခဲ့ပါသည်။

**Report of the 3rd Meeting for the Network of Expert on Inclusive Entrepreneurship for ASEAN သို့ တက်ရောက်ခြင်း**

၁၇။ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် ကျင်းပသော **3rd** Meeting for the Network of Expert on inclusive Entrepreneurship for ASEAN အစည်းအဝေးသို့ ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)ဥက္ကဋ္ဌ ဦးမြတ်သူဝင်းမှ တက်ရောက်၍ မြန်မာနိုင်ငံ၏ မသန်စွမ်းသူများအခြေအနေအား တင်ပြ ဆွေးနွေးခဲ့ပါသည်။

**A Public–Private–People Conference on the ASEAN Enabling Master–Plan 2025 တက်ရောက်ခြင်း**

၁၈။ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင် စင်ကာပူနိုင်ငံ Orchid Hotel ၌ ကျင်းပပြုလုပ်သော A Public–Private–People Conference on the ASEAN Enabling Master–Plan 2025 Conference သို့ ရွှေမင်း သားဖောင်ဒေးရှင်း(မြန်မာ) ဥက္ကဋ္ဌ ဦးမြတ်သူဝင်းနှင့် Regional Officer(Mandalay) မအေးနန္ဒာဌေးတို့မှ တက်ရောက်၍ မသန်စွမ်းသူများ၏ အလုပ်အကိုင်အခွင့်အလမ်း အခြေအနေအား တင်ပြဆွေးနွေးခဲ့ပါသည်။

**Global IT Challenge for Youths with Disabilities 2019 နှင့် Innovation and Inclusion Forum တက်ရောက်ခြင်း**

၁၉။ ၂၅–၁၁–၂၀၁၉မှ ၂၈–၁၁–၂၀၁၉အထိ ကိုရီးယားသမ္မတနိုင်ငံ၊ ဘူဆန်မြို့တွင် ကျင်းပခဲ့သော Global IT Challenge for Youths with Disabilities 2019 နှင့် Innovation and Inclusion Forum သို့ ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)၏ Rigional Officer (Yangon) ကိုကျော်ထက်အောင်မှ တက်ရောက်ပါဝင် ဆွေးနွေးခဲ့ပါသည်။

၂၀။ ပြည်ပအစည်းအဝေးပွဲများ၊ သင်တန်းများနှင့် ဖိုရမ်များတက်ရောက်ခြင်းအနေဖြင့် UNCRPD 11th Session Pre–Sessional WG အစည်းအဝေးသို့ တက်ရောက်ခြင်း၊ ဂျီနီဗာမြို့၊ ဆွစ်ဇာလန်နိုင်ငံတွင် ၈–၄–၂၀၁၉ ရက်နေ့မှ ၁၁–၄–၂၀၁၉ ရက်နေ့အထိ ကျင်းပခဲ့သော UNCRPD Pre–Sessional WG, 11th Session meeting သို့ ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) ဥက္ကဋ္ဌ ဦးမြတ်သူဝင်း တက်ရောက်၍ မြန်မာနိုင်ငံမသန်စွမ်းသူများ၏ အခြေအနေနှင့် မြန်မာနိုင်ငံ၏ UNCRPD အကောင်အထည်ဖော်မှုဆိုင်ရာ အခြေအနေများအား တင်ပြဆွေးနွေးခဲ့ ပါသည်။ ထို့ပြင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ပြုလုပ်သော UNCRPD 22nd Session Meeting ၂၀၁၉ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့မှ ၃၀ ရက်နေ့အထိ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ United Nations Office တွင် ပြုလုပ်သော UNCRPD 22nd Session Meeting သို့ မြန်မာနိုင်ငံ မသန်စွမ်းသူများ၏ အခွင့်အရေးများကော်မတီမှ တွဲဖက် အတွင်းရေးမှူး ဦးမြတ်သူဝင်း တက်ရောက်ဆွေးနွေးနိုင်ရန်အတွက် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)မှ ရန်ပုံ ငွေများပံ့ပိုးပေးခဲ့ပါသည်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် တွေ့ဆုံဆွေးနွေးပွဲအခမ်းအနား အမှတ်တရဓာတ်ပုံရိုက်ကူးနေစဉ်။




(၃၀.၁.၂၀၁၉) ရက်နေ့တွင် နေပြည်တော် M Gallery Hotel ၌ ပြုလုပ်သော " ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မသန်စွမ်းသူများအတွက် အိမ်တွင်းအခြေပြု မှိုစိုက်ပျိုးရေး" စီမံကိန်း ဖွင့်ပွဲအခမ်းအနား အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ




၂၀၁၉ ဒီဇင်ဘာလ (၂၀) ရက်နေ့တွင် နေပြည်တော် မင်္ဂလာသီရိဟိုတယ်တွင် ပြုလုပ်သော ရွှေမင်းသားနှင့် KODDI တို့ စီမံကိန်းသဘောတူပူးပေါင်းဆောင်ရွက်ခြင်း စာချွန်လွှာ လက်မှတ်ရေးထိုးနေစဉ်။




ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)မှ ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ မြို့နယ်ခန်းမတွင် ပြုလုပ်သော ခြေတုပေးအပ်ပွဲ အခမ်းအနားတွင်ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုမှ ကယားမသန်စွမ်းသူတစ်ဦးအား ခြေတုတပ်ဆင်ပေးစဉ်။




ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)မှ ခြေတုပေးအပ်ပွဲ အခမ်းအနားတွင် ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက မသန်စွမ်းသူတစ်ဦးအား ခြေတုတပ်ဆင်ပေးစဉ်။




Global IT Challenge for Youths with Disabilities 2019 သို့ သွားရောက်ယှဉ်ပြိုင်မည့် မသန်စွမ်းလူငယ်များအား ရွေးချယ်သည့် ပဏာမလုရွေးချယ်ပွဲအခမ်းအနားတွင် ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်မှ အဖွင့်အမှာစကားပြောကြားနေစဉ်။



ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) နှင့် Korea Disabled People's Development Institute တို့အကြား နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲ အခမ်းအနား



Global IT Challenge for Youths with Disabilities 2019 တွင် ဆုရရှိသော မြန်မာနိုင်ငံကိုယ်စားပြု မသန်စွမ်းလူငယ်များ။



ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)၊ အရိုးအကြောကျွမ်းကျင်ဆရာမများမှ ကျိုက်ထိုမြို့နယ်ကျေးရွာရှိ မသန်စွမ်းကလေးငယ်တစ်ဦးအား အိမ်တိုင်ရာရောက် ကိုယ်ခန္ဓာပြန်လည်သန်စွမ်းရေးဆိုင်ရာ လေ့ကျင့်ခန်းများ ပြုလုပ်ပေးနေစဉ်။



ကျိုက်ထိုမြို့နယ်ရှိ မသန်စွမ်းသူတစ်ဦးအား ဘီးလ်ချဲလ်များ ထောက်ပံ့လှူဒါန်းမှုမှတ်တမ်း။



ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)မှ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့တွင် ကျန်းမာရေးဝန်ဆောင်မှုပေးနေသော ကျန်းမာရေးဝန်ထမ်းများအား သင်တန်းပေးနေစဉ်။



အထူးလိုအပ်ချက်ရှိသော ကလေးငယ်များအား ပြုစုလေ့ကျင့်မှုအသိပညာပေးသင်တန်း။



ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)မှ မသန်စွမ်းသူများအတွက် ပံ့ပိုးပေးသော လျှပ်စစ်သုံးဘီးထီလှည်းများ ပေးအပ်ပွဲ အခမ်းအနားတွင် ပြန်လည်ထူထောင်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးမှ အဖွင့်အမှာစကား ပြောကြားစဉ်။



Barista and Bakery သင်တန်းသူ/သားများမှ လက်တွေ့လုပ်ကိုင်နေသည့် မှတ်တမ်းဓာတ်ပုံများ။




စင်ကာပူနိုင်ငံ Orchid Hotel တွင် ကျင်းပပြုလုပ်သော A Public-Private-People Conference on the ASEAN Enabling Master-Plan ၂၀၂၅ Conference တွင် အမှတ်တရစုပေါင်းဓာတ်ပုံမှတ်တမ်းတင်ခြင်း။



Innovation & Inclusion forum တွင် လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးဝင်းနှင့် ကိုကျော်ထက်အောင်တို့ အမှတ်တရဓာတ်ပုံရိုက်ကူးနေစဉ်။



ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ပြုလုပ်သော UNCRPD 11th Pre-Sessional WG အစည်းအဝေးသို့ တက်ရောက်ခြင်း အမှတ်တရဓာတ်ပုံ။




The 3rd Meeting for the Network of Experts on Inclusive Entrepreneurship for ASEAN အစည်းအဝေးတွင် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) ဥက္ကဋ္ဌ ဦးမြတ်သူဝင်းက ဆွေးနွေးနေစဉ်။

# မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့မှ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုနှင့် ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ပေးခဲ့ပါသည်-

**မီလီဖွံ့ဖြိုးရေးမဏ္ဍိုင်**

| စဉ် | အကြောင်းအရာ | နေရာ | ရက်စွဲ |
|---|---|---|---|
| ၁ | အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် လေ့လာဆန်းစစ်ခြင်း အလုပ်ရုံ ဆွေးနွေးပွဲ (မီလီ ရုံးခွဲများ) | ဓမ္မရက္ခိတ ကျောင်းတိုက်၊ အုတ်တွင်းမြို့ | ၂၄/၂၅/၂၆-၄-၂၀၁၈ |
| ၂ | ခေါင်းဆောင်မှုမြှင့်တင်ရေးသင်တန်းဖွင့်လှစ်ပို့ချခြင်း | အထွေထွေအုပ်ချုပ်ရေးမှူးရုံး (လမိုင်း) | ၂၀/၂၂-၉-၂၀၁၈ |
| ၃ | မသန်စွမ်းသူများအခွင့်အရေးဥပဒေ၊ နည်းဥပဒေများ အသိပညာပေးဆိုင်ရာ ဆရာဖြစ်သင်တန်းဖွင့်လှစ်ပို့ချခြင်း | စင်ထရယ်ဟိုတယ်၊ ရန်ကုန်မြို့ | ၁၆/၁၇/၁၈-၁၁-၂၀၁၈ |
| ၄ | ဟိုတယ်နှင့် ခရီးသွားလာမှုများတွင် မသန်စွမ်းသူများလွယ်ကူစွာ အသုံးပြုနိုင်ရေးဆိုင်ရာဆွေးနွေးပွဲ | Summit Park View Hotel | ၂၆-၁၂-၂၀၁၈ |
| ၅ | မသန်စွမ်းသူများ အကျုံးဝင် Disaster Risk Reduction Project | မြန်မာနိုင်ငံမသန်စွမ်းသူများရုံးချုပ် (ရန်ကုန်) | ၁၃-၂-၂၀၁၉ |
| ၆ | မသန်စွမ်းသူများအပါအဝင် လူတိုင်းအကျုံးဝင် ပညာရေး ဆွေးနွေးပွဲ | အနောက်ပိုင်း တက္ကသိုလ်၊ ရန်ကုန်မြို့ | ၂၅-၆-၂၀၁၉ |
| ၇ | အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် လေ့လာဆန်းစစ်ခြင်း(မီလီရုံးခွဲများ) | တောင်ပေါ်လူထု ရပ်ဝန်းစင်တာ၊ တောင်ကြီးမြို့ | ၄/၅/၆-၆-၂၀၁၉ |
| ၈ | ပညာသင်ဆု NIPPON အလှူရှင်ခရီးစဉ် | မီလီရုံးချုပ်(ရန်ကုန်) | ၂၈-၆-၂၀၁၉ |
| ၉ | မဟာဗျူဟာရေးဆွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ခြင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီရုံး ခန်းမ၊ ရမည်းသင်းမြို့ | ၄/၅/၆-၆-၂၀၁၉ |

## မီလီ နိုင်ငံရေးမဏ္ဍိုင်

| စဉ် | အကြောင်းအရာ | နေရာ | ရက်စွဲ |
|---|---|---|---|
| ၁။ | မီလီအဖွဲ့နှင့် YANGON REGION TRANSPORT AUTHORITY တို့တွေ့ဆုံခြင်း | ရန်ကုန်တိုင်း အစိုးရရုံး | ၁၅-၂-၂၀၁၈ |
| ၂။ | မသန်စွမ်းသူများနှင့် အဖယ်ကြည်ခံပြည်သူများ အတွက် အားလုံးအကျုံးဝင် နိုင်ငံသားအသိပညာ ပေးသင်တန်း | ဝိုင်းဟိုတယ်၊ ရန်ကုန်မြို့ | ၂၇/၂၈/၂၉. ၈.၂၀၁၈ |
| ၃။ | မသန်စွမ်းသူများနှင့် အဖယ်ကြဉ်ခံပြည်သူများ အတွက် နိုင်ငံရေးသိပွဲ သင်တန်း | ဝိုင်းဟိုတယ်၊ ရန်ကုန်မြို့ | ၁၃/၁၈-၈-၂၀၁၈ |
| ၄။ | မသန်စွမ်းသူများနှင့် အဖယ်ကြဉ်ခံပြည်သူများ အတွက် ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် ပါဝင် ဆောင်ရွက်ခြင်းဆိုင်ရာ အသိပညာပေးသင်တန်း | ဝိုင်းဟိုတယ်၊ ရန်ကုန်မြို့ | ၉/၁၀-၉-၂၀၁၈ |
| ၅။ | ကြားဖြတ်ရွေးကောက်ပွဲလုပ်ငန်းစဉ်များ | မဲရုံအမှတ်(၃) တာမွေ၊ ရန်ကုန်မြို့ | ၂-၁၁-၂၀၁၈ |
| ၆။ | အတားအဆီးကင်းစင် ရန်ကုန်တစ်ခွင် ကမ်ပိန်း | သခင်မြပန်းခြံ၊ ရန်ကုန်မြို့ | ၂၈-၂-၂၀၁၉ |
| ၇။ | လွှတ်တော်ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများ၊ အရပ်ဘက်လူမှုအဖွဲ့ အစည်း များနှင့် မသန်စွမ်းအဖွဲ့အစည်းများအတွက် မသန် စွမ်းသူ များအကျုံးဝင်ရေးသင်တန်း | ကယားပြည်နယ်၊ လွှတ်တော် | ၇/၈-၂-၂၀၁၉ |
| ၈။ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ တိုင်းဒေသ ကြီးနှင့်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ များအတွက် မသန်စွမ်းသူများ အကျုံးဝင်မှုသင်တန်း ဖွင့်လှစ်ပို့ချခြင်း | ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံး၊ သင်တန်းခန်းမ | ၂၁/၂၂-၃-၂၀၁၉ |
| ၉။ | မီလီအဖွဲ့နယ်ရုံးခွဲအဖွဲ့ဝင်များအတွက် အားလုံး အကျုံးဝင် နိုင်ငံသားအသိပညာပေးသင်တန်း ဖွင့်လှစ်ပို့ချခြင်း | စင်ထရယ်ဟိုတယ်၊ ရန်ကုန်မြို့ | ၂၇/၂၈-၃-၂၀၁၉ |
| ၁၀။ | မြန်မာ့ဒီမိုကရေစီအကူးအပြောင်းတွင် မသန်စွမ်းသူ များ၏အခွင့်အရေး နှင့်အကျုံးဝင်မှုမြှင့်တင်ခြင်းဆိုင် ရာကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများ၏ ဆွေးနွေးပွဲ | ရမ်းအမရာဟိုတယ်၊ နေပြည်တော် | ၂/၃-၅-၂၀၁၉ |
| ၁၁။ | မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် လက်ရှိငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအားလေ့လာခြင်းသင်တန်း | စင်ထရယ်ဟိုတယ်၊ ရန်ကုန်မြို့ | ၂၆/၃၀-၈-၂၀၁၉ |
| ၁၂။ | “ကျွန်ုပ်တို့မြင်ချင်သော အနာဂတ်ရန်ကုန်မြို့တော်” ဆွေးနွေးပွဲ | ရန်ကုန်မြို့တော်ခန်းမ၊ ရန်ကုန်မြို့ | ၁၀/၁၁-၉-၂၀၁၉ |

| စဉ် | အကြောင်းအရာ | နေရာ | ရက်စွဲ |
|---|---|---|---|
| ၁၃။ | မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် လက်ရှိငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအားလေ့လာခြင်းသင်တန်း။ | ဂလိုဘယ်ဂရေ့ ဟိုတယ်၊ တောင်ငူမြို့ | ၁၄/၁၈-၉-၂၀၁၉ |
| ၁၄။ | MASTER PLAN POLICY PLATFORM TRAINING | ရှေ့ဆောင်ခန်းမ၊ မီလီရုံး | ၁၇-၁၀-၂၀၁၉ |
| ၁၅။ | မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် လက်ရှိငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအားလေ့လာခြင်းသင်တန်း | ဝစ်ဆမ်ဟိုတယ်၊ မန္တလေးမြို့ | ၂၄/၂၈-၁၁-၂၀၁၉ |
| ၁၆။ | ရန်ကုန်မြို့တော်နှင့် ကမ္ဘာသုံးပုံစံမြို့တော်များ ဖော်ဆောင်ရေးဆိုင်ရာဆွေးနွေးပွဲ | SUMMIT PARK VIEW HOTEL | ၉-၁၁-၂၀၁၉ |

## မီလီ လူမှုစီးပွားရေးမဏ္ဍိုင်

| စဉ် | အကြောင်းအရာ | နေရာ | ရက်စွဲ |
|---|---|---|---|
| ၁။ | မသန်စွမ်းအမျိုးသမီးများအတွက် လူမှုစီးပွားရေး သင်တန်းများ | ရန်ကုန် | ၂၄-၄-၂၀၁၉ မှ ၃၁-၁၂-၂၀၁၉ ထိ |

## မီလီ လူမှုစီးပွားရေးမဏ္ဍိုင်

| စဉ် | အကြောင်းအရာ | နေရာ | ရက်စွဲ |
|---|---|---|---|
| ၁။ | ကျန်းမာရေးဝန်ထမ်းများအတွက် မသန်စွမ်းသူများ အကျုံးဝင်ဖွံ့ဖြိုးရေးသင်တန်း | ပူတာအို၊ ကချင်ပြည်နယ် | ၃၀-၉-၂၀၁၉ |
| ၂။ | မသန်စွမ်းအမျိုးသမီးများအတွက် လူမှုစီးပွားရေး သင်တန်းများ | ဖားကန့်၊ ကချင်ပြည်နယ် | ၁-၁၀-၂၀၁၉ |
| ၃။ | မြန်မာနိုင်ငံမသန်စွမ်းသူများအနုပညာပွဲတော် | မြန်မာကွန်ဗင်းရှင်းစင်တာ၊ ရန်ကုန် | ၂၈-၁၂-၂၀၁၉ |

## AAR Japan
## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

AAR Japan မှ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုနှင့် ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ပေးခဲ့ပါသည်-

| စဉ် | အကြောင်းအရာ | ဆောင်ရွက်ချက် |
|---|---|---|
| ၁။ | စီမံကိန်းအမည် (မြန်မာ/အင်္ဂလိပ်) | - မြန်မာနိုင်ငံရှိမသန်စွမ်းသူများအတွက် အလုပ်အကိုင် ရရှိရန် ပံ့ပိုးမှုများပိုမိုအားကောင်းလာစေရန်။<br>- ကရင်ပြည်နယ်အတွင်းရှိ မသန်စွမ်းသူများ၏ လူနေမှု ပတ်ဝန်းကျင် တိုးတက်မြင့်မားလာစေရန်။<br>1) Strengthening Employment Support for Persons with Disabilities in Myanmar.<br>2) Improvement of living Environment of Persons with Disabilities and their community in Kayin State. |
| ၂။ | အကူအညီအမျိုးအစား(Grant/Loan/TA) | Grant |
| ၃။ | နိုင်ငံ/အဖွဲ့အစည်း | ဂျပန်နိုင်ငံ |
| ၄။ | အကောင်အထည်ဖော်သည့် အဖွဲ့အစည်း | AAR Japan<br>-MoU<br>၂၈ ရက်၊ ဇန်နဝါရီလ၊ ၂၀၁၄။ (ပထမအကြိမ်)<br>၉ ရက်၊ ဧပြီလ၊ ၂၀၁၈။ (ဒုတိယအကြိမ်) |
| ၅။ | လုပ်ငန်းဆောင်ရွက်သည့်ကာလနှင့်သုံးစွဲငွေပမာဏ | ၂၀၁၇ စက်တင်ဘာလ မှ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ<br>အမေရိကန်ဒေါ်လာ-၈၈၈၆၅(၀.၀၈၈၉သန်း) |
| ၆။ | စီမံကိန်းဆောင်ရွက်သည့်နေရာဒေသ၊ မြို့နယ် | (က) ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ ခု (မရမ်းကုန်းမြို့နယ်၊မြောက်ဒဂုံမြို့နယ်၊လှိုင်မြို့နယ်၊လှိုင်သာယာမြို့နယ်၊ ထန်းတပင်မြို့နယ်၊ အင်းစိန် မြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်၊ မြောက်ဥက္ကလာမြို့နယ်၊ရွှေပြည်သာမြို့နယ်၊ကမာရွတ်မြို့နယ်)။<br>( ခ ) ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁ ခု (လှိုင်းဘွဲ့မြို့နယ်)။ ကြာအင်းဆိပ်ကြီးမြို့နယ်တွင် လုပ်ငန်းဆောင်ရွက်ရန် အကြိုပြင်ဆင်ခြင်းများ ရှိပါသည်။ |
| ၇။ | ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်း | (က) ရန်ကုန်တိုင်းဒေသကြီးအတွင်း အသက်မွေးဝမ်းကျောင်းပညာသင်ကျောင်းနှင့်ရပ်ရွာအခြေပြုပြန်လည်ထူထောင်ရေးလုပ်ငန်းများ<br>- အသက် ၁၈ မှ ၄၀ အတွင်းရှိ ကိုယ်အင်္ဂါ မသန်စွမ်းသူများနှင့် အကြားအာရုံနည်းပါးသူများအား စက်ချုပ်၊ ဆံသ၊ ကွန်ပျူတာ သင်တန်းများပေးခြင်း။ လူမှုရေးပညာများ ဖွံ့ဖြိုးတိုးတက်လာစေရန် ကျောင်းအစီအစဉ်များအားဖြင့် သင်ယူစေခြင်း။ |

| စဉ် | အကြောင်းအရာ | ဆောင်ရွက်ချက် |
|---|---|---|
| | | - မသန်စွမ်းသူများအား အလုပ်ခန့်ထားမှု တိုးတက်လာစေရန် လုပ်ငန်းပိုင်ရှင်များနှင့် ဆက်သွယ်ပေးခြင်း။ မသန်စွမ်းမှုဆိုင်ရာများအား ပြည်သူလူထုနှင့် ပုဂ္ဂလိကကုမ္ပဏီများမှ နားလည်မှု ပိုမိုအားကောင်းလာစေရန် ဆောင်ရွက်ခြင်း။ လူမှုဝန်ထမ်း ဦးစီးဌာနလက်အောက်ရှိ မသန်စွမ်းသက်ကြီး သင်တန်းကျောင်းနှင့် နည်းပညာဖလှယ်ခြင်း။<br>- မသန်စွမ်းကလေးများအား ဆေးပညာဆိုင်ရာ ပံ့ပိုးကူညီမှုပေးခြင်း။ မသန်စွမ်းကလေးများ၏ ပေါင်းစည်း ပညာရေးအတွက် စီစဉ်ပံ့ပိုးမှုပေးခြင်း။ အသိပညာမြှင့် တင်ရေးဆောင်ရွက်ခြင်းများ လုပ်ဆောင်ခြင်း။<br>(ခ) ကရင်ပြည်နယ်တွင်း ရပ်ရွာအခြေပြု ပြန်လည်ထူထောင် ရေးလုပ်ငန်းများ<br>- မသန်စွမ်းသူများနှင့် ပြည်သူလူထုအတွင်း မသန်စွမ်းမှုအပေါ် နားလည်မှုများ ပိုမိုလေးနက်အောင် လုပ်ဆောင်ခြင်း။ မသန်စွမ်းသူများကို အဓိကဦးတည်၍ အခြေခံအဆောက်အဦများကို ပြုပြင်တည်ဆောက်မှုများ ဆောင်ရွက်ခြင်း။ မသန်စွမ်းသူများနှင့် သက်ဆိုင်သော သတင်းအချက်အလက်များကို ရွာတိုင်းတွင် စုစည်းထားရှိစေခြင်းနှင့် အခြေခံသတင်း အချက်အလက် များဖလှယ်ရာ ကွန်ရက်နှင့် အချင်းချင်း ပံ့ပိုးကူညီမှုစနစ်များ တည်ဆောက်လာနိုင်ခြင်း။ မသန်စွမ်းသူများအတွက် ဝန်ဆောင်မှုဆိုင်ရာ လိုအပ်သော သတင်းအချက်အလက်များနှင့် သင့်လျော်သော အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ခြင်း။ |
| ၈။ | ဆောင်ရွက်မှုအခြေအနေ အကျဉ်းချုပ် | **(က) ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများ**<br>- အသက်မွေးဝမ်းကျောင်းပညာသင်ကျောင်းတွင် အခြေခံသင်တန်း ဆင်း-၁၇၄ ဦး၊ မွမ်းမံသင်တန်း ဆင်း-၁၀၁ ဦး ရှိပြီးဖြစ်ပါသည်။ လက်ရှိသင်တန်းအပတ်စဉ်တွင် သင်တန်းသားအသစ် ၃၄ ဦး တက်ရောက်လျက်ရှိပြီး မွမ်းမံသင်တန်း တက်ရောက်နေသူ ၉ ဦး ရှိပါသည်။ သင်တန်းဆင်းများအား အလုပ်အကိုင် ချိတ်ဆက် ပေးမှု ၁၇၈ ကြိမ်ရှိပါသည်။ မသန်စွမ်းသူများအား အလုပ်ခန့်ထားနိုင်ရန် မြန်မာနိုင်ငံရှိ အလုပ်ရှင်များအတွက် လက်စွဲစာအုပ် ၈၀၀ အုပ် ထုတ်ဝေခဲ့ပါသည်။ မသန်စွမ်းသူများ အလုပ်အကိုင် ရရှိရေးအတွက် တက်ရောက်သူ ၁၅၀ ဦးရှိသော အလုပ်ရုံ ဆွေးနွေးပွဲ ၁ ကြိမ်ပြုလုပ်ခြင်း၊ ကုမ္ပဏီများသို့ သွားရောက်တွေ့ဆုံရှင်းပြခြင်းများ ပြုလုပ်ခဲ့ပါသည်။ |

| စဉ် | အကြောင်းအရာ | ဆောင်ရွက်ချက် |
| --- | --- | --- |
| | | (မသန်စွမ်းကလေး ၂၆ ဦးအား ပြန်လည် သန်စွမ်းရေးဆိုင်ရာ လေ့ကျင့်ခန်းပေးခြင်း။ မသန်စွမ်းကလေး ၂၀ ဦးအား အကူကိရိယာ ထောက်ပံ့ခြင်း။ မသန်စွမ်းကလေး ၂၆ ဦးကို ပညာရေးအတွက် ပံ့ပိုးပေးခြင်း။ မသန်စွမ်း ကလေးများ၊ ကလေးမိဘ များ၊ ပြင်ပဆရာမများအတွက် သင်တန်း/အလုပ်ရုံဆွေးနွေး ပွဲ/လေ့လာရေးခရီးများ ၈ ကြိမ် စီစဉ်ပေးခဲ့ပါသည်။<br>(ခ) **ကရင်ပြည်နယ်အတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများ**<br>- မသန်စွမ်းသူများအား အထောက်အကူပြု ကိရိယာ ၁၃၀ ခု ပေးခြင်းနှင့် အသုံးပြုနည်း၊ ထိန်းသိမ်းနည်းသင်ပြပေးခြင်း။ ကိုယ့်အားကိုယ်ကိုးအဖွဲ့ ၉ ဖွဲ့ ဖွဲ့စည်းနိုင်ခဲ့ပြီး ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုများကို ပံ့ပိုးကူညီခြင်း။ စီမံကိန်းရွာ ၁၉ ရွာတွင် မသန်စွမ်းမှုဆိုင်ရာ အသိပညာပေးခြင်းများ ကူညီဆောင်ရွက်ခြင်း။ စီမံကိန်းကျေးရွာအုပ်စုများတွင် ရပ်ရွာလူထု အခြေပြုပြန်လည် ထူထောင်ရေးအဖွဲ့များ ရှိလာစေခြင်း။ မသန်စွမ်းကလေး ၆၁ ဦး အတွက် Special education/social activities များ ပေးခြင်း။ Barrier free ပါသော ဆောက်လုပ်ရေး လုပ်ငန်း ၈ ခုကိုအကောင်အထည်ဖော် ဆောက်လုပ်ခြင်း၊ မသန်စွမ်းသူ စာရင်းပြုစုခြင်းနှင့် physiotherapist မှ ကိုယ်ကာယဆန်းစစ်မှုများ ပြုလုပ်ခြင်းနှင့် လေ့ကျင့်ခန်းများ သင်ပြပေးခြင်း။ |
| ၉။ | စီမံကိန်းဆောင်ရွက်ခြင်းအားဖြင့် ရရှိသည့် အကျိုးရလဒ်များ၊ အကျိုးကျေးဇူးများ | (က) **ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများမှ အကျိုးရလဒ်များ**<br>- ၂၀၁၈ ခုနှစ်၏ AAR Japan သက်မွေးလုပ်ငန်းပညာသင်ကျောင်း၏ သင်တန်းဆင်းများအနက် ၉၁ ရာခိုင်နှုန်းသည် အလုပ်အကိုင်ရရှိ သွားပါသည်။ ပုဂ္ဂလိက ကုမ္ပဏီ/ဆိုင် စုစုပေါင်း ၁၀၀ ခု သွားရောက်၍ မသန်စွမ်းသူများအား အလုပ်ခန့်ထားရေး ဆောင်ရွက်ခဲ့ပြီး ကုမ္ပဏီ/ဆိုင်ပေါင်း ၄၇ ခုမှ မသန်စွမ်းသူများကို အလုပ် ပေးခဲ့ပါသည်။ ၉၇% သော ကုမ္ပဏီ/ဆိုင်များသည် မသန်စွမ်းမှုဆိုင်ရာ အသိပညာများ တိုးတက်လာပါသည်။ လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ မသန်စွမ်း သက်ကြီးသင်တန်းကျောင်းမှ ရုံးဝန်ထမ်း ၃ ဦးနှင့် ဆရာ/ဆရာမ ၁၀ ဦးအား နည်းပညာသင်ကြားခြင်းနည်းစနစ် ဖလှယ်ခြင်းများ ပြုလုပ်နိုင်ခဲ့ပါသည်။ |

| စဉ် | အကြောင်းအရာ | ဆောင်ရွက်ချက် |
|---|---|---|
| | | - မသန်စွမ်းကလေးများအား ပြန်လည်ထူထောင်ခြင်းဆိုင်ရာ လေ့ကျင့်ခန်းများပေးခြင်းဖြင့် ကလေးများ၏ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှု ပိုမိုတိုးတက်စေခြင်းနှင့် နောက်ဆက် တွဲဆိုးကျိုးများကို လျော့နည်းစေခြင်း။ အထောက်အကူပြု ကိရိယာများထောက်ပံ့ပေးခြင်းဖြင့် ကလေးများသွားလာ လှုပ်ရှားမှုကို ပိုမိုလွယ်ကူစေခြင်း။ ပညာရေးတွင် ပံ့ပိုးပေးခြင်းဖြင့် ကလေးများ စိတ်အား ထက်သန်စွာ ပညာသင်ယူနိုင်ခြင်း၊ အခက်အခဲများအား ကူညီဖြေရှင်းပေးနိုင်ခြင်း။ အလုပ်ရုံဆွေးနွေးပွဲများ၊ လေ့လာရေးခရီးများအားဖြင့် မသန်စွမ်းမှုအပေါ် လူထုမှ ပိုမိုနားလည်လာခြင်း၊ မသန် စွမ်းမိသားစုအချင်းချင်း အတွေ့အကြုံဖလှယ်နိုင်ခြင်းနှင့် မသန်စွမ်း ကလေးများ ဗဟုသုတရရှိစေခြင်း စသည့်အကျိုးရလဒ်များရရှိပါသည်။ |
| | | **(ခ) ကရင်ပြည်နယ်အတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများမှ အကျိုးရလဒ်များ**<br>မသန်စွမ်းသူများအတွက် ရပ်ရွာလူထုအခြေပြု ပြန်လည် ထူထောင်ရေးလုပ်ငန်းများအားဖြင့် ကျေးရွာလူထု၏ မသန်စွမ်းမှု/သူများအပေါ် နားလည်လက်ခံနိုင်မှုများ/ အမြင်များ၊ မသန်စွမ်းသူများ၏ ဝန်ဆောင်မှု ရရှိမှုများ၊ ပါဝင်ဆောင် ရွက်မှုများ၊ မသန်စွမ်းသူများ၏ သွားလာလှုပ်ရှားမှုများ တိုးတက်လာပါသည်။ |
| ၁၀။ | Monitoring & Evaluation ဆောင်ရွက်မှု အခြေအနေ | အကျိုးခံစားခွင့်ရှိသူ မသန်စွမ်းသူများ/မသန်စွမ်းကလေးများ၏ နောက်ဆက်တွဲအခြေအနေများအား လစဉ်၊ ၃ လ ၁ ကြိမ်၊ ၁ နှစ် ၁ ကြိမ်စသည်ဖြင့်အကဲဖြတ် လေ့လာစောင့်ကြည့်ခြင်းများပြုလုပ်ပြီး လိုအပ်မှုများကို ထပ်ဆင့်စီစဉ် ဆောင်ရွက်ပေးခြင်းနှင့် အကြံဉာဏ်များပေးခြင်းများ ရှိပါသည်။ |
| ၁၁။ | သုံးသပ်တင်ပြချက် | အထက်ဖော်ပြပါ ဆောင်ရွက်ချက်များအား သတ်မှတ်ထားသော အစီစဉ်အတိုင်း အချိန်မီပြီးစီးအောင်ထိ ရောက်မှုရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ |
| ၁၂။ | ဆက်သွယ်ရန်ပုဂ္ဂိုလ် | Mr.Yoshio Nakagawa (ဖုန်း-၀၉-၅၀၅၈၆၆၇)၊ ဌာနေကိုယ်စားလှယ်၊ ရန်ကုန်ရုံး။ ဦးစောဝင်းထိန် (ဖုန်း-၀၉-၄၂၂၄၇၈၅၇၄)၊ စီမံကိန်းအရာရှိ၊ ဘားအံရုံး။ |

# ဒေဝင်မသန်စွမ်းသက်ငယ်များပြုစုရာရိပ်မြုံ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

## မသန်စွမ်းသက်ငယ်များ၏ ဖွံ့ဖြိုးမှုရင်ခွင်ပိုက်ကလေးများပြုစုခြင်း

၁။ အစီရင်ခံသည့် ကာလအတွင်း ပြုစုပျိုးထောင်ပေးသည့် ရှေးဦးကလေးအရွယ်စာရင်းမှာ ၂၀၁၇-၁၈ ပညာသင်နှစ်တွင် ကျား(၃၀)၊ မ(၁၅)= စုစုပေါင်း (၄၅)ဦး၊ ၂၀၁၈-၁၉ ပညာသင်နှစ်အတွင်းတွင် ကျား(၅၁)+မ (၂၅)= ပေါင်း (၇၆)ဦး၊ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွင်းတွင် ကျား(၄၈)+မ (၂၈)= ပေါင်း(၇၆)ဦး ဖြစ်ပါသည်။ အစီရင်ခံသည့် ကာလအတွင်း ဒေဝင်ရိပ်မြုံမှ အစိုးရကျောင်းသို့ တက်ရောက်ပညာသင်ယူနိုင်သူ မသန်စွမ်းကလေး (၁၃)ဦးရှိပါသည်။

## အထူးပညာရေး

၂။ အစီရင်ခံသည့် ကာလအတွင်း ပြုစုပျိုးထောင်ပေးသော အထူးပညာရေးဝန်ဆောင်မှု ရရှိသည့် ကလေးဦးရေမှာ ၂၀၁၇-၁၈ ပညာသင်နှစ်တွင် ကျား (၈၁)၊ မ(၄၈)=စုစုပေါင်း (၁၂၉)ဦး၊ ၂၀၁၈-၁၉ ပညာသင်နှစ်အတွင်းတွင် ကျား (၈၄)+မ (၆၅)= ပေါင်း (၁၄၉)ဦး၊ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွင်းတွင် ကျား (၁၁၄)+မ(၇၉)=ပေါင်း (၁၉၃) ဦး ဖြစ်ပါသည်။

## လုပ်ငန်းခွင်အကြိုသင်တန်း

၃။ အသက် (၁၄) နှစ်မှ (၁၈)နှစ်ကြား ကလေးများနှင့် အသက်(၁၉)နှစ်မှ (၂၅)နှစ်ကြား မသန်စွမ်းသူများကို လုပ်ငန်းခွင့် အကြိုသင်တန်းပေးခဲ့ပါသည်။ ၎င်းသင်တန်းတွင် မိမိကိုယ်တိုင် တစ်ကိုယ်ရေသန့်ရှင်းရေး၊ ချက်ပြုတ်ရေး၊ စျေးဝယ်ရေးနှင့် အခြေခံစိုက်ပျိုးရေး စသည်တို့ကိုလည်းကောင်း၊ လက်မှုပညာအနေဖြင့် လက်ဆွဲခြင်းယက်လုပ်သည့်ပညာကိုလည်း သင်ကြားလေ့ကျင့်ပေးသည်။ မုန့်ဖုတ်သင်တန်းကိုလည်း ကလေးသုံးဦး၊ ဆရာမတစ်ဦးနှင့် မိဘနှစ်ဦးတို့ကို တက်ရောက်စေခဲ့ပါသည်။ ထိုသို့လေ့ကျင့်ပေးခြင်းအားဖြင့် တချို့ကလေးများသည် မိမိစားချင်သော အစားအစာများကို ကိုယ်တိုင်ပြင်ဆင်ခြင်း၊ မိခင်များအား ချက်ပြုတ်ရေးပိုင်းနှင့် သန့်ရှင်းရေးပိုင်းတွင်လည်း ကူညီတတ်လာသည်။

## ပြန်လည်ထူထောင်ရေး

၄။ အစီရင်ခံသည့် ကာလအတွင်း ခန္ဓာကိုယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ဆောင်မှုပေးသော ကလေးဦးရေမှာ ၂၀၁၇-၁၈ ပညာသင်နှစ်တွင် ကျား (၁၁၁) + မ(၆၃) = စုစုပေါင်း (၁၇၄)ဦး၊ ၂၀၁၈-၁၉ ပညာသင်နှစ်အတွင်းတွင် ကျား (၁၃၅)+ မ(၉၀) = ပေါင်း(၂၂၅) ဦး၊ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွင်းတွင် ကျား (၁၆၂)+မ(၁၀၇)= ပေါင်း (၂၆၉) ဦး ဖြစ်ပါသည်။

## ဦးဆောင်လမ်းပြပညာရေးအစီအစဉ်

၅။ တရုတ်နိုင်ငံ ကွမ်ရှီးပြည်နယ် နန်နင်းမြို့မှ Silver Lining Foundation အဖွဲ့၏ ကူညီမှုဖြင့် ၂၀၁၈-၁၉ ပညာသင်နှစ်အတွင်း သူငယ်နာအကြောတင်း ကလေး (၁၈)ယောက်တို့ကို မိဘများနှင့် ဝန်ထမ်းများ ပူးပေါင်းပြီး တစ်ဦးချင်းစီ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးသည့် ဝန်ဆောင်မှုအစီအစဉ်ကို စတင်ခဲ့သည်။ ၎င်းဝန်ဆောင်မှု၏ ရည်ရွယ်ချက်မှာ မသန်စွမ်းကလေးများ အချိန်နှင့်တပြေးညီ ဖွံ့ဖြိုးတိုးတက်လာနိုင်ရန်အတွက် မိဘများအား မသန်စွမ်းကလေးများကို အနီးကပ်ပြုစုပျိုးထောင်နည်းများကို ဆရာမများမှ ဦးဆောင်လမ်းပြမှုပြုရန်နှင့် မိဘများ၏ စိတ်ဖိစီးမှုများ လျော့ပါးလာစေရန်တို့ဖြစ်ပါသည်။

**လူမှုရေးဝန်ဆောင်မှု**

၆။ အစီရင်ခံသည့်ကာလအတွင်း ဆောင်ရွက်ခဲ့သော လူမှုရေးဝန်ဆောင်မှုလုပ်ငန်းနှင့် ပတ်သက်၍ မိဘများနှင့် ဆွေးနွေးခြင်း၊ နှစ်သိမ့်ပေးခြင်း၊ ဆေးရုံတက်ရောက်သော ကလေးများကို သွားရောက်ကြည့်ရှုအားပေးခြင်း၊ မကြာခဏ ကျောင်းပျက်သော ကလေးများ အိမ်သို့ သွားရောက်ပြီး မေးမြန်းဆွေးနွေးပေးခြင်း၊ ဒေဝ်ကလေးတစ်ဦးချင်းစီ၏ social assessment ယူခြင်းစသည်များကို ပြုလုပ်ဆောင်ရွက်ပါသည်။

**အာဟာရဖြည့်စာ ကျွေးမွေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်ခြင်း**

၇။ ဒေဝ်ရိပ်မြုံသည် အစီရင်ခံသည့်ကာလအတွင်း မသန်စွမ်းကလေးများ၏ ခန္ဓာကိုယ် တိုးတက်ဖွံ့ဖြိုးရေးနှင့် ဉာဏ်ရည်တိုးတက်ဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်မည့် အာဟာရကို နေ့စဉ်ပုံမှန်ကျွေးမွေးပေးပါသည်။ ထို့အပြင်ကလေးများ၏ အထွေထွေကျန်းမာရေးစောင့်ရှောက်မှုကိုလည်း မြန်မာနိုင်ငံခရစ်ယာန် ကျန်းမာရေးလုပ်သားများအဖွဲ့မှ ဆရာဝန်၊ သူနာပြုဆရာမတို့မှ လာရောက်ဝန်ဆောင်မှုပေးပြီး လိုအပ်သည့်ဆေးဝါးများကိုလည်း ထောက်ပံ့ပေးထားပါသည်။

**မသန်စွမ်းအားကစားလုပ်ငန်း**

၈။ အစီရင်ခံသည့်ကာလအတွင်း မသန်စွမ်းအားကစားလုပ်ငန်းဆောင်ရွက်မှုအခြေအနေမှာ ဒေဝ်ကလေးများအား ပုံမှန်အားကစားလေ့ကျင့်ပေးသည့်အပြင် Special Olympic အားကစားပြိုင်ပွဲ၊ Paralympic အားကစားပြိုင်ပွဲ၊ Family network အားကစားပြိုင်ပွဲစသည့် အခြားအဖွဲ့မှ မသန်စွမ်းကလေးများ အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်မည့် ကလေး (၄၀)ဦး ကိုရွေးချယ်ပြီး အထူးလေ့ကျင့်ပေးပါသည်။ ၂၀၁၇-၁၈ ခုနှစ်အတွင်း Special Olympic အားကစားပြိုင်ပွဲတွင် ကလေး(၂၀)ဦး၊ Paralympic အားကစား ပြိုင်ပွဲတွင် ကလေး (၁၅)ဦး၊ Family network အားကစားပြိုင်ပွဲတွင် ကလေး ၃၀ ဦး ပါဝင်ယှဉ်ပြိုင်ကြရာ၊ မီတာ ၅၀၊ မီတာ ၁၀၀ အပြေးပြိုင်ပွဲ၌ ပထမဆု (၅)ဆု၊ ဒုတိယဆု(၆)ဆု၊ တတိယဆု (၁၀)ဆုနှင့် နှစ်သိမ့်ဆုများ ရရှိလာခဲ့ကြပါသည်။ ၂၀၁၈-၁၉ ခုနှစ်နှင့် ၂၀၁၉-၂၀ ခုနှစ် ပညာသင်နှစ်များတွင်လည်း Special Olympic အားကစားပြိုင်ပွဲ၊ Paralympic အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ခဲ့ပြီး၊ ဆုအမျိုးမျိုး ရရှိလာခဲ့ကြပါသည်။

၉။ ၂၀၁၇-၁၈ ခုပညာသင်နှစ်အတွင်းတွင် ဒေဝ်ကလေး မခင်ခင်အောင်သည် Special Olympic ကို ဦးဆောင်ပြီး၊ (Singapore) နိုင်ငံတွင်ကျင်းပသော Boccia အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပါသည်။ ထို့အပြင် ဒေဝ်ကလေး မောင်ထွန်းဝင်းသည်လည်း Bolling အားကစား ပြိုင်ပွဲကို ယှဉ်ပြိုင်ခဲ့ပြီး မခင်ခင်အောင်သည် Special Olympic ကို ဦးဆောင်ပြီး ဩစတေးလျနိုင်ငံတွင် ကျင်းပသည့်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပါသည်။ ၂၀၁၉-၂၀၂၀ပညာသင်နှစ် အတွင်းတွင် မောင်အောင်လင်းထွဋ်နှင့် မောင်သက်ထူးဇော်တို့သည် Special Olympic ကို ဦးဆောင်ပြီး လာအိုနိုင်ငံတွင် ပြုလုပ်ကျင်းပသည့် မသန်စွမ်းဘောလုံးပြိုင်ပွဲတွင် ပါဝင်နိုင်ခဲ့ကြပါသည်။ ၎င်းပွဲသို့ မဲခေါင် (၅)နိုင်ငံမှ လာရောက်ယှဉ်ပြိုင်ခဲ့ကြပါသည်။

**ကလေးများအတွက် လှုံ့ဆော်မှုစခန်းသွင်းသင်ကြားခြင်း**

၁၀။ Silver Lining Foundation (တရုတ်နိုင်ငံ)၏ ထောက်ပံ့မှုဖြင့် ၂၀၁၈-၁၉ ပညာသင်နှစ် အတွင်းတွင် မှော်ဘီမြို့နယ် မြောင်းတကာကျေးရွာရှိ ဒေဝ်ပိုင် မသန်စွမ်းမှုဖွံ့ဖြိုးရေးစင်တာတွင် ကလေး ၂၁ ဦးတို့အား ၄ ရက်ကြာ စခန်းသွင်းသင်ကြားပေးပါသည်။ ရည်ရွယ်ချက်မှာ မိဘများနှင့် ခွဲပြီးနေတတ်လာရန်၊ တစ်နေ့တာ နေထိုင်မှုအတွက် လိုအပ်သည့်အရာများ ဆောင်ရွက်တတ်လာရန်၊ မိဘများ၊ ဆရာမများနှင့် ပူးပေါင်းလုပ်ဆောင်တတ်လာရန်ဖြစ်သည်။ ကလေးများအား တစ်ရက်တာဆောင်ရွက်ရမည့် အစီအစဉ်များကို အဆင့်ဆင့်ပြောပြ

ပေးပြီး၊ ဆရာမများ၏ ကြီးကြပ်မှုအောက်တွင် လှုပ်ရှားဆောင်ရွက်ကြသည်။ ကလေးများသည် ၎င်းတို့ တစ်ဦးချင်းစီ၏ တစ်နေ့တာ လိုအပ်ချက်များကို အနည်းငယ်ကူညီမှုဖြင့် အစီအစဉ်များကို စနစ်တကျ ပျော်ရွှင်စွာ လုပ်ဆောင်လာကြပါသည်။ တချို့ကလေးများမှာ မိဘများနှင့် ခွဲမနေဘူးသောကြောင့် ပထမနေ့တွင် အခက်အခဲရှိခဲ့သော်လည်း ကျန်ရှိသော ရက်တွင်မူ ပျော်ရွှင်စွာ လှုပ်ရှားလုပ်ကိုင်နိုင်ကြပါသည်။ နောက်ဆုံးရက်တွင် မိဘများမှ လာကြိုကြသည့်အခါ စခန်းသွင်း လေ့ကျင့်သည့် (၃) ရက်အတွင်း အတွေ့အကြုံများကို မိဘများထံသို့ ပြန်လည်ပြောကြားစေနိုင်ပါသည်။

**ကလေးများအား ပြင်ပလေ့လာမှုပြုလုပ်ပေးခြင်း**

၁၁။ အစီရင်ခံသည့်နှစ်များတွင် ဒေဗ်မသန်စွမ်းကလေးများအား၊ တိရစ္ဆာန်ရုံ၊ တိုင်းရင်းသားကျေးရွာ၊ ပဲခူး စသည့် နေရာများသို့ လေ့လာရေးခရီး ခေါ်ဆောင်သွားခဲ့ပါသည်။ ရည်ရွယ်ချက်မှာ ချမှတ်ထားသည့် သင်ခန်းစာအရ သင်ကြားပေးသည့် တိရစ္ဆာန်အမည်များ၊ သဘောသဘာဝ၊ လူတွေကို အကျိုးပြုပုံ စသည်တို့ကို လက်တွေ့ပြသပေးခြင်းဖြင့် မှတ်မိမှတ်သားလာနိုင်စေရန်၊ သင်ခန်းစာတွင် သင်ပြပေးသည့်အရာများသည် အမှန်တကယ်ရှိနေကြောင်း သိရှိလာရန်နှင့် ပြင်ပဗဟုသုတများ စူးစမ်းလေ့လာနိုင်ရန်ဖြစ်ပါသည်။

**နိုင်ငံတော်အစိုးရကျောင်း(ပင်မကျောင်း)များတွင် ပညာသင်ယူနေသော မသန်စွမ်းကလေးများအား ထောက်ပံ့ခြင်း**

၁၂။ အစီရင်ခံသည့်ကာလအတွင်း ပင်မကျောင်းတွင် တက်ရောက်ပညာသင်ယူနေသော မသန်စွမ်းကလေးများအား ထောက်ပံ့မှုနှင့်ပတ်သက်၍ ချင်းပြည်နယ်တွင် မသန်စွမ်းကလေး ၃၀ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ (၁၀)မြို့နယ်အတွင်းရှိ ကျောင်းပေါင်း(၅၂)ကျောင်းတွင် ပညာသင်ယူနေသော မသန်စွမ်းကလေး ၂၅၀ ဦးတို့အား ကျောင်းစရိတ်ထောက်ပံ့ခြင်း၊ ကျောင်းတက်ရောက်နိုင်ရေးနှင့် ပညာသင်ယူနိုင်ရေးအတွက် အထောက်အကူပစ္စည်းများ ထောက်ပံ့ခြင်း၊ တချို့ကျောင်းများတွင် အတားအဆီးကင်းမဲ့သည့် ဝန်းကျင်များဖြစ်လာအောင် ပြုပြင်မှု၊ ခင်းကျင်းမှုများပြုလုပ်ခြင်း၊ သက်ဆိုင်ရာကျောင်းအုပ်၊ အတန်းပိုင်ဆရာမတို့နှင့် ဆွေးနွေးပေးခြင်း၊ မိဘများနှင့် တိုင်ပင်ဆွေးနွေးပေးခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၁၃။ ၎င်းမသန်စွမ်းကလေးများမှ ကျောင်းစရိတ်ထောက်ပံ့ကြေးကို ထောက်ပံ့ပေးနိုင်ရေးအတွက် တင်ပြလျှောက်ထားခဲ့ရာ ၂၀၁၈–၁၉ ပညာသင်နှစ်တွင် ရန်ကုန်တိုင်းဒေသကြီး (၁၀)မြို့နယ်အတွင်းရှိ ကျောင်းပေါင်း (၅၂)ကျောင်းတွင် ပညာသင်ယူနေသော မသန်စွမ်းကလေး ၂၁၃ ဦးတို့သည် ပညာသင်စရိတ်အဖြစ် နိုင်ငံတော်အစိုးရ ထောက်ပံ့ကြေး လစဉ်ရရှိခဲ့ကြပါသည်။ ၂၀၁၉–၂၀၂၀ ပညာသင်နှစ်အတွက် ဆက်လက်လျှောက်ထားခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးမှ ၂၃၂ ဦးနှင့် ချင်းပြည်နယ်မှ ၈၃ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်မှ ၂၄ ဦး စုစုပေါင်း မသန်စွမ်းကလေး ၃၃၉ ဦး အစိုးရမှ ပညာသင်စရိတ် ထောက်ပံ့ကြေး ရရှိခဲ့ကြပါသည်။

**အကျုံးဝင် ရပ်ရွာဖွံ့ဖြိုးမှု**

၁၄။ ဒေဗ်ရိပ်မြုံသည် အစီရင်ခံသည့် ကာလအတွင်းတွင် ရပ်ရွာအကျုံးဝင်ဖွံ့ဖြိုးရေးကို အခြေခံသော စီမံကိန်းများကို မြန်မာနိုင်ငံတစ်ဝန်းတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် မသန်စွမ်းမှုဆိုင်ရာ စီမံကိန်းများကို ဖွံ့ဖြိုးရေးကဏ္ဍများတွင် မသန်စွမ်းမှုကို ထည့်သွင်းလုပ်ဆောင်လာရေးနှင့် မသန်စွမ်းသူများ ရပ်ရွာတွင်း အကျုံးဝင်လာရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ချက်များကို အောက်ပါအတိုင်းဖော်ပြပါသည်–

**ရပ်ရွာအခြေပြုပြန်လည်ထူထောင်ရေးစီမံကိန်း**

၁၅။ အစီရင်ခံသည့် ကာလအတွင်းတွင် ဒေင်ရိုပ်မြို့သည် Kinder missions work Foundation ၏ ငွေကြေးပံ့ပိုးမှုဖြင့် ရပ်ရွာအခြေပြုပြန်လည်ထူထောင်ရေး (၂)နှစ်စီမံကိန်းကို ချင်းပြည်နယ်၊ ဟားခါးမြို့နှင့် ၎င်းမြို့နယ်ရှိကျေးရွာ (၁၅)ရွာ၊ ထန်တလန်မြို့နှင့် ၎င်းမြို့နယ်အတွင်းရှိ ကျေးရွာ (၁၅) ရွာတို့တွင် လုပ်ကိုင်ဆောင်ရွက်ခဲ့ပါသည်။ ဆောင်ရွက်ချက်များမှာ ရပ်ရွာသူရပ်ရွာသားများအား မသန်စွမ်းမှုဆိုင်ရာ အသိပညာဟောပြောပွဲပြုလုပ်ပေးခြင်း၊ မသန်စွမ်းသူများ အခြေခံပြုစုနည်း သင်တန်းပေးခြင်း၊ ကျောင်းဆရာ/မများအား လူတိုင်းအကျုံးဝင် ပညာရေးနှင့် အထူးပညာရေး သင်တန်းများပေးခြင်း၊ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ကျင်းပပြုလုပ်ပေးခြင်း စသည်များ ဆောင်ရွက်ခဲ့ပါသည်။

၁၆။ ရပ်ရွာပြည်သူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အစိုးရအဖွဲ့အစည်းများသည် မသန်စွမ်းမှုကို ဖွံ့ဖြိုးရေးကဏ္ဍတွင် မဖြစ်မနေထည့်သွင်းစဉ်းစားရမည့် ကဏ္ဍအဖြစ် လက်ခံလာကြပါသည်။ ၂၀၁၈ ခုနှစ်တွင် ချင်းပြည်နယ်ရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပူးပေါင်းကာ Chin State Development Actors' Conference ကို ဟားခါးမြို့နယ်တွင်ပြုလုပ်ခဲ့သည်။ ထိုကွန်ဖရန့်တွင် မသန်စွမ်းကို မဖြစ်မနေ ထည့်သွင်းစဉ်းစားရမည့် ကဏ္ဍအဖြစ် ဆွေးနွေးခဲ့ပါသည်။ စီမံကိန်း၏ဦးတည်ကျေးရွာများနှင့် မြို့ပေါ်ရပ်ကွက်များတွင် မသန်စွမ်းမှုဆိုင်ရာ အသိပညာများ ရရှိလာကြပြီ ဖြစ်ပါသည်။ မသန်စွမ်းသူများအား ခွဲခြားဆက်ဆံခြင်း မပြုသင့်ကြောင်းနှင့် မသန်စွမ်းသူများသည်လည်း လူသားများဖြစ်ကြောင်း လက်ခံလာကြပါသည်။

**Building Inclusive Early Child Development Centre Project**

၁၇။ Open Society Myanmar ၏ ငွေကြေးပံ့ပိုးမှုဖြင့် မူကြိုကျောင်းများအား ကောင်းမွန်သော အုပ်ချုပ်မှုနှင့် မသန်စွမ်းကလေးများအား လေ့ကျင့်သင်ကြားပေးနည်းဆိုင်ရာ ကျွမ်းကျင်မှုများနှင့် ပတ်သက်၍ စွမ်းဆောင်ရည်မြှင့်တင်သည့် စီမံကိန်းကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လမှ စတင်ကာ ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွင်း ဦးတည်မြို့နယ်များရှိ မူကြိုကျောင်း (၅၀)အား ထိုစီမံကိန်းမှ Good Governance ဆိုင်ရာ သင်တန်းများပေးခဲ့ပါသည်။ ထို Good Governance သင်တန်းများ၏ ရလဒ်အနေဖြင့် မူကြိုကျောင်းများတွင် ကောင်းမွန်သော အုပ်ချုပ်မှုဆိုင်ရာ အလေ့အကျင့်များကို စတင်ဆောင်ရွက်လာကြပါသည်။ စီမံကိန်းနှင့် လက်တွဲဆောင်ရွက်နေသော မူကြိုကျောင်းများတွင် မိဘများ၏ ပူးပေါင်းပါဝင်မှု အားကောင်းလာခြင်း၊ မူကြိုကျောင်းများမှ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိလာခြင်း၊ မိဘဆရာအသင်းများ ဖွဲ့စည်းလာခြင်းတို့ ရှိလာကြပါသည်။

**Let's promote human rights and inclusion of PWDs in Dawei community through reducing barriers in communities Project–**

၁၈။ ဒေင်ရိုပ်မြို့သည် ကနေဒါသံရုံး၏ ငွေကြေးပံ့ပိုးမှုဖြင့် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်တွင် (၆) လ စီမံကိန်းတိုတစ်ခုကို ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ စီမံကိန်းတွင် မသန်စွမ်းမှုဆိုင်ရာ အသိပညာပေးမြှင့်တင်မှုကို သင်တန်းများ ပြုလုပ်ခြင်း၊ IEC materials ထုတ်ဝေခြင်းနှင့် မသန်စွမ်းသူများအား အပြည်ပြည်ဆိုင်ရာ ကလေးသူငယ်များနေ့ကဲ့သို့သော လူ့အခွင့်အရေးဆိုင်ရာ အခမ်းအနားများတွင် အများတန်းတူ ပါဝင်နိုင်အောင် စီစဉ်ပေးခြင်းတို့ကို လုပ်ဆောင်ခဲ့ပါသည်။

၁၉။ စီမံကိန်းသည် မသန်စွမ်းသူများ ကူညီပံ့ပိုးသည့်သင်တန်း၊ လူမှုဆက်ဆံရေးမြှင့်တင်သည့် အစီအစဉ်နှင့် Right-to-play program များပြုလုပ်ခြင်းအားဖြင့် ပါဝင်သူ မသန်စွမ်းမဟုတ်သူများအနေဖြင့် မသန်စွမ်းသူများချို့ယွင်းမှုသဘောသဘာဝများကို သိရှိကာ မသန်စွမ်းသူများအား မည်သို့ကူညီရမည်ကို သိရှိလာကြသည်။ ထို့မှတစ်ဆင့် မသန်စွမ်းသူများ၊ မသန်စွမ်းကလေးများသည် လူမှုရေးဆိုင်ရာ အခမ်းအနားများသို့ ပါဝင်တက်ရောက်လာနိုင်ကြသည်။ အထူးသဖြင့် တိုင်းလူမှုဝန်ထမ်းဦးစီးဌာနက ပြုလုပ်ကျင်းပသော အပြည်ပြည်ဆိုင်ရာ ကလေးသူငယ်များနေ့တွင် မသန်စွမ်းကလေးများသည် အခြားကလေးများနှင့်တန်းတူ ပါဝင်နိုင်ခဲ့ပါသည်။ ထို့အပြင် မောင်းမကန်ကမ်းခြေသို့ သွားရောက်လည်ပတ်ခြင်းဖြင့် အတွေ့အကြုံသစ်များ၊ ခွန်အားသစ်များ၊ ပျော်ရွှင်မှုများ ရရှိခဲ့ပါသည်။

၂၀။ ထားဝယ်မြို့နယ်တွင် မသန်စွမ်းသူများ သွားလာရေးအဆင်ပြေစေရေးအတွက် တာဝန်ရှိသူများက ထည့်သွင်းစဉ်းစားလာမှုများ ရှိလာပြီဖြစ်ပါသည်။ ပင်မကျောင်းများနှင့် အများပြည်သူသုံးနေရာများတွင် မသန်စွမ်းသူများ သွားလာရေးအဆင်ပြေအောင် လိုအပ်သည့် ဆောင်ရွက်ချက်များပြုလုပ်ရန် တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက တရားဝင် ထုတ်ပြန်ကြေညာခဲ့ပါသည်။

### Nothing About Us: Without All of Us စီမံကိန်း

၂၁။ ဒေင်ရိုပ်မြဲ့သည် ချင်းစီဘီအာရ် အတွေ့အကြုံကို အခြေခံကာ ၂၀၁၈ ခုနှစ် နှောင်းပိုင်းတွင် စီမံကိန်းနှစ်ခုကို စတင်ဆောင်ရွက်ခဲ့ပါသည်။ Livelihood and Food Security Trust Fund ၏ ငွေကြေးပံ့ပိုးမှုဖြင့် ချင်းပြည်နယ်ရှိ ဟားခါး၊ ထန်တလန်၊ ဖလမ်း၊ တီးတိန်၊ မင်းတပ်နှင့် မတူပီစသည့်မြို့နယ် (၆)မြို့နယ်တွင် မသန်စွမ်းသူများ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်နိုင်ရေးကို ရှေးရှုကာ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွင်း ထိုစီမံကိန်းမှ ဦးတည်ရွာများနှင့် မြို့နယ်များတွင် မသန်စွမ်းမှုဆိုင်ရာ အသိပညာပေးသင်တန်းများ၊ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားများကို ပြုလုပ်ကျင်းပခဲ့ပါသည်။ ချင်းပြည်နယ်ရှိ ဟားခါးနှင့် ထန်လန်မြို့နယ်တို့မှအပ ကျန်မြို့နယ်များတွင် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အခမ်းအနားကို ၂၀၁၇ခုနှစ်အထိ မည်သည့် အဖွဲ့အစည်းမှ မလုပ်ခဲ့ဘူးသော်လည်း ၂၀၁၈ ခုနှစ်တွင် ဖလမ်း၊ တီးတိန်၊ မင်းတပ်နှင့် မတူပီမြို့နယ်တို့တွင် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားများကို ကျင်းပခဲ့ကြပါသည်။

### သုတေသနဆိုင်ရာ ဆောင်ရွက်ချက်များ

၂၂။ ဒေင်ရိုပ်မြဲ့သည် ADRA Myanmar နှင့်ပူးပေါင်းပြီး ဆရာ/မများနှင့် မိဘများ၏ လူတိုင်းအကျုံးဝင် ပညာရေးအပေါ် အတွေ့အကြုံများနှင့် အမြင်များအပေါ် သုံးသပ်မှု သုတေသန စစ်တမ်းအမည်ရှိ သုတေသန တစ်ခုကို ကရင်ပြည်နယ်ရှိ မြို့နယ်ပေါင်း (၃)မြို့နယ်မှ ရွာပေါင်း ၂၀တွင် ပြုလုပ်ခဲ့ပါသည်။ လှိုင်းဘွဲ့မြို့နယ်မှ (၁၄)ရွာ၊ ကော့ကရိတ်မှ (၁)ရွာနှင့် ကြာအင်းဆိပ်ကြီးမြို့နယ်မှ (၅)ရွာ ပါဝင်ပါသည်။ ထို့ပြင် ဒေင်ရိုပ်မြဲ့သည် မသန်စွမ်းမှုဆိုင်ရာ သုတေသန ကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာစေရေးကို ရည်ရွယ်ကာ အခြေခံ သုတေသနဆိုင်ရာ သင်တန်းကို ၂၀၁၈ ခုနှစ် ဩဂုတ်လမှ ၂၀၁၉ ခုနှစ်၊ ဧပြီလအထိ Module (၃) ခုဖြင့် ပြုလုပ်ခဲ့ပါသည်။ ၎င်းသင်တန်းတွင် မသန်စွမ်းမှုနှင့် ပတ်သက်သည့် လုပ်ငန်းဆောင်ရွက်နေကြသော မသန်စွမ်းအဖွဲ့အစည်းများမှ မသန်စွမ်းသူ (၁၄)ဦး ပါဝင်တက်ရောက်ခဲ့ပါသည်။

**မသန်စွမ်းမှုကဏ္ဍကို မြှင့်တင်ခြင်း၊ အရေးဆိုခြင်းနှင့် မသန်စွမ်းမှုကဏ္ဍ ဖွံ့ဖြိုးရေးအစီအစဉ်**

၂၃။ ဒေင်ရိပ်မြုံသည် မသန်စွမ်းသူများ ခွဲခြားဆက်ဆံမှုကင်းပြီး တန်းတူအခွင့်အရေးရရှိသော လူမှုအသိုင်းအဝိုင်းတစ်ခု ဖြစ်လာစေရေးအတွက် မသန်စွမ်းသူများ၏ အခွင့်အရေးများအတွက် အရေးဆိုခြင်း၊ သုတေသနများပြုလုပ်ခြင်းနှင့် အခြားမသန်စွမ်းအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ မသန်စွမ်းမှုဆိုင်ရာ လှုပ်ရှားမှုများ ဆောင်ရွက်ခြင်းများကို ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ပြုလုပ်ခဲ့ပါသည်။ ထို့ပြင် ဒေင်ရိပ်မြုံသည် ထားဝယ်မြို့နယ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော စီမံကိန်းမှတစ်ဆင့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားကျင်းပခြင်းဖြင့် အရေးဆိုခြင်း၊ ဒေင်ရိပ်မြုံ၏ ၂၀၁၈-၂၀၁၉ ကျောင်းဆင်းပွဲတွင် ၂၀၃၀ ရေရှည်ဖွံ့ဖြိုးရေးပန်းတိုင်နှင့်ပတ်သက်ပြီး အရေးဆိုခြင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ စာအုပ်များ၊ စာရွက်စာတမ်းများ ထုတ်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

**ဒေင်ရိပ်မြုံဖွံ့ဖြိုးမှု အစီအစဉ်တွင် အဖွဲ့အစည်း၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းပြည်တွင်းသင်တန်းများ**

၂၄။ အစီရင်ခံသည့်ကာလအတွင်း ဒေင်ရိပ်မြုံသည် "အရည်အသွေး"ကို တန်ဖိုးထားသည့် အားလျော်စွာ မသန်စွမ်းကလေးများကို အရည်အချင်းရှိသည့် ဝန်ဆောင်မှုပေးနိုင်ရန်အတွက် မြန်မာနိုင်ငံ အထူးပညာရေးအဆင့် (၁) သင်တန်းကို ကျောင်းဆရာမ နှစ်ဦးမှလည်းကောင်း၊ Grade 2 သင်ရိုးသင်တန်းကို ကျောင်းဆရာမ တစ်ဦး၊ ရေကူးသင်တန်းကို ဝန်ထမ်း နှစ်ဦး၊ ကွန်ပျူတာဆရာဖြစ်သင်တန်းကို ဝန်ထမ်း တစ်ဦး၊ Social work ဒီပလိုမာတစ်နှစ်သင်တန်းကို ဝန်ထမ်းတစ်ဦး၊ Sex Education သင်တန်းကို ဝန်ထမ်း လေးဦး၊ Early Intervention training ကို ဝန်ထမ်း သုံးဦးစသည်ဖြင့် ဒေင်လုပ်ငန်း တိုးတက်ရန် အတွက်လိုအပ်သည့် သင်တန်းများကို တက်ရောက်စေခဲ့ပါသည်။

**ပြည်ပသို့ သင်တန်းတက်ရောက်ခြင်း**

၂၅။ သီရိလင်္ကာနိုင်ငံတွင် Assessment Tool Training ကို ဝန်ထမ်း သုံးဦးတို့မှလည်းကောင်း၊ ထိုင်ဝမ်နိုင်ငံတွင် Speech, OT, Splint Training ကို လေ့ကျင့်ခန်းဌာနမှ ဝန်ထမ်း နှစ်ဦးကိုလည်းကောင်း သင်တန်းတက်ရောက်နိုင်ရန် စေလွှတ်ခဲ့ပါသည်။

**ရန်ပုံငွေရှာဖွေခြင်း**

၂၆။ အစီရင်ခံသည့်ကာလအတွင်းတွင် ဒေင်ရိပ်မြုံရန်ပုံငွေအတွက် ဒေင်ဝန်ထမ်းများနှင့် မိဘများပူးပေါင်းပြီး အစားအသောက်ဈေးရောင်းပွဲပြုလုပ်ခြင်း၊ ကံစမ်းမဲဖောက်ခြင်း၊ ဒေင်ပြက္ခဒိန် ထုတ်လုပ်ရောင်းချခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ မိဘများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အဆင်ပြေချောမွေ့စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ရရှိသော ရန်ပုံငွေများကို ဒေင်မသန်စွမ်းကလေးများ၏ အကျိုးအတွက် အသုံးပြုခဲ့ပါသည်။ ထို့ပြင် ဒေင်ရိပ်မြုံ၏ ဌာနသစ်တစ်ခုဖြစ်သော သင်တန်းဌာနမှလည်း ဖိတ်ခေါ်သူများ၊ တောင်းဆိုသူများအတွက် သင်တန်းများ ပြုလုပ်ပေးခြင်းဖြင့် ဒေင်ရိပ်မြုံ ပရဟိတလုပ်ငန်းအတွက် ဝင်ငွေရှာဖွေပေးနေပြီ ဖြစ်ပါသည်။

## မြန်မာနိုင်ငံနားမကြားသူများဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့
## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

မြန်မာနိုင်ငံနားမကြားသူများဖွံ့ဖြိုးတက်ရေးအဖွဲ့မှ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုနှင့် ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ပေးခဲ့ပါသည်-

| စဉ် | နေ့ရက် | နေရာ | အကြောင်းအရာ | ပံ့ပိုးကူညီသည့် အဖွဲ့အစည်းများ |
|---|---|---|---|---|
| ၁။ | အောက်တိုဘာ ၂၀၁၇ မှ ဇူလိုင် ၂၀၁၈ အထိ | ရန်ကုန်၊ တပ်ကုန်း၊ နေပြည်တော် | နားမကြားသူများအတွက် သတင်းအချက်အလက် လက်လှမ်းမီ ရရှိမှု သေချာစေရေး စီမံကိန်း။ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ လမ်းညွှန်မှု၊ FHI 360 ၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်သည်။ |
| ၂။ | မေလ မှ ဇွန်လ အထိ ၂၀၁၈ | ရန်ကုန် | နားမကြားသူများအတွက် သတင်းအချက်အလက် ရရှိမှု သေချာစေရေး ဒီဗွီဘီဒီဘိတ်ကို လက်သင်္ကေတဖြင့် ဘာသာပြန်ဆိုခြင်း စီမံကိန်း။ | ကမ္ဘောဇဘဏ် အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း |
| ၃။ | ဇူလိုင်မှ ဒီဇင်ဘာလ အထိ ၂၀၁၈ | ရန်ကုန်၊ မန္တလေး၊ ကလေး | အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာ အသိပညာမြှင့်တင်ရေး စီမံကိန်း။ | ကျား၊ မ တန်းတူညီမျှရေးကွန်ရက် |
| ၄။ | ဖေဖော်ဝါရီ ၂၀၁၈ မှ ဇန်နဝါရီ ၂၀၁၉ | မော်ဘီ၊ ဥက္ကံ၊ တိုက်ကြီး | မသန်စွမ်း အိမ်ထောင်စုများအတွက် အစိမ်းရောင် စီးပွားရေးဖွံ့ဖြိုးမှု စီမံကိန်း။ | သြစတြေးလျသံရုံး |
| ၅။ | သြဂုတ် ၂၀၁၈ မှ စက်တင်ဘာ ၂၀၁၉ | ရန်ကုန် | မသန်စွမ်းမှုဆိုင်ရာ ဝေါဟာရအသုံးအနှုန်းများ လက်စွဲလမ်းညွှန်စာအုပ် ဖော်ထုတ်ပြုစုရေး စီမံကိန်း။ | FHI 360 |
| ၆။ | စက်တင်ဘာမှ နိုဝင်ဘာ ၂၀၁၈ အထိ | ရန်ကုန် | စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ လက်စွဲလမ်းညွှန်စာအုပ်ပြုစုခြင်း Advocacy Toolkit | TLMM နှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ် |
| ၇။ | နိုဝင်ဘာ ၂၀၁၈ မှ စက်တင်ဘာ ၂၀၁၉ အထိ | ရန်ကုန်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၀ ခု | မြန်မာနိုင်ငံမသန်စွမ်းသူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ အပေါ် သက်ရောက်မှုများအား ဆန်းစစ်လေ့လာခြင်း စာတမ်း။ | TLMM နှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ် |

| စဉ် | နေ့ရက် | နေရာ | အကြောင်းအရာ | ပံ့ပိုးကူညီသည့် အဖွဲ့အစည်းများ |
|---|---|---|---|---|
| ၈။ | ဩဂုတ် ၂၀၁၈ မှ စက်တင်ဘာ | ရန်ကုန်၊ နေပြည်တော် | မြန်မာနိုင်ငံ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ နည်းဥပဒေများကို မြန်မာလက်သင်္ကေတပြ ဘာသာစကားဖြင့် ဘာသာပြန်ဆိုခြင်း။ | လူကယ်ပြန်ဝန်ကြီးဌာန၏ လမ်းညွှန်မှု၊ ယူနီဆက်ဖ်မြန်မာ၏ ပံ့ပိုးမှုတို့ဖြင့် ဆောင်ရွက်သည်။ |
| ၉။ | ၂၀၁၉ | ရန်ကုန်၊ မန္တလေး၊ ကလေး | အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ် တားဆီးရေး ဆိုင်ရာ ဥပဒေမူကြမ်းအား နားမကြား လူမှုအသိုင်းအဝိုင်းအတွက် အသိအမြင်ဖွင့်ပေးခြင်း။ | ကျား၊ မ ရေးရာ တန်းတူညီမျှရေး ကွန်ရက်၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်သည်။ |
| ၁၀။ | စက်တင်ဘာမှ | ရန်ကုန် | မသန်စွမ်းအခွင့်အရေး အပြည့်အဝရရှိရေး မသန်စွမ်းအဖွဲ့များ ပူးပေါင်းပါဝင်ဆောင်ရွက်ပေး စီမံကိန်း။ | Local Resource Center မှ ပံ့ပိုးကူညီသည်။ |
| ၁၁။ | နိုဝင်ဘာ ၂၀၁၈ အထိ | မော်ဘီ၊ ဥက္ကံ၊ တိုက်ကြီး | သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် သစ်ပင်စိုက်ပျိုးရေး ပွဲတော်များ ပြုလုပ်ခြင်း။ | ကမ္ဘောဇဘဏ် အနာဂတ်အလင်း တန်းမြန်မာ ဖောင်ဒေးရှင်း |
| ၁၂။ | နိုဝင်ဘာ ၂၀၁၈ မှ စက်တင်ဘာ ၂၀၁၉ အထိ | လှိုင်သာယာ၊ လားရှိုး၊ တောင်ကြီး၊ ဘားအံ | တိုင်းဒေသကြီးနှင့် ပြည်နယ် (၃)ခု တို့တွင် လက်သင်္ကေတပြ ဘာသာစကားသင်တန်းများ ဖွင့်လှစ်ပို့ချခြင်း။ | Abilis Foundation (Finland) |




၂၈-၃-၂၀၁၈ ရက်နေ့တွင် နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပသော နားမကြားသူများအတွက် သတင်းအချက်အလက် လက်လှမ်းမီ ရရှိမှုသေချာစေရေး စီမံကိန်း အခမ်းအနား မှတ်တမ်းဓာတ်ပုံရိုက်ကူးစဉ်။




နားမကြားသူများအတွက် သတင်းအချက်အလက် ရရှိမှု သေချာစေရေး ဒီဗွီဘီ ဒီဘိတ်ကို လက်သင်္ကေတဖြင့် ဘာသာပြန်ဆိုခြင်း စီမံကိန်းဆောင်ရွက်နေစဉ်။




၁၂-၁၀-၂၀၁၈ ရက်နေ့တွင် စကားဝါခန်းမ၊
ဒိုင်းမွန်းကွန်ဒို၊ ပြည်လမ်းရန်ကုန်၌ ကျင်းပသော
အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာ
အသိပညာမြှင့်တင်ရေးစီမံကိန်း ဆောင်ရွက်စဉ်။



၈-၅-၂၀၁၈ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊
အဖျောက်မြို့ အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးမှုစီမံကိန်း
မသန်စွမ်းအိမ်ထောင်စုများအတွက် ပျိုးပင်နှင့်
စိုက်ပျိုးရေးလုပ်ငန်း သွင်းအားစုများ ပံ့ပိုးပေးစဉ်။




၁၈-၈-၂၀၁၈ ရက်နေ့က Best western Green Hill
Hotel တာမွေမြို့နယ်၌ မသန်စွမ်းမှုဆိုင်ရာ
ဝေါဟာရအသုံးအနှုန်းများ လက်စွဲလမ်းညွှန်စာအုပ်
ဖော်ထုတ်ပြုစုရေး စီမံကိန်းနှင့် အလုပ်ရုံဆွေးနွေးပွဲတွင်
သက်ဆိုင်ရာ မသန်စွမ်းမှု အမျိုးအစားအလိုက် အုပ်စုခွဲ
ဆွေးနွေးနေကြစဉ်။



၂၂-၉-၂၀၁၈ ရက်နေ့က ရန်ကုန်မြို့၊ အလုံလမ်းရှိ Hotel
99 ၌ စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ လက်စွဲလမ်းညွှန်စာအုပ်
ပြုစုခြင်းနှင့် Advocacy Toolkit
စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ လက်စွဲလမ်းညွှန်
စာအုပ်ရေးသားပြုစုရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်။



မြန်မာနိုင်ငံမသန်စွမ်းသူများ၏ အလုပ်အကိုင်
အခွင့်အလမ်းများအပေါ် သက်ရောက်မှုများအား
ဆန်းစစ်လေ့လာခြင်းစာတမ်း ရခိုင်ပြည်နယ်တွင်
လက်တွဲဖက် မသန်စွမ်းအဖွဲ့အစည်းများဖြင့် သုတေသန
ကွင်းဆင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။



၈-၃-၂၀၁၉ ရက်နေ့တွင် ရန်ကုန်မြို့ရှိ
ယူနီဆက်ဖ်မြန်မာရုံး၌ မြန်မာနိုင်ငံမသန်စွမ်းသူများ၏
အခွင့်အရေးများဆိုင်ရာ နည်းဥပဒေများကို
မြန်မာလက်သင်္ကေတပြ ဘာသာစကားဖြင့်
ဘာသာပြန်ဆိုခြင်း အခမ်းအနားတွင် အမှတ်တရ
ဓာတ်ပုံရိုက်ကူးစဉ်။



၇-၆-၂၀၁၉ ရက်နေ့တွင် ရန်ကုန်မြို့၊ ပြည်လမ်းရှိ ဒိုင်းမွန်းကွန်ဒို စကားဝါ ခန်းမ၌ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်တားဆီးရေးဆိုင်ရာ ဥပဒေမူကြမ်းအား နားမကြားလူမှုအသိုင်းအဝိုင်း အတွက် အသိအမြင်ဖွင့်ပေးခြင်းနှင့် **PoVAW bill** သိမြင်နားလည်မှုမြှင့်တင်ရေး ဆရာဖြစ်သင်တန်းဖွင့်လှစ် ပို့ချစဉ်။



၁၅-၁၁-၂၀၁၉ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီးအား မသန်စွမ်းအခွင့်အရေး အပြည့်အဝရရှိရေး၊ မသန်စွမ်းအဖွဲ့များ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးမှု စီမံကိန်းနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးပြောကြားခဲ့စဉ်။



၂၇-၇-၂၀၁၉ ရက်နေ့တွင် ကုလားကုန်းကျေးရွာ၊ မှော်ဘီမြို့နယ်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သစ်ပင်စိုက်ပျိုးရေးပွဲတော်များ ပြုလုပ်စဉ်။



၁၆-၁၂-၂၀၁၉ ရက်နေ့မှ ၂၀-၁၂-၂၀၁၉ ရက်နေ့ထိ တိုင်းဒေသကြီးနှင့် ပြည်နယ် (၃)ခုတို့၌ လက်သင်္ကေတပြ ဘာသာစကားသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့စဉ်။

## မြန်မာနိုင်ငံအော်တစ်ဇင်အသင်း

## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

၁။ **၂၀၁၈ ခုနှစ်၊ ဧပြီလတွင် ကျရောက်သော World Autism Awareness Day** ကို ပြည်သူ့ရင်ပြင် စမ်းချောင်းသာ **Stage** ၌ ကျင်းပရာ လူဦးရေ (၁၀၀၀) ခန့် တက်ရောက်ခဲ့သည်။ အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနပြန်လည်ထူထောင်ရေးဦးစီးဌာနမှညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်မှ ဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူး၊ မသန်စွမ်း အဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ ရန်ကုန်တိုင်းအတွင်းရှိ အထူးသင်ကြားရေးကျောင်းများမှ ကျောင်းအုပ်၊ ဆရာ ဆရာမများနှင့် အော်တစ်ဇင်ကလေးများ၊ ပြင်ပမှ အော်တစ်ဇင်ကလေးနှင့် မိသားစုဝင်များ၊ မီဒီယာများ၊ စိတ်ပါဝင်စားသူများ၊ အလှူရှင်များ တက်ရောက်ကြပါသည်။ ၈-၄-၂၀၁၈ ရက်နေ့တွင် မော်လမြိုင်စာပေ ဟောပြောပွဲကွင်း၌ ဒုတိယ အကြိမ်မြောက် World Autism Awareness Day အခမ်းအနား ကျင်းပရာ EC (9) ဦး ပါဝင်ဆင်နွှဲကြပါသည်။

၂။ ၁၇-၅-၂၀၁၈ ရက်နေ့တွင် မြန်မာအော်တစ်ဇင်အသင်းနှင့် ကမ္ဘောဇ အနာဂတ်အလင်းတန်းတို့ ပူးပေါင်း၍ ထားဝယ်မြို့ရှိ မြစိမ်းခန်းမတွင် အော်တစ်ဇင်အကြောင်းသိကောင်းစရာ ဟောပြောပွဲကျင်းပ။ (210) ဦးတက်ရောက်ကြပါသည်။ တနင်္သာရီတိုင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ တိုင်းလွှတ်တော် ကိုယ်စားလှယ်၊ လူမှုဝန်ထမ်းဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးမှူးနှင့် မီဒီယာများ တက်ရောက်ကြပါသည်။

၃။ ၂၇-၅-၂၀၁၈ ရက်နေ့တွင် ဒေါ်ချစ်ကြည်အေးနှင့် ဒေါ်နန်းစန်းစန်းမြင့်တို့ ရန်ကုန်ကလေးဆေးရုံကြီး၌ အော်တစ်ဇင်ဆိုင်ရာ အသိပညာပေးဟောပြောပွဲတွင် ရန်ကုန်ကလေးဆေးရုံအုပ်ကြီး၊ အထူးသင်ကြားရေး ကျောင်းများမှ ကျောင်းအုပ်၊ ဆရာ/ဆရာမများ၊ ပြင်ပမှ အော်တစ်ဇင်မိဘများ၊ မီဒီယာများ စုစုပေါင်း (၃၀၀) ခန့် တက်ရောက်ကြပါသည်။ ထို့ပြင် ၉-၆-၂၀၁၈ ရက်နေ့တွင် နေပြည်တော်ရှိ MICC-2 တွင် မြန်မာအော်တစ်ဇင် အသင်းနှင့် FELC ကိုယ်ပိုင်အထက်တန်းကျောင်း တို့ပူးပေါင်း၍ ဦးသိန်းအုပ်စိန်နှင့် ဒေါ်နန်းစန်းစန်းမြင့် တို့မှ အော်တစ်ဇင် အသိပညာပေး ဟောပြောပွဲပြုလုပ်ရာ စုစုပေါင်း (၃၀၀) ခန့် တက်ရောက်ကြပါသည်။

၄။ ၄-၇-၂၀၁၈ ရက်နေ့တွင် Flinders University (South Australia) မှ Associate Professor Caroline Ellison နှင့်အတူ Lighthouse Learning Center ၏ ကျောင်းအုပ်ကြီး ဒေါ်ရီဝေလင်း(မလု)တို့မှ မြန်မာအော်တစ်ဇင်အသင်း နှင့် Daycare Centerသို့ လာရောက်လည်ပတ်၍လုပ်ဆောင်နေမှုများအားလေ့လာ ပါသည်။ ထို့ပြင် ၁-၈-၂၀၁၈ ရက်နေ့တွင် မြန်မာအော်တစ်ဇင်အသင်းမှ အသက် (၁၈) နှစ်နှင့်အထက် အော်တစ်ဇင်လူငယ်များအတွက် လေ့ကျင့်သင်ကြားပေးရန် အသင်းရုံးခန်း၌ Autism Youth Club ကို စတင်ဖွင့်လှစ်ခဲ့ပြီး (၁၈) နှစ်အထက် အော်တစ်ဇင်လူငယ် (၁၀) ဦးအား အချိန်ပိုင်းနှင့် စတင်သင်ကြားပေးပါသည်။ ယခုအချိန်ထိ အသင်းရုံးခန်းတွင် လစဉ် အသက်(၁၂) အောက် ကလေးငယ်များ (၃၅) ဦးခန့်ကို Day Care Center ဖွင့်လှစ်၍ သင်ကြားပေးလျက်ရှိပါသည်။

၅။ ၃၀-၉-၂၀၁၈ ရက်နေ့တွင် Chief Physiotherapist & Occupational Therapist ဒေါ်ယမင်းအေး၏ Handwriting & Occupational Therapy Workshop ပြုလုပ်ပါသည်။ စိတ်ပါဝင်စားသူ မိဘများ၊ ဆရာ၊ ဆရာမများ တက်ရောက်ကြပါသည်။ ၎င်းအပြင် ၆-၁၀-၂၀၁၈ ရက်နေ့တွင် Daw Amy Aye Aye Than Childcare Consultant (Australia)မှ MAA Daycare ဆရာ ဆရာမများအား ကလေးသင်ကြားမှုနည်းစနစ် တစ်ခုဖြစ်သော Montessori Method ကို သင်ကြားပို့ချပေးခဲ့ပါသည်။

၆။ ၂၆-၁၀-၂၀၁၈ ရက်နေ့တွင် Indonesia နိုင်ငံ Jakarta မြို့တွင်ကျင်းပသော ASEAN Autism Game 19–21 October 2018 အားကစားပြိုင်ပွဲတွင် အောင်မြင်စွာ သွားရောက်ယှဉ်ပြိုင်ခဲ့ကြပါသည်။ ထို့နောက် ၂၇-၁၁-၂၀၁၈ (IDPD 2018) ဆေးရောင်ခြယ်ပြိုင်ပွဲဝင်ကြသော MAA Daycare မှ ကလေးငယ်(၅)ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပါသည်။

၇။ ၈-၁၂-၂၀၁၈ ရက်နေ့မှ ၉-၁၂-၂၀၁၈ ရက်နေ့ထိ Special Olympic တွင် မြန်မာအော်တစ်ဇင်အသင်းမှ ကလေးငယ်(၁၄)ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုများအသီးသီးရရှိခဲ့ကြပါသည်။ ၁၇-၁၂-၂၀၁၈ ရက်နေ့တွင် မြန်မာအော်တစ်ဇင်အသင်းရုံးနှင့် အော်တစ်ဇင် Day Care Centre သို့ ဒုသမ္မတကတော်မှ ECများနှင့် တွေ့ဆုံစကားပြောကြားပါသည်။ ၁၉-၁၂-၂၀၁၈ ရက်နေ့တွင် MAA သို့ Japan နိုင်ငံ Okayama Gakugeikan High School မှ အုပ်ချုပ်သူနှစ် ဦး၊ ကျောင်းသားကျောင်းသူ ၁၁ ဦး လာရောက်လည်ပတ်၍ လေ့လာခဲ့ကြပါသည်။ ထို့ပြင် ၁၃-၁-၂၀၁၉ ရက်နေ့တွင် ကလေးဆေးရုံကြီး၌ ပြုလုပ်သော မြန်မာအော်တစ်ဇင်ဟောပြောပွဲတွင် ရန်ကုန်တိုင်း လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဦးစီးမှူး ဒေါက်တာကေသီကျော်နှင့် မသန်စွမ်းသက်ငယ်ကျောင်း ကျောင်းအုပ်ကြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရီမာတင်တို့က အဖွင့်အမှာစကားနှင့် မုဒိတာစကား ချီးမြှင့်ပေးခဲ့ပါသည်။

၈။ ၂-၄-၂၀၁၉ ရက်နေ့တွင် World Autism Awareness Day (2019) နေ့ အခမ်းအနားကို ရန်ကုန်မြို့၊ ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင် စမ်းချောင်းသာ Stage တွင် ကျင်းပရာ အခမ်းအနားသို့ ဒေါက်တာကေသီကျော် (ညွှန်ကြားရေးမှူး)၊ ရန်ကုန်တိုင်း လူမှုဝန်ထမ်းဦးစီးဌာနမှ ဗိုလ်မှူးကြီး အောင်ထွန်းခိုင် (အငြိမ်းစား)၊ ဦးသိန်းလွင် (ယာယီ ဥက္ကဋ္ဌ MFPD)၊ အော်တစ်ဇင်ရှိကလေးငယ်များ၊ မိဘများ ၊ Special School အသီးသီးမှ ကလေးငယ်များ၊ ဆရာ ဆရာမများ၊ သတင်းမီဒီယာသမားများနှင့် အခြားစိတ်ပါဝင်စားသူ (၁၀၀၀) ဦးခန့် တက်ရောက်ကြပါသည်။

၉။ ၉-၄-၂၀၁၉ ရက်နေ့တွင် Mrs Annie Amara Tin Sein[Occupational Therapist(OT)] at Novato Unified School District, California မှ လာရောက်၍ လိုအပ်သော အကြံဉာဏ်များပေး၍ သင်ထောက်ကူပစ္စည်းများ လှူဒါန်းသွားပါသည်။ ထို့ပြင် ၁၉-၄-၂၀၁၉ ရက်နေ့တွင် London,United Kingdomရှိ Marcus AND Marcus ltd မှ မလင်းပပတို့ ဇနီးမောင်နှံမှ UK ရှိ အသက် ၁၈ နှစ်ပြည့်ပြီး အော်တစ်ဇင်ရှိသူများအတွက် လုပ်ဆောင်ပေးနေသောအရာများကို EC များ၊ ဆရာ/ဆရာမများကို မြန်မာအော်တစ်ဇင်အသင်းတွင် ပြန်လည်မျှဝေပါသည်။

၁၀။ ၂၃-၆-၂၀၁၉ ရက်နေ့တွင် $1^{st}$ Seed သင်တန်းတက်ထားသော MAA မှ သင်တန်းသားများအား ဒိန်းမတ်အဖွဲ့မှ မေးခွန်းများ မေးမြန်းခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းဆောင်ရွက်ခဲ့ပြီး ၂၄-၆-၂၀၁၉ ရက်နေ့တွင် ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့၌ ဒိန်းမတ်အဖွဲ့နှင့် MAA မှ သင်တန်းသားများ၊ အခြားသင်တန်းသားတို့က Monitoring and Evaluations Workshop ပြုလုပ်ခဲ့ပါသည်။ ထို့ပြင် ၇-၈-၂၀၁၉ ရက်နေ့တွင် နေပြည်တော် ဇမ္ဗူသီရိဟိုတယ်၌ ပြုလုပ်ခဲ့သော Development of Policy Recommendations For Autism (Autism Mapping Workshop)တွင် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အဖွင့်အမှာစကား ပြောကြားပြီး ကျန်းမာရေး၊ ပညာရေးတို့မှ တာဝန်ရှိသူများ၊ Special Needs ကျောင်းများမှ အုပ်ချုပ်သူများ၊ ပညာရှင်များ၊ ဆရာ/ဆရာမများ၊ မြန်မာအော်တစ်ဇင်အသင်းမှ အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်စုပေါင်းဆွေးနွေးကြပါသည်။

၁၁။ ၁၄-၉-၂၀၁၉ ရက်နေ့တွင် AUTISM MAPPING WORKSHOP ASD ဆိုင်ရာ အမျိုးသားအဆင့် မူဝါဒမူကြမ်းအပေါ် ထပ်မံအကြံပြုဆွေးနွေးပွဲကို ရန်ကုန်မြို့၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မသန်စွမ်းသင်တန်းကျောင်း အဆောင်(၂) ခန်းမတွင် ပြုလုပ်ခဲ့ကြပါသည်။

## Voluntary Service Overseas

## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

၁။ (၂၀၁၉)ခုနှစ်အတွင်း Voluntary Service Overseas (VSO) မှ မသန်စွမ်းသူများဆိုင်ရာအခွင့်အရေး တိုးမြှင့်လုပ်ဆောင်ပေးခြင်းလုပ်ငန်းများကို လုပ်ဆောင်နိုင်ခဲ့သည်။ အထူးသဖြင့် VSO သည် (၂၀၁၉)ခုနှစ် အတွင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေး ဦးစီးဌာန၊ ထိခိုက်လွယ် ဌာနစိတ်နှင့်အတူ နိုင်ငံတကာစေတနာ့ဝန်ထမ်း (၁) ဦး၊ ဒေသခံစေတနာ့ဝန်ထမ်း (၁) ဦးတို့အား မသန်စွမ်းများ၏ အခွင့်အရေးများတိုးမြှင့်၊ ကာကွယ်၊ အကောင်အထည်ဖော်ဆောင်ရေးလုပ်ငန်း များတွင် ပံ့ပိုးကူညီမှုပြု နိုင်ရန်ပံ့ပိုးပေးနိုင်ခဲ့သည်။ ၎င်းတစ်နှစ်တာကာလအတွင်း ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် အတူပူးပေါင်းကာ မသန်စွမ်းမှုနှင့်မီဒီယာ အလုပ်ရုံဆွေးနွေးပွဲပြုလုပ် ကျင်းပနိုင်ခြင်း၊ မသန်စွမ်းသူများ၏ တရားမျှတမှုရရှိပိုင်ခွင့်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပပြု လုပ်ခြင်း၊ ကြားဖြတ်သန်းခေါင်စာရင်း (၂၀၁၉) ကောက်ခံခြင်းတွင် မသန်စွမ်းသူများ၏ အချက်အလက်ကောက်ယူရန်အတွက် ဝါရှင်တန်မေးခွန်းပေါင်း (၆)ခုအသုံးပြု၍ ကောက်ယူနိုင်ရန် နည်းပညာပံ့ပိုးပေးခြင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့်အတူ ကိုယ်စားလှယ်တော်များအား နယူးဇီလန်နိုင်ငံအစိုးရ၏ မသန်စွမ်းလုပ်ငန်းများအား (၃) ရက်တာနည်းပညာပိုင်းဆိုင်ရာ လေ့လာရေးခရီးအားစီစဉ် ဆောင်ရွက်ပံ့ပိုးပေးနိုင်ခဲ့သည်။ လူမှုအားလုံးပါဝင်ခြင်းနှင့် ဂျဲန်ဒါဆရာဖြစ်မွမ်းမံသင်တန်းများ (Social Inclusion and Gender TOT Trainings) ကိုလည်း (၂၀၂၀)ခုနှစ်အတွင်း အစိုးရဌာနဆိုင်ရာများ၊ မသန်စွမ်းသူအဖွဲ့အစည်းများအား ပံ့ပိုးပေးနိုင်ရန်စီစဉ်ဆောင်ရွက်နိုင်ခဲ့ပါသည်။

၂။ (၂၀၁၉)ခုနှစ်၊ မတ်လ (၂၈) ရက် မှ (၂၉)ရက်နေ့တွင် ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ နေပြည်တော်တွင်ဦးဆောင်ကျင်းပသော မသန်စွမ်းမှုနှင့်မီဒီယာ (၂) ရက်တာအလုပ်ရုံဆွေးနွေးပွဲတွင် နည်းပညာပိုင်းဆိုင်ရာနှင့် ငွေကြေးပံ့ပိုးထောက်ပံ့မှုကို VSO မှပံ့ပိုးဆောင်ရွက်ပေးခဲ့သည်။ အလုပ်ရုံ ဆွေးနွေးပွဲတွင် မတူညီသောသတင်းမီဒီယာအဖွဲ့စုစုပေါင်း (၂၃) ဖွဲ့တို့မှ တက်ရောက်ခဲ့သည်။ မသန်စွမ်းသူများ၏အကြောင်းအရာသတင်းအချက်အလက်များအား သတင်းမီဒီယာများတွင် ဖော်ပြရေးသားနိုင်ခြင်း၊ နိုင်ငံတော်အစိုးရမှလက်ရှိလုပ်ဆောင်နေသော လုပ်ငန်းများကို တင်ပြခြင်း၊ မသန်စွမ်းသတင်းအချက်များဖော်ပြရေးသာနိုင်ရန် မီဒီယာများ၏ အခန်းကဏ္ဍနှင့် မသန်စွမ်းသူများ သတင်းမီဒီယာများကို လွယ်ကူစွာလက်လှမ်းမီအသုံးပြုနိုင်ရန်စသည့် အခန်းကဏ္ဍများကို အတူတကွ ဆွေးနွေးခဲ့ကြသည်။

၃။ (၂၀၁၉)ခုနှစ်၊ ဇူလိုင်လ (၃၀) ရက်နေ့မှ (၃၁)ရက်တွင် ပြန်လည်ထူထောင်ရေးဦးစီဌာန၊ DFID နှင့် VSO တို့ပူးပေါင်းကာ (၂)ရက်တာကြာမြင့်သောမသန်စွမ်းသူများအတွက် တရားမျှတမှုရရှိပိုင်ခွင့် အလုပ်ရုံဆွေးနွေးပွဲအား နေပြည်တော်တွင်ပြုလုပ်ကျင်းပခဲ့သည်။ မသန်စွမ်းသူများတရားမျှတမှု ရရှိပိုင်ခွင့်ဆိုင်ရာ အခက်အခဲအတားအဆီးများအား အသိပညာအမြင်ဖွင့်ခြင်း၊ အတားအဆီးများကို နားလည်သဘောပေါက်စေရန်နှင့် မည်သို့ရင်ဆိုင်ကျော်လွှားရန်လိုအပ်ချက်များကို အစိုးရဌာနဆိုင်ရာများ၊ မသန်စွမ်းသူအဖွဲ့အစည်းများနှင့် တရားဥပဒေရေးရာတာဝန်ရှိသူများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်တွင်းအဖွဲ့အစည်းတို့မှ လွတ်လပ်တက်ကြွစွာပါဝင်ဆွေးနွေးနိုင်ခဲ့သည်။ မသန်စွမ်းသူအမျိုးသမီးများ၏ တရားမျှတမှုရရှိပိုင်ခွင့်ကိုလည်းအထူးအလေးပေးဆွေးနွေးတင်ပြခဲ့ကြသည်။ မတူညီသောအဖွဲ့အစည်း၊ ဌာနဆိုင်ရာအသီးသီးမှ တက်ရောက်သူ စုစုပေါင်း (၁၅၀) ခန့်တက်ရောက်ခဲ့သည်။ မသန်စွမ်းသူများဆိုင်ရာတရားမျှတမှုရရှိပိုင်ခွင့် အသိပညာပေးအမြင်ဖွင့်လုပ်ငန်းများလုပ်ဆောင်ခြင်းနှင့် မသန်စွမ်းသူများ တရားမျှတမှုရရှိပိုင်ခွင့်ဆိုင်ရာ ဆပ်ကော်မတီဖွဲ့စည်းနိုင်ရန် ပထမဆုံး

ခြေလှမ်းတစ်ခု အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။

၄။ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၏ခွင့်ပြုလမ်းညွှန်ချက်အောက်တွင် The Leprosy Mission Myanmar (TLMM)၊ လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနနှင့် ပူးပေါင်းကာ VSO မြန်မာမှ ကြားဖြတ်သန်းခေါင်စာရင်း (၂၀၁၉) ကောက်ခံခြင်းတွင် မသန်စွမ်းမှုဆိုင်ရာ အချက်အလက်ကောက်ယူရန် ဝါရှင်တန် မေးခွန်းများအသုံးပြုကာ ပြည်နယ်နှင့်တိုင်းဒေသများ (၁၄)ခု နှင့် ပြည်ထောင်စု နယ်မြေ (နေပြည်တော်) အပါအဝင်၊ အချက်အလက်ကောက်ယူရန် နည်းပြများအား မသန်စွမ်းမှုဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက် နားလည်စေရန်နှင့် ဝါရှင်တန်မေးခွန်းများ မှန်ကန်စွာ မေးမြန်းနားလည်အသုံးပြုနိုင်ရန် ရည်ရွယ်ချက်ဖြင့် နည်းပညာ ပံ့ပိုးပေးခဲ့သည်။ နည်းပြသင်တန်းသားပေါင်း (၃၇၇)ဦးအား သင်တန်းအသုတ် (၄)ကြိမ် ခွဲကာ ဝါရှင်တန်မေးခွန်းစုစုပေါင်း (၆)ခုအပါအဝင် ကျန်းမာရေးအထောက်အပံ့ရရှိမှု၊ ဘဝပျော်ရွှင်မှုနှင့် လူမှု အဖွဲ့အစည်းများတွင် ပါဝင်မှုနှင့်လှုပ်ရှားမှုတို့ကို တိုင်းတာခန့်မှန်းနိုင်သောမေးခွန်းများကို ကောင်းမွန်စွာ မေးမြန်းနိုင်ရန် နည်းပညာပံ့ပိုးပေးခဲ့သည်။ ဝါရှင်တန်မေးခွန်း (၆)ခုအား ထည့်သွင်းမေးမြန်းနိုင်ခြင်းသည် ကုလသမဂ္ဂ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်အား အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ဖြစ်ပြီး၊ ၂၀၁၉ ခုနှစ် UNCRPD ကော်မတီမှ မြန်မာနိုင်ငံ၏ မသန်စွမ်းလုပ်ငန်းများအပေါ် အကြံပြုထားသော အချက်တစ်ခုလည်း ဖြစ်သည်။ Sustainable Development Goals (target 17.18) တွင်လည်း မသန်စွမ်းသူများ၏ သတင်းအချက်အလက်ကောက်ယူခြင်းနှင့် အခွင့်အရေးများဖော်ဆောင်ရန် အတားအဆီးများအား ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ရာတွင် ဝါရှင်တန်မေးခွန်း (၆)ခုအသုံးပြုရန် ထည့်သွင်းစဉ်းစားသင့်ကြောင်း ဖော်ပြထားသည်ကို လက်တွေ့ကျင့်သုံး အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်သည်။

၅။ VSO မြန်မာသည် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာ ၃ ရက်နေ့ နေပြည်တော်တွင်ပြုလုပ်ကျင်းပသော အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့တွင် လူမှုအားလုံးပါဝင်ခြင်းနှင့် ဂျဲန်ဒါနည်းပြသင်တန်း (Social Inclusion and Gender TOT Training) အား မသန်စွမ်းသူများအဖွဲ့အစည်း၊ သက်ဆိုင်ရာဌာနဆိုင်ရာများသို့ မိတ်ဆက်ပေးခဲ့သည်။ ၎င်းသင်တန်းသည် မသန်စွမ်းသူများအပေါ်ထားရှိသော စိတ်နေစိတ်ထားနှင့် ထင်မြင်ယူဆချက်များအား ဖော်ထုတ်ခြင်း၊ သဘောထားအမြင်သစ်များ မွေးထုတ်ခြင်း၊ မသန်စွမ်းသူများ လက်လှမ်းမီအသုံးပြုနိုင်ရန် အတားအဆီးများ ဖယ်ရှားနိုင်ခြင်းနှင့် မသန်စွမ်းများအပေါ်ခွဲခြားဆက်ဆံခြင်း၊ ဘေးဖယ်ထားခံရခြင်း၊ ဖိနှိပ်ခြင်း တို့အား ကာကွယ်၊ တားဆီး၊ ဖယ်ရှားနိုင်ရန် ရည်ရွယ်ပါသည်။

၆။ အလားတူ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့မှ ၁၁ ရက်နေ့၊ (၃) ရက်တာနည်းပညာလေ့လာရေး ခရီးအား VSO မြန်မာသည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဦးဆောင်သော အခြားတာဝန်ရှိ ကိုယ်စားလှယ်တော်နှစ်ဦးနှင့် VSO နိုင်ငံတကာစေတနာ့ဝန်ထမ်းတစ်ဦးနှင့်အတူ နယူးဇီလန်နိုင်ငံအစိုးရ၏ မသန်စွမ်းသူများဆိုင်ရာ အခွင့်အရေး အကောင်အထည်ဖော်ဆောင်ရေးလုပ်ငန်းများကို လေ့လာနိုင်ရန် ပံ့ပိုးပေး နိုင်ခဲ့သည်။ VSO မြန်မာသည် Office for Disability Issues (ODI)၊ လူမှုဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျန်းမာရေး ဝန်ကြီးဌာန၊ Ombudman၊ လူ့အခွင့်အရေးကော်မရှင်၊ Accessibility – State Services Commission၊ New Zealand Disability Support Network၊ DOP Coalition နှင့် Ministry of Foreign Affairs and Trade တို့နှင့် မြန်မာနိုင်ငံကိုယ်စားလှယ်များ အပြန်အလှန်တွေ့ဆုံနိုင်ရန် စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့သည်။




Disability and Media Workshop



Access to Justice Workshop Panel on Barriers on Disability and How to Overcome them



Mid-Term Census Disability Training for Census Enumerators



New Zealand Study Tour by Myanmar Delegation meeting with Disability Support Network

## ABILIS FOUNDATION

## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

၁။ ABILIS Foundation ကို ၁၉၉၈ ခုနှစ် ဖေဖော်ဝါရီလ ၁၁ရက်နေ့တွင် စတင်တည်ထောင်ခဲ့ပါသည်။ ဖင်လန်နိုင်ငံဆိုင်ရာ ဖွံ့ဖြိုးရေးအကူအညီနှင့် ထောက်ပံ့ရေးပုံစံအသစ်အား နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထောက်ပံ့မှုနှင့်အတူ အမှန်တကယ် လိုအပ်သလိုအကူအညီများပေးနိုင်ရန် တိကျသေချာစွာသတ်မှတ်၍ ထောက်ပံ့ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ထောက်ပံ့မှုများပေးရာတွင် ဖင်လန်နိုင်ငံဆိုင်ရာ ဖွံ့ဖြိုးရေးမူဝါဒအစီအစဉ်များအတိုင်း မသန်စွမ်းသူများနှင့် ၎င်းတို့၏အဖွဲ့အစည်းများမှ မသန်စွမ်းမှုဆိုင်ရာ ကဏ္ဍများကို အလေးထား အစပြုဆောင်ရွက်ခဲ့ကြပါသည်။ ၁၉၉၈ ခုနှစ်တွင် ဖင်လန်နိုင်ငံ အမျိုးသားအဆင့် မူဝါဒနှင့် မှတ်ပုံတင်ခြင်းဆိုင်ရာ ဘုတ်အဖွဲ့မှ တရားဝင်မှတ်ပုံတင် အမှတ် (1466157–1) ရရှိခဲ့ပါသည်။ နှစ်ပေါင်း (၂၀)ကာလအတွင်း ABILIS Foundation ၏ အဓိကအလှူရှင်မှာ ဖင်လန်နိုင်ငံခြားရေးဝန်ကြီးဌာန ဖြစ်ပါသည်။

၂။ ABILIS Foundation အနေဖြင့် မြန်မာနိုင်ငံမှ မသန်စွမ်းအဖွဲ့များအား ၂၀၁၄ခုနှစ်မှ စတင်ပံ့ပိုးခဲ့ပါသည်။ ထိုကဲ့သို့ပံ့ပိုးရာတွင် မသန်စွမ်းအဖွဲ့များရေရှည်ရပ်တည်နိုင်ရန် အဖွဲ့ဝင်ငွေတိုးလုပ်ငန်းများ၊ အဖွဲ့ဝင်မသန်စွမ်းသူများအတွက် ဝင်ငွေတိုးလုပ်ငန်းများ၊ မသန်စွမ်းမှုဆိုင်ရာအသိပညာပေးသင်တန်းများ၊ မသန်စွမ်းသူများအတွက် စွမ်းရည်မြှင့် အစီအစဉ်များအတွက်စီမံကိန်းများအား ပံ့ပိုးလျက်ရှိသည့်အပြင် စီမံကိန်းလျှောက်ထားသည့် အဖွဲ့များအတွက် အဆိုပြုလွှာ ရေးသားနည်းသင်တန်းများ၊ ငွေကြေးစီမံခန့်ခွဲမှုသင်တန်းများ၊ အစီရင်ခံစာရေးသားနည်းသင်တန်းများအား ထောက်ပံ့ပေးလျက်ရှိပါသည်။

၃။ ၂၀၁၇ခုနှစ်မှ ၂၀၁၉ခုနှစ်အထိ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့မှ မသန်စွမ်းအဖွဲ့အစည်းများအား စီမံကိန်း(၂၉) အတွက် မြန်မာကျပ်ငွေ ၂၄၄,၃၀၇,၉၀၅ အားပံ့ပိုးခဲ့ပြီးဖြစ်ပါသည်။ ထောက်ပံ့ငွေရရှိသည့် စီမံကိန်းအမျိုးအစားများမှာ အဖွဲ့ရေရှည်ရပ်တည်နိုင်ရေးအတွက် စာစီစာရိုက်မိတ္တူဆိုင်လုပ်ငန်း၊ ဆပ်ပြာဆီထုတ်လုပ်ခြင်းလုပ်ငန်း၊ ကုန်စုံဆိုင်လုပ်ငန်း၊ ရာသီပေါ်သီးနှံရောင်းဝယ်ရေးလုပ်ငန်း၊ စီပီကြက်မွေးမြူရေးလုပ်ငန်း၊ လျှပ်စစ်ပစ္စည်းမျိုးစုံရောင်းချခြင်းလုပ်ငန်း၊ ဆန်ရောင်းဝယ်ခြင်းလုပ်ငန်း၊ သုံးဘီးတုတ်တုတ်အငှားလိုက်ခြင်းလုပ်ငန်း၊ သဘာဝမြေသြဇာရောင်းချခြင်းလုပ်ငန်း၊ ငုံးမွေးမြူရေးလုပ်ငန်းတို့ဖြစ်ကြပြီး အဖွဲ့ဝင်မသန်စွမ်းသူများအလုပ်အကိုင်ရရှိရေးအတွက် လက်မှုပစ္စည်းများထုတ်လုပ်ခြင်းလုပ်ငန်း၊ မျက်မမြင် အနှိပ်ခန်းလုပ်ငန်း၊ ဝက်မွေးမြူရေးလုပ်ငန်း၊ ဆိတ်မွေးမြူရေးလုပ်ငန်း၊ နို့စားနွားမွေးမြူရေးလုပ်ငန်းတို့ဖြစ်ကြပြီး မသန်စွမ်းမှုဆိုင်ရာ အသိပညာဗဟုသုတများ ရပ်ရွာလူထုမှ ပိုမိုသိရှိလာနိုင်ရန်အတွက် အကြားအာရုံမသန်စွမ်း သူများအတွက် အခြေခံလက်သင်္ကေတဘာသာစကားသင်တန်း၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအနုပညာပွဲတော်နှင့် မသန်စွမ်းသူများအတွက် စွမ်းရည်မြှင့်သင်တန်းစသည့် စီမံကိန်းများအတွက် ပံ့ပိုးခဲ့ပါသည်။

၄။ ၂၀၂၀–၂၀၂၁ခုနှစ်အတွက် စီမံကိန်းပံ့ပိုးရန်လျာထားနယ်မြေများမှာ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့ဖြစ်ပါသည်။ ယခုကဲ့သို့ မသန်စွမ်းအဖွဲ့များအား ပံ့ပိုးပေးခြင်းဖြင့် မသန်စွမ်းအဖွဲ့များ ရေရှည်ရပ်တည်နိုင်ရန် ရန်ပုံငွေများ တိုးလာခြင်း၊ အဖွဲ့ဝင်မသန်စွမ်းသူများအလုပ်အကိုင်ရရှိခြင်း၊ မသန်စွမ်းသူများကိုယ်တိုင် မိမိကိုယ်ကိုယ်ယုံကြည်မှုရှိလာပြီး စွမ်းဆောင်ရည်များ မြင့်မားလာခြင်း၊ ရပ်ရွာလူထုမှ မသန်စွမ်းသူများ၏ စွမ်းဆောင်ရည်များအား အသိအမှတ်ပြုလာခြင်း စသည့် အကျိုးကျေးဇူးများကိုရရှိပါသည်။

## The Leprosy Mission Myanmar

## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

The Leprosy Mission Myanmar မှ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုနှင့် ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ပေးခဲ့ပါသည်-

**၂၀၁၈ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာ**

| စဉ် | ခုနှစ် | အကြောင်းအရာ |
|---|---|---|
| ၁။ | ၂၀၁၈ ခုနှစ် | လုပ်ငန်းဆောင်ရွက်သည့် ကာလနှင့် သုံးစွဲသည့် ပမာဏ (US $)<br>၂,၀၁၈,၈၁၉.၅၂ (အမေရိကန်ဒေါ်လာ) |
| ၂။ | ၂၀၁၈ ခုနှစ် | **လူတိုင်းအကျိုးဝင် သဘာဝဘေးအန္တရာယ်ကာကွယ် လျော့ချရေးစီမံကိန်း။**<br>• ကျေးရွာလူထု၊ သဘာဂဘေးအန္တရာယ်လျော့ချရေးကော်မတီဝင်များနှင့် ရပ်ရွာအဖွဲ့အစည်းများ၊ ကျောင်းဆရာ၊ ဆရာမများအား သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သော သင်တန်းပေးခြင်း။<br>• ကျေးရွာ ၁၅ ရွာတွင် လမ်း၊ တံတား၊ မိုးရေလှောင်ကန်၊ တာဘောင်၊ ရေနုတ်မြောင်း စသည်တို့ တည်ဆောက်ပေးခြင်း။<br>• ယင်လုံအိမ်သာနှင့် အများသုံးအိမ်သာများ တည်ဆောက်ပေးခြင်း။<br>• အရေးပေါ်သုံးပစ္စည်းများပံ့ပိုးခြင်း။<br>• သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးဆိုင်ရာ သရုပ်ပြလေ့ကျင့်ခြင်းများကို ပြုလုပ်ခြင်း။<br>**ရပ်ရွာအခြေပြု ပြန်လည် ထူထောင်ရေးနှင့် အားလုံးအကျိုးဝင်ရေးစီမံကိန်း အပိုင်း၂။**<br>• မသန်စွမ်းသူများ၏ မိသားစုဝင်များ၊ အုပ်ထိန်းသူများအား မသန်စွမ်းသူများ ခန္ဓာပြန်လည် သန်စွမ်းလာစေရန်နည်းပညာများကို သင်ကြားပေးခြင်း။<br>• မသန်စွမ်းသူများ ကိုယ်ကာယပြန်လည်ထူထောင်ရေးလေ့ကျင့်ခန်းများ ပြုလုပ်ပေးခြင်း။<br>• ကိုယ့်အားကိုယ်ကိုး အဖွဲ့ငယ်များဆက်လက်ရှင်သန်စေရေးအတွက် CBR ရွာ အတွင်းရှိ SHG အဖွဲ့များ အားလမ်း ကျောင်းပေးခြင်း။<br>• မသန်စွမ်းမှုနှင့် ဆက်စပ်သော ကျန်းမာရေးအသိ ပညာပေးအစီအစဉ်များ ပြုလုပ်ခြင်း။<br>• စီမံကိန်းဒေသရှိ ဆရာမများနှင့်ဆရာများအား မသန်စွမ်းမှုနှင့် အကျိုးဝင်ပညာရေး သင်တန်းကို ဆွေးနွေးပွဲကို မြို့နယ် ပညာရေးမှူးရုံးနှင့် ချိတ်ဆက်ပေးခြင်း။ |
| | | **စီးပွားရေးဆိုင်ရာထိခိုက်လွယ်မှုများကိုလျော့ချပေးခြင်းစီမံကိန်း။**<br>• ထိခိုက်လွယ်သော မသန်စွမ်းသူများနှင့် မိသားစုဝင်များအား အသက်မွေးဝမ်းကျောင်း သင်တန်းနှင့် နည်းပညာများပေးခြင်း။<br>• လုပ်ငန်းအရင်းအနှီးအတွက် ချေးငွေရစေရန် ပံ့ပိုးကူညီပေးခြင်း။<br>• စျေးကွက်ရှာဖွေဖော်ထုတ်ခြင်း။<br>• မသန်စွမ်းသူများကို အလုပ်နေရာချထားခြင်း။<br>• မသန်စွမ်းသူများအသက်မွေးဝမ်းကျောင်းလုပ်ငန်းများလုပ်ဆောင်နိုင်ရန်အတွက် လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း။<br>**ကိုယ်ခန္ဓာပြန်လည်သန်စွမ်းရေးနှင့်လွယ်ကူစွာအတားအဆီးကင်းမဲ့သွားလာနိုင်ရေး စီမံကိန်း။**<br>• ရပ်ရွာလူထုအား အနာကြီးရောဂါအကြောင်း၊ မသန်စွမ်းမှုနှင့် အကျိုးဝင်ဖွံ့ဖြိုးရေး အကြောင်း အသိပညာပေးဆွေးနွေးပွဲများ ပြုလုပ်ဟောပြောခြင်း။ |

| စဉ် | ခုနှစ် | အကြောင်းအရာ |
|---|---|---|
| | | • ရပ်ရွာလူထုအားမသန်စွမ်းသူများ အခွင့်ရေးဆိုင်ရာသဘောတူစာချုပ်အကြောင်း အသိပညာပေးဆွေးနွေးပွဲများ ပြုလုပ်ဟောပြောခြင်း။<br>• ရပ်ရွာလူထုအားမသန်စွမ်းမှုနှင့် ဆက်စပ်သော ကျန်းမာရေးအသိပညာပေးအစီအစဉ်များပြုလုပ်ခြင်း။<br>• မသန်စွမ်းကလေးများ ပညာသင်ကြားနိုင်ရေး ပံ့ပိုးပေးခြင်း။<br>• မသန်စွမ်းကလေးများအားအခြေခံအထူးပညာရေးနည်းစနစ်ဖြင့်လေ့ကျင့်ပေးခြင်း။<br>• ခန္ဓာပြန်လည်ထူထောင်ရေးအတွက် အာဟာရပံ့ပိုးပေးခြင်း။<br>• ဆေးရုံ၊ ဆေးခန်းများသို့လွှဲပြောင်းကုသပေးခြင်း။<br>• ရပ်ရွာအတွင်းရှိလမ်း၊ တံတားများအားအများသုံးပုံစံဖြစ်အောင် ပြန်လည်ပြုပြင်တည်ဆောက်ပေးခြင်း။<br>• မသန်စွမ်းသူများ၏ နေအိမ်များအား အသေးစား ပြင်ဆင်တည်ဆောက်ပေးခြင်း။<br>• မသန်စွမ်းသူများ ခန္ဓာပြန်လည်သန်စွမ်းလာစေရန် နည်းပညာလေ့ကျင့်ခန်းများပေးခြင်း။<br>• အထောက်အကူ ပစ္စည်းများ ပံ့ပိုးပေးခြင်း။<br><br>**မသန်စွမ်းမှုအခွင့်အရေးနှင့် လွယ်ကူစွာသွားလာနိုင်ရေး ကဏ္ဍများတွင် ထောက်ခံမှုရရှိရန် ဆောင်ရွက်ခြင်းစီမံကိန်း။**<br>• ခရိုင်အဆင့်ဌာနဆိုင်ရာများအား မသန်စွမ်းမှုအသိပညာပေးသင်တန်းများပေးခြင်း။<br>• ခရစ်ယာန်အသင်းတော်များအားမသန်စွမ်းသူများအခွင့်အရေးဆိုင်ရာသဘောတူစာချုပ်ပါအားလုံး အကျုံးဝင်ပြန်လည်ထူထောင်ရေး သင်တန်းပေးခြင်း။<br>• မသန်စွမ်းအဖွဲ့အစည်းများအား အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်ပါအားလုံး အကျုံးဝင်ပြန်လည်ထူထောင်ရေး သင်တန်းပေးခြင်း။ |
| ၃။ | ၂၀၁၈ ခုနှစ် ဆောင်ရွက်ပြီးစီးမှု လုပ်ငန်းများ | **ကျန်းမာရေး**<br>• အကြောအဆစ်များဆိုင်ရာ ကုသပေးခြင်း(၇၂၇)ဦး၊ လှုပ်ရှားသွားလာမှု လွယ်ကူစေရန် အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးခြင်း(၆၁၂)ဦး၊ ဆေးရုံဆေးခန်းများသို့ လွှဲပြောင်းကုသပေးခြင်း (၂၈၆)ဦး၊မသန်စွမ်းသူများနှင့် အနာကြီးရောဂါသည်များအား မိမိကိုယ်မိမိ ပြုစုနိုင်ရေး ဆောင်ရွက်ပေးခြင်း (၁၀၀)ဦး၊ မသန်စွမ်းအရင်းအမြစ်ဌာနခွဲများ ဖွင့်လှစ်ခြင်းနှင့် အနာကြီးရောဂါခံစားနေရသူများအား မော်လမြိုင်အထူးအရေပြားဆေးရုံတွင် ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း(၁၄၇၂)ဦး။<br><br>**အသက်မွေးဝမ်းကျောင်း**<br>• ထောက်ပံ့ငွေပေးခြင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများပေးခြင်း(၁၆၆)ဦး၊ တစ်ဦးချင်း (သို့)အဖွဲ့လိုက်အသေးစားငွေချေးမှုများ ဆောင်ရွက်ပေးခြင်း(၂၀၃)ဦး။<br><br>**ပညာရေး**<br>• ပညာရေးဆိုင်ရာအထောက်အပံ့များ ဆောင်ရွက်ပေးခြင်း (၁၆၂)ဦး၊ မသန်စွမ်းကလေးများအား အခြေခံအထူးပညာရေးနည်းစနစ်ဖြင့်လေ့ကျင့်ပေးခြင်း (၂၆၄)ဦး၊ ခန္ဓာပြန်လည် ထူထောင်ရေးအတွက် အာဟာရပံ့ပိုးပေးခြင်း (၄၅၅) ဦး။ |

| စဉ် | ခုနှစ် | အကြောင်းအရာ |
|---|---|---|
| | | **မသန်စွမ်းသူမှုအခွင့်အရေးနှင့် ထောက်ခံမှုရရှိရန် ဆောင်ရွက်မှုကဏ္ဍ။**<br>• မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့် ထောက်ခံမှုရရှိရန် အသိပညာပေးခြင်းလုပ်ငန်းများကို ရပ်ရွာအဆင့်၊ အာဏာပိုင်အဖွဲ့အစည်း၊ ပညာရေး၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ စသဖြင့် အဆင့်ဆင့်လုပ်ဆောင်ခြင်း ၃၁၄ ကြိမ် (၄၁၆၇) ဦး၊ မသန်စွမ်းမှုနှင့် ဆက်စပ်သော ကျန်းမာရေးအသိပညာပေး အစီအစဉ်များ ပြုလုပ်ခြင်း ၁၇၁ ကြိမ် (၄၆၈၁) ဦး။<br>• ကျေးရွာလူထု၊ သဘာဝဘေးအန္တရာယ်လျှော့ချရေးကော်မတီဝင်များနှင့် ရပ်ရွာအဖွဲ့အစည်းများ၊ ကျောင်းဆရာ၊ ဆရာမများအား သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သော သင်တန်းပေးခြင်း။<br>• သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးဆိုင်ရာ သရုပ်ပြလေ့ကျင့်ခြင်းများကို ပြုလုပ်ခြင်း(၂၆၉)ဦး။<br><br>**ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်း**<br>• ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ဆောင်ရာတွင် ကျေးရွာပေါင်း(၁၅၇)ရွာတွင် လုပ်ဆောင်ခဲ့ပါသည်။<br>• ကျေးရွာ ၁၅ရွာတွင် လမ်း(၁၄)ခု နှင့် တံတား(၄) စင်း စသည်တို့ တည်ဆောက်ပေးခြင်း။ ယင်လုံ အိမ်သာ သုံးလုံးတည်ဆောက်ပေးခြင်း။<br><br>**အခြေခံအဆောက်အဦများ တည်ဆောက်ရေးပိုင်း။**<br>• လှုပ်ရှားသွားလာမှုဆိုင်ရာ အတားအဆီးများကင်းစင်စေရေးဆောင်ရွက်ပေးခြင်း။ ရပ်ရွာများအတွင်း (၂၄)။ |
| | | စီမံချက်ဆောင်ရွက် ပြီးစီးမှု ၁၀၀ % |

၂၀၁၉ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာ

| စဉ် | ခုနှစ် | အကြောင်းအရာ |
|---|---|---|
| ၁။ | ၂၀၁၉ ခုနှစ် | လုပ်ငန်းဆောင်ရွက်သည့် ကာလနှင့် သုံးစွဲသည့် ပမာဏ (US $)<br>၂,၀၁၈,၈၁၉.၅၂ (အမေရိကန်ဒေါ်လာ) |
| ၂။ | ၂၀၁၉ ခုနှစ် | **လူ့တိုင်းအကျုံးဝင် သဘာဝဘေးအန္တရာယ်ကာကွယ် လျော့ချရေးစီမံကိန်း။**<br>• ကျေးရွာလူထု၊ သဘာဝဘေးအန္တရာယ်လျှော့ချရေးကော်မတီဝင်များနှင့် ရပ်ရွာအဖွဲ့အစည်းများ၊ ကျောင်းဆရာ၊ ဆရာမများအား သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သော သင်တန်းပေးခြင်း။<br>• ကျေးရွာ ၁၅ ရွာတွင် လမ်း၊ တံတား၊ မိုးရေလှောင်ကန်၊ တာပေါင်၊ ရေနုတ်မြောင်း စသည်တို့ တည်ဆောက်ပေးခြင်း။<br>• ယင်လုံ အိမ်သာနှင့် အများသုံးအိမ်သာများ တည်ဆောက်ပေးခြင်း။<br>• အရေးပေါ်သုံးပစ္စည်းများပံ့ပိုးခြင်း။<br>• သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးဆိုင်ရာ သရုပ်ပြလေ့ကျင့်ခြင်းများကို ပြုလုပ်ခြင်း။<br><br>**ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးနှင့် အားလုံးအကျုံးဝင်ရေး စီမံကိန်း အပိုင်း-၂**<br>• မသန်စွမ်းသူများ၏ မိသားစုဝင်များ၊ အုပ်ထိန်းသူများအား မသန်စွမ်းသူများ ခန္ဓာ ပြန်လည် သန်စွမ်းလာစေရန် နည်းပညာများကို သင်ကြားပေးခြင်း။<br>• မသန်စွမ်းသူများ ကိုယ်ကာယပြန်လည်ထူထောင်ရေးလေ့ကျင့်ခန်းများ ပြုလုပ်ပေးခြင်း။<br>• ကိုယ့်အားကိုယ်ကိုး အဖွဲ့ငယ်များဆက်လက်ရှင်သန်စေရေးအတွက် CBR ရွာ အတွင်းရှိ SHG အဖွဲ့များအားလမ်း ကျောင်းပေးခြင်း။<br>• မသန်စွမ်းမှုနှင့် ဆက်စပ်သော ကျန်းမာရေးအသိ ပညာပေးအစီအစဉ်များ ပြုလုပ်ခြင်း။<br>• စီမံကိန်းဒေသရှိ ဆရာမများနှင့်ဆရာများအား မသန်စွမ်းမှုနှင့် အကျုံးဝင်ပညာရေး သင်တန်းကို ဆွေးနွေးပွဲကို မြို့နယ်ပညာရေးမှူးရုံးနှင့် ချိတ်ဆက်ပေးခြင်း။ |
| | | **စီးပွားရေးဆိုင်ရာ ထိခိုက်လွယ်မှုများကို လျော့ချပေးခြင်းစီမံကိန်း**<br>• ထိခိုက်လွယ်သော မသန်စွမ်းသူများနှင့် မိသားစုဝင်များအား အသက်မွေးဝမ်းကျောင်း သင်တန်းနှင့် နည်းပညာများပေးခြင်း။<br>• ဈေးကွက်ရှာဖွေဖော်ထုတ်ခြင်း။<br>• မသန်စွမ်းသူများကို အလုပ်နေရာချထားခြင်း။<br>• မသန်စွမ်းသူများ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း။<br><br>**ကိုယ်ခန္ဓာ ပြန်လည်သန်စွမ်းရေးနှင့် လွယ်ကူစွာအတားအဆီးကင်းမဲ့သွားလာနိုင်ရေး စီမံကိန်း**<br>• ရပ်ရွာလူထုအား အနာကြီးရောဂါအကြောင်း၊ မသန်စွမ်းမှုနှင့် အကျုံးဝင်ဖွံ့ဖြိုးရေး အကြောင်း အသိပညာပေးဆွေးနွေးပွဲများ ပြုလုပ်ဟောပြောခြင်း။<br>• ရပ်ရွာလူထုအား မသန်စွမ်းသူများအခွင့်ရေးဆိုင်ရာ သဘောတူစာချုပ်အကြောင်း အသိပညာပေးဆွေးနွေးပွဲများ ပြုလုပ်ဟောပြောခြင်း။ |

| စဉ် | ခုနှစ် | အကြောင်းအရာ |
|---|---|---|
| | | • ရပ်ရွာလူထုအားမသန်စွမ်းမှုနှင့် ဆက်စပ်သော ကျန်းမာရေးအသိပညာပေး အစီအစဉ်များ ပြုလုပ်ခြင်း။<br>• မသန်စွမ်းသူများ ခန္ဓာပြန်လည်သန်စွမ်းလာစေရန် နည်းပညာလေ့ကျင့်ခန်းများပေးခြင်း။<br>• အထောက်အကူပစ္စည်းများ ပံ့ပိုးပေးခြင်း။<br><br>**မသန်စွမ်းမှုအခွင့်အရေးနှင့်လွယ်ကူစွာသွားလာနိုင်ရေး ကဏ္ဍများတွင်ထောက်ခံမှုရရှိရန် ဆောင်ရွက်ခြင်းစီမံကိန်း။**<br>• ခရိုင်အဆင့် ဌာနဆိုင်ရာများအား မသန်စွမ်းမှုအသိပညာပေးသင်တန်းများပေးခြင်း။<br>• ခရစ်ယာန်အသင်းတော်များအား မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်ပါ အားလုံးအကျုံးဝင်ပြန်လည်ထူထောင်ရေးသင်တန်းပေးခြင်း။<br>• မသန်စွမ်းအဖွဲ့အစည်းများအား အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်ပါအားလုံး အကျုံးဝင်ပြန်လည်ထူထောင်ရေးသင်တန်းပေးခြင်း။ |
| ၃။ | ၂၀၁၉ ခုနှစ် | **ကျန်းမာရေး။**<br>• အကြောအဆစ်များဆိုင်ရာ ကုသပေးခြင်း (၁၀၁၁) ဦး၊ လှုပ်ရှားသွားလာမှုလွယ်ကူစေရန် အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးခြင်း (၂၁၅) ဦး၊ အနာကြီးရောဂါ ခံစားနေရသူများအား မော်လမြိုင်အထူးအရေပြားဆေးရုံတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း (၁၅၄၂) ဦး၊ ရှေးဦးအရွယ် ကလေးသူငယ်ဖွံ့ဖြိုးရေးအခြေအနေ တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေး ဝန်ဆောင်မှုပေးခြင်းတွင် ဝန်ဆောင်မှုပေးခဲ့သော ကလေးသူငယ်ပေါင်း (၄၉၆၀) ဦး။<br><br>**အသက်မွေးဝမ်းကျောင်း။**<br>• အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများနှင့် ချိတ်ဆက်ပေးခြင်းနှင့် လုပ်ငန်းခွင်အတွင်း သက်သောင့်သက်သာဖြစ်စေရန် စီစဉ်ပေးခြင်း (၃၇၈)ဦး။<br><br>**မသန်စွမ်းသူအခွင့်အရေးနှင့် ထောက်ခံမှုရရှိရန် ဆောင်ရွက်မှုကဏ္ဍ။**<br>• မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့် ထောက်ခံမှုရရှိရန် အသိပညာပေးခြင်း လုပ်ငန်းများကို ရပ်ရွာအဆင့်၊ အာဏာပိုင်အဖွဲ့အစည်း၊ ပညာရေး၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများစသဖြင့် အဆင့်ဆင့် လုပ်ဆောင်ခြင်း (၄၀)ကြိမ် (၃၅၅) ဦး၊ မသန်စွမ်းမှုနှင့် ဆက်စပ်သော ကျန်းမာရေးအသိ ပညာပေးအစီအစဉ်များ ပြုလုပ်ခြင်း (၁၀၃) ကြိမ် (၂၂၁၅) ဦး၊<br>• ကျေးရွာလူထု၊ သဘာဝဘေးအန္တရာယ်လျှော့ချရေးကော်မတီဝင်များနှင့် ရပ်ရွာအဖွဲ့အစည်းများ၊ ကျောင်းဆရာ၊ ဆရာမများအား သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သော သင်တန်းပေးခြင်း၊<br>• သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးဆိုင်ရာ သရုပ်ပြလေ့ကျင့်ခြင်းများကို ပြုလုပ်ခြင်း (၁၄၇)ဦး။ |

| စဉ် | ခုနှစ် | အကြောင်းအရာ |
|---|---|---|
| | | **ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်း**<br>• ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ဆောင်ရာတွင် ကျေးရွာပေါင်း (၁၃၆)ရွာတွင် လုပ်ဆောင်ခဲ့ပါသည်။<br>• ကျေးရွာ(၂)ရွာ၌ ဆောက်လုပ်ရေးတွင် သဘာဝဘေးအန္တရာယ် ခံနိုင်ဝန်စွမ်းအတွက် နည်းပညာများ ပညာရှင် (၃၄) ယောက်ကို သင်တန်းပေးခြင်း။<br>• ကျေးရွာ ၁၅ရွာတွင် လမ်းရေတားနှင့် ရေဆင်းကောင်းစေရန် ပြင်ဆင်မှု (၁) ခု၊ လမ်း (၁၅) ခု၊ လျှောက်လမ်း (၂၂) ခု နှင့် တံတား (၄) စင်း စသည်တို့ တည်ဆောက်ပေးခြင်း။<br>• ယင်လုံအိမ်သာ (၂)လုံး ပြုပြင်ပေးခြင်း၊ မီးဖို (၁၀) ခု၊ သောက်ရေကန် (၃)ခု၊ မိုးရေလှောင်ကန် (၂၃)ခု တို့နှင့် သဘာဝဘေးအန္တရာယ်ကျရောက်လျှင် အများပြည်သူ ခိုးကိုးရာ အဖြစ်ရှိသော ဓမ္မာရုံ (၂)ခုကို ဆောက်လုပ်ပြုပြင်ပေးခြင်း။<br><br>**အခြေခံအဆောက်အဦများ တည်ဆောက်ရေးပိုင်း**<br>• လှုပ်ရှားသွားလာမှုဆိုင်ရာ အတားအဆီးများ ကင်းစင်စေရေးဆောင်ရွက်ပေးခြင်း၊ ရပ်ရွာများအတွင်း (၆)။ |
| | | စီမံချက်ဆောင်ရွက် ပြီးစီးမှု ၁၀၀ % |

## ပေါင်းစည်းလူမှုဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း
## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

### မသန်စွမ်းသူများ၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ တန်တူညီမျှမှုရရှိရေး

၁။ အရှေ့တောင်အာရှနိုင်ငံများအသင်း၏ မသန်စွမ်းသူများဆိုင်ရာ စီမံချက် (၂၀၂၅) ASEAN Enabling Master plan 2025: Mainstreaming the Rights of PWDs အပေါ် ASEAN Disability Forum ၏ ရပ်တည်ချက်များနှင့် မသန်စွမ်းသူများ၏အခွင့်အရေးဖော်ဆောင်နိုင်ရေးကိစ္စရပ်များကို ပေါင်းစည်းဖောင်ဒေးရှင်း၏ရန်ပုံငွေဖြင့် ဌာနဆိုင်ရာတာဝန်ရှိသူများသို့ အောက်ပါအတိုင်း တင်ပြမှုများဆောင်ရွက်ခဲ့ပါသည်။

(က) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအား တွေ့ဆုံတင်ပြခြင်း၊ (နေပြည်တော်၊ ၂၇.၆.၂၀၁၈)

(ခ) နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး(ကိုယ်စား) အာဆီယံရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်အား တွေ့ဆုံပြီးတင်ပြခြင်း၊ (နေပြည်တော်၊၂၇.၆.၂၀၁၈)

(ဂ) မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့အားတွေ့ဆုံပြီး တင်ပြခြင်း။ (ရန်ကုန် ၃.၇.၂၀၁၈)

(ဃ) 33rd ASEAN Summit တွင် အတည်ပြုပြီးဖြစ်၍ အကောင်အထည်ဖော်ရေးလုပ်ငန်းများတွင် အားဖြည့်ဆောင်ရွက်ပေးလိုကြောင်း ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)နှင့်အတူ သွားရောက်တွေ့ဆုံတင်ပြခြင်း။ (နေပြည်တော်၊ နိုဝင်ဘာလ၊ ၂၀၁၈)







၂။ ကုလသမဂ္ဂ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေ (၂၀၁၅)၊ နည်းဥပဒေ (၂၀၁၇)နှင့် အရှေ့တောင်အာရှနိုင်ငံများ၏ မသန်စွမ်းသူများဆိုင်ရာ စီမံချက် (၂၀၂၅) တို့အား အသိပညာပေးဆွေးနွေးပွဲများကို ပေါင်းစည်းဖောင်ဒေးရှင်း၏ရန်ပုံငွေဖြင့် အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-



၆-၄-၂၀၁၉ ရက်နေ့တွင် တိုက်ကြီးမြို့၌ စစ်မှုထမ်းဟောင်း မသန်စွမ်းသူ(၂၅) ဦးအား အသိပညာပေးစဉ်။



၇.၄.၂၀၁၉ ရက်နေ့တွင် မော်ဘီမြို့၌ စစ်မှုထမ်းဟောင်း မသန်စွမ်းသူ (၃၅)ဦးအား အသိပညာပေးစဉ်။



၁၅.၅.၂၀၁၅ ရက်နေ့တွင် ထန်းတပင်မြို့၌ မသန်စွမ်းသူ(၃၅)ဦးအားအသိပညာပေးစဉ်။



၂၈-၄-၂၀၁၉ ရက်နေ့တွင် မသန်စွမ်းသူများ၏ အခွင့်အရေးကို ကိုယ်တိုင်ဖော်ဆောင်နိုင်ရေးအတွက်
စစ်မှုထမ်းဟောင်း မသန်စွမ်းသူ အများစုပါဝင်သည့် မော်ဘီမြို့နယ် မသန်စွမ်းသူများ
ဖွံ့ဖြိုးတိုးတက်ရေးအသင်းကို ဖွဲ့စည်းထူထောင်ပေးစဉ်။




၂၈-၄-၂၀၁၉ ရက်နေ့တွင် ရန်ကုန်မြို့၌ AGENDA နှင့် IFES (Myanmar) တို့ပူးပေါင်းဆောင်ရွက်သည့်
4th Refional Disability Rights Dialogue တွင် Panelist အဖြစ် ပူးပေါင်းပါဝင်စဉ်။

## မသန်စွမ်းသူများ၏ ပညာရေး

၃။ အကြားအာရုံနှင့် အမြင်အာရုံမသန်စွမ်းသူများ၏ ပညာရေးအတွက် အောက်ဖော်ပြပါအတိုင်း အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ပါသည်-

(က) မေရီချက်ဖ်မင်း နားမကြားကလေးများကျောင်းသို့ အကြားအာရုံမသန်စွမ်းသူများ၏ ပညာရေးအတွက် အလှူငွေ များ ပေးအပ်လှူဒါန်းခြင်း။ (၂၁.၉.၂၀၁၇)



(ခ) လူမှုဝန်ထမ်းဦးစီးဌာန၊ စစ်ကိုင်းမျက်မမြင်ကျောင်း တည်ထောင်ခြင်း (၁၇)ကြိမ် မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားတွင် ပေါင်းစည်းဖောင်ဒေးရှင်း (အထက်မြန်မာပြည်ရုံးခွဲ)က တက်ရောက်နေ့သည့် အမြင်အာရုံမသန်စွမ်းသူများ၏ ပညာရေးအတွက် အလှူငွေကျပ် (၁၀၀,၀၀၀)ကို လှူဒါန်းခြင်း။ (၁၆.၁၂.၂၀၁၇)

## မသန်စွမ်းသူများ၏ ကျန်းမာရေး

၄။ မသန်စွမ်းသူများအပါအဝင် အားလုံးအကျုံးဝင် ကျန်းမာရေးအထောက်အကူ လုပ်ငန်းများကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-

(က) ဂျပန်နိုင်ငံ Non-Caries Association နှင့် ပူးပေါင်း၍ မသန်စွမ်းသူများ မိဘမဲ့များနှင့် ကလေးငယ်များ၏ သွားနှင့် ခံတွင်းကျန်းမာရေး အခမဲ့ စစ်ဆေးပေးခြင်း။ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာ ၃ရက်၊ နေရာ-ရွှေပြည်သာ ကုသလရာမ ဓမ္မစကူး ကလေးငယ်များ၊ ကိုရင်များ သီလရှင်များနှင့် မသန်စွမ်းသူ အင်အား (၈၀)ဦး။





(ခ) ရွှေပြည်သာဆေးရုံသုံးပစ္စည်း (၈)မျိုးနှင့် လေအေးပေးစက် (၁)လုံးဝယ်ယူရန် ငွေသား ၃၅၀၀၀၀ကျပ်၊ မသန်စွမ်းသူများ အထောက်အကူပြုပစ္စည်း (၄)မျိုး၊ အမှတ် ၁၂ ရပ်ကွက် သာရေးနာရေးအသင်းသို့ အောက်စီဂျင်အိုး (၁)လုံးနှင့် ဆက်စပ်ပစ္စည်းများ (စုစုပေါင်း ငွေကျပ် ၁၅သိန်း)အား လှူဒါန်းခြင်း။ (ရွှေပြည်သာ၊၂၃.၉.၂၀၁၈)



**မသန်စွမ်းသူများ လွယ်ကူစွာ သွားလာနေထိုင် အသုံးပြုနိုင်ရေး**

၅။ မသန်စွမ်းသူများ လွယ်ကူစွာ သွားလာနေထိုင် အသုံးပြုနိုင်ရေးအတွက် အောက်ဖော်ပြပါ လှုပ်ရှားမှုများကို ဆောင်ရွက်ခဲ့ပါသည်-

(က) ရွှေပြည်သာမြို့နယ်၊ အမှတ် ၁၂ ရပ်ကွက် စံပယ်လမ်းတွင် မသန်စွမ်းသူများ အတားအဆီးမဲ့ လွယ်ကူစွာ သွားလာနေထိုင် အသုံးပြုနိုင်သည့် ကျပ်သိန်း(၅၀)ကျော် ကုန်ကျသည့် ရွှေနဂါး ဇရပ်အား စံနမူနာပြဆောက်လုပ် လှူဒါန်းခြင်း။ (၂၀၁၈ ခုနှစ် ဧပြီလ ၁၁ရက်)

(ခ) ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ဆောင်ပုဒ် ''The Future is Accessible'' နှင့်အညီ အသိပညာပေးအစီအစဉ်အဖြစ် မသန်စွမ်းသူများ၏ စွမ်းဆောင်ရည်ပြပွဲကို ပေါင်းစည်းဖောင်ဒေးရှင်းက ဦးဆောင်စည်းရုံးကျင်းပခြင်း။ (ရန်ကုန်၊ ၃.၁၂.၂၀၁၉)





**မသန်စွမ်းသူများ နိုင်ငံရေးနှင့်ပြည်သူ့ရေးရာနယ်ပယ်များတွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိရေး**

၆။ အောက်ဖော်ပြပါ လုပ်ငန်းများကို ပေါင်းစည်းဖောင်ဒေးရှင်းအနေဖြင့် အားဖြည့်ပါဝင် ဖော်ဆောင်ခဲ့ပါသည်-

(က) USAID နှင့် World Education က ကယားပြည်နယ်၊ လွိုင်ကော်တွင် ကျင်းပသည့် ''ငြိမ်းချမ်းရေးဖြစ်စဉ်တွင် မသန်စွမ်းသူများ အကျုံးဝင်ပါဝင်ရေးဆိုင်ရာ ဖိုရမ်''သို့ ပေါင်းစည်းဖောင်ဒေးရှင်းအနေဖြင့် Panelist အဖြစ် ပူးပေါင်းပါဝင်ခြင်း။ (လွိုင်ကော်၊ ၁၃-၁၄-စက်တင်ဘာ ၂၀၁၈)




(ခ) USAID နှင့် World Education က ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့တွင် ကျင်းပသည့် ''ငြိမ်းချမ်းရေးဖြစ်စဉ်တွင် မသန်စွမ်းသူများ အကျုံးဝင်ပါဝင်နိုင်ရေးဆိုင်ရာ ဖိုရမ်'' သို့ ပေါင်းစည်းဖောင်ဒေးရှင်းအနေဖြင့် Panelist အဖြစ် ပူးပေါင်းပါဝင်ခြင်း။ (ပဲခူး၊ ၁၉.၁၀.၂၀၁၈)




၇။ မသန်စွမ်းသူများ နိုင်ငံရေးနှင့် ပြည်သူ့ရေးရာနယ်ပယ်များတွင် အပြည့်အဝ ပါဝင်ဆောင်ရွက်ခွင့် ရရှိရေး အသိပညာပေးအစီအစဉ်အဖြစ် ၂၀၁၈ခုနှစ် ပြည်ထောင်စုနေ့ အထိမ်းအမှတ် မသန်စွမ်းသူများ၏ စာပေ၊ အားကစားပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများကို ပေါင်းစည်းဖောင်ဒေးရှင်း၏ ဦးဆောင်စည်းရုံးစီစဉ်မှုဖြင့် ကျင်းပပြုလုပ်ခြင်း။ (ရန်ကုန် ၁၂.၂.၂၀၁၉)





**မသန်စွမ်းသူများ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်ထူထောင်ရေး**

၈။ မြန်မာနိုင်ငံ လူသားချင်းစာနာသည့် မိုင်းဆိုင်ရာလုပ်ရှားမှုများ၊ ရှေ့ဆောင်အဖွဲ့ ငြိမ်းချမ်းရေးမြန်မာဖောင်ဒေးရှင်း Norwegian People's Aid World Education တို့ ပူးပေါင်းဆောင်ရွက်သည့် မြေမြှုပ်မိုင်းအန္တရာယ် အသိပညာပေးဆွေးနွေးပွဲနှင့် နိုင်ငံတကာ မြေမြှုပ်မိုင်း ရှင်းလင်းခြင်း သရုပ်ပြပွဲတွင် Moderator အဖြစ် အားဖြည့်ပါဝင်ခြင်း။ (၂၇.၁၀.၂၀၁၈၊ ကျောက်ကြီး)



## မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး

၉။ ဂျပန်ရိုးရာ စာအိတ်နှင့် ပန်းဖွားများပြုလုပ်ပြီး ဂျပန်နိုင်ငံသို့ CMP စနစ်ဖြင့် တင်ပို့နေသည့် ရွှေပုလဲသွယ် ကုမ္ပဏီလီမိတက်နှင့် ပူးပေါင်းပြီး ပေါင်းစည်းဖောင်ဒေးရှင်း၏ အစီအစဉ်ဖြင့် မသန်စွမ်းသူများ၏ အစီအစဉ်ဖြင့် မသန်စွမ်းသူများ၏ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများကို ဆောင်ရွက်ခြင်းဖြစ်သည်။

(က) ဂျပန်ရိုးရာ ပန်းဖွားဖန်မှုသင်တန်း အမှတ်စဉ် (၁/၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၅မှ ၆ရက် အထိ နေရာ မှော်ဘီမသန်စွမ်းသူများနှင့် မိသားစုဝင် (၁၅)ဦး။

( ခ ) ဂျပန်ရိုးရာ ပန်းဖွားနှင့် စာအိတ်ဖန်တီးမှုသင်တန်း အမှတ်စဉ် (၂/၂၀၁၈) ၂၀၁၈ ခုနှစ် မေလ ၂၄မှ ၂၆ ရက်အထိ နေရာ ပေါင်းစည်းဖောင်ဒေးရှင်းရုံးချုပ် ရွှေပြည်သာ မသန်စွမ်း မိန်းကလေးများနှင့် မိသားစုဝင် (၂၀)ဦး။

( ဂ ) ဂျပန်နိုင်ငံမှ ရိုးရာစာအိတ်ခေါက်လုပ်ငန်းအား အပ်နှံလိုသည့် လုပ်ငန်းရှင်များနှင့် ပေါင်းစည်း ဖောင်ဒေးရှင်းအဖွဲ့တို့ တွေ့ဆုံပြီး ညှိနှိုင်းဆွေးနွေးခြင်း။ (၁၉.၅.၂၀၁၈) ဟိုတယ်ကံ့ကော်၊ ရန်ကုန်။

ဂျပန်ရိုးရာ ပန်းဖွားဖန်တီးမှုသင်တန်း အမှတ်စဉ် (၁/၂၀၁၇)





ဂျပန်ရိုးရာ ပန်းဖွားနှင့် စာအိတ်ဖန်တီးမှုလုပ်ငန်း ညှိနှိုင်းအစည်းအဝေး (၁၉.၅.၂၀၁၈)

## UNICEF Myanmar

## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ပေးခဲ့မှုများ

၁။ မသန်စွမ်းသူ/ကလေးများ၏အခွင့်အရေးများအား တန်းတူညီမျှရရှိစေရန်နှင့် လူမှုရေးတွင်ပေါင်းစည်းပါဝင်နိုင်ရန် မြှင့်တင်ပေးခြင်းများသည်မြန်မာနိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဦးစားပေးအစီအစဉ်တစ်ရပ် ဖြစ်ပါသည်။ မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းအစီအစဉ်အား အဓိကထားဆောင်ရွက်ရမည်ဖြစ်ပြီး၊ မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေ (၂၀၁၅ ခုနှစ်)နှင့် မသန်စွမ်းသူများ၏ အခွင့်အရေးနည်းဥပဒေ (၂၀၁၇ ခုနှစ်) အရ မသန်စွမ်းသူများ လူမှုရေးရာများတွင် ပိုမိုပါဝင်ဆောင်ရွက်နိုင်ရန်နှင့် မသန်စွမ်းသူများအလုပ်အကိုင်အခွင့်အလမ်းများ ရရှိမှုသေချာစေရန် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၂။ ဥပဒေနှင့်နည်းဥပဒေအရ မသန်စွမ်းသူများ၏အခွင့်ရေးများဆိုင်ရာအမျိုးသားကော်မတီ၊ လုပ်ငန်းကော်မတီများအား ဖွဲ့စည်းပြီး အမျိုးသားကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့်လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် မသန်စွမ်းသူများ၏အခွင့်အရေးများအား မြှင့်တင်ပေးနေသော ဦးဆောင်ဝန်ကြီးဌာန ဖြစ်ပါသည်။ မသန်စွမ်းသူများ၏အခွင့်ရေးများ ဆိုင်ရာဆပ်ကော်မတီ (၉) ခုဖြစ်သော ပညာရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ အလုပ်အကိုင်ရေးရာဆပ်ကော်မတီ၊ သုတေသနဆပ်ကော်မတီ၊ စောင့်ကြည့်အကဲဖြတ်ဆပ်ကော်မတီ၊ မသန်စွမ်းအမျိုးသမီးနှင့် ကလေးသူငယ်များရေးရာဆပ်ကော်မတီ၊ သတင်းအချက်အလက်နည်းပညာဆိုင်ရာ ဆပ်ကော်မတီ၊ သဘာဝဘေးနှင့် အခြားအရေးပေါ်အခြေအနေဆိုင်ရာဆပ်ကော်မတီနှင့်တရားမျှတမှု ရရှိပိုင်ခွင့်ဆိုင်ရာဆပ်ကော်မတီဝင်များအား ဖွဲ့စည်း၍ မသန်စွမ်းသူများ၏အခွင့်အရေးတို့ကို ပေါင်းစည်းထည့်သွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့်အမျိုးသားအဆင့်မဟာဗျူဟာ စီမံကိန်းအား ရေးဆွဲလျက်ရှိပါသည်။

၃။ ထို့အပြင် မသန်စွမ်းသူများအတွက် အခွင့်အရေးဖော်ဆောင်ရာတွင် ဘက်စုံ၊ ကဏ္ဍပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပြီး၊ မသန်စွမ်းသူများအဆင့်သတ်မှတ်ခြင်းနှင့် မှတ်ပုံတင်ခြင်းကိစ္စရပ်လုပ်ငန်းစဉ်များအား ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် စတင်ဆောင်ရွက်မည်ဖြစ်ပါသည်။ ထို့နောက် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာကော်မတီများဖွဲ့စည်းပြီးဖြစ်သဖြင့် မသန်စွမ်းမှုမှတ်ပုံတင်ခြင်းလုပ်ငန်းများအား တိုင်းဒေသကြီး/ပြည်နယ်ကော်မတီ၏ ဦးဆောင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

### မသန်စွမ်းသူများအား မှတ်ပုံတင်ခြင်း

၄။ ၂၀၁၇ နှင့် ၂၀၁၈ ခုနှစ်များအတွင်းတွင် လူမှုဝန်ထမ်းဦးစီးဌာန/ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ယူနီဆက် (မြန်မာ)၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့ပူးပေါင်း၍ လူမှုရေးမော်ဒယ်အရ မသန်စွမ်းမှုစိစစ်သည့်မေးခွန်းလွှာများအား ပြုစုရန်အတွက်အစည်းအဝေးများကျင်းပခဲ့ပါသည်။ မြင်သာသောမသန်စွမ်းမှုများ (ပြုစုထားသော အကဲဖြတ်မေးခွန်းလွှာအရ) အား မှတ်ပုံတင်ကြီးကြပ်ရေးမှူးများမှ အကဲဖြတ်မှုများ ပြုလုပ်ပြီး မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ခြင်းဖြင့် မသန်စွမ်းမှုမှတ်ပုံတင်ရရှိရန် ဆောင်ရွက်မည်ဖြစ်ပါသည်။

၅။ ပြုစုထားသော အကဲဖြတ်မေးခွန်းလွှာအရ တိကျစွာဆုံးဖြတ်နိုင်ခြင်းမရှိသော်လည်း မမြင်သာသောမသန်စွမ်းမှု (ဥပမာ- အကြားအာရုံပိုင်းဆိုင်ရာ၊ အမြင်အာရုံ ပိုင်းဆိုင်ရာများ) ရှိနေသည်ဟုယူဆပါက မှတ်ပုံတင်ကြီးကြပ်ရေးမှူးမှ လျှောက်ထားသူအား ဒုတိယအဆင့်စိစစ်သူ တိုက်နယ်/မြို့နယ်/ခရိုင်အဆင့်ဆေးရုံများရှိ

ဆရာဝန်များထံသို့ လိုအပ်သော အကဲဖြတ်ခြင်းများပြုလုပ်နိုင်ပါရန် လွှဲပြောင်းပေးမည်ဖြစ်ပါသည်။

၆။ တိုက်နယ်/မြို့နယ်/ခရိုင်အဆင့် ဆေးရုံများရှိဆရာဝန်များမှ မသန်စွမ်းမှုအဆင့်အား မသတ်မှတ်နိုင်ပါက ထပ်မံစစ်ဆေးမှုများလိုအပ်မှသာ လျှောက်ထားသူအား တတိယအဆင့်စိစစ်သူ သက်ဆိုင်ရာအထူးကုဆရာဝန်ထံသို့ လွှဲပြောင်းပေးပို့ရမည် ဖြစ်ပါသည်။ မသန်စွမ်းသူအဖြစ်မှတ်ပုံတင်ပြီးပါက မသန်စွမ်းသူ/ကလေးသူငယ်များသည် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်အရ အားလုံးအကျုံးဝင်ပညာရေး၊ ကျန်းမာရေး၊ အသက်မွေးမှုအထူးသင်တန်းကျောင်း စသည့်ဘဝအတွက် လိုအပ်သောဝန်ဆောင်မှုများအား ရရှိမည်ဖြစ်ပါသည်။

၇။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ဦးဆောင်မှုဖြင့် မသန်စွမ်းမှုအား ဒုတိယနှင့် တတိယအဆင့်စိစစ်သတ်မှတ်ရန်အတွက် မသန်စွမ်းစိစစ်သတ်မှတ်သည့်အဖွဲ့အား ထားရှိပြီးဖြစ်သည်။ ပထမအဆင့်စိစစ်သတ်မှတ်ခြင်းနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ မသန်စွမ်းစိစစ်သတ်မှတ်သည့်အဖွဲ့ (ဒုတိယနှင့်တတိယအဆင့်)တို့သည် ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းများတွင် အနီးကပ်ပူးပေါင်း ဆောင်ရွက် သွားမည်ဖြစ်သည်။

- မသန်စွမ်းသူများကိုယ်တိုင် မိမိသဘောဆန္ဒရှိမှသာ မှတ်ပုံတင်လျှောက်ထားမည်ဖြစ်ပါသည်။
- ရပ်ကွက်/ကျေးရွာများတွင် အသိပေးဆွေးနွေးပွဲများ၊ အသိပညာပေးပွဲများပြုလုပ်၍ မသန်စွမ်းသူများအတွက် မှတ်ပုံတင်ခြင်း၏အကျိုး ရှိမည့်အချက်များအား နားလည်သဘောပေါက်စေရန် ဆောင်ရွက်ရပါမည်။
- မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းအားဖြင့် မြန်မာနိုင်ငံတွင်ရှိသော မသန်စွမ်းသူများ၏အရေအတွက်အား ပိုမိုတိကျစွာ သိရှိနိုင်မည်ဖြစ်ပြီး၊ အဆင့်သတ်မှတ်ခြင်းဖြင့် မသန်စွမ်းသူများအား အဆင့်အလိုက် လိုအပ်သလို ပံ့ပိုးမှုများ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။
- မသန်စွမ်းသူများအတွက် လိုအပ်သောပံ့ပိုးမှုများရရှိလျှင် မိမိကိုယ်တိုင် ပိုမိုရပ်တည်နိုင်မည်ဖြစ်ပြီး၊ မသန်စွမ်းသူများ၏ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေး၊ အတားအဆီးကင်းမဲ့ပြီး အကာအကွယ်ရှိသော ပတ်ဝန်းကျင်ရရှိစေရေးနှင့် အရေးပေါ်အခြေအနေတွင် ကူညီပံ့ပိုးဖြည့်ဆည်းပေးနိုင်ရေးတို့အား မသန်စွမ်းအဆင့် သတ်မှတ်၍ မှတ်ပုံတင်ခြင်းဖြင့် ထိရောက်စွာဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်။

**မသန်စွမ်းသူများမှတ်ပုံတင်ခြင်းလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ခြင်း**

၈။ လူမှုဝန်ထမ်းဦးစီးဌာန/ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် ယူနီဆက် (မြန်မာ)တို့သည် ပြည်နယ်/တိုင်းဒေသကြီး မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာကော်မတီများ၏လမ်းညွှန်မှု၊ မြန်မာနိုင်ငံမသန်စွမ်းသူများသင်းချုပ်နှင့် မသန်စွမ်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၏ပါဝင်မှုဖြင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်းအစီအစဉ်များအား အောက်ဖော်ပြပါ မြို့နယ်(၃)ခုတွင်အဆင့်အလိုက် ဆောင်ရွက်နေပြီ ဖြစ်ပါသည် -

(က) ညောင်လေးပင်မြို့နယ်၊ ပဲခူးတိုင်း
(ခ) ဘားအံမြို့နယ်၊ ကရင်ပြည်နယ်
(ဂ) လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်း

၉။ မှတ်ပုံတင်ခြင်း လုပ်ငန်းများစတင်ပြီး ရရှိလာသောသင်ခန်းစာများအား လေ့လာမှတ်သားပြီး၊ ဒေသနှင့်ကိုက်ညီအောင်ပြင်ဆင်၍ ၎င်းအတွေ့အကြုံများ၊ သင်ခန်းစာများအရ အခြားတိုင်းဒေသကြီး/ပြည်နယ်များတွင် ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**မသန်စွမ်းမှုအဆင့် စစ်ဆေးရန်ပြင်ဆင်ခြင်းအဆင့်ဆင့် (တိုင်း/ပြည်နယ်၊ ခရိုင်၊မြို့နယ်)**

- တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်အဆင့်အသိပေးဆွေးနွေးခြင်း
- ဆရာဖြစ်သင်တန်းဆရာများအားရွေးချယ်ခြင်းနှင့် သင်တန်းပေးခြင်း (တိုင်း/ပြည်နယ်၊ ခရိုင်၊ မြို့နယ်)
- မှတ်ပုံတင်ကြီးကြပ်ရေးမှူးများအား ရွေးချယ်ခြင်းနှင့် သင်တန်းပေးခြင်း (ရပ်ကွက်၊ ကျေးရွာ)
- ရပ်ကွက်/ကျေးရွာတွင် အသိပေးဆွေးနွေးပွဲများ ပြုလုပ်ကျင်းပခြင်း
- ပြည်သူလူထု အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း
- မှတ်ပုံတင်ကြီးကြပ်ရေးမှူးများမှ မှတ်ပုံတင်လျှောက်ထားသော မသန်စွမ်းသူများအား အကဲဖြတ်မေးခွန်းလွှာများ ဖြင့် စစ်ဆေးခြင်းနှင့် မှတ်ပုံတင်ခြင်း၊ လိုအပ်ပါက ဒုတိယအဆင့်သို့လွှဲပို့ခြင်း
- မသန်စွမ်းမှုမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ် အဆင့်ဆင့်အတွက်ပြင်ဆင်ခြင်း လုပ်ငန်းများဆောင်ရွက်နိုင်ရန် အချက်အလက်များ တောင်းခံခြင်း။

# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ နှစ်ပတ်လည်အစီရင်ခံစာ ရေးသားရေးအဖွဲ့၏ အစီရင်ခံစာ

၁။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ နှစ်ပတ်လည်အစီရင်ခံစာ ရေးသားရေးအဖွဲ့ကို ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့တွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီက အမိန့်ကြော်ငြာစာအမှတ်(၈၃/၂၀၁၉)ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး အောက်ပါ လုပ်ငန်းတာဝန်များအား ပေးအပ်ခဲ့ပါသည် -

(က) နှစ်ပတ်လည်အစီရင်ခံစာရေးသားရန်အတွက် ကော်မတီအစည်းအဝေးကို ပုံမှန်ကျင်းပပြုလုပ်ခြင်းနှင့် လိုအပ်သလို အထူးအစည်းအဝေးကျင်းပခြင်း၊

(ခ) လိုအပ်သောစာရွက်စာတမ်းများ၊ ဓာတ်ပုံမှတ်တမ်းများ၊ သတင်းအချက်အလက်များကို ဆပ်ကော်မတီများ၊ သက်ဆိုင်ရာဌာနများ၊ ဆက်စပ်အဖွဲ့အစည်းများထံမှ တောင်းခံခြင်း၊

(ဂ) မသန်စွမ်းမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေသည့် အစိုးရမဟုတ်သော လူမှုအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းဆောင်ရွက်နေသော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ၊ မသန်စွမ်းသူများ အသင်းအဖွဲ့များ၊ မသန်စွမ်းမှုဆိုင်ရာလုပ်ငန်းကို စိတ်ပါဝင်စားသည့် စေတနာ့ဝန်ထမ်း အဖွဲ့အစည်း၊ သတင်းအချက်အလက်၊ ဆက်သွယ်ရေးနှင့် နည်းပညာအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ အချက်အလက်ရယူစုဆောင်းခြင်း၊

(ဃ) မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီး၏ လစဉ်အစီရင်ခံစာများအပေါ် လေ့လာအကဲဖြတ် မှတ်တမ်းတင်ခြင်း၊

(င) အစီရင်ခံစာ ရေးသားပြုစုရန်အတွက် အထောက်အကူဖြစ်စေရန် ကော်မတီအဖွဲ့ဝင်များနှင့် အတူ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် များ၏ မသန်စွမ်းအဖွဲ့အစည်းများမှ တာဝန်ရှိသူများကို အခါအားလျော်စွာတာဝန်ပေးအပ်ခြင်း၊

(စ) မသန်စွမ်းသူများ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၊ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သည့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းတာဝန်များကိုဆောင်ရွက်ခြင်း။

၂။ အဆိုပါအစီရင်ခံစာရေးသားရေးအဖွဲ့တွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ပြန်ကြားရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ဒုတိယညွှန်ကြား ရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများက အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ပြန်လည်ထူထောင်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံ မသန်စွမ်းသူများ

အသင်းချုပ်နှင့် Voluntary Service Overseas (VSO) မှ တာဝန်ရှိသူများက အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်ဆောင်ရွက်ခဲ့ကြပါသည်။

၃။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ နှစ်ပတ်လည်အစီရင်ခံစာ ရေးသားရေးအဖွဲ့သည် ၉-၁၀-၂၀၁၉ ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် ပထမအကြိမ်အစည်းအဝေးကျင်းပ၍ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီနှင့် လုပ်ငန်းကော်မတီတို့၏ လုပ်ငန်းလမ်းညွှန်ချက်များအားလည်းကောင်း၊ ဆပ်ကော်မတီအသီးသီး ဖွဲ့စည်းတာဝန်ပေးအပ်ထားမှု အခြေအနေနှင့် လက်တွေ့ဆောင်ရွက်နေသည့် လုပ်ငန်းများအားလည်းကောင်း၊ ကုလသမဂ္ဂ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံက ဆောင်ရွက်နေမှု အခြေအနေများအားလည်းကောင်း၊ ဝန်ကြီးဌာနအသီးသီးနှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် အကောင်အထည်ဖော် ဆောင်ရွက်ပေးနေသည့် လုပ်ငန်းများအားလည်းကောင်း၊ အစီရင်ခံစာစာအုပ် ရေးသားမည့်ပုံစံနှင့် လုပ်ငန်းတာဝန် ခွဲဝေဆောင်ရွက်မှု အစီအစဉ်များအားလည်းကောင်း၊ အချက်အလက်နှင့် ဓာတ်ပုံများ စုစည်းဆောင်ရွက်မည့် အစီအစဉ်များအားလည်းကောင်း ဆွေးနွေးဆောင်ရွက်ခဲ့ကြပါသည်။

၄။ ထို့နောက် အစီရင်ခံစာရေးသားရေးအဖွဲ့သည် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများအားဖိတ်ခေါ်၍ မိမိတို့ဆောင်ရွက်လျက်ရှိသည့် ဆောင်ရွက်ချက်များကို ရေးသားပေးပို့ရန်ကိစ္စနှင့် လိုအပ်သည့်အကြံဉာဏ်များ ပေးအပ်ရန်ကိစ္စများကို ဆွေးနွေးဆောင်ရွက်ခဲ့ကြပါသည်။

၅။ အစီရင်ခံစာရေးသားရေးအဖွဲ့သည် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများကိုဖိတ်ခေါ်၍ အောက်ပါအတိုင်း အစည်းအဝေးများကျင်းပပြီး အစီရင်ခံစာစာအုပ်၏ မျက်နှာဖုံးဒီဇိုင်း၊ စာအုပ်အရွယ်အစားနှင့် စာလုံးအရွယ်အစားအားလည်းကောင်း၊ ဓာတ်ပုံများစနစ်တကျဖော်ပြမှုနှင့် အစီရင်ခံစာစာအုပ်၏ အပြင်အဆင် (Layout) ပုံစံများအားလည်းကောင်း၊ သတ်ပုံရေးထုံး၊ အမည်နှင့်အချက်အလက်များ မှန်/မမှန် စိစစ်ခြင်းများအားလည်းကောင်း စိစစ်ခဲ့ကြပါသည် -

| | | | |
|---|---|---|---|
| (က) | ပထမအကြိမ်အစည်းအဝေး | = | ၉-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) |
| (ခ) | ဒုတိယအကြိမ်အစည်းအဝေး | = | ၈-၁၁-၂၀၁၉ (သောကြာနေ့) |
| (ဂ) | တတိယအကြိမ်အစည်းအဝေး | = | ၂၈-၁၁-၂၀၁၉ (ကြာသပတေးနေ့) |
| (ဃ) | စတုတ္ထအကြိမ်အစည်းအဝေး | = | ၇-၁-၂၀၂၀ (အင်္ဂါနေ့) |
| (င) | ပဉ္စမအကြိမ်အစည်းအဝေး | = | ၄-၂-၂၀၂၀ (အင်္ဂါနေ့) |
| (စ) | ဆဋ္ဌမအကြိမ်အစည်းအဝေး | = | ၅-၃-၂၀၂၀ (ကြာသပတေးနေ့) |

၆။ ဤအစီရင်ခံစာစာအုပ်သည် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီက ပထမအကြိမ် စီစဉ်ထုတ်ဝေသည့် နှစ်ပတ်လည်အစီရင်ခံစာစာအုပ် ဖြစ်သည်။ နှစ်ပတ်လည်အစီရင်ခံစာစာအုပ်ဟုဆိုသော်လည်း နှစ်စဉ်ထုတ်ဝေနိုင်ခြင်းမရှိခဲ့ဘဲ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ စတင်ဖွဲ့စည်းသည့် ၂၀၁၇ ခုနှစ် စက်တင်ဘာလမှ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအထိ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများကို စုစည်း၍ စီစဉ်ထုတ်ဝေထားခြင်း ဖြစ်ပါသည်။ နောင်တွင် မသန်စွမ်းသူများ၏အခွင့်အရေးများနှင့် ပတ်သက်၍ ဖော်ဆောင်ပေးခဲ့သည့်လုပ်ငန်းများကို နှစ်စဉ် ပုံမှန်ထုတ်ဝေနိုင်ရန် စီစဉ်ဆောင်ရွက်မည် ဖြစ်ပါသည်။

၇။ နိဂုံးချုပ်အားဖြင့် မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ နှစ်ပတ်လည် အစီရင်ခံစာ ရေးသားရေးအဖွဲ့သည် မိမိတို့အား ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့်လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့်လည်းကောင်း၊ မသန်စွမ်း သူများဆိုင်ရာ အဖွဲ့အစည်းများနှင့်လည်းကောင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်၍ ဤအစီရင်ခံစာ စာအုပ်အား အောင်မြင်စွာပြုစုထုတ်ဝေလိုက်ရပါသည်။

ဦးအောင်လှထွန်း
ဒုတိယဝန်ကြီး
ဥက္ကဋ္ဌ
မသန်စွမ်းသူများ၏အခွင့်အရေးဆိုင်ရာအမျိုးသားကော်မတီ
နှစ်ပတ်လည်အစီရင်ခံစာ ရေးသားရေးအဖွဲ့



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ နှစ်ပတ်လည် အစီရင်ခံစာ ရေးသားရေးအဖွဲ့ အစည်းအဝေးကျင်းပစဉ်နှင့် အမှတ်တရဓာတ်ပုံရိုက်ကူးစဉ်။



a&Tifo m;yEdyfwdkuf trSwf(797)? tcef;(104 b)? Dref;mh vSnf;0 (2)? Avmufcyf vrf;? vrf;awmf;rNrdU,f
zkef;- 01 - 2300329? 2300332? 2315939 wif½dkufxkwfo nf/

Arranged by SHWE MINN THA ENTERPRISES CO., LTD.
Ph : 01- 2300329, 2300332, 2315939,